သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

၂၀၀၀-၂၀၀၁ ပညာသင်နှစ်

မဂ္ဂဇင်း

"ဘုရားသခင်သည်
ယေရှုခရစ်အားဖြင့်
ငါတို့၏ ရန်ကိုငြိမ်းစေ၍
ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏ ။
ထိုမိတ်သဟာယတရားကို
ဟောရသောအခွင့်အရာကို
ငါတို့၌အပ်ပေးတော်မူ၏ ။"
(၂ ကော ၅း၁၈)




အသင်းတော်အတွင်းကန့်သတ်

ရှာလုမ်မဂ္ဂဇင်းသည်

လွန်ခဲ့သောနှစ်

၁၉၉၉–၂၀၀၀ ပညာသင်နှစ်မှစ၍

ကိုယ်ပိုင်ရန်ပုံငွေကို

စတင်စုဆောင်းခဲ့ပါသည်။

ထိုစုဆောင်းရရှိထားသည့် ရန်ပုံငွေကို

နှစ်စဉ်

ရှာလုမ်မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက်

'မဟာခန့်ငွေစုငွေချေးသ/မအသင်း'

၌

စနစ်တကျအပ်နှံထားပါသည်။

ရှာလုမ်မဂ္ဂဇင်းအတွက်

ဝိုင်းဝန်းမြေတောင်မြှောက်ပေးခဲ့ကြသည့်

မတည်ငွေအလှူရှင်အသီးသီးကို

အထူး

လှိုက်လှဲစွာ

ကျေးဇူးတင်ရှိပါကြောင်း။

HOLY CROSS THEOLOGICAL COLLEGE LIBRARY YANGON

## ဥဃေဃျာဇဉ်



ယနေ့ကမ္ဘာကြီးသည် ခေတ်မီနည်းပညာများကြောင့် အံ့မခန်း ပြောင်းလဲတိုးတက်လျက်ရှိပါသည်။ ထို့အတူ အခြားတစ်ဘက်၌လည်း သစ်တောနှင့်မြေဆီလွှာပြုန်းတီးလာခြင်း၊ လေထု၊ ရေထု ညစ်ညမ်းလာခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးများ မျိုးတုန်းလာခြင်း၊ ရာသီဥတု ဖောက်ပြန်လာခြင်း၊ ကမ္ဘာမြေကြီး ပူနွေးလာခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ထိုအခြေအနေများအတွက် ပြန်လည်စစ်တမ်းထုတ်ရလျှင် အဓိကတာဝန်ရှိသူမှာလူတို့ပင်ဖြစ်သည်။ အထူးသဖြင့် လူလူချင်းအကြား၊ လူနှင့် ပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှုနှင့် သင့်မြတ်မှု ယိုယွင်းလာခြင်းကြောင့်ဖြစ်သည်။ ၄င်းတို့က ပြောင်းလဲတိုးတက်မှုအတွင်း၌ ဆုံးရှုံးမှုများကို တွေ့မြင်လာရစေပါသည်။

(၂၁)ရာစုသို့ ဝင်ရောက်လာချိန်တွင် လူလူချင်းအကြား၊ လူနှင့်ပတ်ဝန်းကျင်အကြား သင့်မြတ်မှုဖြစ်ထွန်းလာရေးအတွက် ကရုပြုစဉ်းစားလျက်ရှိနေကြပေပြီ။ ပြောင်းလဲတိုးတက်လာနေသည်နှင့်အမျှ အတွေးသစ်၊ အမြင်သစ်များ ပေါ်ထွန်းလာသကဲ့သို့ ယခင်ကရှိခဲ့သော အစဉ်အလာအခြေအနေ၊ အမွေအနှစ်ကောင်းများကိုလည်း ဆက်လက်စောင့်ရှောက် ထိန်းသိမ်းထားနိုင်ရန် လိုအပ်ပါသည်။ ၄င်းကို 'ရှာလုမ်'အားဖြင့် တစ်စိတ်တစ်ဒေသ မီးမောင်းထိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

(ဘုန်းတော်ကြီး မာကုစောမောင်ဒီ)

ကျောင်းအုပ်

**နာယက**
ဘုန်းတော်ကြီးဆောင်တာမောင်ဒို
(ကျောင်းအုပ်)

**အကြံပေးနှင့်စာမူစိစစ်ရေး**
ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး
(ဒုကျောင်းအုပ်နှင့်သင်ကြားရေးတာဝန်ခံ)

**တာဝန်ခံစာတည်း**
ဆလိုင်းအိုက်ဇက်(ဒုတိယနှစ်)

**စာတည်းအဖွဲ့ဝင်များ**
စောရော်ဘင်(နောက်ဆုံးနှစ်)
နော်အာဂေဖေ(တတိယနှစ်)
စောပြည်ငြိမ်းဘွယ်ထူး(ဒုတိယနှစ်)

**ဝန်းချိုပညာရှင်များ**
ညီထွေး(ကလေး)၊ ကောလတ်မွန်၊
စအောင်သိန်း၊ John(indy)

**မျက်နှာဖုံးပန်းချီ**
စအောင်သိန်း

**အတွင်းအပြင်အဆင်**
ဆလိုင်းအိုက်ဇက်

**ကွန်ပြူတာစာစီ**
မြသင်းအေး(P&P Dpt.)

**အထွေထွေ**
ရွှေလှစိုး

**ထုတ်ဝေသူ**
ရှာလှမ်စာပေဝိုင်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
ဝဝ၃အင်းယားလမ်း၊ ရန်ကုန်မြို့။



ဥယျာဉ်စဉ်(ကျောင်းအုပ်) ၁
ကျေးဇူးတင်ပါသည်(သဘာပတိ) ၅
တာဝန်ခံစာတည်း၏ရင်ဖွင့်စကား ၆

**ကဗျာ**
တိုက်ပွဲ(မောင်ပေါက်စည်-မန်းတက္ကသိုလ်) ၇
သင့်မြတ်ခြင်းတို့ရှိခဲ့လျှင်(စောမုတ်ဆိတ်-ကေတု) ၈
ဤလူ့ရွာတွင်(ဇမြ) ၉
တစ်စက်ထဲ(ဝင်းနန္ဒာထွန်း) ၁၀
ပုံသဏ္ဍာန်နှင့်အညီ(ဆောင်းအိမ်) ၁၁
သက်ရှိမိများနှင့်ငါ(လင်းထွဋ်ဝင်း) ၉၅

**သရုပ်ဖော်**
ညီထွေး(ကလေး) ၁၂

ရှာလှမ်သတင်းကဏ္ဍ ၁၆

**ရှာလှမ်အပြုံး**
စောမုတ်ဆိတ်(ကေတု)၊ ဆလိုင်း:K.A(တတိယနှစ်)

**အဆိုအမိန့်**
မွန်ဆီညော်အက်စ်ကရီးဗား၊
စောဆယ်မြူရယ်ဥာဏ်လင်း

**ရှာလှမ်အင်တာဗျူး**
ဦးအောင်ထက်ဒိုးနှင့်တွေ့ဆုံခြင်း ၆၀

**၂၁-ရာစုအတွက် စဉ်းစားစရာ**
အမျိုးသမီးဆိုင်ရာဓမ္မအတွေးအခေါ် ၅၇
(မိုင်အောင်မြူ)
သဲဖာဆရာနှင့်အသင်းသားတပည့်တော်များ ၆၄
ဝန်းကျင်သစ်သို့ ၁၀၂
(ယောဟန္နဒ်)

**ပြန်လည်သင့်မြတ်ခြင်းဆိုင်ရာစဉ်းစားစရာ**
ပြန်လည်ကြေအေးခြင်း၏ဓမ္မသဘော ၂၀
(ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး)
သင့်မြတ်စေခြင်း(သို့)ရန်ငြိမ်းစေခြင်း ၂၃
(လှိုင်းသန်း-နောက်ဆုံးနှစ်)
ပြန်လည်သင့်မြတ်မှု ၂၅
(ရွှေနော်ဒီလုံး)
ဘာကြောင့်ပြန်လည်မသင့်မြတ်နိုင်ရမှာလဲ ၃၂
(ချစ်ဦးညို)
ခြားနားမှုများမှသင့်မြတ်စည်းလုံးခြင်း ၃၉
(ဆလိုင်းအိုက်ဇက်-မိုးကောင်း)

**ခရစ်ယာန်အသက်တာ**
သာယာစိုပြေအေးချမ်းစေ ၄၅
(ဘုန်းတော်ကြီးအက်စ်ထန်အုပ်)
သင့်၏အတွင်းစိတ်ဝမ်းမြောက်မှု.... ၅၅
(ဒေါ်စီစီလျာဒီရမ်း)
သမ္မာကျမ်းစာအားဖြင့်ဘဝအဖြေရှာ ၆၆
(ဦးယုမင်း-မြစ်ကြီးနား)
နောင်တရလျက်ဝန်ချတောင်းပန်ခြင်း ၉၆
(ဇဖေသ-မိုးကောင်း)

**လူငယ်ရေးရာ**
အရည်အချင်းနှင့်လူ ၇၀
(ကောင်းသန့်)
ယနေ့လူငယ်နှင့်အနာဂါတ်မျှော်လင့်ချက် ၉၉
(ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး)

**အတွေ့အကြုံ**
ကရုဏာအလှူ ၅၁
(အောင်သင်း)
ကျွန်တော်ဆက်သွားချင်သေးသည်........ ၇၆
(ဘုန်းတော်ကြီးတိမောသေဦးနန်းချင်း)

**ရင်ဖွင့်စကား**
၄၇ အနာဂါတ်အတွက်ပြင်ဆင်ပါ
(နော့ဇဘာရန်မိုင်)
၈၈ အဆင်းပြေသွားမှာပါ
(ဆလိုင်းကဲအောင်)

**အထွေထွေဆောင်းပါး**
၂၇ ၂၁-ရာစုဂုဏ်ပြုမှတ်တမ်း
(ထွန်းမြတ်အေး)
၃၀ အကယ်၍သာ
(ဘုန်းတော်ကြီးရယ်ဂျီနယ်ဘဲနက်)
၄၉ ရှာလှမ်
(စောရှီးရှို-ကေတု)
၇၃ သန့်ရှင်းသောခွက်ဖလားရှာပုံတော်
(ဗိုလ်မှူးချုပ်စိန်လွင်-ငြိမ်း)
၈၁ ဩန်နယူတန်
(ဆလိုင်းဂျွန်ငွေသိန်း)
၉၀ ဆင်ခြင်တုံတရားနှင့်ခရစ်ယာန်......
(ဆလိုင်းရှန်အောရိဗန်နှင်း)

**ဝတ္ထုကဏ္ဍ**
အကျွန်ုပ်၏ကျွန်မကိုကိုယ်တော့်ရင်ခွင်၌
၈၃ အကျွန်ုပ်အပ်နှင်းပါပြီ
(ဆိုး)
၁၀၅ ငြိမ်သက်ခြင်းပေးမှုပါ
(ရွှေနော်စိုးလေး)
၁၁၀ အဖော်မွန်
(ဝံသ-သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်)
၁၁၄ အမေ
(စောရော်ဘင်-ရေလဲကြီး)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်)
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရှာလုမ်မဂ္ဂဇင်း (၂၀၀၀-၂၀၀၁)ပညာသင်နှစ်၊
မဂ္ဂဇင်းကော်မတီ



၁။ Rev: ဖာကုစောမောင်ဒီ(ကျောင်းအုပ်)
၂။ Rev: ဆိုင်မွန်ဘိတင်ထူး(ဒုကျောင်းအုပ်) - နာယက
၃။ ဆလိုင်းထွန်းပ(နောက်ဆုံးနှစ်) - အကြံပေးနှင့်စာမူစိစစ်ရေး
၄။ စ အောင်လင်းထင်(နောက်ဆုံးနှစ်) - သဘာပတိ
၅။ ဇောလို(နောက်ဆုံးနှစ်) - အဖွဲ့ဝင်
၆။ ဒေးဗစ်အရန်ထန်(တတိယနှစ်) - ။
၇။ ဆလိုင်းဗီဘာအေးဟောင်မန်း(ဒုတိယနှစ်) - ။
၈။ ဇောဥက်လင်း(ဒုတိယနှစ်) - ။
၉။ ဆလိုင်းအိုက်အောင်ရှိန်(ပထမနှစ်) - ။
၁၀။ ဧလိဇဘက်လှမိုင်(တတိယနှစ်) - ။
၁၁။ ဆလိုင်းအိုက်ဇက်(ဒုတိယနှစ်) - ငွေထိန်း
- တာဝန်ခံစာတည်း

ရှာလုမ်စာပေဝိုင်း၊
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
(၁၀၄) အင်းလျားလမ်း၊ ရန်ကုန်။
ဖုန်း (၀၁) - ၅၃၀၆၅၀




# ကျေးဇူးတင်ပါသည်

* လူသားအချင်းချင်းနီးမလိုလိုနှင့် တဖြည်းဖြည်းဝေးကွာလျက်နေကြသည်။ လောကကြီး၌ ငြိမ်းချမ်းရေးအမှတ် 'ရှာလုမ်'မဂ္ဂဇင်းကို တဖန်ရိုက်ပျိုးခွင့်၊ အရေးသာဖြင့် ယနေ့ကျွန်ုပ်တို့၏ အလိုအပ်ဆုံး 'ပြန်လည်သင့်မြတ်ခြင်း'ကိုဦးတည်လျက် စာဖတ်သူတို့ထံဝေမျှခွင့်ရသည့်အတွက် တစ်ဆူတည်းသော မေတ္တာအရှင်ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

* သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (ပျိုးခင်း)အား အဖက်ဖက်မှကူညီထောက်မ ဖြည့်ဆည်းခြင်း (ရေလောင်းပေါင်းသင်ခြင်း)ပြုကြကုန်သော အလှူရှင်များနှင့်တကွ၊ နှစ်စဉ် ရှာလုမ်မဂ္ဂဇင်းထွက်ရှိနိုင်ရေး မတည်ရံပုံငွေလှူဒါန်းခဲ့သူများ၊ တစ်နည်းအားဖြင့် "ပျိုးခင်း ဥယျာဉ်မှူးများ"ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။

* စာမူများရေးသားချီးမြှင့် ပေးကြသည့် စာရေးဆရာကြီးများ၊ ဆရာသမားများ၊ ကျောင်းသူကျောင်းသားများ အားလုံးကို ကျေးဇူးတင်ပါသည်။

* မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှဝိုင်းဝန်းကူညီလုပ်ဆောင်သူအားလုံးကို ကျေးဇူးတင်ပါသည်။




* ဝယ်ယူဖတ်ရှုအားပေးကြသည့် စာဖတ်သူမိတ်ဆွေအပေါင်းကို "နွေးထွေးသော လက်ကမ်းကြိုဆိုမှု"နှင့် ရင်ထဲမှကျေးဇူးစကား ပြောနေမည်ဖြစ်သည်။


* ဤမဂ္ဂဇင်းဖတ်ရှုခြင်းဖြင့် အချင်းချင်း မသင့်မြတ်ကွဲပြားမှုများ၊ မိမိ၏ခန္ဓာ၊ စိတ်၊ ဝိညာဉ် မညီညွတ်မှုများ ပြန်လည်သင့်မြတ်ကာ ငြိမ်းချမ်းမှု(ရှာလုမ်)ကို ရရှိကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လှိုက်လှဲစွာကျေးဇူးတင်လျက်–

ဆလိုင်းထွန်းပ
B.A (ငှ,ဇဂ); B.Th (Final)
သဘာပတိ
စာပေကော်မတီ

# "တာဝန်ခံစာတည်း၏ရင်ဖွင့်စကား"

- "ဘုန်းတော်သည် ပင်လယ်တွင်ရေပြင်ဖုံးလွှမ်းသည့်နှယ်၊ **မြေကြီးပေါ်မှာ ပြည့်စုံစည်သာ....။**" (မြန်မာဓမ္မသီချင်း -၃၁၂)
- များပြားလှသော ကျောင်းစာများကို စနစ်တကျအချိန်သတ်မှတ်စီမံ၍ လစ်ဟာလိုအပ်မှုမရှိအောင် ကြိုးစားလုပ်ဆောင်လျက်၊
  တစ်ဖက်က....၊
  ခံရခက်သော စုံစမ်းနှောက်ယှက်မှုများနှင့်
  လဲပြိုကျလုလု ခံနိုင်ရည်မရှိခဲ့ရသောအချိန်များကို မာန်တင်း၊ မြေသိမ့်၊ ကျော်ဖြတ်ရင်း 'ရှာလုမ်'၏ ၂၀၀၀-၂၀၀၁ပညာသင်နှစ် ခြေလှမ်းသစ်ကို ရွေ့ခွင့်ရရှိခဲ့ပါပြီ။
  ထို့အတွက်.....
  ဘုရားရှင်အား မျက်ရည်ကျမိမတတ် ကျေးဇူးတင်ပါ၏။
- ရှိသမျှခွန်အား.....
  ရှိသမျှချစ်ခြင်းများနှင့်
  ကိုယ်တော်အပ်ပေးသမျှ အစွမ်းသတ္တိတို့ဖြင့်
  မခိုမကပ် အစေခံခဲ့ကြပါပြီ။
  '**ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်အတွက်သာ**' ဖြစ်ပါ၏။
- အံ့ရေးပါ အရာရောက်သော အားကောင်းမောင်းသန် မောင်းနှင်စက်တစ်လုံးမဖြစ်နိုင်သည့် တိုင် သေးငယ်သောမူလီတစ်ခုဖြစ်နိုင်ဖို့ကိုတော့ မျှော်လင့်ပါသည်။
- 'ပြန်လည်သင့်မြတ်ခြင်း'ကို ယခုနှစ်၏အဓိကအချက်အဖြစ်ရွေးချယ်တင်ဆက်ထားပါသည်။ အောက်ပါကျမ်းပိုဒ်သည် အဘယ်ကြောင့်'ရှာလုမ်'အား 'ပြန်လည်သင့်မြတ်ခြင်း'အတွက် အသုံးခံတန်ဆာပလာအဖြစ် အသုံးပြုရကြောင်း ဖော်ပြပေးပါလိမ့်မည်။




"ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ ရန်ကိုငြိမ်းစေ၍၊ ကိုယ်တော်နှင့်မိတ်သဟာယ ဖွဲ့စေတော်မူ၏။ ထိုမိတ်သဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏" (၂ကော ၅း၁၈)။

သန့်ရှင်းသောရှာလုမ်အနမ်းဖြင့်

ဆလိုင်းအိုက်ဇက်
B.Sc (Maths); M.Sc(Q); B.Th II
တာဝန်ခံစာတည်း






တိုက်ပွဲ

* လူဖြစ်ရခြင်း
မင်း ဘယ်သို့မြင်သလဲ...။

* တစ်နေ့အချိန်တန်
"အိမ်" ပြန်ရမှာပဲ
လိုသည်ကဖွဲ
မေတ္တာနဲ့ကဲ
လောကတိုက်ပွဲ....။ ။ မောင်ပေါက်စည်
(မန်းတက္ကသိုလ်)
၁၇.၈.၂၀၀၀

"သင့်မြတ်ခြင်းတို့ရှိခဲ့လျှင်"

* ရာစုသစ်တွင်
သမင်နဲ့ကျား
ကစားအတူရှိခဲ့လျှင်.....။
* ရာစုသစ်ဝယ်
ကြွက်ငယ်နဲ့ကြောင်
ဟန်ဆောင်ကင်းသော
သူငယ်ချင်းကောင်းဖြစ်ခဲ့လျှင်....။
* ရာစုသစ်ဝယ်
ဒရယ်၊ ကျားသစ်
အမြင်သစ်နှင့်
မိတ်ဖက်ဆွေစဉ်ဖြစ်ခဲ့လျှင်....။
* ရာစုသစ်ဝယ်
ယုန်ရယ်၊ မြွေခွေး
လေချိုသွေးလို့
လွှမ်းဘောအတူဆိုခဲ့လျှင်...။
* ရာစုသစ်မှာ
ကမ္ဘာကြီးအား
လူသားများက
သနားကြလျှင်
နိမ့်မြင့်ချအပြီး
နှလုံးသားတိုင်း
အနိုင်းဆဲ
မေ့မှူးခဲ့လျှင်
သခင်ရှင်လန်းဝမ်းမြောက်လိမ့်တကား။ ။




စောမုတ်ဆိတ်(ကေတု)



ဤလူ့ရွာတွင်




* မတည့်အတူနေသတဲ့
တကယ့်လူတွေရဲ့အရည်အချင်း
ပြေလည်အောင်အသင်းဖွဲ့ .
အပြုံးနဲ့ဟန်လုပ်
အရှုပ်တော်ပုံမရှိ
အပေါ်ယံခြုံလွှာကိုကြည့်
လုလိုက်ပါဘိ.....။

* သိတယ်နော် မင်းအကြောင်း
သိတယ်နော် ငါ့အကြောင်း......။

* မကောင်းကြတာ အတူတူ
ဘယ်သူ့- ဘယ်သူမှမပြောကြေး
ဖေးဖေးမမ မပွမရှုပ်
ဟန်လုပ်မေတ္တာ ပျားသကာ
အတွင်းမှာတော့ ခါးတာမှာ
ရှင်းရှင်းပြောတော့ သနားစရာ
အဲဒါ... အဲဒါ... ဤလူ့ရွာ...။ ။

မေြ

"တစ်စက်ထဲ"

* အရက်နဲ့လူလုပ်၊ တစ်မဟုတ်ချင်းကြီးပွားဖို့
ခန္ဓာအသွေးအသား၊ ရင်းနှီးအားနဲ့
ကညာမျိုးဘဝတစ်သက်၊ လူချင်ရက်အခက်ပို
တစ်စက်ထဲ၊ ဘဝပြိုခဲ့ရ.....

* အပျက်အပျက်နဲ့၊ အရက်မဲ့ခဲ့ရ
အသက်မဲ့ခန္ဓာ၊ သေခါမှအေးရော
ရုပ်သဏ္ဌာန်၊ မှန်ထဲကပုံရိပ်
အတိတ်ကို ခြောက်လှန့်နေလေသလား။

* တစ်ဝမ်းတစ်ခါး၊ အင်နဲ့အားနဲ့
ဖြည့်ထည့်မဝနိုင်၊ သမုဒ္ဒရာဝမ်းတစ်ထွာ
ငါတွေ့ထပ်ခါ ပုံတင်လာရ
ပြေးကြလွှားကြ ဟုတ်မဟုတ်ပါလေစ.....

* အတ္တတွေ ရင်မှာနေခင်တုတ်၊ တကယ်ဟုတ်တဲ့ငါမပေ့
လူရုပ်တောင်မပီ၊ အမျှတ္တရဲ့မှုမှန်အောင်
လှောင်ပြောင်ခါးသီးမှုတွေကြား အားမွေးရင်း
တစ်သက်တာ.... အလုခပျက်ရလေအောင်... ။ ။

ဝင်းနန္ဒာထွန်း






ပုံသဏ္ဌာန်နှင့်အညီ





< ပျားတို့အချင်း
ရှန့်သင်းလှ
ပန်းခင်းမှသည်
ဝတ်ရည်စုပ်သုံး
အချိုဆုံးကို၊ ထုတ်သတည်း။


< သိဥာဏ်စုံလင်
ဆင်ခြင်တတ်သည်
ဤမြည်လူသား
တရားပြည့်ကာ
မေတ္တာကိုသာ ထုတ်စေသား။ ။

ဆောင်းအိမ်
(ကော့)

ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။
(ကမ္ဘာဦး ၁း၂၇)



သင့်မြတ် သွားစေသာ
ပန်းချီ- ညီဝေသွေး၊ကလေး၊
ရှေ့မှာရပ်နေတဲ့ မောင့်ကိုကြည့်ရင်း မောင့်ရင်ခွင်ထဲ "မေ"ပြေးဝင်မှီလိုက်တယ်...
မောင်က"မေ့"ကိုထွေးပွေ့ရင်း"မေ့"ရဲ့ ဆံပင်လေးတွေကိုယုယုယယ ပွတ်သပ်ပေးတယ်..ပြီးတော့.."မေ့မောင်လေ..ဘုရားသခင်နဲ့သင့်မြတ်သွားပြီ"တဲ့.."မေ့"ပါးပြင်ပေါ်စီးကျတဲ့မျက် ရည်ဥလေးတွေဟာ"မေ့"ရဲ့ဝမ်းသာပီတိ မျက်ရည်ဆိုတာ"မေ"သိတယ်...

အရင်တုန်းကလည်းအချစ်လို့မျက်ရည်ပေါင်းများစွာကျခဲ့ရတယ်..ဒါပေမယ့်..အဲဒီတုန်းကမျက်ရည်ဟာ ဖန်ဆင်းရှင်..ကယ်တင်ရှင်ကိုသိလျက်နဲ့ရှေ့တော်ကနေထွက်ပြေးသွားတဲ့မောင့်အတွက် စီးကျခဲ့တဲ့မျက်ရည်..မောင်က လောကကြီးတစ်ခုလုံးပေါ်မှာ ကိုယ့်ကိုကိုယ်ယုံကြည်မှုအပြည့်အဝ ရှိသူ..လူလူချင်းမ ပြောနဲ့ဘုရားသခင်
ကိုယ်တော်အားမကိုးချင်သူ..ဘာသာတရားယုံကြည်မှုဆိုတာသိမ်မှုင်းသူတွေရဲ့စိတ်ပြေသိပ်ရာလို့ခံယူသူ...






အခုမှမဟုတ်ပါဘူး..ဟိုးကမ္ဘာဦး
ကတည်းကလူသားဖြစ်တဲ့အာဒံနဲ့
ဧဝကိုသွေးဆောင်ပြီးသူတို့ကိုဘုရား
သခင်နဲ့ဝေးကွာသွားစေခဲ့တယ်..
ဒါပေမယ့် ဘုရားသခင်ရဲ့ချစ်ခြင်း
ဂရုဏာတော်ကြောင့်သားတော်ကို
အသေခံစေပြီးလူသားတွေနဲ့ပြန်
လည်သင့်မြတ်မှုကိုဖန်တီးပေး
ခဲ့တယ် ပေါ့နော်....

ဒီသင့်မြတ်မှုအပေါ်မနာလိုဖြစ်နေ
တာကစာတန်လေ..ဒါကြောင့်..ဘုရား
သခင့်ရဲ့သားဖြစ်နေတဲ့ယောဇ်ကိုနောက်တစ်ခါဘုရားသခင်နဲ့ဝေး
ကွာစေဖို့ကြိုးစားခဲ့ပြန်တယ်..ဒါပေမယ့် ဘုရားသခင်ဟာယောဇ်
ကိုနှုတ်ကပတ်တော်ဆိုတဲ့လက်နက်နဲ့စာတန်ရဲ့လက်က အထံ
တော်ကိုပြန်ခေါ်လာပြီး ..
"သင့်မြတ်မှု"ကိုပြသွား
ခဲ့ပြန်ပြီလေ...



နာ မ တော် မြတ် ဒွိ ၊ ညီ ဆွေး ၊ က လေး ၊

# ဂျာလုမ်သတင်းကဏ္ဍ

စာတည်းအဖွဲ့ဝင်တစ်ဦး



သန့်ရှင်းသောကားတို
မွေ့တက္ကသိုလ်၏ "ပ
အကြိမ်မြောက် ဘွဲ့နှ
သဘင်"ကို၂၀၀၀ပြည့်နှ
မတ်လ (၅)ရက်တွ
သန့်ရှင်းသောကားတို
ဘုရားကျောင်း၌ ပြုလု
ရာB.Thဘွဲ့ရရှိသူ(၄)ဦ
L.Thဘွဲ့ရရှိသူ (၂)ဦးန
အဝေးသင်သမ္မာကျမ်း
(၂)နှစ်သင်တန်းအော
လက်မှတ်ရရှိသူ (၁၈)ဦ
တို့အားသာသနာပိုင်ချု
အန်ဒရေ ဦးမြဟန်က သက်ဆိုင်ရာဘွဲ့၊ အောင်လက်မှတ်တို့ကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

၁၉၉၉–၂၀၀၀ပညာသင်နှစ် B.Thဘွဲ့ရရှိ သူများမှာ (၁) စောရှီးရှို၊ (၂) ဆလိုင်းအောင်ဆို
(၃) ဆလိုင်းမောင်မောင်၊ (၄) ဆလိုင်းဖိလစ်လက် နိုဆတ်တို့ဖြစ်ပြီး၊ L.Th ဘွဲ့ရရှိသူများမှာ (၁) စေ
ဘင်ဆင်နှင့် (၂) မိုင်အောင်မဖြူတို့ဖြစ်သည်။




H.C.T.C မိသဟာယကော်မတီမှ ဦးဆောင်လျက် "**H.C.T.Cနှင့်ရန်ကုန်ကျမ်းစာကျောင်းမှကျောင်းသား၊ ကျောင်းသူများ၏ မိသဟာယအစီအစဉ်**"တစ်ရပ်ကို **၁၅.၁.၂၀၀၀** (စနေနေ့)က မင်္ဂလာဒုံ ရှင်ကျေးဇူးဘုရားကျောင်း၌ကျင်းပပြုလုပ်ခဲ့ပါသည်၊



သန့်ရှင်းသော ကားတိုင်မွေ့တက္ကသိုလ်၊ ရှာလုမ်မဂ္ဂဇင်းနှင့်ရန်ကုန်(ဗဟို)အင်္ဂလိကန်လူငယ်များအသင်း အမှုဆောင်ကော်မတီတို့ ပူးတွဲစီစဉ်သော ဆရာကောင်းသန့်၏ "**လူငယ်ပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲ**" ကို ၆.၈.၂၀၀၀(တနင်္ဂနွေနေ့) မှန်းလွဲပိုင်းကရန်ကုန်မြို့၊ သန့်ရှင်းသော တြိနတိကသီဒြယ် ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအစီအစဉ်သို့ လူငယ်(၂၀၀)ကျော်တက်ရောက်ပါဝင်ခဲ့ပါသည်။



ဝဲမှယာ – ဆရာမောင်မောင်နိုင် (ရန်ကုန်၊ ဗဟိုလူငယ်ဌာနမှူး)၊ ဆရာ(ဦး)ကောင်းသန့်နှင့် ရှာလုမ်တာဝန်ခံစာတည်း။



H.C.T.Cမိသဟာယကော်မတီနှင့် M.I.T မိသဟာယကော်မတီတို့မှ ဦးဆောင်လျက် "**H.C.T.Cနှင့် M.I.Tတို့မှ ကျောင်းသူ/သားတို့၏ မိသဟာယ အစီအစဉ်**" တစ်ရပ်ကို ၁၂.၈.၂၀၀၀ (စနေနေ့)က H.C.T.C တွင်ပြုလုပ်ခဲ့သည်။ အစီအစဉ်တွင် ပွဲတော်မင်္ဂလာဝတ်ကို အတူတကွပါဝင်ခံယူပြီး၊ မိတ်ဆုံမုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

# ဂျာလုမ်သတင်းကဏ္ဍ

စာတည်းအဖွဲ့ဝင်တစ်ဦး




သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ "ပဥ္စ အကြိမ်မြောက် ဘွဲ့နှင်း သဘင်"ကို၂၀၀၀ပြည့်နှစ် မတ်လ (၅)ရက်တွင် သန့်ရှင်းသောကားတိုင် ဘုရားကျောင်း၌ ပြုလုပ် ရာB.Thဘွဲ့ရရှိသူ(၄)ဦး L.Thဘွဲ့ရရှိသူ (၂)ဦးနှင့် အဝေးသင်သမ္မာကျမ်းစာ (၂)နှစ်သင်တန်းအောင် လက်မှတ်ရရှိသူ (၁၈)ဦး တို့အားသာသနာပိုင်ချုပ် အန်ဒရေ ဦးမြဟန်က သက်ဆိုင်ရာဘွဲ့၊ အောင်လက်မှတ်တို့ကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

၁၉၉၉-၂၀၀၀ပညာသင်နှစ် B.Thဘွဲ့ရရှိ သူများမှာ (၁) စောရီးရှို၊ (၂) ဆလိုင်းအောင်ဆို၃၊ (၃) ဆလိုင်းမောင်မောင်၊ (၄) ဆလိုင်းဖီလစ်လက် နီဆတ်တို့ဖြစ်ပြီး၊ L.Th ဘွဲ့ရရှိသူများမှာ (၁) စော ဘင်ဆင်နှင့် (၂) မိုင်အောင်မဖြူတို့ဖြစ်သည်။



H.C.T.C မိသဟာယကော်မတီမှ ဦးဆောင်လျက် "H.C.T.Cနှင့်ရန်ကုန် ကျမ်းစာကျောင်းမှကျောင်းသား၊ ကျောင်းသူများ၏ မိသဟာယအစီအစဉ်"တစ်ရပ်ကို ၁၅-၁-၂၀၀၀ (စနေနေ့)က မင်္ဂလာဒုံ ရှင်ကျော့ဂျက်ဘုရားကျောင်း၌ကျင်းပပြုလုပ်ခဲ့ပါသည်၊

သန့်ရှင်းသော ကားတိုင် ဓမ္မတက္ကသိုလ်၊ ဂျာလုမ် မဂ္ဂဇင်းနှင့်ရန်ကုန်(ဗဟို) အင်္ဂလီကန်လူငယ်များ အသင်း အမှုဆောင်ကော် မတီတို့ ပူးတွဲစီစဉ်သော ဆရာကောင်းသန့်၏ "လူ ငယ်ပညာပေးဟောပြောပွဲ နှင့် ဆွေးနွေးပွဲ" ကို ၆.၈.၂၀၀၀(တနင်္ဂနွေနေ့) မှန်းလွဲပိုင်းကရန်ကုန်မြို့၊ သန့်ရှင်းသော တြိနတိ ကသိဒြယ် ကျောင်းတော် ကြီး၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။ ယင်းအစီအစဉ်သို့ လူငယ်(၂၀၀)ကျော်တက် ရောက်ပါဝင်ခဲ့ပါသည်။




ဝဲမှယာ - ဆရာမောင်မောင်နိုင် (ရန်ကုန်၊ ဗဟိုလူငယ်ဌာနမှူး)၊ ဆရာ(ဦး)ကောင်းသန့်နှင့် ဂျာလုမ်တာဝန်ခံစာတည်း။




H.C.T.Cမိသဟာယကော်မတီနှင့် M.I.T မိသဟာယကော်မတီတို့မှဦးဆောင်လျက် **"H.C.T.Cနှင့် M.I.Tတို့မှ ကျောင်းသူ/သားတို့၏ မိသဟာယ အစီအစဉ်"** တစ်ရပ်ကို ၁၂.၈.၂၀၀၀ (စနေနေ့)က H.C.T.C တွင်ပြုလုပ်ခဲ့သည်။ အစီအစဉ်တွင် ပွဲတော်မင်္ဂလာဝတ်ကို အတူတကွပါဝင်ခံယူပြီး၊ မိတ်ဆုံမုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

ပထမနှစ် သင်တန်းသား/သူများ



ဒုတိယနှစ် သင်တန်းသား/သူများ







တတိယနှစ် သင်တန်းသား/သူများ



စတုတ္ထနှစ် သင်တန်းသား/သူများ



ပထမနှစ် သင်တန်းသား/ သူများ



ဒုတိယနှစ် သင်တန်းသား/ သူများ





တတိယနှစ် သင်တန်းသား/ သူများ



စတုတ္ထနှစ် သင်တန်းသား/ သူများ



# ပြန်လည်ကြေအေးခြင်း၏ ဓမ္မသဘော

ဘုန်းတော်ကြီးရှိမုန်ဘီဘင်ထူး



Reconciliation ဟူသော စကား၏အဓိပ္ပါယ်မှာ ပြန်လည်သင့်မြတ်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ ပြန်လည်ကြေအေးခြင်းဟူ၍ အဓိပ္ပါယ်ဖွင့်နိုင်ပါသည်။ ဒေသ၊ ဝေလေ့ထုံးစံ၊ အခြေအနေအပေါ် အခြေခံ၍လည်း ဤထက်နက်နဲသော အဓိပ္ပါယ်လည်းရှိနိုင်ပါသည်။ ဤဆောင်းပါးတွင် သမ္မာကျမ်းစာကိုအခြေခံလျက် ဘုရားနှင့်လူ၊ လူလူချင်းပြန်လည်သင့်မြတ်ခြင်းကိုသာ တင်ပြမည်ဖြစ်ပါသည်။

ပြန်လည်ကြေအေးခြင်းကို မစဉ်းစားမီ ဦးစွာအပြစ်ဆိုသည့်အဓိပ္ပါယ်ကို သိထားရန်လိုအပ်ပါသည်။ ဓမ္မဟောင်းထဲတွင် လူသည်ဘုရားသခင်၏ ပညတ်ချက်များကို ချိုးဖောက်သောကြောင့် ဘုရားသခင်နှင့်အဆက်အသွယ်ပြတ်စဲသွားခြင်းကို အပြစ်ဖြစ်စေပါသည်။ (ကမ္ဘာ ၃း၁-၁၃)

တစ်ကိုယ်ကောင်းဆန်ခြင်းသည် မိမိကိုယ်ကို ဘုရားသခင်ထက် အထွဋ်အမြတ်ထားလာခြင်းဖြစ်၍ အပြစ်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူ၏စိတ်နှလုံးသည် ဘုရားသခင်နှင့်ကင်းဝေးလာစေခြင်းကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဘုရားသခင်နှင့် မှန်ကန်စွာ မိဿဟာယဖွဲ့ခြင်းမရှိခြင်းသည်လည်း အပြစ်ဖြစ်ပါသည်။ မောရှေအားဖြင့် ဘုရားသခင်ပေးထားသော ပဋိညာဉ်ကိုချိုးဖောက်ခြင်းသည် ဘုရားသခင်ကို ပုန်ကန်သည့်သဘောသက်ရောက်သည့်အတွက် အပြစ်ဖြစ်ပါသည်။ (ထွက် ၂၀း-၂၃း)

ဓမ္မသစ်ကျမ်းစာထဲတွင် ဘုရားသခင်နှင့် မိဿဟာယပြတ်စဲလျှင် အပြစ်ဖြစ်ပါသည်။ လူသားများအပြစ်ရှိသည်ဆိုသည့်အချက်ကို သခင်ယေရှုက ထင်ရှားစွာဖော်ပြခဲ့ပါသည်။ သူ့အသက်ကိုသတ်ခြင်း၊ သူ့သားအိမ်ယာကို ပြစ်မှားခြင်းတို့သည်သာ အပြစ်မဟုတ်ပါ။ ထိုကဲ့သို့ အပြစ်မျိုးကို ကျူးလွန်အောင် လှုံ့ဆော်ပေးသော အချက်ဒေါသ၊ ရန်ညိုးဖွဲ့ခြင်း၊ တဏှာရာဂတို့သည် ဘုရားသခင်၏မေတ္တာတော်ကို ချိုးဖောက်ကြသဖြင့် အပြစ်ဖြစ်ပါသည်။ (မဿဲ ၅း၂၁-၂၆၊ ၄၈) အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ လှုံ့ဆော်မှုများသည် လူနှင့်ဘုရား၊ လူလူချင်းတို့၏ ဆက်သွယ်မှု၊ မိဿဟာယကိုဖျက်ဆီးသောကြောင့် ဖြစ်ပါသည်။

ထို့အပြင် သူတစ်ပါးကို မှားယွင်းစေခြင်း (မဿဲ ၁၈း၆)။ သီလရှိယောင်ဆောင်ခြင်း (မဿဲ ၂၃း၂၄၊ ၂၆။ ယောဟန် ၈း၃၂)။ အချည်းနှီးစကားပြောဆိုခြင်း (မဿဲ ၁၂း၃၆)။ သူတစ်ပါးကို မေတ္တာမဲ့ခြင်း (မဿဲ ၂၅း၃၁-၄၆) စသည်တို့မှာ အပြစ်ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်းအရ ကြီးမားသောအပြစ်မှာ သစ္စာတရားနှင့် ဘုရားသခင်၏ဝိညာဉ်တော်ကို ငြင်းဆန်သည့် မယုံကြည်ခြင်းတို့သည် အပြစ်ဖြစ်သည်။ ဤအပြစ်သည် အပြစ်ခပ်သိမ်းတို့၏ အရင်းမူလဖြစ်ပါသည်။ (ယော ၃း၁၉-၂၁၊ ၁၆း၉) ရှင်ပေါလုက လူ၏စိတ်ဆန္ဒသည် အပြစ်၌ငြိတွယ်လျက်ရှိကြောင်း ဖော်ပြပါသည်။ (ရောမ ၈း၁-၁၁) အပြစ်ဆိုသည့် သဘောသဘာဝသည် ဘုရားကိုပြစ်မှားခြင်း၊ လူလူချင်းပြစ်မှားခြင်း ကိုအပြစ်ဟူ၍ သမ္မာကျမ်းစာတော်တစ်အုပ်လုံးက သွန်သင်ထားပါသည်။

ထိုအပြစ်များကို ကင်းလွတ်အောင်မည်သို့လုပ်ရမည်နည်း။ ဓမ္မဟောင်းကာလတွင် ဘုရားရှင်နှင့်လူတို့ကြေအေးခြင်းရရှိရန်အတွက် အပြစ်ဖြေလွှတ်ရာ ပူဇော်ခြင်းပွဲနေ့(The Day of Atonement) ကို ကျင်းပခဲ့ကြပါသည်။ ယဇ်ပူဇော်ခြင်းများကို ယေရုရှလင်ဗိမာန်တော်ထဲ၌သာကျင်းပခွင့်ရှိပါသည်။ တစ်ဦးချင်းစီ၏အပြစ်ဖြေရာ ယဇ်ကိုအချိန်မရွေး ပြုလုပ်နိုင်သော်လည်း အပြစ်ဖြေရာယဇ်ပူဇော်ခြင်းကို လူအားလုံးတို့အတွက် တစ်နှစ်လျှင်တစ်ကြိမ်သာ ကျင်းပခွင့်ရှိပါသည်။ ထိုအပြစ်ဖြေလွှတ်ရာ ပူဇော်ခြင်းနေ့ကို ယဇ်ပရောဟိတ်တစ်ဦးကသာ ဦးဆောင်ခွင့်ရှိပါသည်။

ယဇ်ပုရောဟိတ်အကြီးသည် ထိုနေ့တွင် သတ်ရသောတိရစ္ဆာန်များ၏ အသွေးနှင့်နံ့သာပေါင်းအပြည့်ပါသော မီးခံပန်းကန်ပြားကို သန့်ရှင်းမြင့်မြတ်ဆုံးသောနေရာ (Holy of Holies)သို့ ဆောင်ယူသွားပါသည်။ ထိုနေရာ အထဲသို့ရောက်သောအခါ မီးဖြင့်ပူဇော်ခြင်းကို ဆက်ကပ်ပါသည်။ ဘုရားသခင်ပလ္လင်တော်တွင် မီးခိုးထွက်လာသောအခါ တိရိစ္ဆာန်များ၏အသွေးကို ပလ္လင်ပတ်လည်တွင် လက်ချောင်းများဖြင့် ခုနစ်ကြိမ်ပက်ဖျန်းရပါသည်။ ထို့နောက် ယဇ်ပရောဟိတ်အကြီးသည် ပရောဟိတ်အမျိုးအနွယ်နှင့် ဣသရေလလူမျိုးတို့အားလုံးတို့အတွက် သိုးထီး ယဇ်ကောင်များကိုသတ်ဖြတ်ပြီး ပူဇော်ရာပလ္လင်တော်အပေါ်သို့တင်ထားပြီး မီးရှို့ရာယဇ်အဖြစ် ပူဇော်ဆက်ကပ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ဘုရားသခင်နှင့်ပြန်လည်ကြေအေးခြင်းအမှု ပြီးပြည့်စုံသည်ဟုခံယူပါသည်။ (ဝတ်ပြု ၁၆း၁-၃၄)

ဓမ္မဟောင်းယဇ်ပူဇော်ခြင်းတွင် အဓိပ္ပါယ်နှစ်မျိုးရှိပါသည်။ ယင်းတို့မှာ (၁) အပြစ်များကိုဖယ်ရှားခြင်းနှင့် ဘုရားသခင်နှင့်ပြန်လည်ကြေအေးခြင်း ဖြစ်ပါသည်။ ယဇ်ကောင်၏အသွေးသည် မိမိအသက်တာတစ်ခုလုံးကိုယ်စား ဘုရားသခင်အား ဆက်ကပ်ခြင်းဖြစ်ပါသည်။ (၂) ယဇ်ပရောဟိတ်မင်းသည် သန့်ရှင်းရာဌာနမှ ဘုရားသခင်နှင့်လူတို့စပ်ကြား စေ့စပ်ပေးသူဖြစ်ပါသည်။ သူသည်လည်း အပြစ်သားတစ်ဦးဖြစ်သောကြောင့် ပရိသတ်များအတွက်ပူဇော်ခြင်းမပြုမီ မိမိနှင့်မိမိအမျိုးအနွယ်အတွက် ဦးစွာ ဆောင်ရွက်ရပါသည်။

ဓမ္မဟောင်းခေတ်ကာလ၏ ဘုရားသခင်နှင့် လူတို့ပြန်လည်ကြေအေးခြင်းပြုလုပ်သည့်နည်းမှာ တိရစ္ဆာန်တို့၏သွေးဖြင့်ဆေးကြောခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဘုရားသခင်ဆိုင်ရာ အသက်တာ၏ဝေစုကို ပိုင်ဆိုင်ခွင့်ရသည်ဟု ယုံကြည်သောကြောင့်ဖြစ်ပါသည်။

ထိုကဲ့သို့သော ယဇ်ပူဇော်ခြင်းပုံစံသည် သခင်ယေရှုကိုယ်တိုင်ပြုခဲ့သော ယဇ်ပူဇော်ခြင်းနှင့် ဆက်စပ်မှုရှိပါသည်။ သခင်ယေရှုသည် တစ်ကြိမ်တည်းလူတို့အတွက် ပြည့်ဝစုံလင်စွာပူဇော်ဆက်ကပ်ခဲ့သော အရှင်ဖြစ်ပါသည်။ (ယော ၁၀း၁၇) ယဇ်ပူဇော်ခြင်းကို ခံယူသူလည်းဖြစ်ပါသည်။ (၁ကော ၅း၇၊ ဟေဗြဲ ၉း၁၂) ထို့အပြင် သခင်ယေရှုကိုယ်တော်တိုင်ပင် ယဇ်ပူဇော်ခြင်းကိုပူဇော်ဆက်ကပ်သော ယဇ်ပုရောဟတ်မင်းဖြစ်ပါသည်။ (ဟေဗြဲ ၅း၁၀၊ ၆း၂၀၊ ၇း၂၆) ကိုယ်တော်သည် အသက်ရှင်နေသော ကိုယ်ခန္ဓာတော်နှင့်အသွေးတော်မြတ်ကို ပူဇော်ဆက်ကပ်ပါသည်။ ဟေဗြဲ ၉း၂၂အရ အသွေးသွန်းလောင်းခြင်းမရှိဘဲနှင့် အပြစ်လွှတ်ခြင်းမရှိနိုင်ပေ။ အရှင်ဘုရားသည် မိမိအသွေးသွန်းခြင်းဖြင့် အပြစ်နှင့်အပြစ်၏တန်ခိုးကို ဖယ်ရှားခဲ့ပါသည်။ သခင်ယေရှုသည် ဘုရားသခင်နှင့်လူတို့စပ်ကြားတွင် ပြန်လည်ကြေအေးခြင်းအမှုကို ပြုသောအရှင်ဖြစ်ပါသည်။ (ရောမ ၅း၁၀-၁၁၊ ၂ကော ၅း၁၈)

ခရစ်ယာန်တို့၏ ပွဲတော်မင်္ဂလာဝတ်သည် ဘုရားသခင်နှင့် လူတို့ပြန်လည်ကြေအေးခြင်းဝတ်ပြုခြင်းအဖြစ် ခရစ်ယာန်များကလက်ခံလာခဲ့သည်။ သခင်ယေရှုက "ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများအဖို့အလို့ငှာသွန်းလောင်းသော ငါ့အသွေးဖြစ်၏"ဟု မိန့်တော်မူခဲ့ပါသည်။ (မာကု ၁၄:၂၄) ပွဲတော်မင်္ဂလာကို ထိုက်ထိုက်တန်တန်ခံယူခြင်းသည် အရှင်ဘုရား၏အသက်တာနှင့်ပေါင်းစည်းထားသော ဘုရားသခင်ဆိုင်ရာအသက်တာကို ခံယူရရှိပါသည်။ လူတို့အပြစ်များအတွက် သခင်ယေရှုသည် အသွေးသွန်းခြင်းအဖိုးအခကို ပေးဆပ်ခဲ့ရသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာသည် ဘုရားသခင်နှင့် လူတို့ပြန်လည်ကြေအေးရာဝတ်ပြုခြင်းတစ်ခုဖြစ်လာသည်။

လူနှင့် ဘုရားသခင်ကြေအေးရန် လိုအပ်သကဲ့သို့ လူလူချင်းတနာခြင်း၊ သနားညှာတာခြင်း၊ ခွင့်လွှတ်ခြင်းဖြင့် ကြေအေးခြင်းကိုပြုလုပ်ရန် သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ သခင်ယေရှုက ပူဇော်သက္ကာပြုရာတွင်ညီအစ်ကိုချင်းသင့်တင့်အောင် ပြုပြီးမှသာ ပူဇော်သင့်ကြောင်းသွန်သင်ပါသည်။ (မဿဲ ၅:၂၃–၂၄)။ အသက်တာတွင် သင့်မြတ်ခြင်းအရေးကြီးကြောင်းသွန်သင်ပါသည်။ ထို့အပြင် သုတ္တံဆရာကလည်း ညီအစ်ကိုချင်းကြေအေး၍ မေတ္တာထားခြင်းသည် အလွန်ကောင်းမွန်ကြောင်းသွန်သင်ထားပါသည်။ "ဆူအောင်ကျွေးသော နွားတစ်ကောင်လုံးကို အချင်းချင်းအငြိုးထားသောစိတ်နှင့် စားရသည်ထက် ချစ်ခြင်းမေတ္တာပါသော ဟင်းရွက်တစ်နပ်စာသည် သာ၍ကောင်း၏" (သုတ္တံ ၁၅:၁၇)။ ခရစ်ယာန်အသက်တာ၌ ညီအစ်ကိုချင်းကြေအေးရန် ခွင့်လွှတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် အဓိကဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် လူသားတို့အပေါ်သို့ ဘုရားသခင်အပြစ်လွှတ်ခြင်းအပေါ်တွင် အခြေခံသည်ဖြစ်၍ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို နားလည်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ (လုကာ ၁၅:၁–၇၊ ၁၁–၃၂)။


ရှင်ပေါလုက အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်းလိုအပ်ကြောင်း ဘုရားသခင်သည် ခရစ်တော်ကြောင့် လူသားတို့အပြစ်လွှတ်သကဲ့သို့ အချင်းချင်းအပြစ်လွှတ်ရန် သွန်သင်ပါသည်။ (ဧဖက် ၄:၃၂) ဝတ်ပြုရာကျမ်းအရလည်း လူအချင်းချင်းပြစ်မှားမိလျှင် ရှေးဦးစွာထိုက်သင့်သောလျော်ကြေးပေးခြင်း၊ ပြုပြင်ခြင်း၊ ကြေအေးခြင်းပြုလုပ်ရပါသည်။ နောက်မှအပြစ်ဖြေရာ ပူဇော်သက္ကာကို ဆက်သရပါသည်။ (ဝတ်ပြု ၆:၂–၇)၊ (တမန် ၁၉:၁၈၊ ရောမ ၁၀:၁၀)အရ လူအချင်းချင်းပေါင်းသင်းဆက်ဆံရေး၌ တစ်ယောက်ကိုတစ်ယောက် အပြစ်ဖြေလွှတ်ခြင်းမရှိလျှင် ဘုရားသခင်၏အပြစ်ဖြေလွှတ်ခြင်း၊ ကရုဏာတော်ကိုမျှော်လင့်စရာမရှိပေ။

တဖန်ရှင်ပေါလုက အပြစ်ဖြေလွှတ်ခြင်းဆိုသည်မှာ ခရစ်တော်၏သေခြင်းဖြင့် လူ့ဝိညာဉ်တို့ အသွေးတော်အားဖြင့် ကယ်ဆယ်ခြင်းဖြစ်သည်ဟု သွန်သင်ပါသည်။ (ဧဖက် ၁:၇၊ ကောလော ၁:၁၄)။ ထို့အပြင် သခင်ယေရှုသည် ရန်ကိုငြိမ်းစေသောအရှင်ဖြစ်ပါသည်။ လူများတို့ကြေအေးခြင်းဖြစ်ပွားစေသောအရှင်လည်းဖြစ်ပါသည်။ ထို့ကြောင့် သခင်ယေရှုကို ယုံကြည်သောသူများသည် ပြန်လည်ကြေအေးတတ်သောသူများဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လက်ဝါးကပ်တိုင်တွင် အသက်စွန့်တော်မူခဲ့သော သခင်ယေရှုကြောင့် ရန်ကိုငြိမ်းစေလျက် ဘုရားသခင်နှင့်လည်းကောင်း၊ လူလူချင်းလည်းကောင်း ပြန်လည်သင့်မြတ်ခြင်းရရှိပါသည်။ (ဧဖက် ၂:၁၆–၁၇) သို့ဖြစ်၍ ယနေ့လူတိုင်းအသက်တာတွင် ခရစ်တော်တရားတော်အားဖြင့်လည်းကောင်း၊ အသွေးတော်မြတ်အားဖြင့်လည်းကောင်း၊ ကားတိုင်အားဖြင့်လည်းကောင်း ဘုရားသခင်နှင့်လူ၊ လူအချင်းချင်းခရစ်တော်နာမ၌ ရန်ကိုငြိမ်းစေ၍ ပြန်လည်ကြေအေးခြင်းအမှုကိုပြုလျက် အချင်းချင်းကြေအေးနိုင်ရန် နည်းလမ်းကိုရှာကြရန်သာဖြစ်ပါသည် (ကောလော ၁:၂၀)။



# ပြန်လည်သင့်မြတ်ခြင်း သို့ ရန်ငြိမ်းခြင်း



[illegible]
နောက်ဆုံးနှစ်
H.C.T.C

ကျမ်းချက်။ ။ ၁ဓမ္မ ၂၅:၁၄–၃၅

**နိဒါန်း**

ပြန်လည်သင့်မြတ်စေခြင်း၊ တစ်နည်းအားဖြင့် ရန်ငြိမ်းစေခြင်းဆိုသည်မှာ တစ်ချိန်က ပျက်စီးသွားသော မိတ်သဟာယဖွဲ့ခြင်းအတွက် အသစ်တဖန်ပြန်လည်၍ အစပြုခြင်းပင်ဖြစ်သည်။ သဘောထားကွဲပြားခြားနားမှုများကို ဖေ့စပ်ပြီးနောက်၊ တစ်ဖန်ပြန်လည်၍ သင့်မြတ်စေခြင်းဖြစ်သည်။

ထိုသို့ပြန်လည်သင့်မြတ်လာနိုင်ရန် မတူညီသောဆန့်ကျင်မှုနှစ်ခုကြား ဖေ့စပ်မှုပြုရမည်ဖြစ်သည်။ ဤသို့ဖေ့စပ်ပေးပြီး ပြန်လည်သင့်မြတ်စေသောသူကို ရန်ငြိမ်းစေသူဟုခေါ်သည်။

ပေးထားသောကျမ်းချက်တွင် ဒါဝိဒ်နှင့်နာဗလတို့အကြား သဘောထားကွဲလွဲမှုကိုတွေ့ရသည်။ ဒါဝိဒ်က နာဗလအပေါ်နူးညံ့ညင်သာစွာဆက်ဆံသမှုပြုသော်ငြား၊ နာဗလမှကား ရိုင်းပျစွာဆက်ဆံသောကြောင့် ဒါဝိဒ်ကိုဒေါသထွက်စေကာ ရန်သူအဖြစ်သို့ရောက်ရသည်။ ထိုအမှုအတွက် နာဗလကိုတိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ ထိုအချိန်တွင် နာဗလ၏မယားအဘိဂဲလသည် ၎င်းတို့နှစ်ဦးအကြားပြန်လည်သင့်မြတ်စေခြင်းငှာ ကြိုးစားခဲ့သည်။

**ရန်ငြိမ်းစေသောသူဆိုသည်မှာ**

(က) ကြားဝင်ဖေ့စပ်ဖျန်ဖြေသူ (Mediator) ကိုခေါ်သည်။

*အဘိဂဲလသည် ဒါဝိဒ်နှင့်နာဗလကြား ပြန်လည်သင့်မြတ်မှုရရှိရန် ဒါဝိဒ်ထံသို့သွားရောက် ဖေ့စပ်မှုပြုခဲ့သည်။*

သခင်ခရစ်တော်သည် ဘုရားနှင့် လူအကြား ပြန်လည်သင့်မြတ်ရန် ကြားဝင်ဖေ့စပ်ခဲ့သည်။ ခရစ်တော်၏ အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင် နှင့်ရန်ငြိမ်းခွင့်ရခဲ့သည်။ (ကောလော ၁:၂၀–၂၂)။

ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ အသက်ရှင်လျှင် လူလူချင်းမသင့်မြတ်မှုကို ငြိမ်းပေးနိုင်သူဖြစ်လာပေမည်။ (၂ကော ၅း၂၀)။

<u>(ခ) ရန်ငြိမ်းစေသောသူသည် တရားမျှတမှုကို အမှီပြုသူဖြစ်သည်။</u>

*ဒါဝိဒ်သည် ဓါသအလျှောက် နာဗလကိုသာမက သူ၏အိမ်သူအိမ်သားအပေါင်းတို့ကိုပါ ရန်ငြိုးဖွဲ့ပါသည်။ ထိုအခြေအနေသည် တရားမျှတမှုမရှိကြောင်း အဘိဂဲလခံယူသည်။ ထို့ကြောင့် "သခင်ကိုယ်တော်သည် အကြောင်းမရှိဘဲ လူ့အသက်ကိုမသတ်မိစေရန်" ဒါဝိဒ်အားသတိပေးခဲ့သည်။*

ရန်ငြိမ်းစေခြင်းသည် တစ်ဖက်သတ်ငြိမ်ဝပ်စေခြင်းမဟုတ်။ တစ်ဦး၏ Identity ကို တစ်ဦးကမျက်ကွယ်ပြုပြီး၊ ရန်ငြိမ်းစေရန်မဟုတ်ဘဲ၊ တစ်ဖက်နှင့်တစ်ဖက် အားနည်းချက်များကို သိမြင်၍ ကိုယ့်ကိုယ်ကို မြင်တွေ့လာရန်လိုအပ်သည်။ အပြန်အလှန်တန်ဖိုးထား၍ အသိအမှတ်ပြုခြင်းမှထွက်ပေါ်လာသော ရန်ငြိမ်းခြင်းသည်သာ တာရှည်ခံပါလိမ့်မည်။

<u>(ဂ) ရန်ငြိမ်းစေသောသူသည် အောက်ခြေကိုသိ၍ ထပ်တူခံစားနားလည်ပေးသူဖြစ်သည်။</u>

*ဒါဝိဒ်သည် နာဗလနှင့်ဆိုင်သော သူအပေါင်းတို့တွင် ယောကျာ်းအားလုံးကို သတ်ဖြတ်ရန်ပြင်ဆင်သည်။ အဘိဂဲလသည် ထိုသူတို့၏ခံစားချက်ကို ထပ်တူခံစားခဲ့ပါသည်။*

ကျွဲနှစ်ကောင်ခတ်သည့်ကြားက မြေစာပင်ဖြစ်ရသော အောက်ခြေလူတန်းစား (grassroots)တို့သည် အုပ်စုနှစ်စုတို့၏ တိုက်ပွဲကြား၌ အဓော်ကားခံရသည်။ မျက်ကွယ်ပြုခံရသည်။ ခုတုံးလုပ်ခံရသည်။ ထိုအခြေအနေကို ရန်ငြိမ်းစေသောသူသည် မြင်တွေ့၍ခံစားပါသည်။ (ဟေဗြဲ ၂း၁၇-၁၈)။ ကျွန်တော်တို့၏ပတ်ဝန်းကျင်၌ နာကျင်ကြေမွခြင်းခံနေရသူတို့နှင့်ထပ်တူဝေမျှခံစားရန်လိုပါသည်။(သုတ္တံ ၁၄း၂၁)

*ကျွန်ုပ်တို့ဆက်လက်စဥ်းစားရန်-*

နိုင်ငံအချင်းချင်းဖြစ်ပွားသည့် မသင့်မြတ်မှုများ၊ တစ်နိုင်ငံထဲ၌ အုပ်စုကွဲ၍ မသင့်မြတ်မှုများ ဘာသာခံယူချက်ကြောင့်၎င်း၊ ကျင့်သုံးမှုကွဲပြား၍၎င်း၊ အခွင့်အရေးကြောင့်၎င်း... မသင့်မြတ်မှု၊ ကွဲပြားခြားနားမှုများကို ကြုံတွေ့နေရသည်။

ယနေ့ခရစ်ယာန်များသည် ဘုရားသခင်နိုင်ငံတော်၊ ကမ္ဘာလောကကြီးအတွက် ရန်ငြိမ်းစေခြင်း အမှုကိုဆောင်ရွက်ကြရမည်ဖြစ်ရာ ရှေးဦးစွာမိမိကိုယ်တိုင်မှသည် မိသားစု၊ အသင်းတော်နှင့် ပြင်ပသို့တိုင် ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် သတိပြုရန်မှာ မိမိတို့၏မိသားစုအတွင်းနှင့် အသင်းတော်တွင်း မသင့်မြတ်မှု၊ ကွဲပြားခွဲထွက်မှုပြဿနာအသီးသီးအတွက် ပြန်လည်သင့်မြတ်စေခြင်းမြုလုပ်ရန် အရေးကြီးလှပါသည်။

သခင်ခရစ်တော်သည် "ရန်ငြိမ်းစေခြင်း" အမှုအတွက် ကားတိုင်ပေါ်တွင် မိမိ၏အသက်ကိုစွန့်တော်မူခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့အား ဤအမှုဆောင်ရွက်ရန် ယနေ့စိန်ခေါ်နေကြောင်း သဘောပေါက်ရမည်။ ကျွန်တော်တို့၏ပတ်ဝန်းကျင်၌ဖြစ်နေသော ကိုယ်တိုင်ပါဝင်နေသော မသင့်မြတ်ခြင်းများတွင် မိမိတို့ကိုယ်တိုင် "ရန်ငြိမ်းစေသူ" ဖြစ်လာအောင် မည်သို့ပါဝင်လုပ်ဆောင်ကြမည်နည်း ဟူသည့်အချက်အတွက် ရေ့သို့ဆက်၍စဉ်းစားဆက်ကပ်ကြပါစို့။

*"သူတစ်ပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေ
တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။
အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏
သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။"
(မဿဲ ၅း၉)။*

လှိုင်းသန်း
(နောက်ဆုံးနှစ်)
(H.C.T.C)



# ပြန်လည်သင့်မြတ်မှု

ရွှေနော်ဒီလုံး

"အပြစ်တရားမှ ဖြောင့်မတ်ခြင်းတရား၊
ပြိုပျက်ခြင်းမှပြန်လည်တည်ဆောက်ပေးတဲ့တရား၊
ဝေးသွားရာမှပြန်လည်စုစည်းပေးတဲ့တရား
အနှစ်သာရကို
ပြန်လည်ရစေပါတယ်။"

ပြန်လည်သင့်မြတ်မှုဆိုတဲ့စကားဟာ ရင်ပေါ်လူရဲ့ဒေသနာမှာ တော်တော်လေးအဓိကကျခဲ့ပါတယ်။ ခရစ်တော်ရဲ့ သက်တော်စဥ်နဲ့ ခရစ်တော်ရဲ့တရားဟာ အနှစ်သာရကိုပြန်လည်သုံးသပ်ကြည့်ရင် သင့်မြတ်မှုကိုလှပတဲ့ပန်းချီကားတစ်ချပ်လိုဘက်စုံကနေပြီးတော့ အလှချယ်ထားတာကိုတွေ့ရတယ်။ သင့်မြတ်မှုမှာ ဘုရားနဲ့ပြန်လည်သင့်မြတ်ခြင်း၊ လူအချင်းချင်းသင့်မြတ်ခြင်းသဘောကို တွေ့ရပါတယ်။ လူသည် အပြစ်သဘောကိုဆောင်ပြီး ဘုရားဆီက ခွဲထွက်တဲ့သဘောကို ဆောင်ယူထားပါတယ်။ လူသည် အပြစ်သဘောမှာပျော်မွေ့ရင်းနဲ့ ဘုရားနဲ့ဝေးသထက်ဝေးသွားတယ်။ နေရာယူလိုက်ခြင်းဖြစ်ပါတယ်။ ဘုရားနဲ့ဝေးဝေးနေရင် ပိုပျော်တဲ့အဓိပ္ပါယ်ပေါ့ဗျာ။

ထွက်လွှတ်ရာကျမ်းအခန်းကြီး ၃၂မှာ ဣသရေလလူမျိုးဟာ အာရုန်ဆီစုရုံးပြီး ရှေ့ကနေဦးဆောင်သွားမယ့် ဘုရားကိုတောင်းဆိုခဲ့တယ်။ အဲဒီလိုတောင်းဆိုရင်းနဲ့ အယူတွေမှား၊ ယုံကြည်မှုတွေလွဲချော်ပြီးတော့ သူတို့ရဲ့ဘဝအသက်တာမှာ ဘုရားစစ်ဘုရားမှန်ဟာ ပျောက်ကွယ်သွားရတယ်။ အဲဒီအချိန်မှာ ထာဝရဘုရားရဲ့အမျက်တော်သည် လူမျိုးတော်အပေါ်မှာကျရောက်ခဲ့တယ်။ မောရှေက ထာဝရဘုရားရဲ့အမျက်တော်ငြိမ်းစေဖို့၊ ထာဝရဘုရားရဲ့သဘောတော်ပြောင်းလဲစေဖို့ ကြိုးစားခဲ့တယ် ကြိုးစားတဲ့အတိုင်း ထာဝရဘုရားရဲ့စိတ်တော်သည် လူမျိုးတော်အပေါ်မှာ ချစ်ခြင်းမေတ္တာကိုအခြေခံပြီး အသစ်တဖန်ပြန်လည်သင့်မြတ်မှုကို ရရှိခဲ့တယ်။ အပြစ်တရားမှ ဖြောင့်မတ်ခြင်းတရား၊ ပြိုပျက်ခြင်းမှပြန်လည်တည်ဆောက်ပေးတဲ့တရား၊ ဝေးသွားရာမှ ပြန်လည်စုစည်းပေးတဲ့တရားအနှစ်သာရကို ပြန်လည်ရစေပါတယ်။ ထာဝရဘုရားရဲ့ဘက်ကအဲဒီလိုအားသာချက်ရှိပေမဲ့ လူသားဘက်ကအားနည်းချက်နဲ့ စခန်းဆက်ထားတာတွေ့ရတယ်။

၂ကော ၅း၁၈မှာ ဓမ္မသစ်တရားရဲ့ အနှစ်သာရကိုတွေ့ရပြန်တယ်။ ထာဝရဘုရားသည် ခရစ်တော်အားဖြင့် ငါတို့အားပြန်လည်၍ မိတ်သဟာယဖွဲ့စေတယ်လို့ဆိုထားပါတယ်။ ဖေက် ၂း၁၁မှ၂၂ထိကြည့်ပြန်ရင်လဲ ကျွန်ုပ်တို့ရဲ့ယုံကြည်ခြင်းအမှုအားဖြင့်၎င်း၊ ရွေးနုတ်ခြင်းအမှုအားဖြင့်သော်၎င်း သီးသန့်ထားခြင်းခံရတဲ့အဖြစ်အနေနဲ့ ဂတိတော်မြတ်ကိုခံစားရမဲ့အကြောင်းဖော်ပြထားတယ်။

ဓမ္မသစ်ရဲ့ပုံဖော်ချက်အရ လူတွေဟာ ဘုရားနဲ့ဆက်သွယ်တဲ့နေရာမှာ အမှောင်သဘောကို ဆောင်ထားတာတွေ့ရတယ်။ ဘာကြောင့်လဲ လူတွေ

ဟာ အပြစ်သားပေကိုး။ ဒီတော့ အပြစ်သဘောက ခရစ်တော်ကိုလည်း လက်မခံဘူး၊ ယုံလည်းမယုံကြည်ဘူး၊ အဲဒီကနေ ပျောက်ဆုံးသွားခြင်းသဘောကို ရောက်သွားရတယ်။ ဒါကြောင့် ဓမ္မသစ်ကျမ်းမှာ ထပ်တလဲလဲပြောနေတာက လူဘက်ကပြန်လည်ပြီးတော့ဘုရားနဲ့သင့်မြတ်ဖို့လိုတယ်ဆိုတဲ့အကြောင်းဘဲ။

ရောမ ၅း၁၀မှာ သားတော်ရဲ့အသေခံခြင်းကြောင့် ဘုရားနဲ့ပြန်လည်မိတ်သဟာယဖွဲ့ခွင့်ကိုရတယ်။ အဲ့ဒီရခွင့်ကြောင့် ဘုရား၌လည်းကျွန်တော်တို့ ပြန်လည်ရွှင်လန်းရကြတယ်လို့ဆိုထားပါတယ်။ အဲဒီကျမ်းချက်မှာ ရန်ဘက်ရယ်၊ ရန်သူရယ်လို့သုံးထားတာ အပြစ်တရားရဲ့အဓိပ္ပာယ်ကို ထင်ထင်ရှားရှားတွေ့ရခြင်းဘဲ။ အပြစ်တရားသည် ဘုရားနဲ့လူစပ်ကြားမှာ ရန်သူအပြစ်နဲ့ပို့ဆောင်ပေးလိုက်တဲ့သဘောပဲ။ ဘုရားဘက်ကတော့ အပြစ်တရားရဲ့အရာကို သေစေပြီးတော့ လူကိုပြန်လည်ပြီးဖြောင့်မတ်ခြင်းတရားဘက်ရောက်အောင် ကြိုးစားပို့ဆောင်ပေးနေတာတွေ့ရတယ်။ အသစ်သောဘုရားနဲ့လူ ပြန်လည်ဆက်သွယ်ခြင်း အဓိပ္ပါယ်ပေါ့။ ရောမ ၁၁း၂၈မှာ ရန်သူတော်များမှန်သော်လည်း မြတ်နိုးတော်မူသူများအပြစ်သို့ ရောက်ကြလိမ့်မယ်လို့ပြောထားပါတယ်။ သက်သာလောနိတ်ဩဝါဒစာ ၁း၁၀မှာ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ဟာ အမျက်တော်မှကယ်နုတ်ထားတော်မူကြောင်းဖော်ပြထားတယ်။ ဒီတော့ ပျက်ပြားသွားတဲ့ ဘုရားနဲ့လူရဲ့ဆက်သွယ်မှုကို ပြန်လည်အသစ်တဖန်ဆောက်တည်ရယူဖို့ အရေးကြီးတယ်။ ဘုရားနဲ့ဝေးနေသမျှကတော့ ရုပ်ခန္ဓာနဲ့ဇာတိသဘောကို ဦးစားပေးမှာကသေချာတယ်။ (ဧဖက် ၂း၃)

ဧဖက် ၂း၁၂မှာ အရင်ကဘုရားတရားကင်းမဲ့ခဲ့ရတဲ့အခြေအနေ၊ ဘုရားနဲ့ကင်းရင် ဘယ်ဘဝဘယ်အခြေအနေကို ရောက်နေလဲဆိုတာ ရှင်းပြထားတယ်။ (ကောလောသဲ ၁း၂၁)

ပြန်လည်သင့်မြတ်မှုကိုရလာတဲ့ အကျိုးတရားတွေကိုကြည့်ရင် .....

ပထမ ဖြောင့်မတ်ခြင်းအရာကိုရတယ်။ ဘုရားရဲ့ရန်သူအနေနဲ့လည်း မဟုတ်တော့ဘူး။ သူစိမ်းတစ်ယောက်သဘောလဲမဟုတ်တော့ဘူး။ ငြိမ်သက်ခြင်းတရားကိုလည်း ခံစားလာရမယ်။ ငြိမ်သက်ခြင်းဆိုတာ အတွင်းသဘောရဲ့ငြိမ်သက်ခြင်း၊ စိတ်ရဲ့ငြိမ်သက်ခြင်းကိုရလာမယ်။

ဒုတိယ ကျမ်းစကားလုံးနဲ့ပြောရင်တော့ ဘုရားရဲ့အမျက်တော်ကနေ လွတ်မြောက်လာသူတစ်ဦးဖြစ်လာမယ်။ အပြစ်တရားကနေလွတ်မြောက်လာသူဖြစ်လာမယ်။ (ရောမ ၅း၉)

ရှင်ပြန်ထမြောက်ခြင်းတရားနဲ့ တန်ခိုးနဲ့ပြည့်ဝတဲ့ကောင်းချီးကိုရမယ် (ရောမ ၅း၁၀)။ တရားစီရင်ခြင်းအမှုကနေ လွတ်မြောက်လာမယ်။ နောက်ပြီး အပြစ်တရားတည်းဟူသော ကျွန်တရားကလွတ်မြောက်ပြီး ဘုရားရဲ့သားသမီးအမွေကို ခံစားလာရမဲ့သူတစ်ယောက်ဖြစ်လာမယ်။

ကျွန်တော်ကတော့ ခရစ်ယာန်ညီအစ်ကိုမောင်နှမများကို တိုက်တွန်းချင်တာကတော့ ပြန်လည်သင့်မြတ်ခြင်းကို အခွင့်အရေးတစ်ရပ်အနေနဲ့ ခံယူကြစမ်းပါ။ အရသာတွေ့ရပါလိမ့်မယ်။ ပြန်လည်သင့်မြတ်မှုကိုခံယူခြင်းအားဖြင့် လူတစ်ဦးမှာရှိသင့်ရှိအပ်တဲ့ ကျင့်ဝတ်သိက္ခာနဲ့ဝိညာဉ်အသက်တာဟာ ပြန်လည်ပြည့်ဝလာလိမ့်မယ်။ ကောလောသဲ ၁း၂၂-၂၃မှာ ကျွန်တော်တို့ကို မြင့်တင်ပေးလိုက်တဲ့အသက်တာကို တွေ့ရတယ်။ သမ္မာကျမ်းစာလေ့လာခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ ခရစ်ယာန်အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းများဟာလဲ အများကြီးအထောက်အကူပြုပါတယ်။

ရှင်ပေါလုက ၂ကော ၅း၁၈-၂၀မှာ သင်တို့သည် ဘုရားသခင်အားဖြင့် မိတ်သဟာယဖွဲ့ခြင်းအမှုကို အရယူပြီးခရစ်တော်ရဲ့ သံတမန်များအနေနဲ့အမှုထမ်းဖို့တိုက်တွန်းထားပါကြောင်း။






လွန်ခဲ့သည့် အနှစ် ၂၀၀၀အချိန်က ကမ္ဘာမြေပေါ်သို့ လူသားတစ်ဦးဖြတ်လျှောက်သွားခဲ့ဘူးပါ၏။ သူသည်... လူ့သမိုင်းတစ်ခုလုံးကို အပြောင်းလဲကြီး ပြောင်းလဲစေမည့်လူသားတစ်ဦးဖြစ်သည်။ အချို့အချို့သော သမိုင်းဆရာတို့ကမူ ထိုသူသည် သမိုင်းကိုပြောင်းပြန်လှန်ပေးခဲ့သည်ဟုပင် ဆိုကြသည်။

မှန်ပေသည်... ဒဲ့တိုးနိုင်သဖြင့် နားဝမှာ ချိုသာခြင်းမရှိသော်လည်း အနှစ်သာရအရ အပြစ်မှောင်မိုက်လောကအတွက် အလင်းကိုချက်ခြင်းဖြစ်စေသောကြောင့် သမိုင်းကိုပြောင်းပြန်လှန်၍ ပေးသည်ဟု ဆိုနိုင်ပေသည်။

ဤယနေ့ ဤအချိန်အခါတွင် ကျွန်တော်တို့ အမှီပြုနေသော ကမ္ဘာသုံးပြက္ခဒိန်ဆိုသည်မှာ ဇကန်စင်စစ် ထို'လူသား'၏မွေးနေ့ကို အစွဲပြုရာမှ စတင်ဖြစ်ပေါ်လာရခြင်းပင်ဖြစ်သည်။ လူ့ကမ္ဘာ၏အချိန်ကာလများတို့ကို 'ဘီစီ'နှင့်'အေဒီ'ဟူ၍ နှစ်ပိုင်းခွဲခြားလိုက်ရာ ထိုအမှတ်သညာနှစ်ခုတို့သည် သူ့အတိတ်နှင့်အနာဂတ်များပင်ဖြစ်သည်။ ထို့ကြောင့် ယခုနှစ်ကို ခရစ်နှစ် ၂၀၀၀ဟုသတ်မှတ်ကြရပါမည်။ အလွန်ထည်ဝါ၍ ခေါ်ဆိုရာ၌ချိုသာသောရသနှင့်ပြည့်ဝသော ခရစ်နှစ် ၂၀၀၀ ပေပင်။

သမိုင်း၌ ဤမျှလောက်အရေးကြီးလှသော ထိုသူဘယ်သူနည်း... သူ့ကိုဘာကြောင့်'ခရစ်'ဟုဆိုပါသနည်း...

သူ့အမည် 'ယေရှု'ဖြစ်၏။ ဘုရားသခင်၏သားတော်... ကယ်တင်ရှင်ဖြစ်တော်မူ၍ ခရစ်တော်ဟုဆိုရခြင်းပေတည်း....

ကျွန်တော်တို့ နောက်ဆုံးပေါ်လူသားများအနေဖြင့် ယခုအချိန်တွင် ကြုံတောင့်ကြုံခဲ သူ၏ခရစ်နှစ် ၂၀၀၀မှသည် ၂၁ရာစုဆီသို့ချဉ်းနင်းဝင်ရောက်ခွင့်ကို ခံစားနေရလေပြီ။ သို့ဖြစ်၍ ကာယကံရှင် ထိုသခင်ခရစ်တော်ယေရှုကို ဂုဏ်ပြုရန်အတွက် အလွန်အရေးကြီးနေသည့် အချိန်များအနက် ဤအချိန်အခါသည် သူကိုယ်တိုင်ရွေးချယ်ပေးသောအချိန်ဖြစ်သည်။ ထိုအချိန်မျိုးနှင့်ကြုံဆုံခိုက်တွင် သူနှင့်

သက်ဆိုင်၍ လူသားတို့ပေးခဲ့ဘူးသော မှတ်ချက်များကို အကျောကျော့ပြန်၍ အမှတ်ရစေအံ့ငှာ ဖော်ပြသင့်သည်ဟုခံယူမိပါသည်။

* * * * *

"သူစေခိုင်းသမျှတို့ကိုပြုကြလော့"
(ယေရှု၏ မိခင်ကြီးမာရိ)

---

ဤသူငယ်ကား ဣသရေလလူအများလဲမည်အကြောင်း၊ အများထမည်အကြောင်း၊ လူအများတို့၏အကြံအစည်ကို ထင်ရှားစေခြင်းငှာ ငြင်းခုံစရာဖြစ်မည်အကြောင်း ခန့်ထားသောသူဖြစ်၏။
(ရှုမောင်)

---

ငါ၏အကျိုးစီးပွားကိုပြုစုသော အရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။ ငါအသက်ရှင်သည်အရာမှာ သူပင်ဖြစ်၏။
(ရှင်ပေါလု)

---

ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ ထိုသားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏။
(ဟေဗြဲသြဝါဒဆရာ)

---

ရှေးဦးစွာကပင်ဖြစ်၍ ငါတို့သည်ကိုယ်တိုင်ကြားလျက် ကိုယ့်မျက်စိနှင့်မြင်လျက် စေ့စေ့ကြည့်ရှု၍ ကိုယ်လက်နှင့်ကိုယ်တိုင်စမ်းသပ်ခဲ့ပြီးသော အသက်ရှင်သောနှုတ်ကပတ်တော်ဖြစ်သည့်သခင့်အကြောင်းကို သက်သေခံနိုင်ပါသည်။
(ရှင်ယောဟန်)

---

အထက်ပါအတိုင်း ကြားနာခဲ့ရသောသခင့်အကြောင်းဖော်ပြချက် အသံတော်များသည် လွန်ခဲ့သောအတိတ်ကာလ အနှစ်၂၀၀၀ခန့်ကအသံများဖြ
ပါသည်။

ယခုခရစ်နှစ် ၂၀၀၀ပြည့် အချိန်တွင်မှ
ကျွန်ုပ်တို့နှင့် ခေတ်ပြိုင်လူသားများထံမှ အောက်ပ
အတိုင်း ဆက်လက်ကြားနာရပြန်လေသည်။

* * * * *

မိတ်ဆွေတို့အထဲမှာ ယုံကြည်ခြင်းတရ
လက်ကိုင်ထားတဲ့အလျှောက် မဆုံးနိုင်တဲ့ကောင်းချီ
မင်္ဂလာကို ခံစားရပြီးသားလူတွေရှိပါလိမ့်မယ်။ တခ
ချို့ကျတော့လည်း ဘုရားသခင်ကိုရှာဖွေနေဆဲလူ
တွေ… တစ်ချို့တစ်ချို့ကျတော့လည်း သံသယသံသ
ရာကနေ ရုန်းမထွက်နိုင်တဲ့လူတွေ… စသည်ဖြင့်
နေမှာပါ။

အားလုံးကိုတိုက်တွန်းလိုတာကတော့…
စိုးရိမ်ကြောင့်ကျမှုအလျင်းမရှိဘဲ ယေရှုကို
ရဲရဲဝံ့ဝံ့လက်ခံလိုက်ကြစမ်းပါ။ သမ္မာတရားဟာ သူ
ဆီမှာဘဲရှိပါတယ်။ ထာဝရအသက်ဆိုတာဟာလည်း
သူသာလျှင်ပေးနိုင်တာပါ။
(ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်)

---

ကျွန်တော်ဘဝမှာတော့ ယေရှုထက်အရေး
ကြီးတာရယ်လို့ ဘာမျှမရှိပါဘူး… ဘုရားသခင်ရဲ့
သားတော်ဖြစ်တဲ့ ဒီသခင်ဟာ အနန္တကာလရှင်သန်
ခြင်းကိုပေးပိုင်သူပါ။ ဒီကနေ့ ကျွန်တော်တို့ပြောနေ
ကြတဲ့ ငြိမ်းချမ်းရေးတို့၊ လူ့အခွင့်အရေးတို့ကို
အတွင်ကျအထိပ်ကနေပြီး ကာလအစဉ်ညွှန်ပြသွားတာ
ဟာလဲ သူဘဲပေါ့။

(အမေရိကန် သမ္မတဟောင်း
ဂျင်မီကာတာ)

---

နဂိုကတည်းက နိမ့်ကျနေတဲ့လူ့ဘုံကို ယေ
ရှုဆင်းသက်ပြီး ခိုလှုံခဲ့တယ်။ ဒီနိမ့်ကျတဲ့ လူ့ဘုံကို
သူဖန်တီးတာမဟုတ်.. လူတွေကသာဖန်တီးတာ..

အဲဒီလူ့ဘုံသားတွေအတွက် အနန္တဘဝကနေ အနဋ္ဌတန်ဖိုးရှိအောင်လို့ သူဟာကိုယ်တော်တိုင်ပြုစုပေးခဲ့ပါတယ်။

(လူမည်းအမျိုးသားခေါင်းဆောင်
ဂျက်စီဂျက်ဆင်)

---

ယေရှုဆိုတာဟာ အစဖြစ်သလို၊ အဆုံးလည်းဖြစ်ပါတယ်။ သူ့အရှေ့နဲ့သူ့အနောက်မှာ အခြား ဘယ်သူမှမတည်နိုင်ပါဘူး။ ထာဝရအသက်ရှင်ခြင်းကို သူပိုင်ဆိုင်ပါတယ်။ သူဟာ ကျွန်တော်တို့ရဲ့မျှော်လင့်ခြင်းဖြစ်ပါတယ်။ သူမပါဘဲနဲ့ ဘာဆိုဘာမျှမအောင်မြင်နိုင်ပါဘူး။

(နိုင်ဂျီးရီးယားမှ
ဗိုလ်ချုပ်ကြီးအိုဘာဆန်ဂျို)

---

ကျွန်မတို့အတွက် အသက်တော်ကိုစွန့်လှူခဲ့တဲ့ ယေရှုကိုကျေးဇူးတင်ပါတယ်။ သူတစ်ပါးကို ဆက်ဆံကြရာမှာ ကိုယ်၌တစ်ပါးသူပြုမူစေချင်သလိုဆက်ဆံဖို့၊ လူအချင်းချင်းမေတ္တာဝေမျှကြဖို့၊ ငြိမ်သက်ခြင်းနဲ့အသက်ရှင်နေထိုင်ဖို့ စီရင်ဆုံးမပေးခဲ့သူ သူ့ကျေးဇူးတော်ဟာ အလွန်ကြီးမြတ်လှပါတယ်။ သူ့ကိုဘယ်တော့မှ မမေ့နိုင်ပါဘူးရှင်။

(အမေရိကန်သမ္မတဟောင်းကတော်
မစ္စစ်ဘုရှ်)

---

ကျွန်တော်တို့အိန္ဒိယနိုင်ငံနဲ့တကွ ကြကာသလောကလူသားတွေအားလုံးအဖို့ အထူးအရေးကြီးလိုအပ်နေတဲ့ ယေရှုရဲ့ဆုံးမသြဝါဒကတော့ ကရုဏာတရားနဲ့ မေတ္တာတရားလက်ကိုင်ထားကြဖို့ဘဲဖြစ်ပါတယ်။

တကယ်တမ်း ဆန်းစစ်လိုက်မယ်ဆိုရင်တော့ ယေရှုဟာခရစ်ယာန်တွေအတွက်သာ လိုအပ်တာမဟုတ်… ကမ္ဘာတစ်ခုလုံးအတွက်လိုအပ်သူ… လူမျိုးတိုင်းအတွက် လိုအပ်သူ… လူသားတိုင်းအတွက်လိုအပ်သူပါ။

သူ့ရဲ့အဆုံးအမတွေဟာလဲ ကမ္ဘာမြေအနှံ့မှာ သက်ဝင်လှုပ်ရှားနေပါတယ်။

သူ့ရဲ့အမှောင်မှအလင်းသို့ ဆောင်ကြဉ်းပေးခဲ့သော တော်လှန်ရေးဟာ အခုအထိအသက်ဝင်လို့နေဆဲပါ

* * * * *

မိတ်ဆွေ

ဤရာစုသစ်သို့ ကျေးဇူးတော်ကြောင့် ဝင်ရောက်လာခဲ့ရပြီဖြစ်တဲ့ သင့်ကိုမှတ်ချက်တစ်ခုခုပေးပါလို့ဆိုရင်…

ကယ်တင်ရှင်သခင်ယေရှုနဲ့ ပတ်သက်ပြီးသင်ဘယ်လိုမှတ်ချက်မျိုးပေးချင်ပါသလဲ…

**ထွန်းမြတ်အေး**

---

"အဲဒါ လက်သမားရဲ့သားမဟုတ်လား။ အဲဒါဟာ မာရိရဲ့သား လက်သမားမဟုတ်လား"

မင်းက ဘုရားသခင်ရဲ့အလိုတော်ကို လုပ်ဆောင်ရန် တကယ်လက်တွေ့ဆုံးဖြတ်လိုက်တဲ့အခါ၊ ကိုယ်တော်ရဲ့လက်သုံးတော်ကိရိယာ (အသုံးတော်ခံ) ဖြစ်လာတဲ့အခါ၊ မင်းကိုလည်းပဲ ဘေးလူတွေကနည်းနည်းအံ့သြပြီး၊ ပျက်ချော်ချော် အဲလိုပဲ ပြောကြလိမ့်မယ်။

"ဒီကောင်ဟာ ဟိုဒင်း…. မဟုတ်လား……… "လို့။

ဘာမှပြန်ပြောမနေနဲ့။ မင့်လက်ရာတွေက မင်းရဲ့သာသနာဝန်ထုပ်ကြီး (အမှုတော်ဆောင်ခြင်း) ကို အခိုင်အမာဖော်ထုတ်ပြပါစေ။ (အပိုဒ်– ၄၉၁)

**(The Way- Mgr. Josemaria Escriva)**

# အကယ်၍သာ



ဘုန်းတော်ကြီးရယ်ဂျီနယ်ဘဲနက်

ယနေ့ ခရစ်ယာန်အသင်းတော်များအသီးသီးသည် အနာဂတ်အသင်းတော်နှင့် ကမ္ဘာလောကကြီး၏ ကောင်းကျိုးအားရှေ့ရှု၍ကောင်းမြတ်သည့် မျိုးဆက်သစ်အမှုတော်ဆောင်များနှင့် နောက်လိုက်ကောင်းများမွေးထုတ်ရန် Sunday School ကဲ့သို့သော အခြေခံကျောင်းများမှစ၍ အဆင့်မြင့်ဓမ္မတက္ကသိုလ်ကြီးများအထိ ဖွင့်လှစ်ပညာပေးပျိုးထောင်နေကြောင်း မြင်တွေ့နိုင်ပါသည်။ အိမ်ထောင်မိသားစုပြီးလျှင် အသင်းတော်တွင်းရှိ Sunday Schoolများနှင့် ဓမ္မတက္ကသိုလ်ကြီးများသည် ခရစ်ယာန်ခေါင်းဆောင်များ မွေးထုတ်ပေးရန် အရေးပါသည့်နေရာများပင်ဖြစ်ပါသည်။ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်ပေါ် အခြေခံ၍ သင်ကြားခြင်းနည်းစနစ်များ၊ အဆင့်မြင့်ဓမ္မအတွေးအခေါ်များအား တာဝန်ရှိသူများမှ အံဝင်ခွင်ကျအသုံးပြုနေသည်ကိုလည်း တွေ့နိုင်ပါသည်။ ထိုနည်းစနစ်များနှင့် ဓမ္မအတွေးအခေါ်များသည် အဆင့်မြင့်သောခေါင်းဆောင်များနှင့် နောက်လိုက်ကောင်းများ ပေါ်ထွက်လာရန်လည်း အရေးကြီးသည့်အခြေခံများဖြစ်သည်မှာ မှန်သော်လည်း Sunday School များမှစ၍ ဓမ္မတက္ကသိုလ်ကြီးများအတွင်းရှိ ခရစ်ယာန် ညီအစ်ကိုမောင်နှမများအတွင်း ချစ်ခြင်းမေတ္တာပွားများရန်၊ တစ်ဦးနှင့်တစ်ဦး နွေးထွေးစွာအသိအမှတ်ပြု၍ လေးစားကြည်ညိုခြင်းများရှိလာရန်တို့သည်လည်း အနာဂတ်ခေါင်းဆောင်ကောင်းများအတွက် အခြေခံကျသည့် အ ကြောင်းတရားများဖြစ်ကြောင်း မမေ့ထားသင့်ပေ။

အဆင့်မြင့်ဓမ္မအတွေးအခေါ်များနှင့် ခေတ်မှီတိုးတက်သည့် နည်းစနစ်များသည် မျိုးဆက်သစ်ခေါင်းဆောင်များနှင့် ခရစ်ယာန်ကောင်းများမွေးထုတ်ခြင်း၌ အရေးပါသကဲ့သို့၊ ထိုနည်းစနစ်များနှင့် အတွေး အခေါ်များအားအသုံးပြု၍ သင်ကြားပေးမည့် တာဝန်ရှိသူ ဆရာ/မများ၏အပြုအမူနှင့် အပြောအဆိုများသည်လည်း များစွာအရေးကြီးကြောင်းသတိပြုရပေမည်။ ထိုတာဝန်ရှိသူ ဆရာ/မများ၏ အပြုအမူအပြောအဆိုအားဖြင့် သခင်ခရစ်တော်၏မေတ္တာတော်အား လက်တွေ့ဝေမျှခြင်းသည် အနာဂတ်မျိုးဆက်များ ဘုရားတရားနှင့်ပို၍ နီးကပ်စွာအသက်ရှင်ကြီးထွားရန်နှင့် ယဉ်ကျေးသိမ်မွေ့လာရန် များစွာ အထောက်အကူပြုနိုင်ပေသည်။

ထိုသို့ တာဝန်ယူ၍ခေါင်းဆောင် (သို့) ဆရာ/မတစ်ဦးအဖြစ် ဆက်ကပ်ထားသူများ၏လက်တွေ့ဆန်သည့် မေတ္တာဂရုဏာပြမှုသည် အနာဂတ်အသင်းတော်နှင့် ကမ္ဘာလောကကြီးအား မည်မျှအကျိုးပြုနိုင်ကြောင်းနှင့် သတိလက်လွတ်မှုတစ်ခုကြောင့်လည်း အန္တရာယ်များစွာကျရောက်နိုင်ကြောင်း အောက်ပါဖြစ်ရပ်မှ သက်သေခံထားပါသည်။

Joseph Goebbels ဟုသည့် ပိုလီယိုရောဂါရှင်လေးတစ်ဦးရှိရာ သူ၏မိဘများသည် သူ့အား အလေးဂရုမပြုခဲ့ကြပေ။ တစ်စုံတစ်ယောက်သော သူ၏အကူအညီဖြင့် Joseph လေးသည် Sunday School သို့ အပတ်စဉ်ရောက်ရှိလာခဲ့သော်လည်း ဆရာ/မများမှာ ဂရုမစိုက်ခဲ့ကြပေ။ ထိုအသင်းတော် ဘုရားကျောင်းရှိ လူငယ်မောင်မယ်များမှလည်း မသန်မစွမ်းတစ်ဦးဟုသဘောထားပြီး အရေးတယူမပြုခဲ့ပေ။ ထို့ကြောင့် Josephလေးသည် အပယ်ခံတစ်ဦးအဖြစ် ခံစားလာခဲ့ရပြီး Sunday Schoolမှနှုတ်ထွက်သွားတော့သည်။ ယင်းသို့နှုတ်ထွက်သွားခြင်းအား ဆရာ/မများမှာ ဂရုမစိုက်ပဲ မေ့ပစ်ထားလိုက်သည်။ Josephလေးမှာမူ Sunday Schoolမှခံစားခဲ့ရသည့် အပစ်ပယ်ခံအတွေ့အကြုံများအား မေ့ပစ်ရန်မိမိ၏ ဘဝအသက်တာအား စာပေလေ့လာလိုက်စားခြင်း၌ နှစ်မြုပ်ထားခဲ့ရာ တစ်နေ့သောအချိန်၌ Heidelberg University မှ Ph.D ဘွဲ့အား ဆွတ်ခူးရရှိခဲ့သည်။ ယင်းသို့ဘွဲ့ရပြီးသည့်အချိန်ထိပင် မိမိသည် အစွန့်ပယ်ခံရသူ၊ မေတ္တာတရား ငတ်မွတ်နေသူတစ်ဦး အဖြစ် ခံစားနေခဲ့ရသည်။

တစ်နေ့တွင်မူ လူတစ်ဦးသည် ၈၏ပုခုံးအား ပွေ့ဖက်ပြီး "Joseph, ငါမင်းကို အရမ်းအထင်ကြီးတယ်၊ မင်းနဲ့ငါပူးပေါင်းပြီး ကြီးကျယ်တာတွေလုပ်နိုင်မယ်လို့ ငါယုံကြည်တယ်" ဟုပြောဆိုနှုတ်ဆက်လိုက်သည်။ ထိုသို့သော ဂရုစိုက်မှုနှင့်အားပေးမှုသည် Joseph၏နှလုံးသားအား နွေးထွေးစေခဲ့သည့်အတွက် Josephသည် ထိုပုဂ္ဂိုလ်နှင့်ပူးပေါင်း၍ တူညီသောပန်းတိုင်တစ်ခုဆီသို့ လျှောက်လှမ်းရန် ဆုံးဖြတ်ချက်ချခဲ့ပေသည်။

Josephပူးပေါင်းလိုက်သော ထိုပုဂ္ဂိုလ်သည် မည်သူဖြစ်မည်ဟု သင်ထင်မိပါသနည်း?

ထိုသူကား အခြားသောသူမဟုတ်ပါ။ ကမ္ဘာပေါ်၌ လူသန်းပေါင်းများစွာအား သတ်ဖြတ်ညှင်းပန်းပြီးဒုက္ခပေးခဲ့သည့် Adolf Hitlerဆိုသည့် ကမ္ဘာကျော်နာဇီဂိုဏ်းခေါင်းဆောင်ကြီးပင် ဖြစ်ပါသည်။ Josephအား Hitler ပေးခဲ့သည့် ရာထူးမှာ "နာဇီဝါဒဖြန့်ချီရေးဦးစီးချုပ်"ပင်ဖြစ်သည်။

သင်မည်သို့ထင်မြင်ပါသနည်း?

- အကယ်၍သာ မည်သူမှမလိုချင်သည့် ထို Joseph လေးအား Sunday School မှဆရာ/မများမှ ဂရုစိုက်၍သတိပြုခဲ့မည်ဆိုလျှင်...... ?
- အကယ်၍သာ တစ်ဦးတည်းအထီးကျန်၍ မသန်မစွမ်းဖြစ်နေသည့် Josephအား ဆရာ/မတစ်ဦးဦး၏ ခေါင်းဆောင်မှုဖြင့် အသင်းတော်အတွင်းရှိ မိတ်ဆွေအချင်းချင်းမှနွေးထွေးစွာ ထောက်ထားညှာတာခဲ့ကြမည်ဆိုလျှင်...... ?
- အကယ်၍သာ Josephအား နာဇီ(Nazis)များအတွက်မဟုတ်ပဲ သခင်ယေရှု၏ ကယ်တင်ခြင်းသတင်းနှင့် မေတ္တာတော်အကြောင်းဝါဒဖြန့်နိုင်ရန် အားပေးခဲ့ကြမည်ဆိုလျှင်...... ?
- "အကယ်၍သာ"ပေါင်းများစွာအား နောင်တရလျက်အဖြေပေးရမည်ဆိုလျှင်?

ယနေ့ခေါင်းဆောင်နေရာ၊ ဆရာ/မနေရာ၌နေပြီး မျိုးဆက်သစ်များအား ပြုစုပျိုးထောင်ပေးနေသူများ၏ အမှုတော်ထမ်းဆောင်ခြင်းသည် မိမိတို့မျှော်လင့်ထားသည်ထက်ပင် ပို၍အရေးကြီးကြောင်း သတိပြုရပေမည်။ Joseph ကဲ့သို့သောသူ မည်မျှအား ကျွန်ုပ်တို့ လစ်လျူရှုခဲ့မိပြီဖြစ်ကြောင်း ပြန်လည်ဆန်းစစ်ပြီး အဖိုးတန်သည့် မျိုးဆက်သစ်များအား မေတ္တာဖြင့် ဖေးမမွေးထုတ်ပေးသွားနိုင်ရန် ကြိုးစားကြပါစို့။

*"ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ ကျင့်ဆောင်မည့်အကြောင်း သတိပြုကြလော့"(ဧဖက်၅း၁၅)။*

**ဘုန်းတော်ကြီးရယ်ဂျီနယ်ဘဲနက်**


ကျမ်းကိုးစာရင်း

1. Dr. William P. Barker, (ed), Tarbell's Teacher's Guide; "to the International Sunday School lessons Includes the RSV and KJV": 88th Annual Volume, September 1992-August 1993, Elgi, Illinois: David C. cook Publishing co. 1992.
2. The World Book Encyclopedia, Chicago, London, Sydney, Toronto: World Book Inc. a scott company, 1983.




# ဘာကြောင့် ပြန်လည်သင့်မြတ်နိုင်ရမှာလဲ

**ချစ်ဦးညို**

၁

မေတ္တာတရား၊ ကိုယ်ချင်းစာတရားထုံလွှမ်းပြီး ငြိမ်းချမ်းသာယာဝပြောရေးကို တစ်ခဲနက်အလိုရှိနေကြတဲ့ ဒီနေ့ကမ္ဘာကြီးဟာ သူလိုချင်တဲ့ငြိမ်းချမ်းရေးကို နည်းလမ်းပေါင်းစုံနဲ့ရှာကြံဖြည့်ဆည်းနေပါတယ်။

တိုးတက်မှုဆိုတာဟာ ငြိမ်းချမ်းမှုပေါ်မှာ တည်ဆောက်မှသာ အကောင်အထည်ပေါ်နိုင်မှာဖြစ်ပါတယ်။ ရှုပ်ထွေးနောက်ကျိနေတဲ့ရေပြင်မှာ ကြည်လင်တဲ့အရိပ်မပေါ်နိုင်ပါ။ မုန်တိုင်းလှိုင်းလေထန်တဲ့ ပင်လယ်ပြင်ထက်မှာ လှေသင်္ဘောဟာလိုရာခရီးမရောက်နိုင်ပါ။ ဒါကြောင့် ငြိမ်းချမ်းရေးဟာ မုလလိုအပ်ချက်ဖြစ်တယ်ဆိုတာ ကမ္ဘာသူကမ္ဘာသားတို့သဘောပေါက်နေကြပြီးဖြစ်ပါတယ်။ ဒါပေမယ့်......

ငြိမ်းချမ်းမှုကိုအလိုရှိကြတဲ့ အားလျော်
ငြိမ်းချမ်းမှုကိုရှာဖွေနေကြဆဲမှာပင် ပဋိပက္ခတွေ၊
စောင်မှုတွေ၊ ရန်လိုမှုတွေကမရပ်မနားဖြစ်ပေါ်နေ
တော့တယ်။ ငြိမ်းချမ်းမှုကိုအလိုရှိပါတယ်လို့
ကတဖွဖွကြွေးကြော်နေရင်းမှာပဲ ငြိမ်းချမ်းမှုနဲ့
ကျင်ဘက်အပြုအမူတွေကို လက်တွေ့လုပ်ဆောင်
မိကြပါတယ်။ ဒီအခါမှာ အရိပ်ကိုလိုက်ဖမ်းနေသ
ငြိမ်းချမ်းမှုဆိုတာဟာလဲ လိုက်လေဝေးလေဖြစ်နေ
တော့တယ်။

ကမ္ဘာကြီးဟာ ကျောက်ခေတ်၊ ကြေးခေ
သံခေတ်ကနေပြီး စက်မှုခေတ်၊ သိပ္ပံခေတ်၊
လီးယားခေတ်၊ နည်းပညာခေတ်အထိ ရုပ်ပိုင်း
အရ တိုးတက်ပြောင်းလဲလာခဲ့ပြီလို့ဆိုပါတယ်။
ပေမယ့်.... လူသားတွေရဲ့မတော်လောဘ၊ ဒေါ

မောဟ၊ ဣဿာ(မနာလိုခြင်း၊ ငြူစူခြင်း)၊ မစ္ဆရိယ (ဝန်တိုခြင်း)ဆိုတဲ့အရာတွေကတော့ ရှေးခေတ်ဦးကနေ မျက်မှောက်ခေတ်အထိ မပြောင်းမလဲ ဆက်လက် ပါရှိလာခဲ့ပါတယ်။

လေး၊ မြှား၊ ဓားလှံလက်နက်တွေနဲ့ တစ်ဦးကိုတစ်ဦးပစ်ခတ်ထိုးနက်တုန်းကလဲ ..... ဒီလောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယတွေနဲ့။

သေနတ်၊ စိန်ပြောင်း၊ အမြောက်များနဲ့ တစ်ဦးကိုတစ်ဦးပစ်ခတ်တော့လဲ ..... ဒီလောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယတွေနဲ့။

တိုက်လေယာဉ်၊ ဒုံးခွင်းဒုံး၊ နူးကလီးယားလက်နက်၊ အဆိပ်ဓာတ်ငွေ့၊ ဓာတုလက်နက်တွေနဲ့ တစ်ဦးကိုတစ်ဦးပစ်ခတ်တော့လဲ ..... ဒီလောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယတွေနဲ့...

လက်နက်ကရိယာတွေသာ ဆန်းပြားကျယ်ပြန့် ပိုမိုအစွမ်းထက်လာတယ်။ အခြေခံဖြစ်တဲ့ စိတ်ဓာတ်များကတော့ ဒီအတိုင်း၊ ဒီအတိုင်းလိုက်ပါလို့ဆော်မြဲဖြစ်နေတော့တယ်။

၂

ဒါပေမဲ့ ..... ကမ္ဘာကြီးရဲ့လူသားတွေထဲမှာ စိတ်ကောင်းရှိသူတွေ ပညာဉာဏ်အမြော်အမြင်ကြီးသူတွေလဲ အများအပြားရှိနေကြတာမို့ ဒီလိုပဋိပက္ခတွေမြုံလွှမ်းနေတဲ့ ကမ္ဘာကြီးကိုမကြည့်ရက်၊ မရှုရက်ဖြစ်လာကြပါတယ်။ ဒါကြောင့် ..... ပဋိပက္ခတွေချုပ်ငြိမ်းအောင် ရန်မီးရန်စတွေမပွားအောင် လုပ်ဆောင်ကြဖို့ 'မဲတင်း'လာခဲ့ကြပါတယ်။ နည်းလမ်းအမျိုးမျိုးနဲ့ကမ္ဘာကြီးမှာတောက်လောင်နေတဲ့ မီးလျှံများကို ငြိမ်းသတ်ဖို့အားထုတ်ခဲ့ကြတယ်။

အောင်မြင်တာလဲရှိရဲ့။ မအောင်မြင်တာလဲရှိရဲ့၊ အောင်မြင်ပြီးမှ ပျက်စီးသွားတာလဲရှိရဲ့။လက်လွှတ်ရတော့မလိုလိုနဲ့ အထမြောက်သွားတာလဲရှိရဲ့.....။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ယဉ်ကျေးမှုရေးအရ၊ သံတမန်ရေးအရ နည်းမျိုးစုံနဲ့ကြိုးပမ်းကြတဲ့အခါ အားရစရာအခြေအနေတွေရှိသလို လုံးဝအားမရစရာအခြေအနေတွေလဲဖြစ်ပေါ်နေကြပါတယ်။

ပဋိပက္ခရန်စမီးကို ငြိမ်းသတ်ဖို့ကြိုးစားကြရာမှာ အချို့ကကာယကံရှင်နှစ်ဦးချင်း ဆွေးနွေးညှိနှိုင်းကြတယ်။ အချို့ကပြင်ပ(ကာယကံရှင်နှစ်ဦးမှအပဖြစ်တဲ့တတိယပုဂ္ဂိုလ်၊ အစု၊ အဖွဲ့)က ကြားဝင်စေ့စပ်ဖြန်ဖြေပေးတဲ့နည်းလမ်းကို သုံးကြတယ်။ ဒီမှာလဲ အောင်မြင်တာရှိသလို၊ မအောင်မြင်တာတွေလဲရှိလာပါတယ်။

ဒီလိုနဲ့ပဲ လုံးလည်လိုက်နေတဲ့ ကမ္ဘာကြီးမှာ နည်းလမ်းအသစ်တွေရှာကြဖွေကြ၊ အကောင်အထည်ဖော်ကြ၊ ကြိုးစားကြနဲ့၊ တကယ်ငြိမ်းချမ်းမှုရဖို့ မသေချာသေးပေမယ့်..... စကားလုံးအသစ်တွေ၊ ဝေါဟာရအသစ်တွေ၊ အသုံးအနှုန်းအသစ်တွေကတော့ အသေအချာကိုပေါ်ပေါက်ခေတ်စားလာခဲ့ကြပါတယ်။ အဲဒီစကားလုံးသစ်တွေထဲမှာ (ယခင်ကရှိပြီးဖြစ်ပေမဲ့) အခုမျက်မှောက်ခေတ်မှာ လတ်လတ်ဆတ်ဆတ်နဲ့ အသုံးဝင်ခေတ်စားနေတဲ့ စကားလုံးတစ်ခုကတော့ ပြန်လည်သင့်မြတ်ရေး (RECONCILIATION) ပဲဖြစ်ပါတယ်။

၃

ပြန်လည်သင့်မြတ်ရေး...။ ဒီစကားလုံးဟာ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ 'ပြန်လည်' ဆိုတာပါတဲ့အတွက် ယခင်ကသင့်မြတ်ခဲ့ကြတယ်။ နောက်မှ မသင့်မမြတ်ဖြစ်ကြတာ။ ဒါကြောင့် ယခင်ကအတိုင်း ပြန်လည်သင့်မြတ်ဖို့လိုတယ်ဆိုတဲ့ အဓိပ္ပါယ်ထွက်ပါတယ်။

တစ်ဆက်တည်းတွေးကြည့်ရင်... မူလကနဦးကတည်းက တစ်ဦးရှိရင်တစ်ဦးနေလို့မရ။ တစ်ရွာတည်းမှာ နှစ်ကောင်မအောင်း... ဆိုတဲ့ သဘောမဟုတ်ဘူး။ မူလက.. သင့်မြတ်ခဲ့ကြပြီးသားပါ။ သင့်မြတ်တယ်ဆိုတာက တစ်ဦးပေါ်တစ်ဦးမနာလိုဝန်တိုမရှိ။ အပြန်အလှန်တန်ဖိုးထား၊ လေးစားချစ်ခင်

နားလည်၊ အပြန်အလှန်ကောင်းကျိုးပြုစေတဲ့ သဘောထားတွေအပြုအမူတွေဘဲဖြစ်ပါတယ်။ အဲဒီလို... သင့်မြတ်ခဲ့ကြပြီးမှ အကြောင်းတစ်စုံတစ်ခုကြောင့် ဆောဆောက သဘောထားတွေအပြုအမူတွေ ပျက်ပြားသွားခဲ့ပြီး ရန်လိုမှု၊ ရန်စောင်မှု၊ အပြန်အလှန်ဖျက်ဆီးလိုမှုဆိုတဲ့ အဆိုးတရားတွေဖြစ်ပေါ်လာတယ်။

ဒီအဆိုးတရားတွေကို ချုပ်ငြိမ်းပြီး၊ မူလအတိုင်း ယခင်အတိုင်းအကောင်းတရားတွေနဲ့ ထုံမွှမ်းအပ်တဲ့အခြေအနေပြန်ရောက်လာဖို့ကြိုးပမ်းခြင်းဟာ ပြန်လည်သင့်မြတ်ရေးပဲဖြစ်ပါတယ်။

တို့များအခုလို မသင့်မမြတ်ဖြစ်နေကြတာဟာ မကောင်းဘူး၊ ပြန်လည်သင့်မြတ်ဖို့လိုတယ်...လို့.... နှစ်ဦးနှစ်ဖက်သဘောပေါက်လက်ခံလာကြတာကတော့ ကောင်းတဲ့ရည်ရွယ်ချက်ပါ။ ဒါပေမဲ့..

ပြန်လည်သင့်မြတ်ဖို့အတွက် နည်းလမ်းရှာဖွေကြတဲ့အခါမှာတော့ မလိုလားအပ်တဲ့အရာတွေ ဖြစ်ပေါ်လာကြပြန်ပါတယ်။ အဲဒါတွေကဘာတွေလဲဆိုတော့... တစ်ဦးအပေါ်တစ်ဦး မယုံကြည်နိုင်ခြင်း၊ စိတ်မချနိုင်ခြင်း၊ နားမလည်နိုင်ခြင်း(နားလည်ဖို့မကြိုးစားခြင်း)၊ သူကငါ့အပေါ်လွှမ်းမိုးအနိုင်ယူသွားမှာလား၊ ငါက သူ့အောက်ဒူးထောက်ရတော့မှာလား၊ သူက အခွင့်အရေးကောင်းတွေ မှန်သမျှကိုယူငင်သွားမှာလား၊ ငါ့ကိုတော့အခြေအနေဆိုးတွေထဲတွန်းပို့ပစ်မှာလား.. စတဲ့ သံသယတွေ၊ ကြောက်စိတ်တွေ၊ အတ္တဗဟိုပြုစိတ်တွေ.. ဖြစ်ပေါ်လာခြင်းပါပဲ။

ဒီအခါမှာ... ပြန်လည်သင့်မြတ်ရေးဆိုတဲ့ မျှဉ်းကြောင်းပေါ်မှာ အတူတကွရပ်တည်ရောက်ရှိနေကြပြီဖြစ်ပေမယ့် တစ်ယောက်က မျဉ်းဖြောင့်ရဲ့ဟိုဘက်ထိပ်၊ တစ်ယောက် ဒီဘက်ထိပ်။ နှစ်ဦးစလုံးကိုယ့်နေရာက ကိုယ်မရွေ့.. ဟိုကလဲ ရှေ့မတိုး၊ နောက်မဆုတ်။ ဒီကလဲ ရှေ့မတိုး၊ နောက်မဆုတ်...။

ပြန်လည်သင့်မြတ်ရေးလို့ ပြောနေရင်းမှာပဲ၊ တစ်စတစ်စဝေးကွာ တင်းမာနေကြပြန်တယ်။ ပြန်လည်သင့်မြတ်ရေးနည်းလမ်းတွေဟာလဲ၊ အကောင်အထည်မပေါ်၊ အရာမရောက်ဖြစ်ရပြန်တယ်။ ဒီလိုဖြစ်ရပ်သာဓကတွေ ကမ္ဘာ့နိုင်ငံအတော်များများမှာ ဖြစ်ပေါ်နေတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။

ပြန်လည်သင့်မြတ်ရေးဟာ ဘာကြောင့် အလှမ်းဝေးကွာပြီး လမ်းစပျောက်မတတ်မှေးမှိန်လွင့်ပြယ်နေ ပါသလဲ...။ ပြန်လည်သင့်မြတ်ဖို့အတွက် ဘယ်အချက်အလက်တွေဟာ အဓိကကျပါသလဲ...! ဒီဆောင်းပါးဟာ ဒီမေးခွန်းများကိုဖြေဆိုဖို့ ကြိုးစားတဲ့ဆောင်းပါးဖြစ်ပါတယ်။ နိုင်ငံရေးသုခမိန်တွေ စစ်ရေးပါရဂူတွေ၊ စီးပွားရေးပညာရှင်တွေနဲ့ ဩဇာတိက္ကမကြီးမိုးသူတွေက ပြန်လည်သင့်မြတ်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်ရှာဖွေစမ်းသပ်နေကြချိန်မှာ ဒီဆောင်းပါးကအနည်းငယ်မျှ အထောက်အကူဖြစ်အောင်ဆိုရင် ဆောင်းပါးရေးသူအနေနဲ့ ဝမ်းမြောက်ရမှာဖြစ်ပါတယ်။






၄

မြန်မာ့ရာဇဝင်မှာ ဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်တစ်ခုကို သာဓကဆောင်ပါရစေ။ မြန်မာသက္ကရာဇ်–၅၃၆ခုနှစ်မှာ ပုဂံထီးနန်းကို နရပတိစည်သူအမည်ရှိတဲ့ မင်းတစ်ပါးသိမ်းပိုက်အုပ်စိုးခဲ့ပါတယ်။ နရပတိစည်သူမင်းဟာနောင်တော်ဖြစ်သူမင်းယဉ်နရသိင်္ခကို အသက်နဲ့တကွဖယ်ရှားပြီးမှ နန်းတက်သူပါ။ သူဘယ်လိုနန်းရခဲ့သလဲဆိုတာကတော့ ပြန်လည်သင့်မြတ်ရေးအကြောင်းအရာကို အဓိကထားတဲ့ဒီဆောင်းပါးနဲ့ မသက်ဆိုင်လို့ချန်လှပ်ခဲ့ပါရစေ။

နရပတိစည်သူဟာ စိတ်မြန်သူ၊ မင်းမာန်ကြီးသူ၊ ရှေ့နောက်ဆင်ခြင်တွေးတောခြင်းမပြုဘဲ၊ အလျင်စလို ဆုံးဖြတ်ချက်ချတတ်သူဖြစ်ပါတယ်။ သူထီးနန်းရဖို့အတွက် တိုက်ရိုက်အားဖြင့်၊ သွယ်ဝိုက်အားဖြင့် အမှုတော်ထမ်းခဲ့ကြတဲ့၊ သူ့ရဲ့မြင်းခံ(မြင်းစေတမန်)ငပြည့်၊ သူ့ရဲ့ကျွန်ယုံ အောင်စွာတို့ကိုပင် စိတ်မြန်ကိုယ်မြန်နဲ့ 'စီရင်'ခဲ့သူလဲဖြစ်ပါတယ်။

မြန်မာစာပေသမိုင်းမှာ 'မျက်ဖြေလင်္ကာ' ဆိုတဲ့ အပိုဒ်လေးပိုဒ်ရှိတဲ့ စာလင်္ကာတစ်ပုဒ်ဟာ အထင်ကရပါ။ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း..." အစချီတဲ့လင်္ကာကို၊ မြန်မာစာပေလိုက်စားသူတိုင်း သိကြပါတယ်။ ဒီလင်္ကာရေးစပ်ခဲ့သူက အနန္တသူရိယအမတ်ပါ။ နရပတိစည်သူမင်းဟာ အနန္တသူရိယအမတ်ကိုလဲ ဘာမှမခိုင်လုံတဲ့အကြောင်းပြချက်နဲ့ 'သတ်စေ'အမိန့်ထုတ်ခဲ့ပါတယ်။ ဘယ်လိုအကြောင်းပြချက်လဲဆိုတော့ နောင်တော်မင်းယဉ်နရသိင်္ခအထိန်းတော် သားဖြစ်ခဲ့လို့ပါတဲ့။

အနန္တသူရိယအမတ်ဟာ ဘုရင့်အမိန့်နဲ့သူ သတ်ကုန်းရောက်ရပြီး အသတ်ခံရခါနီးမှာ၊ ဒီ'သူတည်းတစ်ယောက်'လင်္ကာကိုဆိုခဲ့တာပါ။ လင်္ကာရဲ့အဓိပ္ပါယ်ကတော့–

- သူတစ်ယောက် ကောင်းဖို့ရောက်ရင် သူတစ်ယောက်မှာ ပျက်စီးရတာဟာ ဓမ္မတာပဲဖြစ်တယ်၊
- နန်းတော်ထက် မှူးမတ်ရံရွေစုံညီနဲ့ စံစားပျော်ရွှင်၊ ပျော်ပါးနိုင်တဲ့ မင်းစည်းစိမ်ဟာလဲ၊ သမုဒ္ဒရာမျက်နှာပြင်ထက်မှာ ခဏတာလေးပွက်လိုက်တဲ့ရေပွက်လိုပဲဖြစ်ပါတယ်၊
- ငါ့ကိုမသတ်ပဲ ယခုလွှတ်လဲ၊ တစ်နေ့သေရမှာဖြစ်ပါတယ်။ ဒါဟာ သတ္တဝါတို့ရဲ့ ဓမ္မတာပါဘဲ၊
- အရှင်မင်းမြတ်ကို အကျွန်ခွင့်လွှတ်ပါတယ်၊ သံသရာစက်ဝန်းမှာ ဝိပါတ်ဝဋ်ကြွေးကြောင့် ပြန်လည်တွေ့ကြုံကြရင်လည်း တုံ့ပြန်မယူပါ အပြစ်မဲ့ရေး ခွင့်ပေးပါတယ်။ အနိစ္စတရားသာဖြစ်ပါတယ်။

ဒီလင်္ကာကို သူသတ်အာဏာပါးကွက်သားတွေက နရပတိစည်သူမင်းထံဆက်သတဲ့အခါမှာ ဘုရင်စိတ်ပြေပြီး 'လွှတ်လိုက်ပါ'လို့မိန့်ပါတယ်။ ဒါပေမယ့် ဟိုမှာကလက်လွန်ခဲ့ပါပြီ။ အနန္တသူရိယကို ကွပ်မျက်ခဲ့ပြီးပြီ။

နရပတိစည်သူဟာ ဒီမျက်ဖြေလင်္ကာကိုကြားနာရပြီးနောက်မှာ နောင်တကြီးစွာရခဲ့ပါတယ်။ နောင်ဆိုရင် ငါကသတ်ဆိုတိုင်းချက်ချင်းမသတ်နဲ့ဦး၊ တစ်လလေးသီတင်းကြာအောင်ထားပြီး စစ်ဆေးဦး.. လို့ဆိုပါသတဲ့။ အဲဒါဟာ နရပတိစည်သူရဲ့ စိတ်ဓာတ်စရိုက်သဘာဝပါပဲ။ တကယ်နောင်တသံဝေဂသာရခဲ့ရင် "နောင်ကို ငါကိုယ်တိုင်.. အသေအချာ မေးမြန်းစိစစ်ရမယ်၊ အလျင်စလိုသတ်စေအမိန့်မချတော့ဘူး၊ ငါဆင်ခြင်မှုဖြစ်မှာပါလား...." လို့ မဆိုပါဘူး။ သူက သတ်စေအမိန့်တော့ ပေးမိဦးမှာဘဲ၊ မှူးမတ်များက ပြန်စစ်ဆေးကြလို့သာ သူဆိုပါတယ်။ ဒါဆိုရင် နရပတိစည်သူမင်းရဲ့ စရိုက်သဘာဝကို သိသာလောက်ပါပြီ။

အဲဒီနရပတိစည်သူမင်းဟာ တစ်ချိန်မှာတော့ အင်မတန်သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်ဝတဲ့ ရဟန်းတော်ကြီးတစ်ပါးနဲ့ မချေမငံဖြစ်ပြန်ပါတယ်။

## ၅

မထေရ်(ရဟန်းတော်ကြီး)ရဲ့ဘွဲ့က ပုံသုကူထေရ်လို့ခေါ်ပါတယ်။ နရပတိစည်သူမင်းက အနန္တသူရိယအမတ်ကို စီရင်မိခဲ့ပြီးနောက်မှာတော့ အတော်အတန် အသိတရားရသွားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ နောင်တော်ကိုလုပ်ကြံပြီးမှ နန်းတက်ခဲ့တာဖြစ်လို့ ကိုယ့်အလှည့်မှာလဲ အတွင်းကိုယ်ရံ၊ အပြင်ကိုယ်ရံများ၊ အစောင့်များထားခဲ့ပါတယ်။ ကန်တော့ပလ္လင်၊ ငါးမျက်နှာ- ဓမ္မရာဇိကဘုရားတွေ တည်ခဲ့ပါတယ်။ ဒါပေမယ့် ပုံသုကူမဟာထေရ်အရှင်မြတ်ကြီးနဲ့မှ ပြဿနာထပ်ဖြစ်ရပြန်ပါတယ်။

ဖြစ်ရပုံက ဒီလိုပါ။တစ်ခါမှာတူရွှင်းတောင်ပေါ်တက်ပြီးအကြည့်မှာ ချောက်ကြီးတစ်ခုဆီက ပတ္တမြားရောင်တွေတောက်နေတာကို တွေ့ရလို့၊ ဒီချောက်ကြီးနေရာမှာ ဇူဋာမဏိစေတီဘုရားတစ်ဆူတည်ကောင်းမှုပြုဖို့ အလိုရှိပေတာလဲလို့ဆုံးဖြတ်ပြီး။ ဒီချောက်ကို ဖို့ခိုင်းပါတယ်။ အလွန်ကြီးမားတဲ့ချောက်ကြီးကို ဖို့ရတာမို့ ပြည်သူပြည်သားများ အလွန်ဆင်းရဲဒုက္ခရောက်ကြပါတယ်။ ဒါကိုမြင်တဲ့ မဟာထေရ်ကြီးက-

"မင်းကြီး... ကောင်းမှုဖြစ်ဖို့ လုပ်တာမှန်သော်လဲ... အခုတော့ မကောင်းမှုဖြစ်နေပြီ" လို့ သတိပေးပါတယ်။

အမျက်မာန်ကြီးတဲ့ နရပတိစည်သူက.... မဟာထေရ်ကို မချေမငံ ပြန်ပြောက်တဲ့အခါမှာ မဟာထေရ်က......

"ဒီလို မကောင်းမှုပြုတဲ့ သင်လူတဲ့ဆွမ်းကိုငါမခံဘူး၊ မစားဘူး" လို့ ရဲရဲဝံ့ဝံ့မိန့်ပါတယ်။ ဒီအခါမှာ နရပတိစည်သူက.....

"တပည့်တော် ဆွမ်းကိုမခံဘူး၊ မစားဘူးဆိုရင် တပည့်တော်ပိုင်တဲ့ ဒီတိုင်းပြည်မှာ မနေမှဖြစ်မှာပါ။ အများပြည်သူလှူတဲ့ဆွမ်းဟာလဲ စင်စစ် တပည့်တော်ရဲ့ ဆွမ်းပဲမဟုတ်လား.." လို့ လျှောက်ပါသတဲ့။

ဒီစကားဟာ 'အရှင်ဘုရား.. ဒါဆိုရင်-ဒီပုဂံပြည်မှာ မနေပါနဲ့တော့' လို့ဆိုလိုရာ၊ နှင်ရာရောက်ပါတယ်၊ မဟာထေရ်ကလဲ- "ဒီလိုဆိုရင်ကောင်းပြီ"လို့ မိန့်ပြီး သိန်းဃိုဠ်ကျွန်းသို့ ကူးပြောင်းစံနေတော့မယ်လို့ ဆုံးဖြတ်ပါတယ်။ ဒီအခါမှာ (မှန်နန်းရာဇဝင်အရ) ပုံသုကူထေရ်လဲမရှိရော၊ သရပါတံခါးစောင့်တဲ့ ဘီလူးက ဘုရင်ကိုခြောက်လှန့်ပါတယ်။ ဘယ်လိုမှလုပ်မရတဲ့အတွက် ပညာရှိများကိုတိုင်ပင်တဲ့အခါ 'ပုံသုကူမဟာထေရ်ကို အရှင်မင်းကြီးမချေမငံဆိုခဲ့လို့ဖြစ်ပါတယ်။ ပြန်ပင့်ပါ'လို့ပြောကြတယ်။ မဟာထေရ်က သိန်းဃိုဠ်ကျွန်းသွားဖို့ပြင်ဆင်နေပါပြီ။

အမတ်တွေကိုစေလွှတ်ပြီး သိန်းဃိုဠ်ကျွန်းမကြွဖို့၊ ပြန်လာဖို့အကြိမ်ကြိမ်ပင့်ပေမယ့်၊ မရပါဘူး။ မဟာထေရ်က လှေဆိပ်ကိုကြွနေပြီဖြစ်ပါတယ်။ နောက်ဆုံးတော့ တုရုက်ပစ္စည်းအမည်ရှိတဲ့ အမတ်တစ်ယောက်ကိုတာဝန်ပေးပါတယ်။ အမတ်ကဉာဏ်ရှိပါတယ်။ ရွှေလှေတစ်စင်းပေါ်မှာ ဗုဒ္ဓဘုရားရှင်ရွှေဆင်းတုရုပ်တုတော်တစ်ဆူတင်ပြီး မဟာထေရ်ကြွမယ့်ရေလမ်းခရီးကစောင့်ပါတယ်။ ပြီးမှ မဟာထေရ်ကို 'သဗ္ဗညုဘုရားရှင် ဤဆိပ်သို့ရောက်တော်မူပါတယ်၊ သခင်မြတ်အဖူးအမြော်ကြွပါ'လို့ လျှောက်ပါတယ်။ မဟာထေရ်ကလဲ ဘုရားရှင်အမိန့်တော်အာဏာကိုမလွန်ဆန်အပ်တာမို့ ရွှေလှေပေါ်ကြွပါတယ်။ ဒီတော့မှ လှေကိုအပြင်းလှော်ပြီး ဆန်တက်ပါတယ်။ တစ်လမ်းလုံးလဲ မဟာထေရ်ကိုအမျိုးမျိုးတောင်းပန်ပြီး သာသနာတော်ကိုချီးမြှောက်ပါလို့ လျှောက်ပါသတဲ့။ သာသနာတော်အရေးမို့ မဟာထေရ်လဲလက်ခံလိုက်ပါတယ်။

ပုဂံ လောကနန္ဒာဆိပ်ရောက်တော့ နရပတိစည်သူမင်းကိုယ်တိုင် အနူးအညွတ်ကြိုဆိုပြီး၊ မဟာထေရ်ရဲ့လက်တော်ကိုမပြီး နန်းတော်သို့ပင့်ပါတယ်။ သရပါတံခါးရောက်ချိန်မှာ တံခါးစောင့်ဘီလူးဟာ ဆင်းပြီး မဟာထေရ်ကိုဦးချပါတယ်။ နန်းတော်



ရောက်တော့ မင်းကြီးကိုယ်တိုင်လက်တော်နဲ့ ဆွမ်းပွဲပြင်ဆွမ်းကပ်ပြီး "ဒီနေ့ကစ၍ အရှင်ဘုရားရဲ့အဆုံးအမကို တပည့်တော်ခံယူပါတော့မယ်ဘုရား"လို့ လျှောက်ပါတယ်။ သားတော်ငါးပါးကိုလဲ မဟာထေရ်ထံ တပည့်အဖြစ်လှူပါတယ်။

## ၆

ဒီရာဇဝင်ဖြစ်ရပ်ကို 'ပြန်လည်သင့်မြတ်ရေး' ခေါင်းစဉ်အောက်သွတ်သွင်းကြည့်ပါမယ်။

ပုံသုကူမဟာထေရ်နဲ့ နရပတိစည်သူမင်းတို့ဟာ မူလတုန်းက ဆရာဒကာအဖြစ်သင့်မြတ်စွာကိုးကွယ်ဆည်းကပ်ဆက်ဆံခဲ့ကြပါတယ်။

ဇူဋာမဏိစေတီဘုရားတည်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး မဟာထေရ်သတိပေးတာကို ဘုရင်ကမနာခံချင်လို့ မသင့်မမြတ်ဖြစ်ကြတယ်။

နောက်ဆုံးမှာ ဆရာဒကာ ပြန်လည်သင့်မြတ်ခဲ့ကြတယ်။

ဒီလိုဖြစ်စဉ် သုံးခုကိုတွေ့နိုင်ပါတယ်။

မသင့်မမြတ် မချေမငံဖြစ်ကြရတဲ့ အပိုင်းကဏ္ဍကိုကြည့်ရင်၊ ဆုံးမသူက နည်းလမ်းတကျဆုံးမတာကို မနာခံနိုင်တဲ့ နရပတိစည်သူမင်းရဲ့ ချွတ်ယွင်းချက်အပြစ်ကိုတွေ့ရပါမယ်။ သူ့ရဲ့ မင်းမာန်၊ အတ္တ၊ ရာဇဂုဏ်၊ သူရဲ့ ပင်ကိုစရိုက်၊ စိတ်မြန်ကိုယ်မြန်၊ ဆုံးဖြတ်ချက်ချပုံကြောင့် ဒီလိုဖြစ်ရတယ်လို့ ကောက်ချက်ဆွဲရမှာပါ။

ပြန်လည်သင့်မြတ်ကြတဲ့ အပိုင်းကဏ္ဍကိုကြည့်ရင် အလွန်အရေးကြီးတဲ့ အချက်အလက်တွေကိုတွေ့ရပါလိမ့်မယ်။

တုရုက်ပစ္စည်းအမတ်ရဲ့ လိမ္မာပါးနပ်မှု(ရွှေလှေပေါ်မှာ ဗုဒ္ဓရွှေရုပ်တုဆင်းတုတော်တင်ဆောင်ပြီး မဟာထေရ်ကို အရပင့်နိုင်ခဲ့တာ)

ဘုရင့်အပေါ်ဘယ်လိုပဲ မကျေနပ်ပေမယ့်၊ ဘုရားရှင်ရဲ့အမိန့်အာဏာတော်ကို မလွန်ဆန်အပ်ဘူးဆိုတဲ့ မဟာထေရ်ရဲ့သဘောထားကြီးမှု၊ စိတ်နှလုံးမြင့်မြတ်မှု၊ သီလသိက္ခာပြည့်ဝမှု၊ သာသနာတော်အကျိုးစီးပွားကိုသာ အဓိကဦးတည်လိုက်ပြီး မိမိရဲ့ပုဂ္ဂလိကခံစားချက်ကို ချိုးနှိမ်နိုင်မှု၊ အာဃာတချေဖျက်နိုင်မှု။

နောင် သိပ်အရေးကြီးပြီး သိပ်ကိုလှပတဲ့အကွက်ကတော့ နရပတိစည်သူမင်းပါပဲ။ မင်းမာန်တက်၊ ရာဇဂုဏ်မောက်၊ စိတ်မြန်ကိုယ်မြန်၊ ဆုံးဖြတ်ချက်အလျင်စလိုချ၊ အမြော်အမြင်နည်း... စသည်ဖြင့် ကျေနပ်စရာ မကောင်းတဲ့ဂုဏ်ပုဒ်တွေနဲ့ ဖွဲ့စည်းထားခဲ့တဲ့ နရပတိစည်သူမင်းဟာ နောက်ပိုင်းမှာတော့ 'သာဓု'ခေါ်စရာ သူ့အမှားသူပြင်နိုင်ခဲ့ပါတယ်။

သရပါတံခါးက ဘီလူးကြောင့်လို့ပြောနိုင်ပေမယ့် ဘုရင်ဟာ တကယ်ကိုသူရဲ့အတ္တမာန်၊ ရာဇမာန်၊ သူ့ရဲ့အမှား၊ သူ့ရဲ့လွန်ကျူးမှုများကို အပြီးအပိုင်ခဝါချပစ်နိုင်ခဲ့တယ်ဆိုရပါတယ်။ လောကနန္ဒာဆိပ်ကမ်းမှာ ကိုယ်တိုင်ဆင်းကြို၊ လက်ကိုပင့်၊ နန်းတော်မှာဆွမ်းကပ်၊ သားတော်ငါးပါးကိုအပ်နှံ၊ နောင်ဆုံးမသမျှနာခံပါ့မယ်ဘုရားလို့လျှောက်ထား....

ဒါတွေဟာ သူ့ကိုယ်သူ ကောင်းစွာဆုံးမပြီး အမှောင်ထဲကနေ အလင်းဆီသို့ မိမိကိုယ်မိမိပို့ဆောင်နိုင်ခဲ့တာပါဘဲ။

၂

နိဂုံးချုပ်ပါရစေ။

မေတ္တာတရား၊ ကိုယ်ချင်းစာတရားတွေနဲ့ ပြည့်ဝထုံသင်းမွှေးကြိုင်သော ငြိမ်းချမ်းတဲ့ကမ္ဘာကြီးကို… တည်ဆောက်ဖို့…

ပြန်လည်သင့်မြတ်ကြဖို့… ဆိုရင်… ပြန်လည်သင့်မြတ်ရေးကို ပြင်ပမှာရှာစရာမလိုပါ။ ထွေပြားရှုပ်ထွေးတဲ့နည်းလမ်းတွေကိုလဲ ကြိုတင်မှချမှတ်စရာမလိုပါ။ အရေးအကြီးဆုံးနဲ့ ပဓာနအချက်တွေက–

(၁) တကယ် ပြန်လည်သင့်မြတ်ရေးကို အလိုရှိဖို့၊

(၂) သူတစ်ပါးကိုထက် မိမိကိုယ်ကိုသာ အတ္တ၊ မာန်၊ မာန၊ သံသယ၊ အာဃာတ၊ အမုန်း၊ အကြောက်တွေ ကင်းရှင်းသွားအောင် ဆောက်တည်သန့်စင်စေဖို့၊

(၃) သူဘဲ.. ငါဘဲ.. ဆိုတဲ့ ပုဂ္ဂိုလ်ကအစွဲများကနေ ကင်းရှင်းပြီး သာသနာအကျိုး၊ အများအကျိုး တိုင်းပြည်နှင့်လူမျိုးအကျိုး၊ ကမ္ဘာလောကကြီးအကျိုးကိုသာ ဦးတည်ရေးရှုဖို့ ဆိုတဲ့ အချက် (၃)ချက်ပဲဖြစ်ပါတယ်။

နည်းပညာခေတ်၊ အိုင်–တီခေတ် (INFORMATION TECHNOLOGY)၊ အင်တာနက်ခေတ်၊ ပညာခေတ်လို့အဆိုရှိတဲ့ ၂၁ရာစု မျက်မှောက်ပြကာလကြီးမှာ မငြိမ်းချမ်းနိုင်သေးတဲ့ ပြန်လည်မသင့်မြတ်နိုင်သေးတဲ့ ကမ္ဘာကြီးဟာ… အခြေထွေပြား ရှုပ်ထွေးသော အကြောင်းအချက်များကို ခေတ္တဘေးဖယ်ပြီး…

လွန်ခဲ့တဲ့ (၈၀၀)ကျော်ပုဂံပြည်က ပုံသု မဟာထေရ်နဲ့ နရပတိစည်သူမင်းတို့ရဲ့ ရိက္ခန် လီယေးရှင်းဖြစ်ရပ်လေးကိုပဲ ဉာဏ်ကြီးကြီးနဲ့ ဆင်ခြင် သုံးသပ် စံနမူနာယူနိုင်ကြမယ်ဆိုရင်ဖြင့်…..။

ဒီဆောင်းပါးကို ကဗျာစာဆိုကြီး ဆရာဇော် ရဲ့ (လောကနန္ဒာဆိပ်ကမ်းမှာ)ဆိုတဲ့ ကဗျာရဲ့ အဆုံး ပိုဒ်နဲ့ နိဂုံးချုပ်ပါရစေ။

"….. ငါ့ရွာ၊ ငါ့မြေ၊ ငါ့တောင်ခြေ၌
ငါနေစံမြန်း၊ ငါ့ရွှေနန်း၌
ဆွမ်းမခံရ၊ ရှင်သီးလှဟု
မာနစကား၊ ဆိုမိမှားဟု
တရားကိုမြင်၊ ဆရာရှင်ကို
နှပင်ပင့်ချေ၊ မင်းချင်းစေသည်
မထေရ်ပြန်ကြွ၊ မေတ္တာပြ။
နှိမ့်ချမာန၊ အေးမြမေတ္တာ
ပွင့်လင်းလာသည်
နန္ဒာလောက ဆိပ်ကမ်းမှ၊
ညီမြင်ခဲ့ရ ဆိပ်ကမ်းလှ။ ။"




ချစ်ဦးညို
၃.၇.၂၀၀



# ခြားနားမှုများကြားမှ သင့်မြတ်စည်းလုံးခြင်း



ဆလိုင်းအိုက်စက်(မိုးကောင်း)

အင်္ဂလိကန်အသင်းတော်သည် (၁၆)ရာစု ဘာသာရေးပြုပြင်ပြောင်းလဲမှုမှ ပေါ်ထွက်လာခဲ့သော ဂိုဏ်းဂဏတစ်ခုသာမဟုတ်။ ၎င်းသည် (၂)ရာစုအစောပိုင်းကာလကပင် ဗြိတိသျှကျွန်းစုသို့ရောက်ရှိခဲ့ပြီဖြစ်သော ကနဦးအသင်းတော်၏အစိတ်အပိုင်းဖြစ်သည်။

အင်္ဂလိကန်အသင်းတော်သည် တစ်မျိုးတည်း၊ တစ်ပုံစံတည်းမရှိ။ တစ်မျိုးတည်း၊ တစ်ပုံစံတည်းဖြစ်လာအောင်ဥပဒေပြဋ္ဌာန်း၍ပင် လုပ်ဆောင်ခဲ့ကြစေကာမူ ကွဲပြားမှုများကြားမှ စည်းလုံးခြင်း (Unity in Diversity) ဟူသောစကားကိုသာ မကြာခဏပြောဆိုခဲ့ကြရသည်။ အင်္ဂလိကန်တို့၏ အတိတ်သမိုင်းကြောင်းနှင့် ခေတ်အလိုက်ဖွံ့ဖြိုးပြောင်းလဲလာသည့် ဓမ္မအတွေးအခေါ်တို့က ထိုသို့ပုံဖော်ပေးခဲ့သည်။ အဘယ်ကြောင့်နည်း။

အင်္ဂလိကန်တို့၏ အတိတ်သမိုင်းကြောင်းနှင့် အသင်းတော်၏အတွေ့အကြုံတို့ကို ပြန်လည်လေ့လာရန်လိုအပ်ပါလိမ့်မည်။

## ရိုမန်၊ စဲလ်တစ်နှင့်ဗုဒ်ဘိဉ်ညီလာခံ

ဗြိတိသျှကျွန်းစုသို့ ရှေးဦးသာသနာပြုသူများအကြောင်းတိတိကျကျမသိရသော်လည်း ကနဦးဗြိတိသျှကျွန်းရှိ အသင်းတော်၌ ထုံးတမ်းစဉ်လာ (၂)မျိုး ရှိကြောင်းတွေ့ရသည်။

ပထမထုံးတမ်းစဉ်လာမှာ ရိုမန်ထုံးတမ်းစဉ်လာ (Roman Christianity)ဖြစ်သည်။ ၎င်းတို့မှာ အစောပိုင်းကပင်ရှိနေသော ခရစ်ယာန်များဖြစ်သည်။ မြို့ပြများ၌ သာသနာပိုင်များရှိပြီး ကျေးလက်ဒေသကို စီမံခန့်ခွဲသည်။ အေဒီ(၄၄၉)တွင် အင်္ဂလို–ဆက်ဆွန် လူရိုင်းများ ဝင်ရောက် ကျူးကျော်လာသောအခါ ရိုမန်ကျင့်သုံးမှု ခရစ်ယာန်သာသနာ ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရသည်။

ဒုတိယထုံးတမ်းစဉ်လာမှာ စဲလ်တစ်ထုံးတမ်းစဉ်လာ (Celtic Christianity) ဖြစ်သည်။ (၅)ရာစုမှစ၍ ဝေလနယ်၊ စကော့တလန်ပြည်နှင့် အိုင်ယာလန်တို့တွင် ခြေကုပ်ယူကာ ကြီးထွားလာခဲ့သည်။ ၎င်းတို့သည် ဧဝံဂေလိဟောပြောခြင်းနှင့်

သာသနာပြုခြင်းကို အထူးစိတ်အားထက်သန်သူများဖြစ်သည်။ စိန့်ကိုလန်ဘာ (St. Columba)သည် ထင်ရှားသော စဲလ်တစ်သာသနာပြုဖြစ်သည်။

အေဒီ(၅၉၇)တွင် ရောမသာသနာပိုင် ဂရေဂရီ (Gregory the Great)၏ အစီအစဉ်ဖြင့် စိန့်ဩဂတ်စတင်း (St. Augustine)နှင့်ရိုမန်ဘုန်းကြီးအပါး(၄၀) အင်္ဂလန်သို့ရောက်လာခဲ့သည်။ ထိုနှစ်တွင်ပင် စိန့်ဩဂတ်စတင်းသည် ပထမဆုံးသော ကင်တာဘာရီ သာသနာပိုင်ချုပ်ဖြစ်လာသည်။ သူသည် စဲလ်တစ်အသင်းတော်နှင့် ပေါင်းစည်းရေးနှင့် သာသနာပြုလုပ်ငန်းကို အဓိကလုပ်ဆောင်ခဲ့သည်။

စဲလ်တစ်အသင်းတော်က သာသနာပိုင်အုပ်ချုပ်မှုကို ကျင့်သုံးသည်။ သို့သော် ရောမသာသနာပိုင်၏ အမြင့်ဆုံးအခွင့်အာဏာရှိခြင်းကိုမူ လက်မခံ။ စိန့်ဩဂတ်စတင်းက စဲလ်တစ်သာသနာပိုင်များနှင့်(၂)ကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးခဲ့သည်။ မအောင်မြင်။

အေဒီ(၆၀၄)တွင် စိန့်ဩဂတ်စတင်းကွယ်လွန်ပြီးနောက် သူပြုစုပျိုးထောင်ခဲ့သော ရိုမန်အသင်းတော်နှင့် ရှိရင်းစွဲစဲလ်တစ်အသင်းတော်အကြား ဆက်လက် ထိပ်တိုက်ဖြစ်နေခဲ့သည်။ အဓိကအားဖြင့် ဓမ္မအတွေးအခေါ်နှင့်ဒေသနာကြောင့်မဟုတ်၊ ကျင့်သုံးမှု (practice) မတူညီမှုကြောင့်ဖြစ်သည်။ အသင်းတော်နှစ်ခု၏ ကျင့်သုံးမှုထုံးတမ်းစဉ်လာမတူညီခြင်းက နိုင်ငံရေးအရ ပဋိပက္ခဖြစ်လာရန် ဦးတည်စေခဲ့သည်။

ထို့ကြောင့် နော့သမ်ဗရီးယားဘုရင်အော့စ်ဝိုင်း(Oswy)က ကမကထပြုလျက် အေဒီ(၆၆၄)တွင် ဝှစ်ဘီမြို့၊ ရဟန်းကျောင်း၌ နှစ်ဦးနှစ်ဘက် တွေ့ဆုံညှိနှိုင်းရန် ဆောင်ရွက်သည်။ ဗြိတိသျှကျွန်းစုရှိ အသင်းတော်အတွင်း မတူညီသောကျင့်သုံးမှု(၂)ခုကြား မည်သို့ဖြေရှင်းနိုင်မည်ကို အဖြေရှာသည်။ ထိုညီလာခံမှ အသင်းတော်နှင့်တိုင်းပြည်၏ အကျိုးအလို့ငှာ ဦးတည်လျက် ရိုမန်ထုံးတမ်းစဉ်လာကို လက်ခံကျင့်သုံးရန် ကြေညာခဲ့သည်။ ဤသို့ဖြင့် ရိုမန်နှင့်စဲလ်တစ် ထုံးတမ်းစဉ်လာနှစ်မျိုး ပေါင်းစည်းမိသည်။ စည်းလုံးသည့် အင်္ဂလိပ်အသင်းတော်ဟူ၍လည်း ပေါ်ထွက်လာခဲ့သည်။

၃

## ကက်သလစ်၊ ပရိုတက်စတင့်နှင့် အလယ်အလတ်လမ်းစဉ်

၁၅၃၄တွင် အင်္ဂလိပ်အသင်းတော်သည် ရောမအသင်းတော်၏အုပ်ချုပ်မှုအောက်မှ ခွဲထွက်ခဲ့သည်။ ထိုအချိန်မှစ၍ အင်္ဂလိကန်အသင်းတော်ဟူ၍ ပေါ်လွင်လာခဲ့သည်။ ထိုအချိန်၌ အသင်းတော်အတွင်း သက်ဝင်ယုံကြည်မှု(၂)ခုကိုတွေ့ရသည်။

ပထမသက်ဝင်ယုံကြည်မှုတွင် ကာသိုလစ်ယုံကြည်မှု (Catholic Faith)ဖြစ်သည်။ ထိုယုံကြည်မှုကို ကိုင်စွဲသူတို့က အင်္ဂလန်ပြည်အသင်းတော် (C of E) သည် ကာသိုလစ်အသင်းတော်မှခွဲထွက်ခြင်းမဟုတ်။ ရောမအသင်းတော်၏ အမှားများမှ ခွဲထွက်ခြင်းသာ ဖြစ်သည်ဟုဆိုသည်။ အင်္ဂလန်ပြည်အသင်းတော်သည် မူလကာသိုလစ်အသင်းတော်၏ ကောင်းမြတ်သောအရာတို့ကို ဆက်လက်ထိန်းသိမ်းရယူ၍၊ သမ္မာကျမ်းစာနှင့် ဆန့်ကျင်သောအရာများကို ငြင်းပယ်(သို့မဟုတ်) ပြန်လည်ပြုပြင်ခဲ့ကြသည်။

အင်္ဂလိကန်အသင်းတော်ဟူ၍ ဖြစ်ပေါ်လာသောအခါ ကာသိုလစ်သက်ဝင်ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းကြောင်း အချက်(၄)ခုတွေ့ရသည်။

- ကနဦးအသင်းတော်၏ ကာသိုလစ်ယုံကြည်ချက်(၃)ခု– နိစိန်၊ တမန်တော်နှင့် ရှင်အသနာစီ – တို့ကိုဆက်လက်ထိန်းသိမ်းခြင်း၊
- တမန်တော်တို့မှ ဆက်နွှယ်ဆင်းသက်သည့် သိက္ခာမင်္ဂလာနှင့်သံဃာ(၃)ဆင့်ကို ဆက်လက်ထိန်းသိမ်းခြင်း၊
- ကနဦးအသင်းတော်၏ ဝတ်ပြုခြင်းပုံစံများကို ဆက်လက်ထိန်းသိမ်းခြင်း၊
- ကနဦးအသင်းတော်၏ ထုံးတမ်းစဉ်လာများကို ဆက်လက်ရယူခြင်း၊



ဒုတိယ သက်ဝင်ယုံကြည်မှုမှာ ပြန်လည် ပြုပြင်သောယုံကြည်မှု (Reformed Faith) ဖြစ်သည်။ သမ္မာကျမ်းစာတွင်မပါရှိသည့်ပြင် သမ္မာကျမ်းစာနှင့်လည်း ဆန့်ကျင်သောရောမအသင်းတော်၏ဒေသနာနှင့် ကျင့်သုံးမှုများကိုငြင်းပယ်၍ သမ္မာကျမ်းစာအတိုင်း ပြန်လည်ပြုပြင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သမ္မာကျမ်းစာ၏ ယုံကြည်မှုလမ်းကြောင်းသို့ ပြန်သွားခြင်းဖြစ်သည်။ ၎င်းမှာ ပရိုတက်စတင့်သက်ဝင်ယုံကြည်မှုလည်းဖြစ်သည်။ ပရိုတက်စတင့်သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ကြောင်း အချက်(၄)ချက်အားဖြင့်တွေ့ရသည်။

- သမ္မာကျမ်းစာသည် ယုံကြည်မှုနှင့် ကျင့်သုံးမှုအတွက် အမြင့်ဆုံးအခွင့်အာဏာရှိကြောင်း ဖော်ပြခြင်း၊
- ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း ဓမ္မဒေသနာကိုဖော်ပြခြင်း၊
- အသင်းတော်၏ အခြေခံသင်ကြားချက်(၃၉)ပါး(၁၅၇၁) ထုတ်ပြန်ခြင်း၊
- အသင်းတော်၏ ဓမ္မအမေးအဖြေ (၁၆၆၂–ဆုတောင်းစာအုပ်)ပြဋ္ဌာန်းခြင်း၊

အင်္ဂလိပ်ဘာသာရေး ပြုပြင်ပြောင်းလဲမှုကာလအတွင်း အင်္ဂလိကန်အသင်းတော်ရင်ဆိုင်ခဲ့ရသော အစွန်းနှစ်ဘက်ရှိသည်။ ၎င်းမှာထုံးတမ်းစဉ်လာ အစွန်းရောက် ကက်သလစ်များ(papists) နှင့် တစ်ယူသန် အနာဘက်ပတစ်ဂိုဏ်းသားများ (Anabaptists) ဖြစ်သည်။ ထိုအစွန်းနှစ်ဘက်ကို လွတ်အောင်ရှောင်၍ ပထမမြောက်အဲလစ်ဇဘက်ဘုရင်မ (၁၅၅၈–၁၆၀၃)လက်ထက်တွင် ဘုရင်မ၏ စီမံထိန်းသိမ်းမှု (Elizabethan Settlement)ဖြင့် အသင်းတော်အတွက် အလယ်အလတ်လမ်းစဉ် (Via media)ကို ရွေးချယ်ချမှတ်ခဲ့သည်။

၎င်းအလယ်အလတ်လမ်းစဉ်ဖြင့် အင်္ဂလိကန်ဝါဒအတွင်း တစ်ဖက်သတ်ဆန်ခြင်းကို ရှောင်ကြဉ်ခဲ့ကြသည်။ ထို Via media က အချက်(၃)ခုကိုဖော်ပြသည်။

- ပြုပြင်ပြောင်းလဲ၍မရအောင် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများကို ချထားရန် ရှောင်ကြဉ်ခြင်းအားဖြင့် ဝိညာဉ်ရေးရာ၌ လွတ်လပ်မှုရှိစေပါသည်။
- စည်းမျဉ်းဘောင်နှင့် ကန့်သတ်ထားမှုများကို ကျော်ဖြတ်၍ တစ်ဦးကိုတစ်ဦး လက်ခံနိုင်ရန် စိတ်အားထက်သန်စေပါသည်။
- စည်းမျဉ်းဘောင်နှင့် ကျင့်သုံးပုံများကို ပြင်းထန်လွန်းစွာမဟုတ်ပဲ ကျိုးကြောင်းဆီလျော်မှုရှိစွာ တည်ဆောက်စေပါသည်။

ဤအလယ်အလတ်လမ်းစဉ်သည် အင်္ဂလိကန်အသင်းတော်အတွင်း ပြင်းထန်သောပဋိပက္ခများ၊ တိုက်ပွဲများနှင့် အသက်ပေးခဲ့ရမှုများကြားမှ တည်ဆောက်ဖြစ်တည်လာခဲ့ရသော ပြန်လည်သင့်မြတ်

နိုင်ရေးလမ်းကြောင်းပင်ဖြစ်သည်။ ဤလမ်းစဉ်အားဖြင့် ခေတ်တစ်လျှောက်သင့်မြတ်ညီညွတ်သော အသင်းတော်အဖြစ် ရပ်တည်ရန်ကြိုးပမ်းခဲ့သည်။

၄

**အီဗန်ဂျယ်လစ်ကယ်၊ အင်္ဂလိုကက်သလစ်၊ လစ်ဘရယ်နှင့်လင်းဘတ်ကွာဒရီလေထရယ်**

အင်္ဂလန်နိုင်ငံကို ဝီလျံနှင့်မေရီတို့အုပ်စိုးချိန် (၁၆၈၉–၁၇၀၁)တွင် အသင်းတော်အတွင်းအထက်အသင်းတော် (High Church) နှင့်အောက်အသင်းတော် (Low Church)ဟူ၍ အုပ်စု(၂)ခု ဖြစ်ပေါ်လာခဲ့သည်။

(၁၈)ရာစုအတွင်း အင်္ဂလန်နိုင်ငံ၌ဘာသာရေးယိုယွင်းပျက်စီးမှုများ ပြင်းထန်ခဲ့သည်။ ထိုအချိန် (၁၇၃၀)မှ (၁၇၆၀)အတွင်း ဧဝံဂေလိနိုးထမှုကြီးပေါ်ပေါက်ခဲ့သည်။ ထိုနိုးထမှု၌ပါဝင်ခဲ့သော နိုးကြားရေးသမားအများစုမှာ Low Church သင်းအုပ်ဆရာများဖြစ်ပြီး အသင်းတော်ပြန်လည်ရှင်သန်နိုးကြားရေး၊ သမ္မာကျမ်းစာကဖော်ပြသည့် ယုံကြည်ခြင်းတရား၌ မြဲစွဲရေးနှင့် ဧဝံဂေလိနဲ့ပြားရေးတို့ကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည်။ ထိုသူတို့ကို အီဗန်ဂျယ်လစ်ကယ်များဟုခေါ်သည်။

၁၈၃၃တွင် High church အသင်းသားများဦးဆောင်သော အောက်စဖို့လှုပ်ရှားမှုပေါ်ပေါက်လာခဲ့သည်။ သူတို့က အကောင်းဆုံးသည်သာ ဘုရားရှင်အတွက်ဖြစ်သင့်သည်ဟူသော ခံယူချက်ဖြင့် အလယ်ခေတ်ရောမအသင်းတော်၏ ထုံးတမ်းများကို ပြန်လည်မိုးမြင်းလာကြသည်။ ရောမကက်သလစ်ဝါဒကို အထူးနှစ်သက်တိမ်းညွှတ်ကြသည်။ ဝတ်ပြုကိုးကွယ်ရာတွင် အပြင်လက္ခဏာများ၊ အဆောင်အယောင်များဖြင့် ကြီးကျယ်ခမ်းနားစွာပြုလုပ်ခြင်းကို ပြန်လည်ဖော်ထုတ်ခဲ့သည်။ ထိုသူတို့ကို အင်္ဂလိုကက်သလစ်များဟုခေါ်သည်။

၁၈၅၀တွင် အမြင်ကျယ်သောအသင်းတော် (Broad Church)ဟူသော ခံယူချက်အသုံးအနှုန်း စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုခံယူချက်ရှိသူတို့က အသင်းတော်၌ တစ်ဖက်သတ်ဆန်သောထုံးတမ်းစဉ်လာဆန်သော အတွေးအမြင်များကို ဆန့်ကျင်ခဲ့ကြသည်။ ယခင်က ကန့်သတ်နားလည်ခဲ့ကြသောအရာများတို့ကို ဝေဖန်သုံးသပ်မှုပြုကြသည်။ ဆင်ခြင်တုံတရားအပေါ် အထူးအလေးအနက်ထားလျက် ဆင်ခြင်တုံတရား (Reason)ကို ဆန့်ကျင်ခြင်းသည် ဘုရားရှင်ကိုပါ ဆန့်ကျင်ခြင်းဖြစ်သည်ဟူ၍ပင် ခံယူခဲ့ကြသည်။ ထိုသူတို့ကို လစ်ဘရယ်များဟုခေါ်သည်။

(၁၈)ရာစုမှစ၍ အသင်းတော်သည် ကမ္ဘာနှင့်အဝှမ်း သာသနာပြုလုပ်ငန်းကိုဆောင်ရွက်လာခဲ့သည်။ ၁၇၀၁တွင် SPG (Society for the Propagation of the Gospel) သာသနာပြုအဖွဲ့ကိုလည်းကောင်း၊ ၁၇၉၅တွင် LMS ( London Missionary Society) ကိုလည်းကောင်း၊ ၁၇၉၉တွင် CMS (Church Missionary Society) ကိုလည်းကောင်း၊ ၁၉၂၄တွင် BCMS (Bible Churchmen's Missionary Society) ကိုလည်းကောင်း အသီးသီးဖွဲ့စည်း၍သာသနာပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။





ထိုသို့ဆောင်ရွက်ရာတွင် သာသနာပြုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား မတူညီမှုများ ပေါ်ပေါက်ခဲ့သည်။ အသင်းတော်စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ကွဲပြားခြားနားမှုမရှိသည့်တိုင် သင်ကြားချက်နှင့် ကျင့်သုံးမှု (teachings & practices) တို့တွင် ခြားနားမှု ရှိနေခဲ့သည်။ ထို့ကြောင့် ၁၈၈၈ ခုနှစ်၊ လင်းဘတ်ညီလာခံတွင် အင်္ဂလီကန်ဝါဒအတွက် အခြေခံလမ်းကြောင်း (platform)ကိုချမှတ်ခဲ့သည်။ ၎င်းကို Lambeth Quadrilateral ဟုခေါ်သည်။

၁။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းစာတော်မြတ်သည် ကယ်တင်ခြင်းအတွက် လိုအပ်သမျှအရာအားလုံးပါဝင်ခြင်း၊

၂။ တမန်တော်ယုံကြည်ချက်နှင့် နိစိန်ယုံကြည်ချက်တို့ကိုငန်ခံခြင်း၊

၃။ ခရစ်တော်ကိုယ်တိုင် စီရင်ခဲ့သော စက္ကရမင်တမင်္ဂလာ(၂)ပါး– ဗတ္တိဇံနှင့် ပွဲတော်မင်္ဂလာ– တို့ကိုစောင့်ထိန်းခြင်း၊

၄။ သမိုင်းဝင်သာသနာပိုင်အုပ်ချုပ်မှု အစဉ်အလာကိုလက်ခံကျင့်သုံးခြင်း၊

*(အကျယ်ကို 'အင်္ဂလီကန်အမွေအနှစ်များ' စာအုပ်၊ စာမျက်နှာ ၆၄တွင်ကြည့်)*

အထက်ပါသဘောတူညီမှုက အင်္ဂလီကန်ဝါဒအတွင်း ကွဲလွဲမှုများကိုစေ့စပ်သင့်မြတ်စေသည့် ဘုံလက္ခဏာဖြစ်လာခဲ့သည်။ ထိုဘုံလက္ခဏာသည် အင်္ဂလီကန်သဟာယအတွင်း ပြန်လည်သင့်မြတ်မှုနှင့် ညီညွတ်သွေးစည်းမှုရှိစေရန်အတွက် အခြေခံဖြစ်လာခဲ့သည်။ ထို့အတူ အခြားခရစ်ယာန်ဂိုဏ်းဂဏများနှင့် မိတ်သဟာယဖွဲ့ရာတွင်လည်း အထောက်အကူဖြစ်စေခဲ့သည်။



၅

**ခြားနားမှုများကြားမှစည်းလုံးခြင်း**

မြန်မာနိုင်ငံသို့ SPGမစ်ရှင် (၁၈၅၀)တွင် ရောက်ရှိခဲ့သည်။ BCMSမစ်ရှင်က (၁၉၂၄)တွင် ရောက်ရှိခဲ့သည်။ မစ်ရှင်အဖွဲ့မတူသောကြောင့် ကျင့်သုံးမှုချင်းလည်းမတူ။ SPGတို့က အများအားဖြင့် အင်္ဂလို–ကက်သလစ်ကျင့်သုံးမှုရှိ၍ BCMSတို့က အီဗန်ဂျယ်လစ်ကယ်ခံယူချက်ကို ကျင့်သုံးသည်။

၁၉၆၀မတိုင်မီက မြန်မာပြည်ရှိအင်္ဂလီကန်သာသနာပြုများနှင့် အသင်းတော်အားလုံး ၁၆၆၂ဆုတောင်းစာအုပ်ကိုအသုံးပြုခဲ့ကြသည်။ ၁၉၆၀တွင် အိန္ဒိယ၊ ပါ၊ မြန်၊ သီဟိုဠ် သာသနာပိုင်ချုပ်နယ်၏ ဆုတောင်းစာအုပ်ကိုပြင်ဆင်သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံရှိအင်္ဂလီကန်အသင်းတော်အတွင်း ပွဲတော်ကျင့်သုံးမှု (၂)မျိုးရှိလာခဲ့သည်။ ယခင် BCMS သာသနာပြုတို့၏လက်အောက်၌ရှိခဲ့သော သာသနာပိုင်နယ်များ (စစ်တွေ၊ မြစ်ကြီးနား)တို့၌ ၁၆၆၂ပွဲတော်ဝတ်ပုံစံကို ဆက်လက်အသုံးပြုသည်။ ယခင် SPG သာသနာပြုတို့လက်အောက်တွင်ရှိခဲ့သော သာသနာပိုင်နယ်များ (ရန်ကုန်၊ မန္တလေး၊ ဖားအံ၊ တောင်ငူ)စသည်တို့၌ ၁၉၆၀ပွဲတော်ဝတ်ပုံစံကို အသုံးပြုသည်။ ဆယ်စုနှစ် (လေး)ခုနီးပါးထိုသို့ရှိခဲ့သည်။

ယခုအခါ မျက်မြင်စည်းလုံးမှုကို ဖော်ဆောင်ရန် ရည်ရွယ်ချက်ရှိလျက် မြန်မာပြည်အင်္ဂလီကန်အသင်းတော်အတွက် ရေခံမြေခံဟုခေါ်တွင်သော ကိုယ်ပိုင်ဆုတောင်းစာအုပ်ကို ပြုစုခဲ့ကြပါသည်။ မကြာမီစတင်အသုံးပြုကြတော့မည်။ အချို့အသုံးပြုနေပြီ။

ရှည်လျားလှသော သမိုင်းကြောင်းတစ်လျှောက်ခြားနားစွာတည်ရှိခဲ့မှုများကို စေ့စပ်သင့်မြတ်အောင် လုပ်ခဲ့ကြဖူးပြီ။ တစ်ခုတည်း၊ တစ်ပုံစံတည်း မဖြစ်လာသည့်တိုင် (လုပ်၍လည်းမရနိုင်)မတူသည့်ကြားမှ စုစည်းမှုရရှိခဲ့ကြသည်။ ထို့အတူ ယခုပွဲတော်ကျင့်သုံးမှု(၂)မျိုးရှိနေခြင်းကို ပေါင်းစည်း၍ပုံစံ

သစ်တစ်ခုပြုလုပ်ခြင်းကို ကြိုဆိုပါသည်။ လက်ခံသဘောတူပါသည်။

သို့တိုင်အောင် ကရုပြုရန်လိုအပ်သည့်အခြေအနေများလည်း ရှိနေပါလိမ့်မည်။ ခံယူကျင့်သုံးခြင်း ခြားနားမှုများကြား ဆက်၍အပြန်အလှန်အသိအမှတ်ပြုရန်လိုပါမည်။ အပြန်အလှန်လေးစားရန်လိုအပ်ပါမည်။ အပြန်အလှန်ယုံကြည်ရန်လိုပါမည်။ ပို၍အမြင်ကျယ်ရန်၊ ဆက်၍သဘောထားကြီးရန်နှင့် အချင်းချင်းပို၍ ချစ်တတ်ရန်လိုပါလိမ့်မည်။ ဓာတ်ပကတိအတိုင်း တွေးခေါ်ပြုမူရန်ထက် ဝိညာဉ်လူအဖြစ်ခံယူပြုမူရန် လိုပါမည်။

အင်္ဂလိကန်အသင်းတော်သည် အချိန်နှင့်အမျှ ဆည်းပူးလေ့လာနေသောအသင်းတော် (A learning Church) ဖြစ်ပါသည်။ မိမိတို့ကိုယ်ကို မိမိတို့ ဖုံလင်သည်ဟုမခံယူပါ။ ထို့အတူ တစ်ခုတည်း၊ တစ်ပုံစံတည်းလည်းမဖြစ်လာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ခြားနားမှုရှိနေခြင်းက အင်္ဂလိကန်ဝါဒ၏ အနှစ်သာရဖြစ်ပါသည်။ သို့သော် ထိုခြားနားမှုသည် စည်းဘောင်မဲ့ပြုမူရန်မဟုတ်ပါ။ ခွဲထွက်ပိုင်ခွင့်မဟုတ်ပါ။ ကန့်သတ်ခွဲခြားရန်လည်းမဟုတ်ပါ။ အပြန်အလှန်တာဝန်ယူခြင်းနှင့် တာဝန်ရှိကြောင်းခံယူခြင်းဖြစ်ပါသည်။

ငါသည်သာ အင်္ဂလိကန်ဖြစ်သည်ဟုပြော၍ မရပါ။ ကျွန်တော်တို့အားလုံးက အင်္ဂလိကန်ဖြစ်ပါသည်။ ထိုအခါ ခြားနားမှုများကြားမှ သင့်မြတ်စည်းလုံးခြင်း ထွက်လာပါလိမ့်မည်။ ညီညွတ်မျှတ၍ နွေးထွေးခြင်းရှိသော အဝန်းအဝိုင်းတစ်ခုဖြစ်လာပါလိမ့်မည်။

ဆလိုင်းအိုက်စေက်(မိုးကောင်း)


ကျမ်းကိုးစာရင်း

1. Adrian Chatfield, Something in Common- An Introduction to the principles and practices of Worldwide Anglicanism.
2. Dr. Arthur S.C. Chern, Anglicanism.
3. Stephen Neill, Anglicanism.
4. Stephen Sykes and John Booty, The study of Anglicanism.
5. Rev. M.W. Patterson, A History of the Church of England.
6. Church of the Province of Myanmar, PIM papers.


**ရှာလည်အပြုံး**

သင်ခန်းစာနှင့်မပတ်သက်

တစ်ခုသော တနင်္ဂနွေနေ့၊ ဆန်းဒေးစကူး သင်ကြားမည့်ဆရာသည် ဆန်းဒေးစကူးသို့ မိမိကလေးအားလာပို့သော မိခင်တစ်ဦးအား ....

"အန်တီ၊ ပေါင်မုန့်(၅)လုံးနဲ့ ငါးကြော်နှစ်ကောင် အမြန်ဆုံးရှာဝယ်ပေးနိုင်မလား"

"ကျွန်မ အမြန်ဆုံးရှာဝယ်ပေးပါ့မယ်။ ဒါနဲ့ ဒီနေ့ဆရာသင်မယ်သင်ခန်းစာက မုန့်(၅)လုံးနဲ့ ငါးနှစ်ကောင်အကြောင်းလား"

"မဟုတ်ဘူး။ ဒီနေ့သင်မှာ နောဧအကြောင်းပါ"

"ဟယ်.. ဒါဆို ဆရာဝယ်ခိုင်းတာက"

"လောလောဆယ်.... ကျွန်တော်....အိမ်က ဘာမှမစားလာရသေးလို့"

စောမုတ်ဆိတ်(ကော့)



# သာယာစိုပြေ အေးချမ်းစေ




ဘုန်းတော်ကြီး အက်စ်ထန်အောင်


ငြိမ်သက်သောစိတ်နှလုံးသည် အသက်ရှင်ခြင်းကိုဖြစ်စေ၏။ ... ငြိမ်သက်သောစိတ်သည် ... ငါ့ကို ... (သုတ္တံ ၁၄း၃၀) [illegible]

ခပ်သိမ်းသောစီရင်ခြင်းကိုနားလည်တတ်၏။ (သုတ္တံ ၂၈း၅) အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ထာဝရဘုရားကိုရှာသောသူမူကား ခပ်သိမ်းသောပညာသည်

ငါ၏သခင်ယေရှုကိုသိသောပညာ ငါထင်မှတ်၏။ (ဖိလိပ္ပိ ၃း၈) ထိုမျှမက ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။

ဘုရားသခင်နှင့် သိကျွမ်းခြင်းသည် ဘဝကို ပျော်လင့်စေပြီး တည်ငြိမ်စေသည်။ အနာဂတ်ကို ရှုမြင်စေသည်။ ဘဝလမ်းကြောင်းကို ဂရုပြုစေသည်။ သို့သော် ရှင်ပေါလုပြောသကဲ့သို့ ခရစ်တော်နှင့်အတူ သေပြီး၊ ရှင်ပြန်ထမြောက်ခြင်းမခံယူမချင်း(ရော ၆း၁-၅) ဘဝအေးချမ်းသာယာမှုအစစ်အမှန်ကို ရရှိနိုင်မည်မဟုတ်ချေ။

လူသည် ပတ်ဝန်းကျင်လူသားများနှင့် သင့်မြတ်အောင်၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင် နေထိုင်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ဆက်သွယ်မှုအဆင်ပြေဖို့ မိမိနှင့်ဘုရားဆက်သွယ်မှု အရေးကြီးပါသည်။

ရှင်ပေါလုသည် ဘာသာတရား၊ လူမျိုးဂုဏ်အတွက် မိမိသည် အမှန်ဖြစ်ဆုံးပုဂ္ဂိုလ်ဟု ခံယူခဲ့သူဖြစ်သည်။ ခရစ်တော်ကို ယုံကြည်သူများနှင့် တွေ့သောအခါ မိမိယုံကြည်မှု၊ ခံယူမှုများကို နှောင့်ယှက်သူများဟု ထင်မြင်ခဲ့သည်။ ထို့ကြောင့် လည်း ခရစ်တော်၌ အမှန်တရားကိုမတွေ့ခဲ့။ သို့ရာတွင် ခံယူမှုတစ်ခု ပြောင်းလဲစေသောအခါ၊ တစ်နည်းဆိုရလျှင် မိမိခံယူမှုကိုဖယ်ပြီး အရိုးသားဆုံးနှင့် ခရစ်တော်ကို ကြည့်သောအခါ၊ ခံစားကြည့်သောအခါ ဖြစ်ရပ်မှန်ကို ထိတွေ့ခံစားနိုင်ခဲ့သည်။ ထိုအခါ ခရစ်တော်နှင့် သူ၏တရားတော်ကို ဦးထိပ်ပန်ဆင် စောင့်ထိန်းနိုင်ခဲ့သည်။ "သို့သော်လည်း ငါ၏အကျိုးစီးပွါးကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။"(ဖိလိပ္ပိ ၃း၇) ဟု ဆိုနိုင်ခဲ့သည်။

ဤသို့သောခံယူမှုကြောင့် ရှင်ပေါလုသည် နောင်တွင် လူသားတို့၏ အစေခံကောင်းအဖြစ် ဧဝံဂေလိတရားတော်အတွက် အသုံးခံခဲ့သည်။ ယုဒလူမျိုးနှင့် တစ်ပါးအမျိုးသားစပ်ကြား စေ့စပ်၊ ရင်ကြားစေ့ပေးသူဖြစ်ခဲ့သည်။

လုပ်ဆောင်သမျှ ခရစ်တော်အတွက်ရည်မှန်း

သဖြင့် တွေ့ကြုံသမျှဖြစ်ရပ်များအတွက် ကျေးဇူးတော်ချီးမွမ်းသည်။ လုပ်ဆောင်နိုင်မှု၊ အောင်မြင်မှုများအတွက် "ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟုဆိုသည်။(ဖိလိပ္ပိ ၄း၁၃)

ရှင်ပေါလုသည် မိမိ၌ဖြစ်သမျှကို အရှင်ခရစ်တော်အတွက်သာ ဖြစ်ကြောင်း ခံယူခြင်းဖြင့် လွတ်လပ်မှုရရှိသည်။ သူတစ်ပါးကို နားလည်နိုင်သည်။ လူသည် မိမိကိုအထင်ကြီးပြီး သူတစ်ပါးကို တန်းတူမပေါင်းသင်းလိုသောအခါ လူမှုဆက်ဆံရေး အခက်အခဲရှိတတ်သည်။ မိမိသာလျှင် မှန်သည်ဟု ခံယူလျှင် တစ်ပါးသူနှင့် ပေါင်းသင်းရေးအတွက် အဟန့်အတားရှိသည်။ အတ္တ၊ ကိုယ်ကျိုး၊ မိမိကို အခြေခံတွေးတောကြံစည်မှုဟူသမျှသည် ပတ်ဝန်းကျင် လူသတ္တဝါ၊ သဘာဝအရာများနှင့် အဆင်ပြေအောင် နေနိုင်ရန် အထစ်အငေါ့ ရှိစေတတ်သည်။ မြန်မာဆိုရိုးစကားရှိပါသည်။ "မည်သူမပြုမိမိမှု"၊ "တရားရာကိုယ်မှာတွေ့"၊ အခက်အခဲများ ပတ်ဝန်းကျင်နှင့် အဆင်မပြေမှုများသည် သူတစ်ပါးကြောင့်လည်း ရှိသည်။ သဘာဝ ပတ်ဝန်းကျင်ကြောင့်လည်း ဖြစ်သည်။ သို့သော် အဓိကအခြေခံမှာ "မိမိ" သာလျှင်ဖြစ်သည်။

အရှင်ခရစ်တော်ကလည်း လူ့ဘဝတစ်ခုလုံးသည် အတွင်းစိတ်ထားတွင်သာ အခြေခံကြောင်း၊ မကောင်းသောအရာသည် စိတ်ထဲရှိမှအပြင်ထွက်တတ်ကြောင်း ဟောပြော သွန်သင်ခဲ့လေသည်။ ခရစ်တော်သည် ဘဝတစ်ခုလုံးကို ခမည်းတော်၏ အလိုတော်ဖို့ ပုံအပ်သက်ရှင်သောအခါ၊ ခံစားရသော ဝေဒနာများကို နားလည်စေခဲ့သည်။ လူနှင့် ဘုရားကြား ကွာဟမှု၊ အလှမ်းဝေးကွာမှုများကို ရင်ကြားစေ့နိုင်ခဲ့သည်။ သူတစ်ပါးကိုကူညီနိုင်ရန်၊ လက်ခံနိုင်ရန် မိမိကိုယ်ကို ပြင်ဆင်သည်။ အချိန်အခါမလပ် ခမည်းတော်ဘုရားနှင့်ဆုတောင်းခြင်းဖြင့် ဆက်သွယ်ခွန်အားရယူသည်။ လမ်းညွှန်မှုကိုခံယူသည်။ အရှင်ခရစ်တော်က "ငါသည်လမ်းခရီး ဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။" ဟုဆိုသည် (ယောဟန် ၁၄း၆)။

အသက်တာတွင် ခရစ်တော်ကို စံထားသက်ရှင်လျှင် ဘဝသည် အစဉ်လန်းဆန်းမည်။ ခက်ခဲသော်လည်း ကျေးဇူးတော်ချီးမွမ်းနိုင်မည်။ ခရစ်တော်က နောက်ဆုံးခမည်းတော် အလိုတော်ကို ပြည့်စုံသည်ထိ လိုက်လျှောက်နိုင်ရန် "**အကျွန်ုပ် အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည် အတိုင်းဖြစ်ပါစေသော**" (လုကာ ၂၃း၄၂)ဟု ဆုတောင်းခြင်းဖြင့် လူသားအားလုံးကို ခမည်းတော်ထံ ခေါ်ဆောင်သွားနိုင်ခဲ့သည်။ စာတန်မာရ်နတ် လုပ်ရပ်အားလုံးကို ဆုံးခန်းတိုင်အောင် အနိုင်ယူ အောင်မြင်ခဲ့သည်။

ရှင်ပေါလုက "**ငါ အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏**" (ဖိလိပ္ပိ ၁း၂၁) ဟုဝန်ခံလိုက်ခြင်းဖြင့် မိမိ မာန်မာနအလုံးစုံတို့ကို ချွတ်ပယ် နိုင်ခဲ့သည်။ ရန်သူကိုပင် မိတ်ဆွေရင်းချာအဖြစ် ပေါင်းသင်း နိုင်သည်။

ခေတ်သစ် ဓမ္မအတွေးအခေါ်ပညာရှင်များက "တစ်ပါးသူကို ပြောင်းလဲအောင်မလုပ်ခင် မိမိကိုယ်တိုင်ပြောင်းလဲရန် လိုသည်" ဟုဆိုသည်။ ပတ်ဝန်းကျင်နှင့်အဆင်ပြေရေး၊ လူသားချင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်၊ လူသားနှင့် ဘုရားစပ်ကြား အဆင်ပြေသာယာစိုပြေရေးအတွက် မိမိသည်သာ အရင်းခံတည်ဆောက်ရမည်ဖြစ်သည်။ ရှင်ပေါလု အနေဖြင့်မူ လောကတစ်ခုလုံး သာယာစိုပြေ အေးချမ်းလာရေးမှာ လူတိုင်းအတွက် "**ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့**" (ဖိလိပ္ပိ ၂း၅) အဓိကအချက် ဖြစ်သည်။ အရှင်ခရစ်တော်ကလည်း "သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့" ဟုဆိုထားပါသည်။ မိမိ ဖြစ်စေလိုသောအရာကို ကိုယ်တိုင်ကျင့်သုံး လုပ်ဆောင်ခြင်းသည် ထိရောက်သော ဦးဆောင်မှုနှင့် ထိရောက်သော သွန်သင်မှုပင် ဖြစ်သည်။

ဘုန်းတော်ကြီး အက်စ်ထန်အုပ်



# အနာဂတ်အတွက်ပြင်ဆင်ပါ။


နောဘေရန်မိုင်
(စတုတ္ထနှစ်)

"သမိုင်းကြောင်းလေ့လာလျှင် ကျွန်ုပ်တို့သည် အတိတ်ကပုဂ္ဂိုလ်ကြီးများ၏ သွေး၊ ချွေးဖြင့်တည်ဆောက်မှု၊ အနစ်နာခံမှု များ၏အသီးအပွင့်တို့ကို ခံစားနေကြခြင်းဖြစ်ကြောင်းသိသာပေသည်။"

ကျွန်တော်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ အစွန်အဖျားတစ်နေရာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ "***ထိုသို့ခေါ်တော်မူသော သူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်ဟုမိန့်တော်မူ၏***"(မဿဲ ၂၂း၁၄)တွင် ဖော်ပြထားသည့်အတိုင်း ကျွန်တော်အညတရကောသားလေးတစ်ယောက်ရွေးကောက်ခြင်းကိုခံရပြီး အမှုတော်အတွက်ပြင်ဆင်ခွင့်ကိုရခဲ့ပါသည်။ ထိုအချိန်မှစ၍ မိမိ၏အသက်ရှင်မှုအနာဂတ်အတွက်ပြင်ဆင်ရန် ခရစ်တော်၏သတိပေးခြင်းကိုခံရပါသည်။

မည်သို့သော အနာဂတ်ကိုတည်ဆောက်လိုသနည်း? မည်သို့သော အနာဂတ်ကိုမှန်းထားသနည်း? မှန်းထားသည့်အားလျော်စွာ ကြိုးစားရပေမည်။ ကြိုးစားမှု၏အသီးအပွင့်ကို မုချခံစားရမည်သာဖြစ်သည်။ "သင်စိုက်သလို ရိတ်သိမ်းရမည်" ဖြစ်သည်။ ဂျုံကိုစိုက်၍ စပါးရိတ်သိမ်းချင်ပါသည်ဆို၍မရ။ ဂျုံကိုစိုက်လျှင် ဂျုံကိုပင်ရိတ်သိမ်းရမည်။ စပါးစိုက်လျှင် စပါးကိုရိတ်သိမ်းရမည်။

အနာဂတ်ကို မေ့လျော့လျစ်လျူရှုထား၍မဖြစ်ပေ။ ကျွန်တော်သည်လည်း ခရစ်တော်၏သတိပေးမှုနှင့် ရွေးကောက်မှုကိုမခံရပါက မေ့လျော့နေမှာသေချာပါသည်။ ဤသို့သတိရသောအခါ အနာဂတ်ပြင်ဆင်မှုအတွက် မငံ့မရဲဖြစ်နေပါသည်။ သို့သော်



*"လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ"* (၂ကော ၅း၁၇)ဤသို့ဖော်ပြထားသည့်အတိုင်း ကျွန်တော်၏ဘဝသည်လည်း ပြန်လည်အသစ်ဖြစ်ပြီး အနာဂတ်ကိုပြင်ဆင်ဖို့ဖြစ်လာပါသည်။

နေရိပ်လာမည်ကို နေပူကစောင့်ရမည်ဆိုသည့်စကားရှိသည်။ ထိုစကားမှာ အနာဂတ်သာယာရေးအတွက် ယခုကပင် အနစ်နာခံသင့်က ခံရမည်ဟုဆိုလိုပေသည်။ အချို့သော ပုဂ္ဂိုလ်များသည်အနစ်နာခံဖို့ ဝန်လေးနေကြသည်။ သမိုင်းကြောင်းလေ့လာလျှင် ကျွန်ုပ်တို့သည်အတိတ်က ပုဂ္ဂိုလ်ကြီးများ၏ သွေး၊ ချွေးဖြင့်တည်ဆောက်မှု၊ အနစ်နာခံမှုများ၏အသီးအပွင့်တို့ကိုခံစားနေကြခြင်းဖြစ်ကြောင်းသိသာပေသည်။ အတိတ်ကပုဂ္ဂိုလ်ကြီးများ တာဝန်မဲ့နေထိုင်သွားကြမည်ဆိုလျှင် ယခုကဲ့သို့သောအသင်းတော်ကြီးများနှင့်လောကကမ္ဘာကြီးကိုတွေ့မြင်ရလိမ့်မည်မဟုတ်ပေ။ တီထွင်မှုများ၊ ကျူးကျော်ရန်ပြုစစ်များကို ရင်ဆိုင်မှုများ၊ တည်ဆောက်ပြုပြင်ခဲ့မှုများ၊ ပင်ရင်းအခြေအမြစ်စိုက်ထူမှုများအားလုံးတို့၏အကျိုးဆက်ကို ကျွန်ုပ်တို့သက်သောင့်သက်သာခံစားနေရသည်။ ပုထုဇဉ်တစ်ယောက်အဖို့ ဘဝကိုမြတ်နိုးတွယ်တာရပေမည်၊ ဘဝအတွက် အလုပ်လုပ်ရပေမည်။ "မြေ၏အသီးကိုတသက်ပတ်လုံးပင်ပန်းစွာစားရမည်" ကမ္ဘာ ၃း၁၇ ဤသို့ဘုရားရှင်က ပုထုဇဉ်လူသားကို အလုပ်လုပ်ဖို့တာဝန်ပေးထားပါသည်။

မိဘများသည် သားသမီး၏နောင်ရေးအတွက် ပညာသင်ပေးသည်၊ အလုပ်ရှာပေးသည်။ အရင်းအနှီးထုတ်ပေးသည်။ အမွေချန်ပေးသည်။ ကောင်းရာကောင်းကြောင်း သွန်သင်ဆုံးမသည်။ ဤကဲ့သို့သော အလုပ်များသည် မိဘဝတ္တရားတွင်ပါဝင်ပြီးဖြစ်သည်။ ဤလုပ်ငန်းသည် သားသမီးတို့အနာဂတ်သာယာရေးအတွက်ကြိုကြိုတင်တင်ဆောင်ရွက်ပေးကြခြင်းဖြစ်သည်။ အနာဂတ်ပြင်ဆင်ရေးမှာ လူတစ်ဦးတစ်ယောက်ချင်းအတွက်သာမက အသင်းတော်အတွက်လည်း လိုအပ်ပေသည်။ အသင်းတော်၏ဆောင်ရွက်ချက်များတွင် အနာဂတ်အတွက်ကြိုတင်ပြင်ဆင်ရည်ညွှန်းသော ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝိညာဉ်ရေး၊ အစီအမံများဘယ်မှာပါရှိသနည်း။ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု အဘယ်မျှပမာဏကြီးမားသနည်းဟူသောအချက်ကို ချင့်တွက်အကဲဖြတ်ကြရမည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်၏ ကောင်းကျိုးချမ်းသာအတွက် စိတ်ချရမည်ဖြစ်ပေသည်။

မည်သည့်အလုပ်တွေမဆို ကြိုတင်ပြင်ဆင်မှုဆိုသည်မှာရှိရမည်။ အိမ်ဆောက်၊ လမ်းဖောက်လျှင်လည်း ပုံစံနှင့်ကုန်ကျစရိတ်ကို ကြိုတင်တွက်ချက်စီစဉ်ရသည်။ အသင်းတော်ကြီးတိုးတက်ဖွံ့ဖြိုးရန်မှာလည်း ဤသို့ကြိုကြိုတင်တင်ပြင်ဆင်ပြီးအနာဂတ်ကိုမြင်မှသာ အောင်မြင်တိုးတက်သောအသင်းတော်ကြီးဖြစ်မှာ မြေကြီးလက်ခုပ်မလွဲသေချာပါသည်။ ကျွန်ုပ်တို့၏တာဝန်မှာ မိမိဘဝအနာဂတ်ရေးနှင့် မိမိအသင်းတော်နှင့်လူမျိုးတို့၏ အနာဂတ်အကျိုးအတွက် တတ်နိုင်သမျှဆောင်ရွက်ရန်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် သာမန်လုပ်ရှားလုပ်ကိုင်ရုံနှင့်မပြီး၊ အနာဂတ်အတွက်ဟူသော ဦးတည်ချက်ဖြင့်လည်း ရည်မှန်းဆောင်ရွက်ရပေမည်။ လူတိုင်းသည် အနာဂတ်အတွက် နောင်ဘဝသံသရာအတွက် မိမိဘာလုပ်ထားသနည်း။ ဘာလုပ်ခဲ့ပြီးပြီနည်းဟု မိမိကိုယ်ကို ပြန်လည်စစ်ဆေးရန်လိုပေသည်။ နောင်ဘဝအတွက် ဝမ်းမြောက်ရမည်လော၊ ဝမ်းနည်းရမည်လောဆိုသည်ကိုမိမိကိုယ်တိုင်သိရှိဖို့နားလည်ဖို့ လိုပါသည်။

ရာစုနှစ်သစ်ရောက်ပြီဖြစ်သည့်အတွက် ၂၁ ရာစုမျက်မှောက်ခေတ်ဟာ (၂၀)ရာစုခေတ်နဲ့မတူတော့ပေ။ (၂၀)ရာစုအစပိုင်းမှာ အလွန်ထူးခြားတဲ့အဖြစ်အပျက်တွေဖြစ်သည့် ကမ္ဘာသိပ္ပံပညာများထွန်းကားခဲ့ပါသည်။ ဤသို့ခေတ်နဲ့အညီ ပြောင်းလဲနေသည့် ကမ္ဘာလောကတွင် အသက်ရှင်သောအခါ အနာဂတ် အတွက် စဉ်းစားရန်သတိမေ့လျော့နေကြရန်မသင့်ပေ။ ထို့ကြောင့် ယနေ့မှစ၍ မိမိဆန္ဒနှင့်ထိုက်တန်သလောက် အနာဂတ်အတွက် ခရစ်တော်အတွက်ဦးတည်လျက်ပြင်ဆင်ကြရန် သတိပေးနှိုးဆော်ရပေသည်။

နော်ဘေ ရန်နိုင်
(နောက်ဆုံးနှစ်)



# Shalom

# ရှာလုမ်

စောရှီးရှို့(ကေတု)

ယေရမိ (၁၉း ၇)
ယောဟန် (၁၄း၂၇)

သမ္မာကျမ်းစာအဘိဓာန်၌ ရှာလုမ်ဆိုသည်မှာ ဟေဗြဲဘာသာစကားဖြစ်၍ ထိုစကားလုံး၏အဓိပ္ပါယ်မှာ ( Peace, Completeness, Soundness, Well- being)ဟူ၍ ဖော်ပြထားသည်။ ငြိမ်သက်ခြင်း၊ ပြည့်ဝစုံလင်ခြင်း၊ အပြစ်အနာကင်းခြင်းနှင့် ကောင်းကျိုးချမ်းသာဖြစ်ခြင်းစသည့် အဓိပ္ပာယ်ဆောင်သောစကားလုံးဖြစ်သည်။ မြန်မာစကားတွင် Peace ကို ဝေါဟာရနှစ်မျိုးဖြစ်သော (ငြိမ်သက်ခြင်းနှင့်ငြိမ်းချမ်းရေး)ဟု ခေါ်တွင်လေ့ရှိသည်။

(၁)ဓမ္မဟောင်းမှဖော်ပြသောငြိမ်သက်ခြင်း(Shalom)

(ဟေရှာယ ၉း၆) - ဘုရားကိုယ်တိုင် ငြိမ်သက်ခြင်းအရှင်ဖြစ်သည်။
(ကမ္ဘာ ၄၃း၂၇) - နှုတ်ဆက်မင်္ဂလာစကား။
(ထွက် ၄း၁၈) - နှုတ်ဆက်မင်္ဂလာစကား။
(ယောရှု ၉း၁၅) - စစ်ပြေငြိမ်းခြင်း။
(ဟေရှာယ ၉း၇) - နိုင်ငံတော်အာဏာနှင့်ငြိမ်သက်ခြင်း။

ဓမ္မဟောင်းပရောဖက်များ၏ အယူအဆအရငြိမ်သက်ခြင်းမှာ တရားမျှတခြင်း၏အသီးဖြစ်သည်။ (Peace is a fruit of Justice)

ဓမ္မဟောင်းကျမ်း၌ ဖော်ပြသော (ထွက် ၁၅း၃၊ ၁၄း၂၆-၃၁၊ ယေ ၂၁း၃-၅၊ ဓာ ၁၄း၁-၃) အရ ဘုရားသခင်သည် စစ်သည်တော်ဘုရား၊ စစ်တိုက်သောဘုရားဖြင့်တွေ့ရပြီး စစ်တိုက်ခြင်းနှင့်ငြိမ်သက်ခြင်းသည် ဆန့်ကျင်သောသဘောတရားများအဖြစ်တွေ့ရသည်။

(၂)ဓမ္မသစ်မှဖော်ပြသောငြိမ်သက်ခြင်း(Shalom)

(ယော ၁၄း၂၇) - ယေရှုသည် ငြိမ်သက်ခြင်းအရှင်၊ ပေးပိုင်သူ။
(လု ၂း၁၄) - ငြိမ်သက်ခြင်းရရန် ဘုရားသခင်ကောင်းချီးသွန်းလောင်းသည်။
(လု ၂၄း၃၆) - ငြိမ်သက်ခြင်းရရန် ကောင်းချီးပေးသည်။

ဘုရားသခင်ပေးသောငြိမ်သက်ခြင်းများ-
ယော ၁၉း၈-၁၂၊ လု ၈း၂၂-၂၄၊ တမန် ၁၆း၂၂-၂၅၊ တမန် ၇း၅၉-၆၀၊ ၂ကော ၁၁း၂၃-၃၁။

(၃)ငြိမ်သက်ခြင်းဆိုသောအရာကို နှစ်မျိုးခွဲခြားနားလည်ရန်လိုအပ်ပါသည်။


၎င်းတို့မှာ-

(၁) လူတစ်ဦးချင်းဆိုင်ရာ အတွင်းစိတ်၌ ခံစားရရှိသောငြိမ်သက်ခြင်း၊ (Personal individual inner peace)

(၂) ပတ်ဝန်းကျင်တစ်ခုလုံးပါဝင်ကာ လူသားများအားလုံးတို့အတွင်းရရှိ ဖြစ်ပွားသောငြိမ်သက်ခြင်း၊ (Environmental social peace)

ခရစ်ယာန်ယုံကြည်ချက် အယူအဆကိုတိုက်ရိုက်ဖော်ပြရသော် လူသားနှင့်ဘုရားမိတ်သဟာယ ပျက်ပြားသောကြောင့် လူသားအချင်းချင်းမိတ်သဟာယပျက်ပြားကြရသည်။ လူသားအချင်းချင်း ဖြစ်လာသော ထိုပြဿနာကိုဖြေရှင်းလိုပါက ပထမဦးဆုံးဘုရားသခင်နှင့် လူသားပြတ်စဲရသောမိတ်သဟာယပြဿနာကို အရင်ဖြေရှင်းရမည်။ အခြားနည်းလမ်းမရှိ။

So Peace always has 3 Dimensions, i.e. A man, God and the other people.




ယနေ့ယုံကြည်သူများ ယေရှုဘုရားပေးသော ငြိမ်သက်ခြင်းကိုယ်စီ၌ ကေန်ရှိပါသလား? ရရှိရန်မည်သို့ အသက်ရှင်နေထိုင်မည်နည်း?

သမ္မာကျမ်းစာမှ သွန်သင်သည်မှာ လူတို့ ကြံစည်၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းကိုရရှိရန်-

(၁) အရာရာ၌ ကျေးဇူးတော်ချီးမွမ်းရမည်။ (၁သက် ၅း၁၈)

(၂) စိုးရိမ်ခြင်းမရှိ တောင်းခံရန်၊ လိုအပ်သမျှကို ဘုရားသခင်ထံပဋ္ဌနာပြု၍ တောင်းလျှောက်ခြင်းပြုရမည်။(ယေရမိ ၃၃း၃)

(၃) လူအပေါင်းနှင့် သင့်တင့်အောင်နေရမည်။ (ဟေဗြဲ ၁၂း၁၅)

(၄) ဘုရားသခင်၌ ခိုလှုံရမည်။ (ဟေ ၂၆း၃)

(၅) အချင်းချင်းသင့်မြတ်အောင် နေရမည်။ (၁သက် ၅း၁၃)

(၆) တရားတော်ကိုနှစ်သက်ရမည်။ (ဆာ၁၁၉း၁၆၅)

(၇) သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်မှုလမ်းပြမှုကိုရရှိခံယူသူဖြစ်ရမည်။ (ဂလာတိ ၅း၂၂)

**စဉ်းစားရန်မေးခွန်းများ**

(၁) ဓမ္မဟောင်းတွင် ဘုရားသခင်သည် ငြိမ်သက်ခြင်းအရှင်ဖြစ်သည်။ စစ်တိုက်သောဘုရား၊ စစ်သည်တော်ဘုရားအဖြစ်လည်း တွေ့ရသည်။ ထို့ကြောင့် စစ်တိုက်ခြင်းနှင့်ငြိမ်သက်ခြင်းသည် အစဉ်ဆန့်ကျင်သော သဘောတရားများဖြစ်သည်။ သင်မည်သို့ထင်သနည်း။ ဘုရားသခင်သည် အဘယ်အရာကိုတိုက်လှန်သနည်း။

(၂) "လောကီသားတို့ပေးသကဲ့သို့ ပေးသည်မဟုတ်" ဆိုသောအချက်ကိုမည်သို့နားလည်သနည်း။

စောရှီးရှီ (ကေတု)

ကျမ်းစာကျောင်းဝင်းသန့်ရှင်းရေးပြုလုပ်နေကြစဉ်။





# ကရုဏာအဈ

အောင်သင်း

" 'ကျွန်တော်တော့ဖြင့်
ဘာပြောရမှန်းတောင်မသိတော့ပါဘူး'
ဆိုလိုက်တာကိုက
တုန်တုန်ယင်ယင်ဖြစ်နေသည်။
ပုံမှန်သံမဟုတ်၊ ကြည့်လိုက်တော့
ကိုယ့်လူကြီးမြော မျက်ရည်ဝဲနေသည်။"

၁၆.၉.၉၈နေ့က အလှူပွဲလေးတစ်ခုတွင် အလှူရှင်များကိုယ်စား စကားပြောခဲ့ရပါသည်။ ရန်ကုန် ကလေးဆေးရုံကြီးတွင်သုံးစွဲရန် အောက်စီဂျင်ပေးစက် (Air Sep)လှူသည့်အခမ်းအနားဖြစ်ပါသည်။ ထိုစက်လှူခြင်းကို ပဓာနထားပြီး ဤဆောင်းပါးကိုရေးလိုခြင်းမဟုတ်ပါ။ လှူဖို့အကြောင်းဖန်လာပုံက စိတ်ဝင်စားဖွယ်ရာကောင်းသောကြောင့်သာ ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။

'ချမ်းသာ'ပုံနှိပ်တိုက်ပိုင်ရှင် 'ဦးရဲမြင့်'ဆိုသူက ကျွန်တော်ထံသို့ ဧည့်သည်တစ်ယောက်ခေါ်လာပြီး မိတ်ဆက်ပေးပါသည်။ ဧည့်သည်က ဩစတြေးလျနိုင်ငံသား မစ္စတာဂျွန်ဆိုသူဖြစ်ပါသည်။ အသက်ကတော့ ၄၀ကျော်၄၅လောက်ရှိမည်ထင်သည်။ မောင်ရဲမြင့်ဆိုသည်မှာလည်း ကျွန်တော်၏သာမန်တပည့်တစ်ယောက်မျှသာမဟုတ် တူလို၊ သားလိုရင်းနှီးနေသော တပည့်ဖြစ်သည်။ ကျွန်တော့်ကို ဆရာဟုပင် မခေါ်တော့ဘဲ သူ့အစ်မ(ကျွန်တော့်တပည့်တွေ)ခေါ်ကြသလို 'အဘ'ဟုပဲခေါ်သည်။ သူက-

"အဘစိတ်ဝင်စားမယ်ထင်လို့.. နောက်ပြီးလိုအပ်ရင်အကူအညီလေးလဲ ပေးစေချင်လို့ ဒီဧည့်သည်ကိုခေါ်လာခဲ့တာပါ"ဟုပြောပြီး မစ္စတာဂျွန်နှင့်မိတ်ဆက်ပေးပါသည်။ သိလာရသည်မှာ မစ္စတာဂျွန်က ရန်ကုန်နီးနားတဝိုက် လှိုင်သာယာ၊ သင်္ကန်းကျွန်း၊ လေးထောင့်ကန်စသော ဆင်းရဲသားရပ်ကွက်များသို့လှည့်လည်ပြီး အမိမဲ့၊ အဖမဲ့၊ မိဘမဲ့ ချို့တဲ့နေသည့် ကလေးငယ်များကို ငွေထောက်ပံ့ကြေး၊ အစားအသောက်၊ အဝတ်အထည်စသည် အားဖြင့်ကူညီခြင်း၊ လိုအပ်လျှင်ဆေးဝါးပေးခြင်းစသည့်အားဖြင့် စောင့်ရှောက်နေသည်။ ပထမပိုင်းတွင်တော့ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက သူ့ကိုနားမလည်နိုင်၍ သို့လောသို့လောဖြစ်ကြသည်။ နောက်ပိုင်းတွင်တော့ "ခွေးတွေကတောင် ကျွန်တော့်ကိုမှတ်မိနေကြပါပြီ"ဟု မစ္စတာဂျွန်က ရယ်မောပြီးပြောပါသည်။

အထူးသဖြင့် မိဘမဲ့ဆင်းရဲချို့တဲ့သောကလေးများကိုသာ အကူအညီပေးသည်။ မိဘရှိလျှင်တော့ မိဘတာဝန်ဟုသူကယူဆသည်။ ကလေးတစ်ယောက် နာမကျန်းဖြစ်လျှင်လည်း ဆေးခန်းဆရာဝန်ထံပြတန်လျှင်ပြ၍ ကုသပေးသည်။ ရောဂါကြီးသောကြောင့် ဆေးခန်းဆရာဝန်နှင့်မမျှနိုင်တော့ပြီဆိုတော့မှ ကလေးဆေးရုံကြီးသို့ ပို့ရပြန်သည်။ ဤသို့အားဖြင့် ကလေးဆေးရုံကြီးတွင်လည်း ဆေးဝါးပစ္စည်းမလုံမလောက်ဖြစ်နေသည်ကို သိလာရပြန်သည်။

မောင်ရဲမြင့်နှင့်သိလာရပုံက– သူကပုံနှိပ်လုပ်ငန်းကလေးများအပ်ရန် မောင်ရဲမြင့်ထံသို့ရောက်လာသည်။ သူ၏စေတနာ့ဝန်ထမ်း ကုသိုလ်လုပ်ငန်းများအကြောင်းကိုသိလိုက်တော့ သူကလည်း အခမဲ့ပင် အကူအညီပေးလိုက်သည်။ ကလေးဆေးရုံသို့ ဝင်ရန် ထွက်ရန် မောင်ရဲမြင့်ကလိုက်လံဆောင်ရွက်ပေးရသည်။ ဤသို့အားဖြင့် ကလေးဆေးရုံကြီးတွင် အောက်စီဂျင်ပေးစက်အရေးတကြီးလိုအပ်နေကြောင်း သိလိုက်တော့ လှူမည်ဟုမောင်ရဲမြင့်က ကတိပင်ပေးလိုက်သည်။ သို့သော် တကယ်တမ်းတွက်ချက်ကြည့်လိုက်တော့ (၇၆၆၅၀၀)။ ငွေကြေးကများလွန်းနေသည်။ သူတစ်ယောက်ထဲမတတ်နိုင်တော့ပြီ။ ထို့ကြောင့် သူ့မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များနှင့် စုပေါင်းပြီး စက်တစ်လုံးလှူလိုက်သည်။ သူတို့တတွေက စီးပွားရေးလုပ်ငန်းများတွင် နားလည်ကျွမ်းကျင်ကြသော်လည်း သည်လိုနေရာမျိုးတွင် ဘာပြောရမည်ကိုမသိကြ၊ သိစေဦးတော့ ပြောရမည်ကိုဝန်လေးကြသည်။ မောင်ရဲမြင့်နှင့်ပတ်သက်ပြီး ကျွန်တော်နှင့်လည်း ရင်းနှီးနေကြပြန်သောကြောင့် 'အဘ'ကိုပြော ခိုင်းပါဆိုတာဖြစ်လာရသည်။

ဆေးရုံ အုပ်ကြီး ဒေါက်တာမြသိမ်းကလည်း စာပေဟောပြောပွဲများနှင့်ပတ်သက်ပြီး မိတ်ဟောင်းဆွေဟောင်းဖြစ်နေပြန်သည်။ ကျွန်တော်က အလှူရှင်များကိုယ်စား စကားပြောပြီးတော့ ဦးမြသိမ်းကကျေးဇူးတင်စကားဆိုရသည်။ ကိုယ့်လူကြီး ကတုန်ကယင် ဖြစ်နေသည်ကိုကြည့်ပြီး သနားတောင်သနားလိုက်မိသည်။ ကတုန်ကယင်ဖြစ်နေသည်က စကားပြောရတာကိုကြောက်လို့မဟုတ်၊ ဝမ်းသာလုံးဆို့နေလို့ဖြစ်သည်။ "ကျွန်တော်တော့ဖြင့် ဘာပြောရမှန်း တောင်မသိတော့ပါဘူး"ဆိုလိုက်တာကိုက တုန်တုန် ယင်ယင်ဖြစ်နေသည်။ ပုံမှန်သံမဟုတ်၊ ကြည့်လိုက်တော့ ကိုယ့်လူကြီးခမြာ မျက်ရည်ဝဲနေသည်။ "အော် သူတို့ခမြာ တော်တော်လိုချင်နေကြရှာတာကိုး"ဟု ကရုဏာရော မုဒိတာပါဖြစ်လိုက်မိသည်။

ထိုပွဲသို့ မစ္စတာဂျွန်လည်းရောက်လာပါသေးသည်။ ထို့နေ့နံနက်က ကလေးများသာမက အလှူပွဲသို့ လာရောက်ကြသည့်သူအားလုံးကိုနံနက်စာ ပဲထမင်းနှင့်ကြက်သားဟင်းကျွေးခဲ့သည်။ မောင်ရဲမြင့်က –

"ပဲထမင်းနဲ့ကြက်သားဟင်းက သားငယ်ရဲ့ ကောင်းမှုလေ။ သမ္မတရုံမှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ကောင်ပေါ့။ မင်းက အဲဒါတာဝန်ယူလိုက်ကွာ၊ ခုနှစ်ထောင်– ရှစ်ထောင်လောက်တော့ ကျလိမ့်မယ်လို့ ပြောလိုက်တာ တကယ်လုပ်လိုက်တော့ ဒီကောင် နှစ်သောင်းလောက်တော့ ထိသွားမယ်နဲ့တူတယ်" ပြောပြီးရယ်လိုက်ပါသည်။ ပြီးမှဆက်၍ "ကျွန်တော် တစ်လက်စထဲ အကုန်ခံလိုက်ရင်လဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကောင်တွေကို ဒီအရွယ်ကတည်းက ပရဟိတ အလေ့အကျင့်ကလေးရသွားစေချင်လို့ တမင်ခိုင်းလိုက်ရတာ"

ကျွန်တော်လည်း ကိုယ့်တပည့်ကို စိတ်ထဲကကြိတ်ပြီး ကြည်ညိုအလေးပြုလိုက်မိပါသည်။

မစ္စတာဂျွန်အကြောင်းကို ဆက်ရပါဦးမည်။ သူက မိဘမဲ့ကလေးများကိုလှူချင်ပါသည်ဆိုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများမှတဆင့်လှူဒါန်းလျှင် လွယ်ကူပါလျက် ဘာကြောင့်ရပ်ကွက်တွေထဲကိုယ်တိုင် ဆင်းနေရသလဲဆိုသည်ကိုကပြဿနာဖြစ်နေသည်။ စင်စစ်သူ့လုပ်ငန်းကိုသိလိုက်လျှင် ဘာမှအံ့သြစရာမရှိ။ သူလုပ်နေရပုံကသည်လို–

မိဘမဲ့ အစာရေစာချို့တဲ့လို့ ပိန်လှီချိနဲ့နေသည့်ကလေးတွေကို သူကဓာတ်ပုံရိုက်ယူသည်၊ ပြီးတော့ သြစတြေးလျပြန်ပြီး ဘုရားကျောင်းသို့ဝတ်ပြုလာကြသူများအား ဓာတ်ပုံကလေးတွေပြပြီး စရိတ်မဲ့ချသလို တစ်ယောက်စနှစ်ယောက်စအားဖြင့်တတ်နိုင်သမျှ တာဝန်ယူပေးရန်မေတ္တာရပ်ခံသည်။ မစ္စတာဂျွန်ကိုယ်တိုင်ကလည်း အတန်အသင့်အားဖြင့်တော့ ကုံလုံပြည့်စုံဟန်ရှိပါသည်။ သို့သော် ဦးရေများလာတော့ တစ်ယောက်ထဲဘယ်မှာတတ်နိုင်ပါမည်နည်း။ ထိုအခါတွင်မှ တာဝန်ယူမည့်အလှူရှင်အား ကလေး၏ဓာတ်ပုံကိုပေးထားခဲ့ပြီး အလှူငွေကိုယူကာ မြန်မာပြည်သို့တစ်ကြော့ပြန်လာပြန်သည်။

ကလေးတွေဆီကို ရောက်အောင်သွား၊ တတ်နိုင်သမျှစောင့်ရှောက်၊ နောက်ဓာတ်ပုံရိုက်၊ ပြန်ယူသွားပြီး အလှူရှင်ကိုပြ။ ကလေးရဲ့တိုးတက်ဖွံ့ဖြိုးလာမှုကိုမြင်တော့ အလှူရှင်ကပီတိဖြစ်၊ အနုမောဒနာပြု။ ဤသို့ရက်ကန်းရှယ်သလို သွားချည်ပြန်ခါလုပ်နေခြင်းဖြစ်သည်။

ဤကောင်းမှုမျိုးကို မြန်မာပြည်တွင်လုပ်ရန် မည်သို့စိတ်ကူးပေါ်လာခဲ့သည်ကို မေးကြည့်လိုက်တော့ သူ့အဖြေကစပ်ဆန်းဆန်းဖြစ်ပါသည်။ မစ္စတာဂျွန်က ခရစ်ယာန်ဘာသာကိုအလွန်ကိုင်းရှိုင်းသည်။ တစ်နေ့တွင် ဘုရားကျောင်းဝတ်ပြုရာ၌ ဤ



လုပ်ငန်းမျိုးကိုလုပ်ရမည်ဟု အမိန့်သံကြားလိုက်ရသည်၊ ဘုရားသခင်၏အသံတော်လို့ပဲ ဆိုပါစို့။ သို့နှင့် မည်သည့်ဒေသသို့သွားရမည်လဲဟု အာရုံပြုလိုက်တော့ မြန်မာပြည်ဟုအာရုံထဲတွင်ပေါ်လာသည်။ ဤသို့အားဖြင့် သည်လုပ်ငန်းကိုမမောနိုင်မပန်းနိုင် လုပ်ဆောင်နေခြင်းဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် အောက်ဆီဂျင်ပေးစက်အလှူပွဲကလေးပြီးသည့်နောက် နှစ်ပတ်ကျော်ကျော်လောက်ရှိတော့ မောင်ရဲမြင့်ကျွန်တော့်ဆီရောက်လာပြန်သည်။ လေးထောင့်ကန်တွင်ရှိသော မစ္စတာဂျွန်၏ လုပ်ငန်းကလေးတစ်ခုကို သွားကြည့်ကြရန် လာခေါ်ခြင်းဖြစ်သည်။

နံနက်(၉)နာရီသာသာလောက်တွင် လေးထောင့်ကန်ရှိ ဆင်းရဲသားရပ်ကွက်ကလေးတစ်ခုသို့ ရောက်သွားကြပါသည်။ အိမ်ဟုဆိုနိုင်ရုံဆောက်ထားသော အိမ်သေးအိမ်မွှားကလေးတွေ ပြွပ်သိပ်ညပ်ခဲနေသော ရပ်ကွက်ကလေးဖြစ်ပါသည်။ သူတို့အားလုံးက မစ္စတာဂျွန်ကိုကောင်းကောင်းသိနေကြပါသည်။ သူပြောသည့်အတိုင်း ခွေးတွေကလည်းသိနေကြပါသည်။ သုံးပင်နှစ်ခန်း ဗျဉ်ခင်းအိမ်ကလေးတစ်လုံးသို့ခေါ်သွားပါသည်။ အိမ်ပေါ်တွင်တော့ဖြင့် အသက်သုံးနှစ်လောက်မှစ၍ အသက်ဆယ်နှစ်လောက်ထိ ကလေး(၂၀)ကျော်လောက်ကိုတွေ့ရသည်။ သူတို့ကို ကြည့်ရှုကျွေးမွေးနေသူများကတော့ ကရင်၊ ခရစ်ယာန်သားအမိနှစ်ယောက်ဖြစ်သည်။ ကနှစ်ယောက်စလုံး ရည်ရည်မွန်မွန်ရှိကြပါသည်။ ကလေးအားလုံးမှာ မိမဲ့ဘမဲ့ကလေးတွေဖြစ်ကြသည်။

အသက်သုံးလေးနှစ်ရွယ် မိန်းကလေးတစ်ယောက်ဆိုလျှင် မိဘကမရှိတော့ပြီ။ အဖွားနှင့်နေရသည်။ အဖွားကလည်း မကျန်းမာပြန်လေတော့ အစာရေစာပြတ်လာသဖြင့် အိပ်ရာထဲလဲနေရသည့်အဖြစ်မျိုး၊ ဝန်းကျင်ကလည်း ဆင်းရဲသားချည်းသာဖြစ်လေတော့ တောင်မင်းကို မြောက်မင်းမကယ်နိုင်ဆိုသလိုပဲပေါ့။

"ဒီကလေးဆိုရင် အခုမှထိုင်နိုင်၊လမ်းလေး လျှောက်နိုင်ဖြစ်လာတာပါ"ဟု ကရင်သံဝဲဝဲနှင့်မိခင် ကရင်မကြီးကပြောပြပါသည်။

သူတို့ကို မနက်စောစောတွင် ဆန်ပြုတ်ကလေး၊ ထမင်းကြော်ကလေးကို အဆာပြေကျွေးသည်။ (၁၁)နာရီလောက်ကျတော့ ထမင်းကိုကျွေးသည်။

"ဆန်ကတော့ ဆန်ကြမ်းပဲပေါ့။ ဟင်းကတော့ ကန်စွန်းရွက်ကြော်၊ ဟင်းနုနွယ်ကြော်များပါတယ်။ ပဲနီလေးဟင်းလဲ ချက်ကျွေးပါတယ်။ အမဲသားကတော့ တစ်ပတ်တစ်ခါလောက်ပေါ့။ အသားကောင်းတော့ မတတ်နိုင်ပါဘူး။ အရွက်ကလေးတွေ အရိုးကပ်ကလေးတွေပေါ့"

စာကိုတော့ သင်မပေးနိုင်ကြ။ သူတို့သားအမိကိုယ်တိုင်ကလည်း ပညာအခြေခံသိပ်ပြီးရခဲ့ပုံမပေါ်။ ခရစ်ယာန်ဓမ္မသီချင်းဆိုဖို့လောက်ကိုသာ သင်ပေးနိုင်ကြသည်။ ကလေးတွေဘာဝ ဟန်အမူအရာနှင့် သီချင်းဆိုကြသည်ကို နားထောင်ကြည့်လိုက်တော့ စားရတိုင်း၊ ဝတ်ရတိုင်း အဘခမည်းတော်ကို ကျေးဇူးတင်မိပါကြောင်း စသည်တို့ပင်ဖြစ်သည်။

စာသင်ဖို့က အရေးမကြီး၊ သူတို့ဘဝမှာ အသက်မီးလေးဆက်ရန်သာ အရေးကြီးသည်။ ဝမ်းကလေး ငြိမ်းရန်သာအရေးကြီးသည်။ မောင်ရဲမြင့်က "ကျွန်တော်လဲ ပွဲရုံတန်းသွားပြီး ပဲနီလေးတစ်အိတ်လောက်တော့ သွားပြီးပို့လိုက်ပါဦးမယ် အဘရယ်" ဟုပြောပါသည်။

ပြန်လာတော့ ဆရာကြီးဦးအေးမောင်၏ 'ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ'ထဲက စကားလေးကိုသွားပြီးသတိရနေမိသည်။ ဆရာကြီးက မြန်မာလူမျိုးတို့သည် ဘုရားရှင်၏အဆုံးအမကိုရိုသေလျက် စာရိတ္တကောင်းအောင် ကြိုးစားကြပါ၏။ သူ့အသက်ကို မသတ်မိအောင်ထိန်းသိမ်းကြပါ၏။ သို့သော် သူ့အသက်ကို ကယ်ဆယ်ရာဖြစ်သည့် ဆေးရုံစသည့်တို့ကိုလှူဒါန်းရာ၌ ရက်ရောမှုနည်း၏။ သူများပစ္စည်းကို မခိုးမိအောင်နေကြပါ၏။ သို့သော် ပြည်သူပိုင်ပစ္စည်းကိုစောင့်ရှောက်မှုမပြုကြချင်စသည့်အားဖြင့် ဆရာကြီးကသုံးသပ်ပြထားသည်။ ဆရာကြီးပြောသောစကားများကို ကျွန်တော်တို့မြန်မာတစ်မျိုးလုံး နိုးနိုးကြားကြားသတိထားသင့်ကြပြီဟု ထင်မိသည်။ ဘုန်းတော်ကြီးရှေ့တွင် ရေစက်မချလိုက်ရလျှင် ကုသိုလ်ရသည်ဟုပင် မထင်နိုင်ကြသည့်အဖြစ်မှာ အံ့သြရမည်လား၊ ဝမ်းနည်းရမည်လား မပြောနိုင်အောင်ဖြစ်နေသည်။

စင်စစ်ဘုရားတော်လောင်း ပါရမီဖြည့်ခဲ့သည်တို့ကို ကြည့်လိုက်လျှင် လူမှုဝန်ထမ်းလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများ၊ ကရုဏာလုပ်ငန်းများသာလျှင်ဖြစ်ကြောင်း တွေ့ကြရမည်ဖြစ်ပါလျက် ကျွန်တော်တို့ လက်တွေ့ဘာသာရေးလုပ်ဆောင်မှုများတွင် ကရုဏာအလှူများ အဘယ်ကြောင့်နည်းပါးနေသေးသည်ကို ပြန်လည်ဆန်းစစ်ကြည့်သင့်ပြီဟု ထင်နေမိပါသည်။

အောင်သင်း

စားကိုထက်မြက်ဖို့ အမြဲတမ်းသွေးပေးရ၏။
ဦးနှောက်ထက်မြက်ဖို့ အမြဲတမ်းလေ့ကျင့်ပေးရ၏။
ဝိညာဉ်တော်အမြဲရှင်သန်ဖို့ ဆုတောင်းခြင်း အမြဲခွန်အားယူကြဖို့။

စောဆင်မြူရယ် ဥာဏ်လင်း(H.C.T.C)



# သင့်ရဲ့အတွင်းစိတ် ပျော်ရွှင်ဝမ်းမြောက်မှုများကို စာရင်းပြုစုပါ



"အတွင်းစိတ်မှာ ပျော်ရွှင်ဝမ်းမြောက်နေခြင်း" ဟာ ပင်ကိုယ်သဘာဝကြောင့် မဟုတ်ပါဘူး။ တဖြေးဖြေးလေ့ကျင့်ပြီးမှရယူနိုင်တဲ့အရာဖြစ်ပါတယ်။စပြီးလေ့ကျင့်ဖို့ကတော့...

"ကောင်းကြီးတစ်ခုနောက်
တစ်ခုရေတွက်၊
ပြုတော်မူသောကျေးဇူးတော်
ရေတွက်"

.....ဆိုတဲ့ ဓမ္မသီချင်း အတိုင်းပါဘဲ။ မိမိတို့ခံစားရတဲ့ကောင်းကြီးမင်္ဂလာကို ရေတွက်တဲ့အခါမှာ ဘယ်လောက်များတယ် ဆိုတာ သိလာပြီး အတွင်းစိတ်မှာ ပျော်ရွှင်ဝမ်းမြောက်လာပါလိမ့်မယ်။

လူတစ်ချို့ဟာ ခံစားရတဲ့ကောင်းကြီးမင်္ဂလာတွေကိုရေတွက်တဲ့အခါ အင်မတန်နှေးကွေး၊ ကြန့်ကြာတတ်ကြပါတယ်။ ဒါပေမယ့် မိမိတို့ရဲ့ စိတ်ပူပန်ခြင်းများ၊ သောကများကိုတော့ ဂဏန်းပေါင်းစက်ထက်တောင် မြန်အောင်ရေတွက်နိုင်တတ်ကြပါတယ်။ အဲဒါဘာကြောင့်လဲ။ ဒုက္ခဆင်းရဲတွေကိုပဲ ရေတွက်လာတာနှစ်ရှည်လများဖြစ်နေပြီဆိုတော့ကျင့်သားရနေလို့ပါပဲ။

"စိတ်နှလုံးအတွင်းမှ ပျော်ရွှင်ဝမ်းမြောက်ခြင်း" သည် လူတစ်ဦးရဲ့ တိုးတက်အောင်မြင်မှုအတွက် အလွန်အရေးကြီးသောအကြောင်းတစ်ရပ်ဖြစ်ပါတယ်။

အားကစားနည်းပြအချို့ဟာ လူသစ်တွေကို စပြီးလေ့ကျင့်ပေးချိန်မှာ သီချင်းတွေသီဆိုရင်းနဲ့ ကစားခိုင်းပါတယ်။ ဒီလိုသီချင်းဆိုလိုက်တာနဲ့ တင်းနေတဲ့ အကျောအခြင်တွေဟာ ပျော့ပျောင်းသွားပြီး မျက်လုံးနဲ့ ကြွက်သားများဟာလဲ တွဲဖက်ညီညာစွာ လှုပ်ရှားသွားပါတယ်။

"အတွင်းစိတ်မှာ ပျော်ရွှင်ဝမ်းမြောက်နေခြင်း" ကြောင့် အောင်မြင်မှုရခဲ့တယ်ဆိုတာ နာမယ်ကြီးအားကစားသမားတွေက သက်သေခံခဲ့ကြပါတယ်။

"အတွင်း ပျော်ရွှင်ဝမ်းမြောက်မှု" ရအောင် လေ့ကျင့်တဲ့နည်းတွေရှိပါတယ်။

၁။ ပထမဦးဆုံးကတော့ စာရွက်အလွတ်နဲ့ ခဲတံကိုယူပြီး "ကျွန်ုပ်၏ ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီးမင်္ဂလာများ" ဆိုတဲ့ခေါင်းစဉ်နဲ့ စာရင်းတစ်ခုပြုလုပ်ဖို့ပါပဲ။

(က) ကျွန်ုပ်ဟာအထက်ပါခေါင်းစဉ်ကိုထိုင်ပြီး ရေးနိုင်တဲ့ခွန်အားရရှိသောကြောင့်ကျေးဇူးတင်ပါတယ်။

(ခ) ကျွန်ုပ်ဟာ လွတ်လပ်တဲ့တိုင်းပြည်မှာ နေထိုင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။
(ဂ) ကျွန်ုပ်ဟာ အမိုးအကာအောက်မှာ နေရပြီး စားဝတ်နေရေး အဆင်ပြေနေသောကြောင့် ကျေးဇူးတင်ပါတယ်။

၂။ အထက်ပါစာရင်းကို ဆက်လက်ရေးပါ။ ဘယ်လောက် အသေးအမွှားဘဲဖြစ်ဖြစ်၊ အရေးမကြီးဘူးလို့ဘဲထင်ထင် ချန်လှပ်မထားပါနဲ့။ ရေးသာရေးချပါ။

၃။ သင့်ကိုနေ့စဉ် ပျော်ရွှင်ဝမ်းမြောက်မှုပေးသော အရာတွေနှင့် အတွေ့အကြုံလေးတွေကို စာရင်းပြုစုပြီး နေ့တိုင်း ဖတ်ရှုရွတ်ဆိုခြင်းဖြင့် ပျော်ရွှင်မှုကို တိုးစေပါ။ ဥပမာ.... လုံခြုံမှုရရှိစေတဲ့ မိမိရဲ့နေအိမ်၊ ချစ်ဖွယ်ကောင်းတဲ့ မိသားစုဝင်တစ်ဦးစီတို့ရဲ့မျက်နှာများ၊ အသင့်ပြင်ဆင်ထားတဲ့ အစားအစာတွေ၊ စာဖတ်ဖို့သက်တောင့်သက်သာရှိစေတဲ့ ကုလားထိုင်နှင့် အလင်းရောင်ကိုပေးတဲ့ မီးအိမ်ကလေး........ စသည်ဖြင့်ပေါ့။

၄။ စာဖတ်ပြီးရင် အိမ်ပြင်ထွက်ပြီး လေကောင်းလေသန့်ကို လေး၊ ငါးခေါက်လောက် တစ်ဝကြီးရှူလိုက်ပါ။ နောက် အနီးနားပတ်ဝန်းကျင်မှာရှိတဲ့ လှပတဲ့ အရာများကို သတိထားကြည့်ပြီး တွေ့မြင်ရတဲ့အကြောင်းလေးတွေကို စဉ်းစားပါ။ ဥပမာ... သစ်ပင်တွေကြားထဲက ဖြာထွက်လာတဲ့ နေရောင်ခြည်၊ မြက်ခင်းစိမ်းပေါ်မှာ ဖြာကျနေတဲ့ ငွေလရောင်၊ မဲမှောင်နေတဲ့ကောင်းကင်ပေါ်က လင်းလက်နေတဲ့ ကြယ်ကလေးများ၊ အမှောင်ထုကို ဖြိုခွင်းပြီး အရှိန်ပြင်းစွာခုတ်မောင်းလာတဲ့ မီးရထားနှင့် လှမ်းမြင်နေရတဲ့ အိမ်များရဲ့ အရိပ်ပုံသဏ္ဍာန်တွေအကြောင်း စဉ်းစားလိုက်ရင် အတွင်းစိတ်ထဲမှာ ပျော်ရွှင်ဝမ်းမြောက်စရာ ဖြစ်လာမယ်ဆိုတာ မလွဲပါဘူး။ စမ်းကြည့်စမ်းပါ။

၅။ သင့်ကို ကျေးဇူးတုံ့ပြန်မယ်လို့ မမျှော်လင့်ထားသူကို တစ်ခုခု ကျေးဇူးပြုလိုက်ပါ။ သူ့ရဲ့ အံ့သြ ရွှင်ပြတဲ့မျက်နှာကိုတွေ့လျှင် သင်ဟာလည်း အလိုလိုပျော်ရွှင်သွားပါလိမ့်မယ်။

၆။ ကြောက်စိတ်၊ မနာလိုစိတ်၊ ရန်ငြိုးဖွဲ့ချင်သောစိတ်နှင့် သွေးဆောင်မှုများခံနေရသောစိတ်ဟာ တစ်ချိန် သို့မဟုတ် တစ်ချိန် လူတိုင်းမှာ ဖြစ်လာတတ်ပါတယ်။ ဒီ စိတ်တွေဖြစ်လာခဲ့သော် ကျော်လွှားအောင်မြင်နိုင်ဖို့ လုပ်ဆောင်ပါ။ ရရှိလာတဲ့ ကျေနပ်မှုဟာ အလျှော့ပေးလိုက်ရလို့ ဖြစ်လာတဲ့ ကျေနပ်မှုမျိုးမဟုတ်ဘဲ မေ့ပျောက်ခွင့်လွှတ်နိုင်စွမ်းရှိလို့ ရလာတဲ့ ကျေနပ်မှုမျိုးသာဖြစ်ပါလိမ့်မယ်။

၇။ နေ့စဉ်နှင့်အမျှ အနည်းဆုံးသီချင်းတစ်ပုဒ် ဆိုဖြစ်အောင်ဆိုပါ။ သင် သီချင်းဆိုလိုက်ခြင်းကြောင့် မိသားစုအတွက် ပျော်ရွှင်မှု မတိုးစေသည့်တိုင် သင့်စိတ်အနေအထားအတွက်တော့ ဆေးကောင်းတစ်ခွက်ဖြစ်စေမှာသေချာပါတယ်။ နံနက်ရေချိုးတဲ့အခါတိုင်း မွေ့သီချင်းသီဆိုရင် ပြင်ပကိုယ်ခန္ဓာကို ရေရယ်၊ ဆပ်ပြာရယ်နဲ့ သန့်စင်ဆေးကြောသလိုပဲ၊ အတွင်းစိတ်ဝိညာဉ်ကိုလဲ ဆေးကြောပြီးသား ဖြစ်ပါလိမ့်မယ်။

၈။ သင့်ရဲ့ ဝိညာဉ်ရေးရာအတွက် ညတိုင်း အိပ်ယာမဝင်ခင် အောက်ပါနှစ်ခုကို ပြုလုပ်ပါ။
(က) အဖဘုရားသခင်ထံ သင် သိလျက်နှင့်ဖြစ်ဖြစ်၊ မသိလို့ပဲဖြစ်ဖြစ် ပြစ်မှားမိခဲ့သောအပြစ်များကို ဝန်ချတောင်းပန်ပါ။
(ခ) ခံစားခဲ့ရသောကောင်းချီးမင်္ဂလာတစ်ခုစီကို ရေတွက်ပြီး ကျေးဇူးတင်ပါ။

အဲဒီလိုပြုခဲ့ရင် စိတ်နှလုံးအတွင်းထဲကနေ ပျော်ရွှင်ဝမ်းမြောက်မှု ခံစားရပြီး အပြစ်ကင်းစင်တဲ့ ကလေးငယ်လိုဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ပါလိမ့်မယ်။ စမ်းကြည့်ပါ။

ဒေါ်စီစီလျှာဒီရမ်း

(Norman Vincent Peale ၏ Inspiring Message for Daily Living: Make an Inventory of Your Joys ကို ပြန်ဆိုပါသည်။)



# အမျိုးသမီး ဆိုင်ရာ ဓမ္မ အတွေးအခေါ်

မိုင်အောင်မဖြူ



အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်သည် အမျိုးသမီးများ၏ မျက်ရည်များနှင့် သက်ပြင်းချမှုများမှ လည်းကောင်း၊ လွတ်မြောက်ရန်အတွက်နှင့် တန်းတူရည်တူဖြစ်ရန်အတွက် သူတို့၏ ပြင်းပြသော စိတ်ဆန္ဒမှလည်းကောင်းပေါ်ထွက်လာခြင်းဖြစ်သည်။ အမျိုးသမီးနာကျင်တင်းကျပ်မှုဝေဒနာခံစားနေရသော အမျိုးသမီးတို့၏ နှလုံးသည်းပွတ်အတွင်းမှ ပေါက်ကွဲပေါ်ထွက်လာသော ဓမ္မအတွေးအခေါ်တစ်ခုဖြစ်သည်။

အသင်းတော်နှင့် လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ မိရိုးဖလာအဆက်ဆက် နားလည်လက်ခံထားမှုကြောင့် လိင်ခွဲခြားမှု၊ လူမှုရေးခွဲခြားမှု၊ အဆင့်အတန်းခွဲခြားမှုနှင့် အခြားကန့်သတ်ဖိနှိပ်မှုများအပေါ် အမျိုးသမီးတို့၏ ခံစားချက်ကို သုံးသပ်တုံ့ပြန်ရန်အလို့ငှာ အမျိုးသမီးရှုထောင့်မှအခြေခံ၍ သမ္မာကျမ်းစာအား အနက်အဓိပ္ပါယ် ဖွင့်ဆိုလေ့လာ တွေးခေါ်ခြင်းဖြစ်သည်။

အမျိုးသားဦးစီးမှုသည်သာ စစ်မှန်သောတန်ဖိုးရှိအမှန်တရားဟူ၍လက်ခံနေကြသည့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများသည် ဖန်ဆင်းခြင်းအချိန်ကပင် တန်းတူ၊ ရည်တူရှိခဲ့ခြင်းကို ပြန်လည်အမှတ်ရရန်လိုအပ်သည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘုရားရှင်၏ ပုံလင်၍ ကောင်းမြတ်သော ပုံသဏ္ဍာန်ဖြစ်ကြောင်း အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်ကဖော်ပြသည်။

**အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ် တိုးတက်ဖွံ့ဖြိုးလာပုံ**

၁၆၆၇ ခုနှစ်တွင်၊ Magaret Fell က အမျိုးသမီးများသည် အမျိုးသားများနည်းတူ(က) သမ္မာကျမ်းစာကို အနက်အဓိပ္ပါယ်ဖွင့်ခွင့်ရှိသည် (Biblical Hermenutic)။ (ခ)လူသားဆန်သောဓမ္မအတွေးအခေါ် (Theological Antropology)များကို အသင်းတော်တွင် ဟောပြောခွင့်၊ သင်ကြားခွင့်နှင့် စီမံအုပ်ချုပ်ခွင့်ရှိသည်ဟု ဆိုခဲ့သည်။

၁၈၈၇ ခုနှစ်တွင်၊ Sarah Grinke က သမ္မာကျမ်းစာ အခြေခံအားဖြင့်သော်လည်းကောင်း၊ ခရစ်ယာန်ဓမ္မအတွေးအခေါ် အားဖြင့်သော်လည်းကောင်း၊ အမျိုးသမီးများသည် လူ့အဖွဲ့အစည်း၌ အမျိုးသားများနှင့် တန်းတူအခွင့်အရေး(Equal right) ရရှိပြီးဖြစ်ကြောင်း ကမ္ဘာ ၁း၂၇-၂၈ ကိုအခြေခံ၍ ပြောခဲ့သည်။

၁၈၄၀ ပြည့်နှစ်နောက်ပိုင်းတွင် အမျိုးသမီးရပိုင်ခွင့်၊ အခွင့်အရေးလှုပ်ရှားမှု (Women Rights Movement) ပေါ်ပေါက်လာသည်။



၁၈၄၈ ခုနှစ်တွင် (1) Right to own Property. (2)Free speech. (3) Obtain divorce. (4) Equal opportunity in profession and education. (5) vote တို့ကိုတောင်းဆိုခဲ့ကြသည်။

၁၉ ရာစုတွင် အမျိုးသားတွေက အမျိုးသမီးတွေအပေါ် ဖိနှိပ်ချုပ်ချယ်ဖို့အတွက် သမ္မာကျမ်းစာကို လက်နက်သဖွယ်အသုံးပြုခြင်းအား တွန်းလှန်ရမည်ဟု Elisabeth Cady Staton ကဆိုခဲ့သည်။

၁၉၆၀ပြည့်နှစ်နောက်ပိုင်းတွင် အမျိုးသမီးလွတ်မြောက်ရေး(Women Libration) ပေါ်ပေါက်လာသည်။

၁၉၇၀ ပြည့်နှစ်တွင် Feminist Theology ကို သမ္မာကျမ်းစာအခြေခံပြီး စတင်ပေါ်ထွက်လာသည်။

**အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်၏ ရည်ရွယ်ချက်**

* အမျိုးသမီးများအတွက် အဓိပ္ပါယ်ရှိရှိ လူသားဆန်သော ဘဝအခြေအနေရရှိရန်၊
* အသင်းတော်နှင့် လူ့အဖွဲ့အစည်းအတွင်း ဓမ္မအတွေးအခေါ်အရဖြစ်စေ၊ သမ္မာကျမ်းအားဖြင့်ဖြစ်စေ၊ အမျိုးသားများကိုသာ တစ်ဖက်စောင်းနင်းအလေးပေးခြင်းကိုပြန်လည်ဆန်းစစ်ဖော်ထုတ်ရန်၊
* အသင်းတော်နှင့် လူမှုအဖွဲ့အစည်းအတွင်း ဦးဆောင်ခြင်း၊ အဆုံးအဖြတ်ပေးခြင်း စသည်တို့၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြု၍ မြှင့်တင်ပေးရန်။
* အမျိုးသားများကိုသာ ရှေ့တန်းတင်သည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများအတွင်း အမျိုးသမီးများသည် အခွင့်အရေးကင်းမဲ့သည့်ဘဝမှ လွတ်မြောက်လာစေရန်၊

ဘုရားသခင်အလိုတော်ရှိသော နိုင်ငံတော် တည်ထောင်နိုင်ရန်အလို့ငှာ အသင်းတော်နှင့် လူမှုအဖွဲ့အစည်းအတွင်း တရားမျှတမှုရှိခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ဖန်ဆင်းခြင်းနှင့်ထပ်တူ ညီညွတ်မျှတ ပြည့်စုံမှုရှိခြင်းတို့အတွက် အမျိုးသမီးနှင့် အမျိုးသားများသာတူညီမျှအခွင့်အရေးရယူကာ တစ်လုံးတစ်ဝတည်းသဘောဖြင့် အတူတကွ လက်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။

**အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ် အခြေခံ(၁၂)ချက်**

ကမ္ဘာ့အမျိုးသမီးများညီလာခံ(၁၉၈၆-ဇူလိုင်လ)ကို Strasbourg မြို့တွင် ကျင်းပခဲ့သည်။ ထိုညီလာခံမှ အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ် အခြေခံ(၁၂)ချက်ကို ချမှတ်ခဲ့ပါသည်။

၁။ ညီအစ်မများသည် ခရစ်တော်၌ ညီအစ်ကိုများမဟုတ်။

၂။ ဖခင်အုပ်စိုးမှုစံနစ်သည် အသင်းတော်များစုပေါင်းပုံဖော်နေသော အမျိုးသားတပ်ပေါင်းစုကြီးဖြစ်သည်။

၃။ အမျိုးသမီးများသည် ဂုဏ်ပြုခြင်းခံရသော အမျိုးသားများမဟုတ်။

၄။ ထာဝရဘုရားသည် ခမည်းတော်ဘုရားသခင်မျှသာ မဟုတ်။

၅။ ယဇ်ပုရောဟိတ်အရာသည် လူသားအားလုံးအတွက်ဖြစ်သည်။ အမျိုးသားများအတွက်သာ မဟုတ်။

၆။ လိင်ခွဲမှုဝါဒကို အပြစ်တရားအဖြစ် လက်ခံသတ်မှတ်လိုက်ခြင်းအားဖြင့် ပြောင်းလဲမှုကို အစပြုနိုင်သည်။

၇။ အသင်းတော်၌ အမျိုးသမီးများပါဝင်ခြင်းသည် မိမိကိုယ် မိမိ နေရာယူရန်အတွက်မဟုတ်။ အသင်းတော်သည် ရှိသင့်၊ ဖြစ်သင့်သော ပုံမှန်အနေအထားသို့ ရောက်စေရန်ဖြစ်သည်။

၈။ ခံစားချက်နှင့် မျက်ရည်အားဖြင့် ဘုရားသခင်သည် မိန့်မြွက်တော်မူ၏။

၉။ အမျိုးသမီး၏ကိုယ်ခန္ဓာသည် သူမ၏မွေးရာပါ ဘုရားရှင်၏ သဏ္ဍာန်တော်ဖြစ်သည်။

၁၀။ တစ်ဦးကိုတစ်ဦးနားထောင်ခြင်းသည် ဘုရားသခင်၏ စကားကိုကြားနာသော နည်းတစ်နည်းပင်ဖြစ်သည်။

၁၁။ အမျိုးသမီးများ တိတ်ဆိတ်စွာနေခြင်းသည် သူတို့ကိုယ်စားအမျိုးသားများကို ပြောခိုင်းခြင်းမဟုတ်။

၁၂။ အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်သည် ဘဝသေနေရသူ အမျိုးသမီးများအတွက်သာမက တစ်လောကလုံးအတွက် ရှင်သန်မှုကိုပေးနိုင်သည့် ထိုးဖောက်မှုတစ်ရပ်ဖြစ်သည်။

**နိဂုံး**

ယနေ့ကမ္ဘာနှင့်အဝှမ်း အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်များ တိုးတက်ဖွံ့ဖြိုး၍ လှုပ်ရှားသက်ဝင်နေချိန်တွင် တွေ့မြင် သဘောပေါက်ထားသင့်သည်များကို တင်ပြပါသည်။ အမျိုးသားသည် အမျိုးသားပဲဖြစ်ပါသည်။ ထို့အတူ အမျိုးသမီးသည်လည်း အမျိုးသမီးသာဖြစ်ပါသည်။

သို့သော် အမျိုးသမီးတို့၏ ခံစားချက်နှင့် အနေအထားများ၊ အမျိုးသမီးများအတွက် လုပ်ဆောင်ပေးရန် ပျက်ကွက်နေခဲ့သောအရာများကို မြင်တွေ့စေလိုပါသည်။ အမျိုးသမီးဆိုင်ရာ ဓမ္မအတွေးအခေါ်ကို မှန်မှန်ကန်ကန်နားလည်၍ သမ္မာကျမ်းစာတော်၏ ဖွင့်ပြချက်နှင့်အညီ အမျိုးသမီးများသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်အားဖြင့် အမျိုးသားတို့နှင့် တန်းတူဖန်ဆင်းခံရသူပင်ဖြစ်ကြောင်း ခံယူနိုင်ရန် လိုအပ်ပါသည်။

**မိုင်အောင်မဖြူ**

<u>ကိုးကားသောစာအုပ်များ</u>

* *ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများပါဝင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များ။ ၁၉၉၇ ခုနှစ်၊ ဒေါ်လှရည်ရာဖွေပြုစုသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ။*
* *အမျိုးသား၊ အမျိုးသမီးနှီးနွှယ်မှုဆိုင်ရာ ကျမ်းသဘောအမြင်။ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ၊ ၁၉၉၈ ခုနှစ်၊*
* *မြန်မာနိုင်ငံဓမ္မတက္ကသိုလ်၊ နှစ်လည်မဂ္ဂဇင်း၊ ၁၉၉၉-၂၀၀၀။ အသင်းတော်နှင့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများကဏ္ဍ။*
* *အမျိုးသမီးဓမ္မအတွေးအခေါ် စာတမ်း။ ဒေါ်ခင်ဆွေဦး(၂၇.၁၁.၉၉)။*

---

သေးနုပ်သောကိစ္စကလေးတစ်ခုကို မေတ္တာစေတနာဖြင့် ပြုလုပ်ပေးလိုက်သော် အလွန်တန်ဖိုးကြီးလေစွ။ (အပိုဒ်- ၈၁၄)

လူကောင်းကလေး...... နေ့တိုင်းနေ့တိုင်း မင်းက ယေရှုကို ဒီလိုခဏခဏပြောပါ။ ကိုယ်တော်ကို ချစ်တယ်... ကိုယ်တော်ကိုချစ်တယ်.... ကိုယ်တော်ကိုချစ်တယ်....။ (အပိုဒ်- ၈၇၈)

(မွန်ဆိညော် အက်စ်ကရီးဗား၏ သည်လမ်း(The Way)မှကောက်နုတ်ချက်)

ရှာလမ်းမဂ္ဂဇင်းကော်မတီအနေနဲ့ အင်တာဗျူးကဏ္ဍကို ထည့်သွင်းမယ်လို့ဆုံးဖြတ်လိုက်တဲ့အခါ ဘယ်သူဘယ်ဝါဖြစ်သင့်တယ်ဆိုတာ စဉ်းစားကြပါတယ်။ တစ်ဦးပြီးတစ်ဦး စဉ်းစားပြီးတဲ့နောက်တော့ နာမည်တစ်ခုထွက်လာပါတယ်။ သူကတော့ ဦးအောင်ထက်ဒိုး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရင်း တစ်ဘက်ကအသင်းတော်မှာ အားကိုးအားထားပြုရသူတစ်ဦး၊ ဆက်ကပ်နေသူတစ်ဦး။

ဓမ္မတက္ကသိုလ်စာကြည့်တိုက်ရဲ့ အောက်ထပ်စာသင်ခန်းမှာ ကျွန်တော်တို့ရှာလမ်းစာတည်းအဖွဲ့နဲ့ တွေ့ဆုံအင်တာဗျူးခဲ့ပါတယ်။ အဲဒီအင်တာဗျူးမှာ သူနှင့်အတူ ဇနီးဖြစ်သူဒေါ်သီသီလွင်လည်းရှိနေခဲ့ပါတယ်၊

# ရှာလမ်းတွေ့ဆုံ



■ **အသင်းတော်မှာ လက်ရှိထမ်းဆောင်နေရတဲ့ တာဝန်တွေကိုသိပါရစေ။**

Holy Cross အသင်းတော်ရဲ့ အတွင်းရေးမှူး၊ Holy Cross ဓမ္မတက္ကသိုလ်ရဲ့ Management ကော်မတီအဖွဲ့ဝင်၊ National Youth For Christ ရဲ့ဘဏ္ဍာထိန်း စတဲ့တာဝန်တွေကို ဆက်ကပ်ထမ်းဆောင်လျက် ရှိပါတယ်။

■ **Laymanတစ်ဦးအနေနဲ့ အသင်းတော်မှာ ဆက်ကပ်ပါဝင်ခြင်းဟာ ဘာကြောင့်ပါလဲ။**

ဒီ layman ကဏ္ဍမှာ အဓိကကျွန်တော်ဝင်ပြီး လုပ်လာနေရခြင်းမှာ ဘုရားရှင်ရဲ့ ကောင်းချီး Blessing of God ကို ကျွန်တော် နားလည်ခံယူတဲ့အနေနဲ့ ရေတွက်ခြင်းဖြစ်ပါတယ်။ ဘယ်နေရာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ်ဘုရားမပါပဲနဲ့ ကျွန်တော်မလုပ်ဖို့၊ လုပ်လေ့လုပ်ထမရှိအောင် ကျွန်တော့်ကို ဘုရားရှင်က အမြဲတမ်းသွန်သင်ပေးနေတယ်လို့ ကျွန်တော်ခံယူပါတယ်။ ဒုတိယအနေနဲ့ အသင်းတော်မှာ ဦးဆောင်နေရသူများအတွက် layman အနေနဲ့ အကြံဉာဏ်ပေးခြင်း၊ နှုတ်၏ဆောင်မခြင်း၊



**ကိုယ်ရေးအချက်အလက်**

| | |
|---|---|
| အမည် | – ဦးအောင်ထက်ဒိုး |
| မွေးသက္ကရာဇ် | – ၄.၁၁.၆၂ |
| မိဘ | – ဦးစိုက်ဒိုး၊ဒေါ်မာသာဆွေထက် |
| ဇနီး | – ဒေါ်သီသီလွင် |
| သားသမီး | – သားနှစ်ယောက်၊ သမီးတစ်ယောက် |
| အလုပ်အကိုင် | – Managing Director; D&J General Trading Interprise. |
| အသင်းတော် | – Holy Crossအသင်းတော်၊ အင်းယားလမ်း၊ ရန်ကုန်မြို့ |

ကိုယ်တိုင် ပါဝင်ပြီး တွဲခေါ်ပံ့ပိုးပေးတာဖြစ်သလို၊ General Knowledgeနဲ့ လူနှင့်လူ့ပတ်ဝန်းကျင် ပေါင်းသင်းဆက်ဆံရေး(co-operation) လက်ရှိအနေအထားမှ ပိုမိုတိုးတက်စေလိုခြင်းကို ရည်ရွယ်ပြီးလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

■ **အသင်းတော်မှာ laymanတွေနဲ့ သင်းအုပ်ဘုန်းတော်ကြီးတွေရဲ့ အနေအထားဟာ ဘယ်လိုဖြစ်သင့်ပါသလဲ။**

အသင်းတော်တစ်ခုလုံးအနေနဲ့ ပြောရရင်တော့ ကျွန်တော့်အတွက် အလွမ်းကျယ်လွန်းပါတယ်။ ကျွန်တော်သိတဲ့ ကျွန်တော်ကြီးပြင်းလာတဲ့ Holy Crossအသင်းတော်ရဲ့ အခြေအနေကိုပဲ တင်ပြပေးချင်ပါတယ်။ ဒီ Holy Cross အသင်းတော်မှာ laymanကဏ္ဍ၊ ဘုန်းကြီးကဏ္ဍ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားမှုရှိကြတယ်။Co-operation shipအပြည့်အဝရှိကြတယ်။ ဥပမာအားဖြင့် layman တစ်ယောက်ရဲ့ weakpoint အားနည်းချက်ကို ဘုန်းတော်ကြီးများ ထောက်ပြပြင်ဆင်ပေးသလို ဘုန်းတော်ကြီးတွေရဲ့ လိုအပ်ချက်၊ လစ်ဟာမှုတွေကိုလည်း ဖေးမပြင်ဆင်ပေးနေကြပါတယ်။ ဒီလိုမျိုးမှာ Personal Reaction မရှိဘဲနဲ့ အသင်းတော်အတွက်၊ ဘုရားရှင်အတွက်ကို တစ်ဦးနဲ့တစ်ဦး sharing လုပ်ကြပါတယ်။ တစ်ဦးနဲ့တစ်ဦး လေးလေးစားစား ဆွေးနွေးညှိနှိုင်းလက်တွဲ လုပ်ဆောင်ပါတယ်။ ဒီလို laymanတွေနဲ့ ဘုန်းတော်ကြီးများအပြန်အလှန် ညှိနှိုင်းမှု၊ တစ်ယောက်နဲ့တစ်ယောက် Understanding ထားရှိမှုဟာ အသင်းတော်အတွက် အများကြီး အကျိုးအမြတ်ရှိပါတယ်။

■ **ဒီနေ့အသင်းတော် ဘယ်လိုဖြစ်သင့်ပါသလဲ။**

ရေ့ဆက်ပြုလုပ်မယ့် အသင်းတော်မှာ လှုပ်ရှားမှုကဏ္ဍတွေမှာ ဖြစ်နိုင်လို့ရှိရင် ဖြစ်နိုင်စေချင်တာက Spiritual Revivalပိုင်းနဲ့ပတ်သက်လို့ ပိုပြီးတော့ လုပ်ပေးစေချင်ပါတယ်။ Infra Structure ပိုင်းကို တည်ဆောက်တာဟာ တည်ဆောက်တာတစ်ပိုင်းပါပဲ။ Structureပိုင်း ဘယ်လောက်ပဲ တည်ဆောက်နိုင်သော်ငြားလည်း Spiritualပိုင်းမှာ တည်ဆောက်နိုင်ခြင်းမရှိရင် Infra Structure များသည် ဘာမှအသုံးမဝင်ဘူး။ ဒီ Programတွေ၊ ဒီ Project တွေဟာ အောင်မြင်မှုမဟုတ်ဘူးလို့ ကျွန်တော်ခံစားမိတယ်။

■ **စီးပွားရေးလုပ်နေတဲ့ ခရစ်ယာန်တစ်ဦး အနေနဲ့ ဘယ်လိုခံယူချက်ကို အဓိကထားပါသလဲ။**

စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါမှာ စီးပွားရေးဆန်ဆန်၊ စီးပွားရေးအကျိုးအမြတ် တစ်ခုကိုပဲ ကျွန်တော်မကြည့်ပါဘူး။ ကျွန်တော်လုပ်ဆောင်တဲ့ လုပ်ငန်းမှန်သမျှ လူနဲ့လူ့ပတ်ဝန်းကျင်၊ မိတ်ဆွေချင်း ပြေလည်စွာပေါင်းသင်းဆက်ဆံမှု၊ မျှမျှတတ အဆင်ပြေပြေနဲ့ စိတ်ကျေနပ်မှု ရရှိစေဖို့ မူတည်ပြီးတော့ လုပ်ဆောင်ပါတယ်။ အထူးသဖြင့် ပတ်ဝန်းကျင်မှာ ခရစ်ယာန်တစ်ယောက်ရဲ့ ပုံသက်သေကောင်းပြနိုင်ဖို့အတွက် ကျွန်တော်ကြိုးစားလုပ်ဆောင်ပါတယ်။

■ **ဆက်လက်ပြီး မိသားစုဘဝနဲ့ပတ်သက်ပြီးတော့ သိပါရစေ။ ဘယ်လိုခံယူချက်ဖြင့် မိသားစုဘဝကိုတည်ဆောက်ပါသလဲ။**

ကျွန်တော့်မိသားစုဘဝနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ခံယူချက်က ဘုရားရှင်ရဲ့လမ်းပြမှုအောက်မှာ၊ ဘုရားရှင်ကို ကိုးစားယုံကြည်မှုအောက်မှာအသက်ရှင်ပြီး ဘုရားသခင်ရဲ့အလိုတော်နဲ့ညီတဲ့ ခရစ်ယာန်အိမ်ထောင်မိသားစုဘဝကို ကျွန်တော်ရအောင် ကြိုးစားလျက်ရှိပါတယ်။ မိသားစုထဲမှာရှိတဲ့ လူတစ်ဦးတစ်ယောက်စီရဲ့လိုအပ်ချက် သူတို့ရဲ့မျှော်လင့်ချက်တွေကို တတ်နိုင်သရွေ့ ခံစားနားလည်သိတတ်ဖို့အတွက်၊ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျွန်တော်အမြဲ ကြိုးစားပါတယ်။ နေ့စဉ်တိုင်း နေ့စဉ်တိုင်း ဘုရားရှင်က ကျွန်တော့်သားသမီးတွေရဲ့ လျှောက်ရမယ့်အသက်တာလမ်းကို လမ်းပြပေးဖို့အတွက် နေ့စဉ်တောင်းခံပါတယ်။

■ **ဇနီးမောင်နှံနှစ်ဦးအတွက် အရေးကြီးသောအရာက ဘာဖြစ်မလဲလို့ထင်ပါသလဲ။**

ဇနီးမောင်နှံနှစ်ဦးအတွက် အရေးကြီးဆုံးအရာသည် တစ်ယောက်နဲ့တစ်ယောက် နက်ရှိုင်းစွာထားရှိတဲ့ မေတ္တာနဲ့ဘုရားသခင်ကို ယုံကြည်ပြီး ဘုရားသခင်ပြတဲ့လမ်း၊ ပေးတဲ့လမ်းကိုအတူတကွ လျှောက်လှမ်းနိုင်ဖို့ဆိုတာ ဖြစ်ပါတယ်။

*(အဲဒီအချိန်မှာ အနားမှာရှိတဲ့ ဒေါ်သီသီလွင်ကို မေးပါတယ်)*

■ **မသီအနေနဲ့ ကိုအောင်ထက်ဒိုးအပေါ်မှာ ခင်ပွန်းသည်တစ်ဦးအဖြစ် ဘယ်အရာတွေကို လိုအပ်ချက်ထားပါသလဲ။**

သူ့ဆီကလိုအပ်ချက်ဆိုလို့ အဓိကတော့ ချစ်ခြင်းမေတ္တာ၊ နွေးထွေးမှု၊ နားလည်မှု၊ တစ်ယောက်နဲ့ တစ်ယောက်ယုံကြည်မှုတို့ဖြစ်ပါတယ်။ သူ့ဆီကအလိုအပ်ဆုံးကတော့ ချစ်ခြင်းမေတ္တာနဲ့ နွေးထွေးမှုပါ။ ရလဲရနေပါတယ်။ စုံဖက်ပေးခဲ့တဲ့ ဘုရားရှင်ကိုလည်းကျေးဇူးတင်ပါတယ်။

■ **ကိုအောင်ထက်ဒိုးအနေနဲ့ မြန်မာပြည်တလွှားမှာရှိတဲ့ အသင်းတော်တွေကိုတတ်အားသရွေ့ လက်လှမ်းမီသလို ပါဝင်လှူဒါန်းခဲ့တာကို ကျွန်တော်တို့မြင်တွေ့ရပါတယ်။ အဲ့ဒီလို လှူဒါန်းတဲ့အခါ လှူဒါန်းခြင်းနဲ့ ပတ်သက်လို့ဘယ်လို ခံယူချက်ရှိတယ်ဆိုတာ သိပါရစေ။**

ဒီလှူဒါန်းခြင်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်ရော၊ ကျွန်တော့်အမျိုးသမီးရော ယုံကြည်ချက်က ဆယ်ဖို့တစ်ဖို့လှူတာသည် ကျွန်တော်တို့အတွက် ထိပ်ဆုံးမှာရှိတယ်။ အလွန်အရေးကြီးတယ်။ ယုံလည်းယုံကြည်တယ်။ ခံစားလဲခံစားရတယ်။ ကျွန်တော်တို့ဘဝစ ထူထောင်တဲ့အချိန် အတော်ရုန်းကန်ခဲ့ရတယ်။ ဒါပေမယ့် ရတဲ့လခ၊ ရတဲ့ဝင်ငွေကိုစပြီး ဆယ်ဖို့တစ်ဖို့ ဘုရားရှင်အတွက်လှူဒါန်းခြင်းအားဖြင့် ဘာဖြစ်လာသလဲဆိုတော့ ဘုရားရှင်က တစ်နည်းမဟုတ်တစ်နည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါတယ်။ ကျမ်းစာထဲမှာပါတဲ့အတိုင်း ဒီအရာတွေအားလုံးက ဘုရားသခင်ပေးတာပါ။ ကိုယ်ကဘာဖြစ်လို့ ငါ့ပစ္စည်း၊ ငါ့ဟာ၊ ငါကြိုးစားလို့ရတာဆိုတာမျိုးနဲ့ ထိန်းချုပ်ထားရမှာလဲ။ ဘုရားပေးတယ်ဆိုတာကို ကျွန်တော်ယုံကြည်တယ်။ ယုံကြည်တဲ့အတွက် ကျွန်တော်ပြန်ပေးနေခြင်း/ဆက်ကပ်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တော်တိုက်တွန်းချင်ပါတယ်။ ကျွန်ကပ်ကြည့်ပါ။ လူတိုင်းဒါမျိုး ဆက်ကပ်ကြည့်ပါ။ လုပ်ဆောင်ကြည့်ပါ။ ဘယ်လိုဖြစ်လာမလဲဆိုတာကို သိနိုင်ပါတယ်။

■ **နောက်မေးခွန်းတစ်ခုပေါ့နော်။ လူငယ်နဲ့ လူကြီး ဆက်ဆံရေးပေါ့၊ ဘယ်လိုရှိသင့်ပါသလဲ။**

လူငယ်တွေကို ကောင်းမွန်တဲ့ Guideလိုင်းပေးပြီးတော့ ပြုစုပျိုးထောင်ပေးသင့်တယ်။ လူငယ်





တွေရဲ့တွေးခေါ်မှု၊ပါဝင်ရောယှက်မှု၊ လုပ်ဆောင်မှုတို့ကို ကြိုဆိုဖို့၊ အသိအမှတ်ပြုဖို့၊ နေရာပေးဖို့လိုအပ်ပါတယ်။ လူကြီးများက ဦးဆောင်ဦးရွက်ပြုပြီး လက်တွဲခေါ်သွားနိုင်မယ်ဆိုရင် အသင်းတော်အတွက်၊ တိုင်းပြည်အတွက်၊ အကျိုးစီးပွားအတွက် အများကြီးအကျိုးရှိမယ်လို့ ကျွန်တော်မြင်ပါတယ်။ ယုံလည်းယုံကြည်ပါတယ်။

■ **အလုပ်လုပ်နေတဲ့ လူငယ်တွေအပေါ်မှာ ဘယ်လိုအကြံပေးချင်ပါသလဲ။**

ကိုယ်လုပ်တဲ့အလုပ်ကို လေးစားပါ။ အချိန်ကို တန်ဖိုးထားပါ။ ဘုရားရှင်ကို ယုံကြည်ကိုးစားပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ကြိုးစားအလုပ်ကို လုပ်ဆောင်ပါလို့ ပြောချင်ပါတယ်။ အလုပ်ကိုတတ်သိနားလည်ပြီး ကိုယ်ကပြန်သင်ပေးနိုင်တဲ့၊ အလုပ်ကို နားလည်တဲ့ လူဖြစ်လာအောင်လည်း ကြိုးစားစေချင်ပါတယ်။

■ **စီးပွားရေးလုပ်ငန်း လုပ်တဲ့အခါမှာဖြစ်ဖြစ်၊ တစ်ခြားတစ်ခုခုကို အောင်မြင်တိုးတက်အောင် လုပ်တဲ့အခါမှာဖြစ်ဖြစ်ပေါ့နော်။ ငွေကြေးအရင်းအနှီးရှိမှ အလုပ်လုပ်နိုင်မယ်ဆိုတဲ့ အယူအဆမှန်တယ်ထင်ပါသလား။**

ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုတော့ လုံးဝမှားပါတယ်။ ငွေကြေးရှိဖို့ထက် လုပ်ငန်းကိုတတ်သိနားလည်အောင် ကြိုးစားလုပ်ဆောင်ဖို့က ပိုပြီး အဓိကကျပါတယ်။

■ **ကျေးဇူးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ ဒီရာလုမ်စာမျက်နှာပေါ်ကနေပြီးတော့ ကျွန်တော်တို့ရဲ့ စာဖတ်ပရိသတ်ကိုပြောပြချင်တာလေး...**

တစ်ခုပဲ ကျွန်တော်စိတ်ထဲမှာရှိတာက ဘယ်အရာပဲလုပ်လုပ်၊ လူရဲ့မျက်နှာ၊ လူနဲ့လူ့ပတ်ဝန်းကျင်ရဲ့မျက်နှာရဖို့ အဓိကမထားပဲ ဘုရားအတွက် ဘုရားရဲ့မျက်နှာရဖို့ အဓိကထားပြီးစဉ်းစားဆင်ခြင်ပြီး လုပ်ဆောင်ပါလို့ပြောချင်ပါတယ်။

(စာတည်းအဖွဲ့)

# သံဃာဆရာနှင့် အသင်းသားတပည့်တော်များ

**John Stott**

သံဃာဆရာများ(clergy)ဆိုသည်မှာ အသင်းသားတပည့်တော်များ(laity) တို့အပေါ် လွှမ်းမိုးချုပ်ကိုင်ခြင်း(clericalism) ကိုကျင့်သုံးရန်မဟုတ်။ သံဃာဆရာတို့ကို သိက္ခာမဲ့အောင်ပြု၍ ထိုသူတို့မလိုပဲ လုပ်ဆောင်နိုင်ကြောင်း (anticlericalism) ကို ဖော်ပြရန်လည်းမဟုတ်။ အသင်းသားတပည့်တော်တို့သည် အသင်းတော်ဖြစ်ကြောင်း၊ ထိုသူတို့ကို အစေခံဝန်ထမ်းရန် (to serve)၊ ဘုရားသခင်၏ အလိုတော်နှင့်အညီဖြစ်လာဖို့ ထိုသူတို့ကို ပြုစုပျိုးထောင်ပေးရန် (to equip) သံဃာဆရာတို့သည် ခန့်ထားခံရကြောင်း သတိပြုရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် 'အစေခံဝန်ထမ်းရန်' ခေါ်ထားခံရခြင်းဖြစ်ပြီး၊ 'အုပ်စိုးရန်'မဟုတ်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ 'အစေခံဝန်ထမ်းများ'ဖြစ်သည်။ ကိုယ်တော်၏ လက်တိုလက်တောင်းခိုင်းစရာများ (Errand -boys)ဖြစ်သည်။ ခရစ်တော်အဖို့အလို့ငှာ အခြားသူများ၏ 'အစေခံဝန်ထမ်းများ'ပင်ဖြစ်သည်။ ဤအချက်သည် ခရစ်တော်၏တပည့်နောက်လိုက်များ (disciples of Christ)တိုင်းအတွက် မှန်ကန်သော်လည်း အထူးသဖြင့် အသင်းတော်၏အကြီးအမှူးအရာ၌ ခေါ်ထားခြင်းခံရသူများအတွက် ဖြစ်ပါသည်။ "သင်တို့တွင် အကဲအမှူးပြုသောသူကို ငယ်သားကဲ့သို့ဖြစ်စေ" (လုကာ ၂၂း၂၆)

အစအဦး၌ အသင်းတော်သည် ဘုရားရှင်အတွက်တည်ရှိခြင်းဖြစ်သည်။ ဘုရားရှင်က သူ၏လူများကို "မိမိနာမအဖို့" ခေါ်ယူထားသည် (တမန် ၁၅း၁၄)။ ကိုယ်တော်၏ဘုန်းဂုဏ်တော်ကို ချီးမွမ်းထောမနာပြုရန်ခေါ်ထားခြင်းခံရသည်။ ထို့ကြောင့် အသင်းတော်၏ပထမတာဝန်မှာ 'ဝတ်ပြုကိုးကွယ်ခြင်း'ဖြစ်သည်။ သို့ဖြစ်၍ အသင်းသားတပည့်တော်တို့အတွက် သံဃာဆရာများ ပြုလုပ်ပေးရမည့် ပထမတာဝန်ဝတ္တရားမှာ ထိုသူတို့ဘုရားရှင်ကိုဝတ်ပြုရာတွင် ကူညီမစရန်၊ မည်သို့ဝတ်ပြုရမည့်အကြောင်း သွန်သင်ပေးရန်နှင့် ဝတ်ပြုခြင်းများ၌ ခေါ်ယူဦးဆောင်ပေးရန်ဖြစ်သည်။

အသင်းတော်၏ ပထမတာဝန်မှာ ဘုရားဝတ်(ဝတ်ပြုကိုးကွယ်ခြင်း)ဖြစ်လျှင် ဒုတိယမှာ လူ့ဝတ်(သက်သေခံခြင်း)ဖြစ်ပါသည်။ အသင်းတော်သည် အမှုတော်ဆောင်ရန် ခေါ်ထားတော်မူခြင်းခံရသည်။ ၎င်းသည် အင်္ဂါအစိတ်အပိုင်းအသီးသီးရှိလျက် အသီးသီးနှင့်ဆိုင်သော လုပ်ငန်းများရှိသည်။ "အမှု (Service) အထူးထူးအထွေထွေရှိသော်လည်း သခင်တစ်ပါးတည်းရှိ၏" (၁ကော ၁၂း၅)။ ဤ'အမှု' သည် 'အမှုတော်ဆောင်ခြင်း' (diakonia) ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်တို့၏အမှုတော်ဆောင်ခြင်းသည် 'သိက္ခာရသူများ'၏ အမှုတော်ဆောင်ခြင်းမဟုတ်သကဲ့သို့ ထိုသို့လည်းမဖြစ်နိုင်ပေ။

အသင်းသားတပည့်တော်တို့နှင့် ဆိုင်သော အကြီးဆုံးအမှုတော်ဆောင်ခြင်းမှာ သခင်ယေရှုခရစ်ကို သက်သေခံခြင်းတည်းဟူသော ဧဝံဂေလိနံ့ပြားခြင်းဖြစ်သည်။ ဤအမှု၌ အသင်းသားတပည့်တော်များသည် သံဃာဆရာတို့ထက်ပို၍ စွမ်းဆောင်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အသင်းသားတပည့်တော်တို့သည် 'အသင်းတော်၌ ပျံ့နှံ့လျက်ရှိသောကြောင့်'၊ 'လောကထဲ၌ ပျော်ဝင်လျက်ရှိသောကြောင့်'ဖြစ်သည်။ ထို့ကြောင့် သံဃာဆရာတို့ထက် လောကီအဖွဲ့အစည်းအလယ်တွင် ပို၍ထဲထဲဝင်ဝင်ရှိနိုင်ပေသည်။ ထိုသို့ဖြစ်နိုင်ရန်အတွက် အရေးကြီးသောအချက်မှာ သံဃာဆရာသည် သင်းအုပ်ဆရာ (pastor)တစ်ပါးအဖြစ် အသင်းသားတပည့်တော်တစ်ဦး ခရစ်တော်အဖို့အသက်ရှင်ရန်နှင့် ခရစ်တော်ကိုသက်သေခံရန် ကူညီမစရန်ဖြစ်သည်။

သင်းအုပ်ဆရာ၏ အဓိကလုပ်ငန်းဆောင်တာမှာ သင်ကြားခြင်း (teaching) ဖြစ်သည်။ သိုးထိန်း၏ အဓိကတာဝန်မှာ သူ၏သိုးများကို စားကျက်ကောင်းသို့ ပို့ဆောင်ထိန်းကျောင်း၍ ကျွေးမွေးရန်ဖြစ်သည်။ 'သိက္ခာခံအမှုတော်ဆောင်ခြင်း' (ordained ministry)သည် အခြေခံအားဖြင့် 'သင်ကြားခြင်းအမှုတော်မြတ်' (teaching ministry)ပင်ဖြစ်သည်။ ထို့ကြောင့် သိက္ခာခံယူမည့်သူသည် 'ဆုံးမသြဝါဒပေးတတ်သောသူ' ဖြစ်ရမည် (၂တိ ၃း၂)ဟူ၍ သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ 'သင်ကြားခြင်းအမှုတော်မြတ်'၏ ရည်ရွယ်ချက်သည် ကျွန်တော်တို့၏အသင်းသားများကို ကျွန်ုပ်တို့၏အာဏာဖြင့် ထိန်းချုပ်ထားရန်မဟုတ်ပဲ ထိုသူတို့သည် သက်ဝင်လှုပ်ရှားသောအမှုတော်မြတ်နှင့် ဝိညာဉ်ရေးရာကြီးထွားမှု (spiritual maturity and active ministry)ထဲသို့ ထိုသူတို့ကို ဦးဆောင်ခေါ်ယူရန်ဖြစ်သည်။

အသင်းတော်၌ သံဃာဆရာများနှင့်အသင်းသားတပည့်တော်များတို့သည် အပြည့်အဝလက်ခံဆောင်ရွက်ရန်လိုသည်။ သံဃာဆရာသည် အသင်းတော်၌အလွန်အရေးကြီးသော ပုဂ္ဂိုလ်ဖြစ်လျက်၊ အသင်းသားတပည့်တော်တို့သည် အရေးမပါသူများ ဖြစ်သည်ဟူ၍မဟုတ်။ အသင်းသားတပည့်တော်တို့သည် အမှန်တကယ်အရေးကြီးလျက် အသင်းတော်တစ်ခုလုံး ဘုရားနှင့် လူကိုအစေခံခြင်းဖြစ်သည်။ သံဃာဆရာတို့သည် ထိုအဖွဲ့အစည်းကြီးကို 'အစေခံဝန်ထမ်းခြင်း'၊ 'အလုပ်အကျွေးပြုခြင်း' ပင်ဖြစ်ပါသည်။

*( John Stott ၏ One people (Pg: 44-49) ကိုဆီလျော်အောင် ပြန်ဆိုကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။)*

---

**ရှာလုမ်အပြုံး**

**တကယ်ချစ်ရင်**

တစ်ခါက ညားခါစ လင်မယားနှစ်ယောက်ရှိသည်။ ခင်ပွန်းဖြစ်သူသည် ဘုရားကျောင်းတက်ရန် အလွန်ပျင်းသည်။ ထို့ကြောင့် ဇနီးဖြစ်သူက သူမ၏ခင်ပွန်းအား .....

"ရှင် ကျွန်မကို တကယ်ချစ်ရင် ဘုရားကျောင်းတက်နော်"ဟုပြောရာ ခင်ပွန်းဖြစ်သူပြန်ပြောလိုက်ပုံက "နင် ငါ့ကိုတကယ်ချစ်ရင် ဘုရားကျောင်း မတက်နိုင်းပါနဲ့လားဟင်" တဲ့ဗျာ။

စောမုတ်ဆိတ် (ကေတု)

# ဘဝပြဿနာ ကျမ်းစာအားဖြင့် အဖြေရှာ

ဦးယုမင်း(မြစ်ကြီးနား)



## နိဒါန်း

ထာဝရဘုရားသည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမတော်မူသည်။ (ဆာလံ ၄၆:၁)

## ဘဝဟူသည်.....အနတ္တ(ဒေသနာကျမ်း)

လူ့ဘဝသည် ပြဿနာများစွာနှင့်သာ ပြည့်နက်လျက်ရှိသည်။ ဒေသနာကျမ်းဆရာက လူ့ဘဝကို "ငိုချင်းသည်တို့သည် လမ်း၌လှည့်လည်ကြ၏" ဟု ဖော်ပြသည်။(ဒေ ၁၂:၅)။ မြေမှုန့်သည် နေရင်းမြေသို့လည်းကောင်း၊ ဝိညာဉ်သည် ဘုရားသခင်ထံသို့လည်းကောင်း ပြန်သွားရလိမ့်မည်ဟု ဆိုထားသည် (ဒေသနာ ၁၂:၇)။ တဒင်္ဂဘဝတွင် ငိုချင်းသည်ဖြစ်တဲ့ သမ....လူ။ လူသည် အလွန်ဆင်းရဲခြင်းကိုခံရ၏။ နောင်ဖြစ်လတ့ံသောအရာကိုလည်း မသိ (ဒေသနာ ၈:၇)။

## ဘဝပြဿနာ.....လူတစ်ဦးမှုရှာဖွေခြင်း

တဒင်္ဂဘဝကို ငွေကြေးစည်းစိမ်အားကိုးနှင့် အလုံဆင် သနိုင်မည်ဟု ထင်မှတ်ယုံကြည်သူများလည်းရှိကြပါသည်။ သို့သော် ကြွယ်ဝချမ်းသာသူတို့၏ဘဝသည်လည်း တံလျှပ်သဖွယ် လွင့်ပြယ်ရပေမည်။ ငွေကြေးဥစ္စာဖြင့် ထာဝရအသက်ကို မတည်ဆောက်နိုင်ပေ။ စည်းစိမ်သည်လည်း မကောင်းသောအမှုအားဖြင့် ပျောက်ပျက်တတ်၏(ဒေ ၅:၁၄)။ စည်းစိမ်ရှင်တို့၏ ဘဝသည်လည်း အနတ္တ၊ ဒေသနာကျမ်းဆရာက "စည်းစိမ်ရှင်သည်လည်း အမိဝမ်းထဲက အလျင်းမပါပဲ ထွက်လာသကဲ့သို့ ထိုနည်းတူ ပြန်သွားရမည်" ဟုဖော်ပြပါသည်(ဒေ ၅:၁၅)။ စိတ်နှလုံးရွှင်လန်းခြင်းအခွင့်ကို ဘုရားသခင်ပေးတော်မူသဖြင့်သာ အနတ္တဖြစ်သော လူတို့ဘဝတွင် ဘုရားရှင်အတူပါရှိမှသာ ထိုဘဝသည် အဓိပ္ပါယ်ရှိ၍ ပြည့်စုံခြင်းရှိမည်။

## ပြဿနာပေါင်း....သောင်းခြောက်ထောင်

လူတိုင်း...ဘဝပြဿနာတို့နှင့် တွေ့ကြုံရသည်။ မွေးဖွားခြင်းအားဖြင့် ငို၍ဘဝစခဲ့သောလူသားသည် သေခြင်းကို အစဉ်ကြောက်ရွံ့ခဲ့ရပြီး တစ်ဖန် သူ၏သေခြင်း၌လည်း ငိုကြွေးမှုဖြင့် အဆုံးသတ်ပြန်သည်။



ကျန်းမာရေးချို့တဲ့ကြ.... ငွေကြေးခက်ခဲ.... အိမ်ထောင်ရေးအဆင်မပြေ... စားဝတ်နေရေးကြပ်တည်း... ဆင်းရဲမွဲတေ... သားသမီးများကလေလွင့်... အရက်မူးယစ်စွဲလန်း... ပင်ပန်းငတ်ပြတ်... ရောဂါဖိစီး...... ဘဝခရီးတွင် ပြဿနာပေါင်းသောင်းခြောက်ထောင်။ ဒုက္ခဆင်းရဲခြင်းသည် လာ၍ တံခါးဝကိုမခေါက်ဖူးသောအိမ် ဟူ၍လည်းမရှိ။

## ဝန်လေးပင်ပန်းသောသူများ

ရုပ်ပိုင်းပြဿနာများသာမက ဘဝ၏စိတ် ဝန်ပိ၊ လေးရသောလူသားသည် ဝမ်းနည်းကြေကွဲကြရ၏။ စိုးရိမ်ပူပန် သောကရောက်ကြ၏။ မေတ္တာခေါင်းပါး ကင်းမဲ့သောဘဝတစ်မျိုး..... အထီးကျန်ဆန်သောဘဝ တစ်ဖုံ....... ဝိညာဉ်ခွန်အား နည်းပါးသောဘဝ တစ်သွယ်.... မဖွယ်မရာ အားငယ်ပင်ပန်းလှလေသည်။ ဝန်လေး၍ပင်ပန်းသော ဘဝခရီးကို လူတို့သည် လျှောက်လှမ်းနေရပါသည်တကား။ ကျမ်းစာတော်မြတ်တွင် "ဝန်လေး၍ပင်ပန်းသူအပေါင်းတို့ ငါ့ထံလာကြလော့။ ငါသည်ချမ်းသာပေးမည်"(မဿဲ ၁၁:၂၈)ဟု ဘုရားရှင်က ဖိတ်ခေါ်ထားပါသည်။ လူသည် မိမိသွားရာလမ်းကို အစိုးမရ။ သွားစဉ်အခါ မိမိခြေရာတို့ကို မစီရင်တတ်(ယေရ ၁၀:၂၃)။ ဒုက္ခ မိမိအား လူသား၏ တစ်ခုတည်းသောအားကိုးရာမှာ မိမိအား ဖန်ဆင်းတော်မူသော ဘုရားရှင်၏ ကရုဏာတော်သာ ဖြစ်ပါသည်။

## ကျွန်ုပ်ခြေရှေ့မှာ မီးခွက်

ဘုရားသခင်ကို အစဉ်ခိုလှုံအားထားသူတို့အတွက် "ထာဝရဘုရား၏ ပညတ်တော်သည် စင်ကြယ်သည်ဖြစ်၍ မျက်စိကို ရှင်းလင်းစေတတ်၏" (ဆာလံ ၁၉:၇)ဟု ဖော်ပြထားပါသည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်သည် လူသား၏ ဘဝခရီးအတွက် မျက်စိကို ရှင်းလင်းမြင်စေတော်မူသော အလင်းဖြစ်ပါ၏။ "နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်သွားရာလမ်းကို လင်းစေပါ၏"(ဆာလံ ၁၁၉:၁၀၅)။ လူသားတို့၏ ဘဝပြဿနာများကို ကျမ်းစာအားဖြင့် အဖြေရှာယူနိုင်သဖြင့် ကျေးဇူးကြီးလှပါသည်တကား။

## အသက်ရှင်သန်ခြင်း၏ အဓိပ္ပါယ်

ခရစ်တော်ယေရှုကိုယ်တော်တိုင်လည်း ကျမ်းစာကိုးကားသူဖြစ်သည်။ တော၌ ရက်လေးဆယ် အစာရှောင်တော်မူစဉ်က စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကို ကျမ်းစာကိုးကား၍ ချေပ ဖြေရှင်းတော်မူခဲ့သည်။ ဆာလောင်မွတ်သိပ်လျက်ရှိသော ကိုယ်တော်အား စာတန်က "ဘုရားသားတော်မှန်လျှင် ဤကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါ" ဟု လျှောက်သည်။ ယေရှုကလည်း "လူသည်မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။ ကျမ်းစာလာ၏" ဟု ပြန်ပြောတော်မူ၏။(မဿဲ ၄:၃-၄) ကိုယ်တော်ရှင်သည် ရက်လေးဆယ် အစာမစားသုံးသော်လည်း ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်ကို ဆင်ခြင်အောက်မေ့ခြင်းတည်းဟူသော ဝိညာဉ်အစာကိုသာ သုံးဆောင်၍ အသက်ရှင်တော်မူခဲ့သည်။

## အသက်တာ၏ အဓိကပြဿနာ

အသက်တာ၏ အဓိကပြဿနာမှာ ဝမ်းရေးကိစ္စပင်ဖြစ်သည်။ လူသည်စားဝတ်နေရေး နေ့စဉ်တွေး၍ ရင်လေးနေသည်။ တောင်ပေါ်ဒေသနာတော်၌ ခရစ်တော်က "သင်တို့သည် အဘယ်သို့စားသောက်ရအံ့နည်း၊ အဘယ်သို့ ဝတ်ရအံ့နည်းဟူ၍ မစိုးရိမ်ကြနှင့်"(မဿဲ ၆:၃၁)ဟုညွှန်ပြထားသည်။ မနက်ဖြန်အတွက် စားဖို့၊ ဝတ်ဖို့ တွေးပူနေတတ်သောသူသည် ညံ့ဖျင်းသောစီစဉ်သူဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို နာခံလိုက်လျှောက်သောသူသည် ကောင်းသောစီစဉ်သူ (**A good planner**) ဖြစ်သည်။ ထိုသူသည် မိမိကြံစည်လုပ်ကိုင်သမျှ ဘုရားသခင်၏ လက်တော်တွင်ရှိသော လမ်းညွှန်ချက်အတိုင်း ဖြစ်ကြောင်းကို သိရှိနားလည်သူလည်းဖြစ်ပေသည်။

## မိုးကောင်းကင်ငှက်ကလေးများ

မိုးကောင်းကင်၌ကျင်လည်သော ငှက်ငယ်များသည် မျိုးစေ့ကို မစိုက်မကြဲ၊ စပါးကိုမရိတ်၊ ကျီ၌မစုသွင်း၊ သို့သော်လည်း ကောင်းကင်ဘုံရှိ ဘုရားသခင်သည် သူတို့ကိုကျွေးမွေးတော်မူ၏။ "ထိုငှက်တို့ထက် သင်တို့သည် အလွန်မြတ်သည် မဟုတ်လော... အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိအသက်ကို တစ်တောင်ခန့်မျှ တိုးပွါးစေနိုင်သနည်း"(မဿဲ ၆း၂၆) ဟုဖော်ပြထားပါသည်။ အကြင်သူသည် လိုအပ်သူကို ပေးကမ်းကူညီတတ်၏။ ထိုသူသည် ဘဝလိုအပ်ချက်ကို ဘုရားသခင်ထံမှ ပြန်လည်ရယူနိုင်ပေမည်။ သင်၏လိုအပ်မှုအတွက် မည်သူအားဖြင့် သင့်ကို ပြန်လည်ပေးဆပ်ရမည်ကို ဘုရားသခင် ရွေးချယ်နိုင်ပေသည်။ "ဆင်းရဲသားကို သနားသောသူသည် ထာဝရဘုရားအား ချေးငှားသောသူဖြစ်၍ သူပြုသောအမှု၏ အကျိုးကို ဆပ်ပေးတော်မူမည်" (သုတ္တံ ၁၉း၁၇)ဟု သမ္မာကျမ်းစာတော်၌ ကတိတော်ရှိပါသည်။

## အဆတစ်ရာသော အသီးအနှံ

လုသမိုင်း၏ အစာခေါင်းပါးခြင်းဘေးကာလ တစ်ခုတွင် ယုံကြည်ခြင်းဖြင့် ဣဇက်သည် မျိုးစေ့ကို ကြဲ၍ **တစ်နှစ်ချင်းတွင် အဆတစ်ရာသော အသီးအနှံ** ကိုရကြောင်း ကျမ်းစာတွင် ဖော်ပြထားလေသည် (ကမ္ဘာ ၂၆း၁၂)။ သူသည် ဘုရား၏စကားတော်ကို နားထောင်လိုက်နာသူ ဖြစ်၏။ အဲဂုတ္တုပြည်သို့ ဝမ်းရေးပြဿနာအတွက် ထွက်မပြေးတော့ပဲ ဘုရားသခင် ညွှန်ပြသောနေရာတွင် မျိုးစေ့ကိုကြဲ၏။ မိုးခေါင်ရေရှားချိန်၌ မိမိစားသုံးနိုင်သောမျိုးစေ့ကို မစားသုံးပဲ ယုံကြည်စွာ မျိုးစေ့ကြဲသော ဣဇက်သည် "ကြီးပွါး၍ အလွန်စည်းစိမ်ကြီးသည့် တိုင်အောင် တိုးတက်လျက်၊ စီးပွါးဥစ္စာ များပြားစွာဖြစ်လေ၏"ဟု ကျမ်းစာတွင် ဖော်ပြထားသည်။ အစာခေါင်းပါးချိန်၌ မိုးကောင်းကင် ပြူတင်းပေါက်တို့ကို ဖွင့်လှစ်ပေးနိုင်သူသည် ဘုရားသခင်သာ ဖြစ်သည်။

<u>လုသမိုင်း၏</u>

<u>အစာခေါင်းပါးခြင်းဘေးကာလတစ်ခုတွင်</u>

<u>ယုံကြည်ခြင်းဖြင့်</u>

<u>ဣဇက်သည်</u>

<u>မျိုးစေ့ကိုကြဲ၍</u>

<u>တစ်နှစ်ချင်းတွင်</u>

<u>အဆတစ်ရာသောအသီးအနှံ</u>

<u>ကိုရကြောင်း......</u>

## သင့်ဘဝ ဝမ်းမြောက်ပျော်ရွှင်လိုလျှင်

စစ်မှန်သော ငြိမ်သက်ဝမ်းမြောက်ခြင်း၊ ချမ်းမြေ့ပျော်ရွှင်ခြင်းကိုရလိုလျှင် နှုတ်ကပတ်တော်လမ်းသို့ လိုက်ရပေမည်။ မတည်မြဲသောငွေကြေးကို ကိုးစား၍ စိတ်ပျော်ဖြေမှုများတွင် ပျော်ရွှင်ဖွယ်ဟု ယုံမှား...... ထိုလမ်းသို့ လိုက်သောသူများအတွက် အဆုံးနေရာသည် စိတ်ပျက်အားငယ်ခြင်း ဖြစ်တတ်သည်၊ ဝမ်းမြောက်ပျော်ရွှင်ရာ တစ်ခုတည်းသော လမ်းစဉ်မှာ နှုတ်ကပတ်တော်လမ်းဖြစ်သည်။ ကျမ်းစာတော်၌ ဝမ်းမြောက် ပျော်ရွှင်ခြင်းသို့ ပို့ဆောင်ပေးနိုင်သော နည်းလမ်းမှာ.....

* ဘုရားရှင်အား ချီးမွမ်းမှီခို (ဆာ ၃၄း၂)
* ဘုရားရှင်အား ရှာဖွေ (ဆာလံ ၃၄း၄)
* ဘုရားရှင်အား ကြောက်ရွံ့ရိုသေ (ဆာလံ ၃၄း၉)
* ဘုရာရှင် အလိုတော်အတိုင်း အသက်ရှင် (ဆာလံ ၃၄း ၁၄)ရန် ဖြစ်ပါသည်။

## ဘဝခရီးကိုပဲ့ကိုင်သူ

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူလိမ့်မည်။ ဘဝခရီးကို ပဲ့ပြင်သူသည် ဘုရားသခင်ဖြစ်၏။ ဂါလိလဲအိုင်အလယ်တွင် လှိုင်းတံပိုး ပြင်းစွာထ၍ လှေကိုရေလွှမ်းမိုးသောအခါ၊ တပည့်တော်တို့သည် ကြောက်ရွံ့၍ "သခင်.... ကယ်တော်မူပါ။ ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်ပါ၏" ဟု အော်ဟစ် လျှောက်ထားကြသည်။ ဘုရားသခင်ကိုယ်တော်တိုင် လှေပေါ်တွင် ပါရှိနေပါလျက် ကြောက်ရွံ့စိုးရိမ်တတ်ကြသော ထိုတပည့်တော်တို့အား ကိုယ်တော်က ဆုံးမတော်မူ၏။ "ယုံကြည်ခြင်း အားနည်းသောသူတို့... အဘယ်ကြောင့် ကြောက်တတ်ကြသနည်း" ဟု မေးတော်မူပြီးလျှင် ထ၍ လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။(မဿဲ ၈း၂၃-၂၆)

## ရွှေပြည်တော်ကမ်းခြေသို့

ကျွန်ုပ်တို့သည် လှိုင်းလေထန်သော ဘဝခရီးလမ်းပေါ်တွင် လှော်ခတ်ဖြတ်သန်းကြစဉ် ထိတ်လန့်ဖွယ်ရာ လောကဓံ မုန်တိုင်းများနှင့် တွေ့ကြုံရသော အခါ ဘုရားသခင်ကိုတ၍ အော်ဟစ်ငြီးတွား တတ်ကြ၏။ ဘုရားသခင်သည် အကျွန်ုပ်တို့နှင့် အစဉ်ရှိတော်မူပြီး "ဆင်းရဲငတ်မွတ်သူတို့၏ အော်ဟစ်သံကို နားထောင်တော်မူ၍ ခပ်သိမ်းသော ဆင်းရဲထဲက ကယ်လွှတ်တော်မူ၏"(ဆာ ၃၄း၆)။

ထို့ကြောင့် တွေ့ကြုံရသော ဘဝဆင်းရဲခြင်း၊ ဒုက္ခလှိုင်းတံပိုးများကို အမှုမထားပဲ ဘုရားသခင်၏ လက်တော် "ရွက်" ကိုအားကိုးခိုလှုံလျက် အိမ်အပြန် ရွှေပြည်တော်ကမ်းခြေသို့ လှော်ခတ်ကြပါစို့။

## နိဂုံး

ဆင်းရဲခံရသောအခါ ထာဝရဘုရားကို အော်ဟစ်၍ ဆင်းရဲဒုက္ခထဲက ထုတ်ဆောင်တော်မူ၏။ လေပြင်းကိုပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏။ ထိုသို့ ငြိမ်ဝပ်သောကြောင့် သူတို့သည် ဝမ်းမြောက်ကြ၏။ အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင်တော်မူ၏။(ဆာလံ ၁၀၇း၂၈-၃၀)။


ဦးယုမင်း(မြစ်ကြီးနား)



၁၉၉၉-၂၀၀၀ ပညာသင်နှစ်၊ H.C.T.C ဘောလုံးအသင်း


# အရည်အချင်းနှင့် လူ

ကောင်းသန့်



- ကိုယ်ပိုင်အရည်အချင်း မရှိသောသူ၏
ပြုမူပြောဆိုမှုမှန်သမျှသည်
သူတစ်ပါးပေါ် မှီခိုနေ၏။
- ကိုယ်ပိုင်အရည်အချင်း မရှိဘဲနှင့်
မိမိ၏ကြီးပွားချမ်းသာမှုကိုလည်းကောင်း၊
သူတစ်ပါးတို့၏ကြီးပွားချမ်းသာမှုကိုလည်းကောင်း၊
စွမ်းဆောင်နိုင်စွမ်းမရှိ။
- ကိုယ်ပိုင်အရည်အချင်းဆိုသည်မှာ
သူတစ်ပါးကို အားမကိုး
ကိုယ်အား ကိုယ်ကိုး
ကိုယ့်ကိုကိုယ် ယုံကြည်၊
အရာရာကို ချင့်ချိန်စဉ်းစား
အမှားအမှန်ကို သိ
သတ္တိရှိရှိ ဆုံးဖြတ်
အခြေအနေ အချိန်အခါကိုသုံးသပ်ပြီး
ရဲရဲဝံ့ဝံ့ လုပ်တတ်တာမျိုး။

- ကိုယ်ပိုင်အရည်အချင်းဆိုတာ
ရှော့ ယူပါဆိုပြီး
အလကားပေးလို့ ရတာမျိုးမဟုတ်။
ကိုယ်ပိုင်အရည်အချင်း ရှိစေသတည်းဟု
ဖန်တီးပေး၍လည်း မရ။
တစ်ချို့က မွေးရာပါဗီဇ။
တစ်ချို့ကျတော့ လေ့ကျင့်ပျိုးထောင်
အရည်အချင်းရှိအောင် လုပ်နိုင်ကြတယ်။
- ဒါဆိုဘယ်လိုလုပ်မလဲ..
စာအုပ်တွေ များများဖတ်
အလုပ်များများလုပ်
ဆရာသမားကောင်းတွေ ရှာဖွေ
မိတ်ဆွေကောင်းတွေ တန်ဖိုးထား
အကျိုးမဲ့ အချိန်မဖြုန်းနဲ့။
- ကိုယ်ပိုင်အရည်အချင်းရှိလာတဲ့အခါ
ပထမဆုံး မိမိကိုယ်ကို မိမိပျိုးထောင်
ကျန်းမာအောင် ဂရုစိုက်
ပျော်ရွှင်အောင်နေ
အောင်မြင်အောင် ကြိုးစား
ကြီးပွားတိုးတက် ထက်မြက်ပါစေ။







- ကိုယ်ကြီးပွားချမ်းသာလာတဲ့အခါ
ရလာတဲ့ ဥစ္စာပစ္စည်းတွေကို
ကိုယ်ချည်း မသုံးနဲ့။
အလဟဿလည်း မဖြုန်းနဲ့။
သားသမီး မြေးမြစ်တွေအတွက်
ကျစ်ကျစ်ပါအောင် စုပြီး
မလှူရက် မတန်းရက်ဖြစ်မနေနဲ့။
- ဝင်ငွေရဲ့ ဆယ်ရာခိုင်နှုန်းကို
ဇွန်ကြဲပေးကမ်းဖို့ သုံးပါ။
ကိုယ့်ဆီလာပြီး
အကူအညီတောင်းတဲ့ သူတွေကို
လူလူချင်း စာနာ
ကြင်နာသနားတဲ့ စိတ်နဲ့
တတ်အားသရွေ့ လှူဒါန်းပါ။
- ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး
ယဉ်ကျေးမှု၊ အနုပညာ
စသည့်ကိစ္စတွေမှာ
ပါဝင်ကူညီ လှူပါသပါစေ။

- ကိုယ့်စခန်း ကိုယ့်လမ်းကို
ကိုယ်ရည်မှန်းချက်အတိုင်း
သွားနေတဲ့အခါမှာ
ဗာလနဲ့ လူမိုက်တွေကိုရှောင်ပါ။
- လူမိုက်ဆိုတာ...
ဘဝတာဝန် မကျေ
ကိုယ့်ဘဝ ကိုယ်မသိ
သူတစ်ပါးအကျိုးကို မကြည့်
အိပ်၊ စား၊ ကာမ သုံးမျိုးကိုသာသိပြီး
ခွဲလုံ့လမရှိတဲ့ လူမျိုး။
- လူလူချင်း မစာနာ
လူတကာစိတ်ဆင်းရဲအောင်
အမြဲလုပ်တတ်တဲ့ လူမျိုး။
- ကိုယ်လုပ်ချင်တာလုပ်ပြီး
ကြုံတွေ့တဲ့သူတိုင်းကို ဒုက္ခပေး
ကိုယ့် ကျေးဇူးမွေးတဲ့သူကို
မနာလို စိတ်တို
သဝန်တို ရန်လုပ်
ခပ်ရှုပ်ရှုပ် လူမျိုး။
- လူမိုက်ကို ဝေးဝေးရှောင်ပြီး
အောင်မြင်စေဖို့အတွက်
ပညာရှိတွေနဲ့ ပေါင်းဖက်ရမယ်။
- ပညာရှိဆိုတာ
ဆင်ခြင်ဉာဏ်ရှိပြီး
ကိုယ်ကျိုးမကြည့်
အများအကျိုးရှိဖို့အတွက်
သူသိသမျှ ဉာဏ်ပညာကို
ရိက္ခာနဲ့ မလဲ
သိက္ခာကိုပဲ တန်ဖိုးထားပြီး
ဝေငှသွားတတ်တဲ့ လူမျိုးပေါ့။
- ငွေဆိုတဲ့အရာကို
အာသာငန်းငန်းနဲ့
တမ်းတမ်းစွဲ ရှိမနေပဲ
ငြိမ်းငြိမ်းချမ်းချမ်း နေတတ်တဲ့လူမျိုး။

– လောဘ၊ ဒေါသ၊ မာန်မာနတွေ
မရှိသလောက်နည်းပြီး
ရောင့်ရဲနိုင်တတ်တဲ့လူမျိုး။
– အဲ့ဒီလို ပညာရှိမျိုး
ကိုယ့်ဆွေမျိုးထဲမှာ မရှိရင်
ကိုယ့်အနားမှာ မရှိခဲ့ရင်
စာအုပ်တွေထဲမှာ ရှာ။
သူ့စာတွေ အသေအချာဖတ်
ပညာတတ် ဟုတ်မဟုတ်
ပညာရှိ ဟုတ်မဟုတ်
ဆန်းစစ်လေ့လာ
သေချာပြီဆိုရင်တော့
သူတို့ဆီမှာ စာရေးမိတ်ဖွဲ့
လိုတဲ့အကြံဉာဏ်တောင်း
ကိုယ့်ဘဝအတွက် အကြံကောင်းတွေရမယ်။
– နောက်ထပ်မိတ်ဆွေကောင်းကို ရှာဦး။
မိတ်ဆွေကောင်းဆိုတာ
အကြောင်းကြီးငယ်ရှိတဲ့အခါ
ကိုယ့်ဘက်မှာ ရပ်တည်ပြီး
ကူညီဖြေရှင်းပေးတဲ့လူမျိုး။
– စိတ်ကောင်းစေတနာနဲ့
ကိုယ်နစ်နာမဲ့ ကိစ္စတွေဆို
အမုန်းခံဟာန့်တား
လမ်းမှားမရောက်အောင်
ပြုပြင်စွမ်းဆောင်ပေးတဲ့လူမျိုး။
– ကိုယ့်အပေါ်မှာ တန်ဖိုးထား
လေးစားချစ်ခင်ပြီး
ဘယ်သောအခါမှ မစော်ကား
နောက်ကျောဓားနဲ့မထိုးတဲ့လူမျိုး။
– အဲ့ဒီလူမျိုးမှ မိတ်ဆွေကောင်း
အသေအချာပေါင်းပါ။
– လူမိုက်နဲ့ဝေးဝေးနေ
ပညာရှိတွေနဲ့ပေါင်း
မိတ်ဆွေကောင်းရှိမယ်ဆိုရင်




အောင်မြင်ဖို့ မခက်ခဲ
ဖွံ့လုံ့လတော့ ရှိရမယ်။
ဝီရိယလည်း မနည်းနဲ့။
.....
လောကကြီးထဲမှာ
ဘာပဲဖြစ်ဖြစ် စိတ်မညစ်ဘဲ
ကိုယ်ပိုင်အရည်အချင်းနဲ့
ပြင်းပြတဲ့ စိတ်ဆန္ဒကိုပေါင်း
အောင်မြင်ကြီးပွားစေကြောင်း
ဆုတောင်းနေရုံနဲ့မပြီး
ဘဝခရီးကို မညည်းမညူဘဲ
ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး
အများအကျိုးကိုဆောင်
လူ့ဘောင်ငြိမ်းချမ်းအောင်
စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်တဲ့သူ
ကျန်းမာ၊ အောင်မြင်၊ ပျော်ရွှင်၊ ငြိမ်းချမ်း
စိတ်ရွှင်လန်းအောင် နေတတ်သူ
အဲဒီလူ....
အရည်အချင်းရှိတဲ့ အရည်အချင်းနဲ့လူ။

**ကောင်းသန့်**
၈.၇.၂၀၀၀



# သန့်ရှင်းသောခွက်ဖလား ရှာပုံတော်

ဗိုလ်မှူးချုပ်စိန်လှိုင် (ငြိမ်း)




သမိုင်းကြောင်းအရလည်းကောင်း၊ ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ်လည်းကောင်း တန်ဖိုးမဖြတ်နိုင်သော အရာဝတ္ထုတစ်ခုမှာ (Holy Grail)ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုသော သန့်ရှင်းသော ခွက်ဖလားဖြစ်ပေသည်။ ၎င်းမှာအခြားမဟုတ် ဥရောပတစ်ခွင်တွင် ရှေးအစဉ် အဆက်ကတည်းက သခင်ခရစ်တော်နောက်ဆုံး ညစာစားပွဲ (Last Supper) တွင် အသုံးပြုခဲ့သောခွက်ဖလားဟု ယုံကြည်လာခဲ့ကြသော အရာပင်ဖြစ်ပေသည်။ ၎င်းအပြင် ယင်းခွက်ဖလားနှင့်ပတ်သက်၍ အခြားသော ယုံကြည်ချက်တစ်ခုမှာ သခင်ခရစ်တော်အား ကားတိုင်တော်ပေါ်မှ ပြန်လည်ဖွေ့ချီစဉ် အရိမသဲမြို့သားယောသပ်မှ ယင်းခွက်ဖလားနှင့် ခရစ်တော်၏သွေးအချို့ကို ခံယူခဲ့သည်ဟူ၍ဖြစ်ပါသည်။ ယင်းသန့်ရှင်းသောခွက်ဖလားကို ခရူးဆိတ်စစ်ပွဲများဆင်နွှဲခဲ့ကြသော အာသာဘုရင် (King Arthur)၏ စစ်သူရဲများမှာ ကြိုးစားအားထုတ်ရှာဖွေခဲ့ကြသည်ဟု ဆိုပါသည်။

ဤရှေးအစဉ်အဆက် ယုံကြည်လာခဲ့ကြသော ဤအချင်းအရာသည် တကယ်ပင်အမှန်လော။ အမှန်တကယ်ပင် သခင်ခရစ်တော်ရှိခဲ့ရာအရပ်မှ အနောက်နိုင်ငံများသို့ ရောက်ရှိလာခဲ့ပါသလား။ အကယ်၍ အမှန်ပင်ဖြစ်ခဲ့လျှင် ယနေ့ဘယ်နေရာ ဘယ်ဒေသသို့ရောက်ရှိနေပြီလဲစသည့်ဖြင့် မေးခွန်းများမေးစရာရှိနိုင်ပါသည်။ ဤသန့်ရှင်းသောခွက်ဖလားနှင့်ပတ်သက်၍ ကယ်(လ်)တစ် (Celtic)နှင့် အာရေဗျ (Arabian)ဆိုင်ရာ ပုံပြင်အများ ပြောရှိခဲ့သော်လည်း ခရစ်သက္ကရာဇ် ၁၁၆၀ခုနှစ်တွင် ခရီးဆီယန်ဒီထရိုင်းရေး(Chretien de Troyes)ရေးသားသော လေကွန်(ပ်)တီဒီဂရာ(လ်) (Le Comte de Graal) တွင်

အတိအကျ ဖော်ပြခဲ့ပါသည်။ (Grail)အစား(Graal) ဟုစာလုံးပေါင်းထားပြီး ပုဂံပြားဟုယူဆရသည်။

ခရစ်သက္ကရာဇ် ၁၁၉၅ခုနှစ်တွင် ရောဘတ်ဒီဘိုရွန် (Robert de Boron) က ဤသန့်ရှင်းသောခွက်ဖလားနှင့်ပတ်သက်၍ ထပ်မံရေးသားခဲ့ရာ အရိမသဲမြို့သားယောသပ်မှ အနောက်ဥရောပသို့ ဤခွက်ဖလားကိုယူဆောင်လာခဲ့ကြောင်း ခရစ်တော်၏သွေးများထည့်ခဲ့ကြောင်းများ ဖော်ပြခဲ့ပါသည်။ ရှေးဟောင်းစပိန်ရေးသားချက်တစ်ခုကတော့ ဤခွက်ဖလားကို ပါလက်စတိုင်းနိုင်ငံမှ အာသာဘုရင်က ယူဆောင်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ ဤရေးသားချက်များသည် အမှန်တရားနှင့်တိုက်ဆိုင်မှုရှိပါသလားဟု မေးစရာရှိပါသည်။ တကယ်ဆိုတော့ အရိမသဲမြို့သားယောသပ်နှင့် အာသာဘုရင်တို့ကို သန့်ရှင်းသောခွက်ဖလားအား ပါလက်စတိုင်းမှအနောက်နိုင်ငံသို့ သယ်ယူလာသူများအဖြစ် အသုံးပြုထားခြင်းဖြစ်ကောင်းဖြစ်ပါလိမ့်မည်ဟု ယူဆနိုင်ပါသည်။

ဗြိတိန်နိုင်ငံရှိ ဂလပ်(စ်)တွန်ဘာရီ (Glastonbury)မြို့ကလေးနှင့်ပတ်သက်၍လည်း ရေးအစဉ်အဆက်ယုံကြည်မှုတစ်ခုရှိခဲ့သည်။ ထိုမြို့သို့ အရိမသဲမြို့သားယောသပ် သခင်ခရစ်တော်၏သွေးပါရှိသော ပုလင်းငယ်နှစ်လုံးနှင့်အတူရောက်ရှိခဲ့ကြောင်း ဖြစ်ပါသည်။

ဂလပ်(စ်)တွန်ဘာရီမြို့ရှိ ဘုရားကျောင်းကြီးတွင် သံလွင်သားနှင့်ပြုလုပ်ထားသော ခွက်တစ်ခုရှိသည်။ ၎င်းကို သန့်ရှင်းသောခွက်ဖလားဟုဆိုသည်။ ယင်းခွက်ဖလားကို ရှေးခရစ်ယာန်များပွဲတော်ပေးခဲ့ရာတွင် စပျစ်ရည်ထည့်သည့်ခွက်ဖလားအဖြစ် အသုံးပြုခဲ့သည်ဟု ယူဆနိုင်ပါသည်။ အဌမမြောက် ဟင်နရီဘုရင်လက်ထက်တွင် ရဟန်းကျောင်းများဖျက်သိမ်းသည့်အချိန်၌ ယင်းခွက်ဖလားကို ဝေလနယ်ရှိ စထရာတာ ဖလော်ရီဒါ (Strata Florida)ဘုရားကျောင်းသို့လွှဲပြောင်းပေးခဲ့သည်။

နောက်မှ ဟင်နရီဘုရင်ခွက်ဖလားအကြောင်း သိရှိခဲ့သဖြင့် ၎င်း၏လူများစေလွှတ်ပြီး ပြန်လည်တောင်းခံခဲ့သော်လည်း ရရှိခြင်းမရှိဘဲ စထရာဖလော်ရီဒါဘုန်းတော်ကြီးမှ နန်တီရော(စ်) (Nanteos) မြေပိုင်ရှင်ကြီးတစ်ဦးလက်သို့ လွှဲပြောင်းပေးခဲ့သည်။ ဤနေရာတွင် ယင်းခွက်ဖလား ၁၉၆၁ခုနှစ်အထိရှိနေခဲ့သည်။ အဘာရစ်(တ်)ဝစ်(သ်) (Aberystwyth)မြို့အနီးတွင်ဖြစ်သည်။ ဤခွက်ဖလားကို အမွေရလာသည့် အိမ်ထောင်စုအနေဖြင့် အဘာရစ်(တ်)ဝစ်(သ်)မြို့ရှိ လွိုက်ဘဏ် (Loyds Bank)မြေအောက်ခန်းတွင် သိမ်းဆည်းထားခဲ့သည်။ ရောဂါရှိသူများ ၎င်းခွက်ဖလားနှင့်ရေထည့်သောက်ပါက ပျောက်ကင်းသည်ဟု အယူရှိသည့်အလျောက် ရောဂါသည်များ လာရောက်တောင်းခံပါက ၎င်းခွက်ဖလားကို ထုတ်ပေးလေ့ရှိသည်။ ၁၉၆၁ခုနှစ်နောက်ပိုင်းတွင် ယင်းပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ပြောင်းရွှေ့သွားခဲ့ရာ ခွက်ဖလားလည်းမည်သည့်အရပ်သို့ ရောက်ရှိနေမှန်း မသိရတော့ပေ။

သို့သော် ဘိုင်ရွန်ရောဂျာ(Byron Rogers) ဆိုသူက အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော ၉.၆.၉၆ရက်နေ့ထုတ် ဒေးလီးတယ်လီဂရ(ဖ်)(Daily Telegraph) သတင်းစာတွင် ၎င်းအနေဖြင့်ခွက်ဖလားပိုင်ဆိုင်သူအား တွေ့ရှိထားပြီဖြစ်ကြောင်း၊ ပိုင်ဆိုင်သူအမည်မဖော်လိုသူ အမျိုးသမီးသည် ခွက်ဖလားကို ဝေလနယ်ရှိ ဘဏ်တစ်ခုတွင်သိမ်းဆည်းထားကြောင်း၊ ၎င်းအား သိရှိသူရောဂါရှိသူများ ရေထည့်သောက်နိုင်ရန် တစ်လတစ်ကြိမ်ထုတ်ပေးကြောင်း ခွက်ဖလားသည် အိုမင်းယိုယွင်းနေကြောင်း၊ ယုံကြည်သူများမှ ရေထည့်သောက်သည့်အခါတွင် သွားနှင့်ကိုက်ဖဲ့သည့်အတွက် ပဲ့ရွဲ့နေကြောင်းစသည်များ ဖော်ပြခဲ့သည်။

နန်တီရော(စ်)ခွက်ဖလားအား ခရစ်တော်၏သွေးထည့်လာသည့်ဖလားဟု ယူဆရမည်ဆိုလျှင် အရိမသဲမြို့သားယောသပ်သည် ခရစ်တော်၏သွေးကို ပုလင်းငယ်နှစ်ပုလင်းဖြင့်ထည့်ရန် ဗြိတိန်နိုင်ငံသို့ ယူဆောင်လာသည်ဟုဖော်ပြသည့် ရေးယုံကြည်ချက်ကရှိနေသည်။ ဂလပ်(စ်)တွန်ဘာရီရှိဘုရားကျောင်း၏ရောင်စုံမှန်ဖြင့် ပုံဖော်ထားအရပ်မှာ အရိမသဲမြို့သားယောသပ်နှင့် ပုလင်းငယ်(၂)ခုဖြစ်ရာ ထိုကဲ့သို့သောအရာများကို ရှာဖွေရန်လိုအပ်သည်ဟု ယူဆရပေမည်။ ဤယူဆချက်အတိုင်း ဆောင်ရွက်ရန်လည်း ပိုမိုလွယ်ကူလိမ့်မည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်ခရစ်တော်၏သွေးဟုယူဆထားသော သွေးထည့်ထားသည့်ပုလင်းငယ်တစ်ခု ဘယ်(လ်)ဂျီယံနိုင်ငံ (Belgium)ရှိ ဘရူဂျေးမြို့(Bruges)ရှိ ၁၂ရာစုနှစ်မှ စတင်တည်ရှိခဲ့သောသန့်ရှင်းသောသွေးတော်(Holy Blood)ဘုရားရှိခိုးကျောင်းတွင်ရှိနေခြင်းကြောင့် ဖြစ်ပေသည်။ ၎င်းပုလင်းငယ်မှာ အထူးလုပတင့်တယ်သော အလယ်ခေတ်လက်ရာကောင်းတစ်ခုဖြစ်ပြီး ခရစ်တော်၏သွေးဟုအဆိုရှိသည့် ပြစ်ခဲနေသောသွေး ထိုပုလင်းငယ်ထဲတွင်ပါရှိသည်။ ဖလမ်းဒါးနယ်စား (Count of Flanders)ဖြစ်သူ တယ်ရီဒီအာ(လ်)ဆေး(စ်) (Thierry d' Alsace) သည် ခရူးဆိတ်စစ်ပွဲများတွင် သူရသတ္တိနှင့်ပြည့်စုံသူဖြစ်သည့်အလျောက် ရွတ်ရွတ်ချွံချွံတိုက်ခိုက်ခဲ့ရာ ၎င်းအား အရိမသဲမြို့သားယောသပ် ခရစ်တော်၏ကိုယ်မှရယူခဲ့သော သွေးထည့်ထားသည်ဟုဆိုသည့် ပုလင်းငယ်တစ်ခုကို ဆုအဖြစ်ပေးခဲ့သည်။ ယင်းနယ်စားမှ ထိုပုလင်းငယ်ကို ခရစ်သက္ကရာဇ် ၁၁၄၉ခုနှစ်တွင် ဘရူဂျေး(Bruges)မြို့သို့ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းလှူဒါန်းသည့် နေ့ရက်တိုင်းတွင် ယနေ့တိုင်အထိမ်းအမှတ်ပွဲ ကျင်းပလေ့ရှိပေသည်။ ၎င်းသွေးထည့်ထားသောပုလင်းငယ်အား သောကြာကြီးနေ့နှင့်တက်ကြွခြင်းနေ့ရက်တိုင်းတို့တွင် ထိန်းသိမ်းထားရာနေရာမှ လူအများကြည့်ရှုနိုင်ရန် ပြသလေ့ရှိသည်။

ထိုရှေးဟောင်းပစ္စည်းသည် ထိုအချိန်က ယူဆထားသည့်အတိုင်း ဟုတ်မှန်ချင်မှဟုတ်မှန်ပေလိမ့်မည်။ သို့ရာတွင် ထိုပစ္စည်းထိုနေရာသို့ရောက်ရှိခဲ့သည့်အချိန်တွင် လူအများအပြားမှ အစစ်အမှန်ဖြစ်သည်ဟု လက်ခံခဲ့ကြသည်။ ထိုအချိန်သည် အာသာဘုရင်နှင့်ပတ်သက်သည့် ခွက်ဖလားဆိုင်ရာအကြောင်းခြင်းရာများထက် စောကြောင်းတွေ့ရှိရသည်။ ဂလပ်(စ်)တွန်ဘာရီနှင့်ပတ်သက်သည့် ယုံကြည်ချက်များနှင့် ဆင်တူနေကြောင်းလည်း သတိပြုမိပေလိမ့်မည်။ နှစ်နေရာစလုံးတွင် အရိမသဲမြို့သားယောသပ်ပါဝင်နေပေသေးသည်။ ဘရူဂျေးမြို့ရှိ ခရစ်တော်၏သွေးဟုဆိုသည့်အရာများ ထည့်ထားသောပုလင်းငယ်သည် ဂလပ်(စ်)ဘာရီမြို့သို့ရောက်ရှိခဲ့သည်ဆိုသော အရိမသဲမြို့ကသားယောသပ်ယူခဲ့သည်ဆိုသည့် ပုလင်းငယ်(၂)ခုအနက် တစ်ခုသော ပုလင်းမဖြစ်နိုင်ပါသလားဟု မေးခွန်းထုတ်ဖွယ်ရာရှိမည်ဖြစ်ပေတော့သတည်း။

ဝိုလ်မှူးချုပ်စိန်လွင်(ငြိမ်း)

<u>ဝန်ခံချက်</u>

*(၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့ထုတ် New Straits Timesသတင်းစာတွင်ပါရှိသော Paul Harris ရေးသားသည့်Quest for the Grailကိုဆီလျော်အောင်ပြန်ဆိုထားခြင်းဖြစ်ပါသည်။)*

"ယေရှုဟာ မင်းရဲ့မိတ်ဆွေဖြစ်တယ်။ တကယ့်မိတ်ဆွေစစ်ပဲ၊ ကိုယ်တော်မှာ မင်းလိုပဲလူရဲ့နှလုံးသားနှင့် အလွန်ချစ်မေတ္တာကြီးတဲ့ မျက်လုံးများ နှင့်ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီမျက်လုံးတွေနှင့်ပေါ့။ ကိုယ်တော်က လာဇရုအတွက်ငိုကြွေးမျက်ရည်ယိုစီးရတာ။ အဲဒီလို သခင်ဘုရားက လာဇရုကိုချစ်သလိုပဲ မင်းကိုလဲချစ်ပါတယ်။" (အပိုဒ်- ၄၂၂)

**(The Way- Mgr. Josemaria Escriva)**

# ကျွန်တော် ဆက် သွား ချင် သေး သည့် သာသနာပြု ခရီးများ

ဘုန်းတော်ကြီးတိမောသေဦးနန်းချင်း

*နိဒါန်း*

ကျွန်တော်၌ ဧဝံဂေလိနှင့်သာသနာပြုစိတ်ဓာတ်ဖြစ်ပေါ်လာစေသော ဆရာကြီး(၃)ပါးရှိသည်၊ ၎င်း(၃)ပါးတို့မှာ (၁) မှောင်မိုက်သော အာဖရိကတိုက်ကြီးတွင် ကိုယ်ကျိုးစွန့်ဆင်းရဲဒုက္ခခံလျက် ခရစ်တော်၏နိုင်ငံတော်အတွက် စွန့်စားဆောင်ရွက်ခဲ့သော ဒေါက်တာဒေးဗစ်လစ်ဗင်းစတုန်း၊ (၂) ဂျပန်ပြည်တောလက်ကျေးရွာတို့တွင် အဆင်းရဲခံ၊ အနှိမ်ခံပြီး ကိုယ်ကျိုးစွန့်အမှုတော်ကိုထမ်းဆောင်ခဲ့သော ဆရာကြီးမာဆူဇကီ၊ (၃)အလွန်မြင့်မြတ်သန့်ရှင်းသော အိန္ဒိယပြည်မှသူတော်စင် ဆာဒူးဆွန္ဒဆိန်း။ ထိုသူတို့၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုလေ့လာရင်းဖြင့် ဧဝံဂေလိနှင့် သာသနာပြုစိတ်ဓာတ်ကို တဖွားဖွားဖြစ်ပေါ်လာပြီး ဧဝံဂေလိလုပ်ငန်းကိုလုပ်ဆောင်ရန် စိတ်ပြင်းပြစွာခံစားဖြစ်ပေါ်လာခဲ့ပါသည်။

"ဧဝံဂေလိလုပ်ငန်းဆိုသည်မှာ ဖွဲ့လုံ့လဝိရိယရှိခြင်းသာမကသူတစ်ပါး၏ဝိညာဉ်ကို ကယ်တင်ခြင်းပေးဖို့ ချစ်ခြင်းမေတ္တာစိတ်ဓာတ်ပြင်းပြဖို့လိုသည်။ ထိုသို့သောသူများကို ယနေ့ အင်္ဂလိကန်သာသနာ၌ လိုအပ်နေပါသည်။"



*ကျမ်းစာသင်ကျောင်းဆင်းပြီး ဧဝံဂေလိဆရာ ပေါက်စဘဝ*

ကျွန်တော်သည် မိုးညှင်းကျမ်းစာသင်ကျောင်းမှ ၁၉၆၈ခုနှစ်တွင်ဆင်း၍ ဦးစွာပထမဆုံး သာသနာပိုင်ကြီးဦးအာမြ၏ သုံးမူတစ်ခုစီမံကိန်းတည်ရှိရာ စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နှင့်ဝန်းသိုမြို့တွင် ဓမ္မဆရာအဖြစ်ခန့်အပ်ခြင်းခံရပါသည်။ သုံးမူတစ်ခုစီမံကိန်းကို ပလက်ဝနှင့်နောင်ဘိုသို့ ရွှေ့ပြောင်းပြီးနောက် ကျွန်တော်သည် ဓမ္မဆရာအဖြစ်ဖြင့် အင်းတော်မြို့မှာကျန်နေခဲ့ပါသည်။ သို့ဖြင့် အင်းတော်မြို့တွင် ဗဟိုပြုပြီး၊ ဘုံချောင်း၊ နန့်ခမ်း၊ ဝန်းသို၊ ဝက်တူး၊ ကင်း၊ မဲဇာ၊ ကသာ၊ ပုလွေရွှေ၊ မိုးဒါးကြီး၊ မိုးဒါးကလေး၊ မဲဇာတောင်ခြေရှိ ဗူးဒလက်ကျေးရွာတို့သို့ ဧဝံဂေလိတရားကို တစ်ရွာဝင်တစ်ရွာထွက် အနှံ့ဟောပြောသက်သေခံခဲ့သည်။

ဘုံချောင်းကျေးရွာတွင် ဦးဒိန်လာနော်တို့ မိသားစု(မိုးညှင်းဘုန်းတော်ကြီး ဦးကမ်ဒီး၏ဇနီးမိသားစု)၊ ယခုကောက်ကွေ့နယ် သင်းထောက်ဆရာ ဦးဘရန်ဒီးတို့မိသားစုနှင့် အိမ်ခြေ(၁၀)အိမ်ခန့် ပြောင်းလဲခဲ့ကြသည်။ ကသာတစ်ဘက်ကမ်း ပုလွေရွှေကျေးရွာ၌ ဦးစောဘောကြီး(ယခင်ဘားအံဂိုဏ်းထောက် ဖြစ်ခဲ့သော ဦးမောင်ကွေး၏အစ်ကိုကြီး)တို့ ပြောင်းလဲသည်။ ပုလွေရွှေတွင် အစတည်းခိုစရာအိမ်မရှိ၍ ညဥ့်လေ့ပျက်အောက်မှာအိပ်ပြီး နေ့ဘက်တရားဟောထွက်ခဲ့သည်။ မိုးဒါးကြီးတွင် ဦးအင်ဂွမ်းဘောက်တို့ မိသားစု (ယခုဖားကန့်ဆိုင်းတောင်ဘုန်းတော်ကြီး ဦးအင်ဂွမ်းလတောင်၏မိသားစုများ) နှင့် အခြားသူများပြောင်းလဲကြပါသည်။ မိုးဒါးကလေးတွင် တည်းခိုရန်ပင် နေရာမရှိ။ သို့သော်လည်း လွှက်ရည်ဆိုင်ကိုအခြေခံပြီးရှာဖွေရာ အသင်းတော် (၄)အိမ်ခန့်တွေ့ရှိ၍ စုစည်းဝတ်ပြုမှုပြုနိုင်ခဲ့သည်။ ယင်းအထဲတွင် ယခင်က ကချင်ပြည်နယ်မှ သီချင်းအဆိုတော် ဦးဒိန်ကော့တောင်၏ ဦးလေးတို့ပါဝင်သည်။ သဘော်ရောက်၍ ကသာသို့ပြန်သွားစဉ် သဘော်ဆိပ်၌စုစည်းထားသော ခရစ်ယာန်စုများလာရောက် နှုတ်ဆက်ပို့ဆောင်ကြသည်။ ယင်းတို့မှာ လက်ထောက်မြို့ပိုင်ဦးခင်မောင်ဌေး၊ ကျန်းမာရေးဆရာမ (မက်သဒစ်ဂိုဏ်းချုပ်ဦးဘအေး၏တူမ)၊ ကရင်အဘိုးကြီးတစ်ယောက်နှင့် ဦးဒိန်ကော့တောင်တို့၏ ဦးလေးတို့ဖြစ်ကြသည်ကို မှတ်မိပါသေးသည်။

၎င်းဒေသတွင် ကျွန်တော်ကြာကြာမနေခဲ့လိုက်ရပါ။ ပလက်ဝနယ်သို့ ပြောင်းရွှေ့လိုက်ရသောကြောင့်ဖြစ်သည်။ ကျောင်းဆင်းစ ဧဝံဂေလိစိတ်ဓာတ်ထက်သန်သော လူငယ်ဘဝကိုပြန်လည်တမ်းတရင်း ၎င်းဒေသသို့တစ်ခါတစ်ခေါက် ဧဝံဂေလိခရီးထွက်ချင်ပါသေးသည်။


*ပလက်ဝမြို့နယ်၌ အမှုတော်ဆောင်ခဲ့စဉ်က*

၁၉၆၉ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် မန္တလေးမြို့၊ ခရစ်တော်ဘုရင်မင်းဘွဲ့ခံဘုရားကျောင်း၌ သင်းထောက်သိက္ခာကို ယူပါသည်။ ဝတ်စောင့်ဦးဆောင်ပေးသူဂိုဏ်းထောက်ကြီးဦးမောင်ဖေ (နောင်စစ်တွေသာသနာပိုင်)၊ ဆက်သွင်းပေးသူ ဂိုဏ်းထောက်ကြီးဦးဂျေ၊ ကွမ်ဆောင်တူး (နောင်မြစ်ကြီး နားလက်ထောက်သာသနာပိုင်)၊ သိက္ခာပေးသူ သာသနာပိုင်ကြီး ဦးဖရန်စစ်အာမြ(နောင်သာသနာပိုင်ချုပ်ကြီး)တို့မှ ကမကထပြုလုပ်ပေးကြပါသည်။

ပလက်ဝမြို့နယ် ကြိုင်ထင်းဝရွာသို့ပြောင်းရွှေ့ရပါသည်။ ကြိုင်ထင်းဝကျေးရွာတွင် (၁၄)နှစ်ခန့် အမှုတော်ထမ်းဆောင်ခဲ့ပါသည်။ ကြိုင်ထင်းဝသို့ရောက်ခါစ အသင်းတော်အိမ်ခြေမှာ ကြိုင်ထင်းဝ၌ (၁၆)အိမ်၊ ရွှေလိုက်ဝရွာတွင် (၅)အိမ်၊ ဆင်အိုးဝရွာတွင် (၅)အိမ်နှင့်ပေါင်းမိုဝရွာတွင် (၇)အိမ်ခန့်တို့သာ ခရစ်ယာန်ဖြစ်ကြသည်။ ကြည့်ရှုလည်ရသော ရွာပေါင်းမှာ(၄၀)ရှိပါသည်။ အမှုတော်(၁၄)နှစ်ထမ်းဆောင်ပြီးနောက် ခရစ်ယာန်(၂၀၀၀)ကျော်ရှိလာသည်။ ရွာတိုင်းတွင် ခရစ်ယာန်ရှိလာ

ပါသည်။ နောက်ပိုင်းတွင် သင်းအုပ်ပိုင်နယ်(၂)နယ် ခွဲ၍ ကြိုင်ထင်းဝရွာကိုဗဟိုပြုပြီး ရွာပေါင်း(၂၀)နှင့် ဆင်အိုးဝရွာကိုဗဟိုပြုပြီး ရွာပေါင်း(၂၀)ကိုခွဲလိုက်ပါသည်။

ကြိုင်ထင်းဝရွာကိုအခြေပြုလျက် ဧဝံဂေလိဟောပြောနေပြားခဲ့စဉ်က အဖြစ်အပျက်များကိုမှတ်မိပါသေးသည်။ ခအဲဝရွာတွင် လူငယ်တစ်စုလာရောက်ပြီး ကျွန်တော့်ကို ရိုက်သတ်ရန်အားထုတ်ကြသည်။ အိမ်ရှင်ကတား၍ လွတ်လာခဲ့သည်။ ဘီဒါန်ဝရွာတွင် အရက်အတင်းတိုက်ပါသည်။ မသောက်ဖြစ်ပါ။ အထက်ဘလိုင်ရွာ၌ လဟာပြင်တရားဟောစဉ် ဆော်ဘွားကြီးက ကြိမ်တုတ်နှင့်လာ၍ ရိုက်ထုတ်ရန်ကြိုးစားခဲ့သည်။ သို့သော် ဘုရားရှင်သည် အသက်ရှင်သောဘုရားဖြစ်၍ ကျွန်တော့်ကို ရိုက်သတ်ရန်အားထုတ်သူ နောင်တွင်အပြစ်ဝန်ချပြီး ကျွန်တော့်ထံ ခရစ်ယာန်ဖြစ်လာသည်။ အရက်အတင်းတိုက်သူလည်း နောင်တရပြီးနောင်တွင် ကျွန်တော့်ထံခရစ်ယာန်ဖြစ်ပြီး ကျွန်တော့်၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်ခဲ့သည်။ ဆော်ဘွားကြီးလည်း နောင်တရ၍ အလွန်ကောင်းသောခရစ်ယာန်ဖြစ်လာပြီး ကျွန်တော် ၁၉၉၃ခုနှစ်၊ ကြိုင်ထင်းခဏအခွင့်နှင့်ပြန်စဉ်



တခြားရက်တွင် အိပ်ရာထဲလဲနေသော်ငြားလည်း ကျွန်တော်ရောက်စဉ် ညကျမ်းစာသင်ကြားပေးရာ တစ်ညဉ့်လုံး မအိပ်မလဲဘဲနားထောင်လျက်နေသည်။ ဤဆော်ဘွားမှာ ခူမီးချင်းဆော်ဘွားနောက်ဆုံးဖြစ်သော ဦးတောင်မင်းယောင်ပင်ဖြစ်ပါသည်။ သူယခုခရစ်တော်၌အိပ်ပျော်သွားပါပြီ။ ဤဆော်ဘွားရွာတွင် အင်္ဂလိပ်သာသနာပြုများဝင်ခွင့်မရသောရွာဖြစ်သည်။ ယခုအခါ ဘုရားရှိခိုးကျောင်းရှိလာသော ရွာကြီးဖြစ်လာသည်။ ဧဝံဂေလိ၏တန်ခိုးဖြစ်ပါသည်။

### ရခိုင်ပြည် ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်ခဲ့စဉ်က

၁၉၇၉ခုနှစ်တွင် ရခိုင်ပြည်နယ်၏ ဧဝံဂေလိနှင့်သာသနာပြုလုပ်ငန်းကို လုပ်ဆောင်ဖို့ရန် စစ်တွေမြို့သို့ပြောင်းရွှေ့ခဲ့ပါသည်။

ကျွန်တော်သည် ရခိုင်ပြည်ရှိ ကျွန်းကြီး၊ ကျွန်းငယ်များစွာသို့ လှေကြုံလိုက်ပြီး ဧဝံဂေလိတရားကို ဟောပြောခဲ့ပါသည်။ လှေကြုံမလာလျှင် ကျွန်းတစ်ကျွန်း၌ ၂-၃ရက်နေခဲ့ရသည်။ ရခိုင်ဘာသာစကားကို ကောင်းစွာပြောဆိုခြင်း၊ ရခိုင်ရိုးရာသီချင်းကြီးကိုလည်း ခရစ်ယာန်ဘာသာအသွင်ပြောင်းပြီး ဘာသာပြန်သီဆိုပေးသောကြောင့် ရခိုင်လူမျိုးများစွာသဘောကျသည်။ သို့ဖြင့် ရခိုင်လူမျိုးထဲတွင် အသီးအပွင့်ထွက်ပေါ်လာပါသည်။ မင်းပြားမြို့နယ်၌ ပန်းမြောင်းရွာ၊ ညောင်ပင်ပိုင်းရွာတို့၌ ရခိုင်အသင်းတော်ဖြစ်ပေါ်ခဲ့သည်။ ဓမ္မဆရာဦးထွန်းလှိုင်၊ ဦးစံမင်းတို့ပင်ဖြစ်သည်။ အမ်းဘက်တွင်လည်း ကမ်းတောင့်ကြီး၊ ဖောင်တော်ဦး၊ အမ်းမြို့ပေါ်ထိပြောင်းလဲသူများ ရှိလာခဲ့ပါသည်။

တစ်ခါတွင် မင်းပြားမြို့နယ်၊ ရင်းချောင်းမှ ဧဝံဂေလိခရီးအပြန်တွင် လည်မျိုမြစ်၌ပေါင်းဆုံသည် စီးနေသောချောင်းဝတွင် ကျွန်တော်တို့စီးသောလှေသည် ရေခဲညြဿတွင်ရောက်သွား၍ လှေဦးမြုပ်လိုက်၊ လှေပဲ့ပိုင်းမြုပ်လိုက်ဖြင့် ငိုသံအော်သံကြားမှ





ဆုတောင်းသံကို ဘုရားရှင်နားညောင်း၍ လွတ်မြောက်လာခဲ့ကြသည်။ ထို့ပြင် တစ်နေ့ မြေပုံမြို့မှ တစ်ဘက်ကမ်းသို့ လှေကလေးဖြင့်ကူးရာ ရေလယ်တွင်မုန်တိုင်းမိ၍ လှေနှစ်မြုပ်ခါနီးကမ်းနားသို့ရောက်လာခဲ့သည်။

ရခိုင်ပြည် နတ်မြစ်၊ မေယုမြစ်များတွင်ရှိနေကြသော လင်းကြဲချင်းလူမျိုးရွာပေါင်း (၄၀)တွင် လူဦးရေ (၄၀၀၀)ခန့်နေထိုင်ကြပါသည်။ ခရစ်တော်ကိုမသိကြသေးပါ။ ယင်းဒေသသို့သွားဖို့ရန် မေယုမြစ်တစ်လျှောက်၌နေထိုင်သော မူဆလင်ကုလားရွာများကို ဖြတ်သွားရသည်။ အိမ်ခြေ (၅၀၀)ကျော်ရှိသော ကုလားရွာကိုဖြတ်သောအခါ ဗလီမှကုလားများဝိုင်းအုံဆင်းလာပြီး မေးမြန်းကြရာ တစ်ယောက်က ဓားအရှည်ကြီးကိုထုတ်နေပြီ။ ထိုစဉ်ကျွန်တော်က ခရစ်ယာန်အကြောင်းပြောပြ ယေရှုအကြောင်းပြောပြ၊ ခရစ်ယာန်အကြောင်းပြောပြ

သူတို့နားမလည်ပါ။ ထိုချိန် ဝိညာဉ်တော်က ကျွန်တော့်ကို အာဗြဟံအကြောင်းပြောပြပါဟု နှိုးဆော်သံဖြစ်လာ၍ အာဗြဟံ၏သားနှစ်ယောက်ရှိ၏။ သားကြီး ဣရှမေလ် (မူဆလင်တို့၏မူလ)၊ သားငယ် ဣဇက် (ခရစ်ယာန်တို့၏မူလ)ဟူ၍ ပြောပြရာ ထိုအခါ ကုလားများက ဒီလိုဆိုငါတို့ညီအစ်ကိုပဲဟု ဆို၍ လွတ်မြောက်လာခဲ့ကြသည်။

အပြန်ခရီးတွင် မေယုမြစ်ရေကြီး၍ ထွက်ပြေးစရာမရှိ။ ရေသည် ရင်ဝအထိရောက်လာပြီး ဘုရားရှင်ထံဆုတောင်းခဲ့ရာ မျက်စိဖွင့်၍ကြည့်သောအခါ မလှမ်းမကမ်းတွင်လမ်းကလေးကိုတွေ့၍ ကြိုးစားသွားရာ သွားပြီးနောက်ပိုင်းတွင် ထိုလမ်းကလေးသည် ရေမြုပ်သွားသည်။ ထိုနေရာမှလွတ်မြောက်ပြီး မေယုတောင်တန်းကိုဖြတ်ကျော်၍ နတ်မြစ်ကမ်းပါးရောက်သောအခါ၌ ခြေဖဝါး၊ ပေါင်ရင်းအထိ ဖြတ်သွားရာ ညနေတွင်နတ်မြစ်ကမ်းပေါ်ရှိ ကြိမ်ချောင်းရွာသို့ရောက်သည်။ ထိုမှ မောင်တောမြို့ရောက်ပြီး၊ မောင်တောမြို့မှဘူးသီးတောင်မြို့ရောက်ကာ ဒီအချိန် မင်းပြားမြို့၌ ဘဏ်ကိုဓားပြဝင်စီးချိန်နှင့်တိုး၍ သဘော်၊ စက်လှေမထွက်ပိတ်ထားခဲ့ရာမှ ကျွန်တော်တို့စစ်တွေသွားကြမည့်လူစုက စက်လှေငယ်ကိုစင်းလုံးငှားကြရာ လမ်းတွင်ထမင်း (၃) နပ် ငတ်ခဲ့ရသည်။ လင်းကြဲလူမျိုးကြားတွင် ဓမ္မဆရာ (၃)ယောက်ကိုနေရာချထားခဲ့သည်။ သို့သော် ထိုဆရာတို့သည် ဒေသအခြေအနေမခံနိုင်၍ (၂)ပတ်အတွင်း စစ်တွေမြို့သို့ပြန်ရောက်လာကြသည်။ ဤဒေသတွင် သာသနာပြုလုပ်ငန်းဆက်လက်လုပ်လျှင် များစွာအောင်မြင်မည်ဟု ယနေ့ထိတိုင်စဉ်းစားမိလျက် သွားချင်စိတ်ရှိနေသေးပါသည်။

### နိဂုံး

ကျွန်တော်သည် ၁၉၈၇ခုနှစ်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ ဓမ္မဒေသကျမ်းစာကျောင်းသို့ သင်တန်းဆရာအဖြစ် သာသနာပိုင်ချုပ်ကြီး

စောဂရယ်ဂရီလှကျော်မှ အမိန့်ထုတ်၍ပြောင်းရွှေ့ခဲ့ရသည်။ ထို့နောက် ၁၉၉၁ထိ ကျောင်းအုပ်တာဝန်ထမ်းဆောင်သည်။ ထိုမှတဖန် မိုးကောင်းမြို့သို့ပြောင်းရသည်။ ထိုမှတဖန် ၁၉၉၇ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ဘုန်းတော်ကြီး(၁၁)ပါးကို ပြောင်းရွှေ့ရာ၌ ကျွန်တော်သည် ရွှေစက်၊ ရှင်မာကုအသင်းတော်သို့ရောက်လာခဲ့ရသည်။

ယခုအခါ ကျွန်တော်သည်ရှေ့တန်းဧဝံဂေလိဟောပြောသူအဖြစ်မှ နောက်တန်းသိုးထိန်းသင်းအုပ်အဖြစ်ဖြင့် ဘုရားပေးတာဝန်ကိုကျေရာမရွေးပဲဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ဧဝံဂေလိဟောပြောနှုံးပြားရန် အခုထက်ထိစိတ်အားထက်သန်လျက် ရှိပါသေးသည်။ အခါအခွင့်သင့်တိုင်းလည်း နိုးစပ်ရာဟောပြောဝေမျှဆဲ ဖြစ်ပါသည်။

ကိုယ်ကျိုးစွန့်ဆင်းရဲဒုက္ခခံပြီး မှောင်မိုက်နေသော အာဖရိကတိုက်ကြီးတွင် သာသနာပြုခဲ့သော ဒေါက်တာဒေးဗစ်လစ်ဗင်းစတုန်း၏ သာသနာပြုရာအာဖရိကတိုက်တွင် ယနေ့အင်္ဂလိကန်အသင်းတော် ရေတွက်လို့ပင်မနိုင်သလောက် သိန်းသန်းချီတိုးတက်လျက်ရှိပါသည်။ ဂျပန်ပြည်တွင်လည်း တစ်ချိန်က တံခါးပိတ်ဝါဒကျင့်သုံးခဲ့ပြီး သာသနာပြုလုပ်ငန်းခက်ခဲသော်ငြားလည်း ဧဝံဂေလိဆရာ၊ သာသနာပြုဆရာတို့၏ ဖွဲလုံ့လဖြင့် အနစ်နာခံ၊ အရှုံးခံသည့်ကြားမှ ယနေ့အင်္ဂလိကန်သာသနာပိုင်နယ်(၁၁)နယ် အပြင် တခြားခရစ်ယာန်ဂိုဏ်းဂဏပေါင်း တစ်သန်းကျော်ရှိလာပါသည်။ အိန္ဒိယပြည်၏ သာသနာအကြောင်းကိုလေ့လာပြန်သော် တောင်နှင့်မြောက်အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် သာသနာပိုင်နယ်ပေါင်း (၅၇)နယ်အပြင် တခြားဂိုဏ်းဂဏ သိန်းသန်းချီတိုးတက်လာသည်ကို ယနေ့တွေ့ရှိရပေသည်။

ဧဝံဂေလိလုပ်ငန်းဆိုသည်မှာ ဖွဲလုံ့လဝီရိယရှိခြင်းသာမက သူတစ်ပါး၏ဝိညာဉ်ကို ကယ်တင်ခြင်းပေးဖို့ ချစ်ခြင်းမေတ္တာစိတ်ဓာတ်ပြင်းပြဖို့လိုသည်။ ထိုသို့သောသူများကို ယနေ့အင်္ဂလိကန်သာသနာ၌ လိုအပ်နေပါသည်။ သာမန်သိုးထိန်းလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ဝါကြွားခြင်းရှိသကဲ့သို့ ခရစ်တော်၏ လက်ဝါးကားတိုင်တော်တရားကို မသိသေးသူတို့အားဟောပြောခြင်း၌ သာ၍ဝါကြွားခြင်းရှိစေလိုပါသည်။ သူတစ်ပါး၏ ဝိညာဉ်များကိုချစ်တတ်သောစိတ်နှလုံးဖြင့်သာ ဧဝံဂေလိသမားဖြစ်လာနိုင်ပါလိမ့်မည်။

ဘုန်းတော်ကြီးတီမောသေဦးနန်းချင်း

**A PRAYER**

By the prayers of Jesus,
Lord, teach us how to pray.
By the gift of Jesus,
Lord, teach us how to give.
By the toils of Jesus,
Lord, teach us how to work.
By the love of Jesus,
Lord, teach us how to love.
By the cross of Jesus,
Lord, teach us how to live.

God bless our land;
God guide our ruler ;
God resolve our difference;
God revive our churches;
God protect our home;
God strength our faith;
through Jesus Christ our Lord.
*Amen.*

(Maurice. A.P. Wood
Reference- Contemporary Parish Prayers.
Frandk Colquhoun.Pg. 35, 121)




# ဂျွန်နယူတန်



## John Newton (1725-1807 AD)







အသင်းတော်တွေမှာ "Amazing Grace" သီချင်းကို တော်တော်များများသိကြပါသည်။ သို့သော် ဘယ်သူရေးစပ်ခဲ့သည်ဆိုတာကိုတော့ သတိပြုမိသူ နည်းပါးပါလိမ့်မည်။ 'Amazing Grace' သီချင်းကိုရေးစပ်ခဲ့သူမှာ John Newton ဆိုသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဂျွန်နယူတန်ကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှာ ခသ-၁၇၂၅ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ သူ၏ဖခင်သည် မြေထဲပင်လယ်ဒေသ သင်္ဘောမာလိန်မှူးတစ်ဦးဖြစ်ပါသည်။ ဂျွန်နယူတန်၏ ကလေးဘဝသည် သိပ်ပြီးမဖြောင့်ဖြူးခဲ့ပါ။ သူ၏ဖခင်နဲ့အတူ (၆)နှစ်လောက် သင်္ဘောလိုက်ခဲ့ရပါသည်။ နောက်ပိုင်းတွင် ဘုရင့်တော်ဝင်ရေတပ်တွင် ဝင်ရောက်အမှုထမ်းရန် အဓမ္မခေါ်ယူခြင်းရပါသည်။ ဘုရင့်တော်ဝင်ရေတပ်မှ ထွက်ပြေးခဲ့သော်လည်း အနောက်အာဖရိကတွင် အဖမ်းခံခဲ့ရသည့်အပြင် ကုန်သည်လူဖြူတစ်ဦး၏အစေခံအဖြစ် ရောင်းစားခြင်းခံရပြီး (၁၀)နှစ်ကျော်ကြာခဲ့ပါသည်။

ဂျွန်နယူတန်သည် ခသ ၁၇၄၇ ခုနှစ်တွင် အင်္ဂလန်သို့သင်္ဘောဖြင့် ပြန်လာခွင့်ရခဲ့ပါသည်။ အတ္တလန်တိတ်သမုဒ္ဒရာ မြောက်ပိုင်းသို့ရောက်သောအခါ မုန်တိုင်းမိပြီး သင်္ဘောနစ်လုနီးပါးဖြစ်ခဲ့ပါသည်။ အဲဒီအချိန်သည် သူ၏အသက်တာပြောင်းလဲရန် လမ်းစဖြစ်လာခဲ့ပါသည်။ ခသ-၁၇၄၈ အသက် (၂၃)နှစ်ရောက်သောအခါ သူ့ရဲ့အသက်တာလုံးလုံးပြောင်းလဲခဲ့ပါသည်။ ဂျွန်နယူတန်သည် ခရစ်တော်ကိုကယ်တင်ပိုင်ရှင်၊ အရှင်သခင်အဖြစ်လက်ခံပြီး အသစ်မွေးဖွားခြင်းကို ခံရသူတစ်ဦးဖြစ်လာခဲ့ပါသည်။

သူသည် ခသ-၁၇၅၅တွင် ပင်လယ်ပြင်ကို စွန့်ခွာပြီး ဘုရားရှင်ရဲ့အမှုတော်မြတ်ကို ဆောင်ရွက်ဖို့စိတ်ပိုင်းဖြတ်လိုက်ပါသည်။ ဤသို့ဖြင့် ဂရိ၊ ဟီဘရူး၊ ဆီရီးယားစာပေများကိုလေ့လာသင်ကြားပြီး ခသ-၁၇၆၄တွင် အင်္ဂလိကန်အသင်းတော်၏သင်းထောက်သိက္ခာကို ခံယူခဲ့ပါသည်။ ဘာကင်ဟန်ရှိုင်းယား(Buckingham Shire)က အော်လ်နေ(Olney)

မှာတာဝန်ခံ (curate)ဖြစ်လာခဲ့ပါသည်။ အော်လ်နေ (Olney)မှာ(၁၅)နှစ်ကြာ ဘုရားရှင်၏အမှုတော်မြတ်ကို အောင်မြင်စွာအမှုတော်ဆောင်ခဲ့ပါသည်။ အဲဒီမှာ ကဗျာဆရာကြီး William Cowper နဲ့ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။ William Cowper နဲ့ လက်တွဲပြီး Olney Hymns ဆိုပြီးတော့ပြုစုခဲ့ပါသည်။ John Newton၏ထင်ရှားသောလက်ရာဖြစ်သော "Amazing Grace"နဲ့ "How sweet the name of Jesus sounds" "ယေရှုဟူသောသဲ့တော်ကြားလျှင်" (မြန်မာ ၂၂၉၊ E.H.405 )ဆိုသော သီချင်း(၂)ပုဒ်ကို အဲဒီအချိန်က ရေးစပ်ခဲ့ခြင်းဖြစ်သည်။

ခသ-၁၇၇၉မှာ လန်ဒန်မြို့ ဝုလ်နော့သ် (Wool noth)ရှိ စိန့်မေရီ (St. Mary) ဘုရားကျောင်းတွင် ကျောင်းထိုင် (vicar) ဖြစ်လာခဲ့သည်။ အဲဒီမှာ သေသည့်အထိ အမှုတော်ဆောင်ခဲ့ပါသည်။

John Newtonသည် ထိုခေတ်က ထင်ရှားသော အင်္ဂလီကန်အီဗန်ဂျယ်လီကယ် (Anglican Evangelical) ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ ဓမ္မအတွေးအခေါ်အရ ကယ်လဗင်ဝါဒီတစ်ဦးဖြစ်ပြီး သူ့ခေတ်က အီဗန်ဂျယ်လီကယ် (Evangelical) ခေါင်းဆောင်များဖြစ်သော Thomas Scott, William Wilberforce, Charles Simeon, Hannah More စသူတို့အပေါ် ဩဇာလွှမ်းမိုးမှုရှိခဲ့ပါသည်။ John Newtonသည် နောက်ပိုင်းတွင် Wilber force ၏ ကျွန်ရောင်းဝယ်မှုပပျောက်ရေး လှုပ်ရှားမှုမှာတက်ကြွကြွပါဝင်ခဲ့သည်။ ခသ-၁၈၀၇ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

John Newton သည် ဓမ္မသီချင်းမြောက်များစွာကို ရေးဖွဲ့ခဲ့ပါသည်။ ၎င်းအထဲမှ ကျော်ကြားသည်များမှာ "Amazing Grace", "How sweet the name of Jesus sounds", "Glorious Things thee are spoken" မြို့တော်ဘုန်းဂုဏ်ထူးခြားစွာ (မြန်မာ ၂၂၂၊ E.H 393 ) "Safely thro another week" စသော ဓမ္မသီချင်းများဖြစ်ပါသည်။

သူ၏ဓမ္မသီချင်းများသည် စိတ်နှလုံးကို ကိုင်လှုပ်နိုင်စွမ်းရှိသော ဓမ္မသီချင်းများဖြစ်သည်။ ခရစ်တော်ကို အရှင်သခင်အဖြစ်၊ ကယ်တင်ရှင်အဖြစ် ယုံကြည်စိတ်ချပြီးဖြစ်သော သူ၏အသက်တာ၌ ခရစ်တော်အားဖြင့် ရရှိခံစားရသော ဆုကျေးဇူးတော်များကို ရေတွက်ချီးမွမ်းခြင်းမှာ အင်မတန်ပင်ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

"တစ်ချိန်က အပြစ်ထဲမှာ ပျောက်ဆုံးသောသူဖြစ်ခဲ့ပေမယ့်.....
ခရစ်တော်ကြောင့် ပြန်လည်တွေ့ရှိခြင်းခံရတယ်"ဟူသော "Amazing Grace" ထဲကအပိုဒ်သည် ကျွန်တော်အကြိုက်နှစ်သက်ဆုံးပင်ဖြစ်ပါသည်။

*"I once was lost*
*but now I'm found*
*was blind, but now I see."*

ဆလိုင်းဂျွန်ငွေသိန်း


မှီငြမ်းစာအုပ်များ

1. Wycliffe Biological Dictionary of the Church (Pg. 298).
2. The New International Dictionary of the Christian Church (Pg. 704).


"နောဇရဲ့ သားကောင်းများလိုပဲ သင့်ဖခင်ဖြစ်တဲ့ ရဟန်း(သင်းအုပ်)ရဲ့ ပျော့ညံ့မှုများ (အားနည်းချက်များ)ကိုမြင်လျှင် မေတ္တာစေတနာကောင်းဆိုတဲ့ စောင်နဲ့ခြုံထားပေးလိုက်ပါ။" (အပိုဒ် ၇၅)

(The Way- Mgr. Josemaria Escriva)



# "အကျွန်ုပ်၏ ကျွန်မကို... ကိုယ်တော့်ရင်ခွင်၌ အကျွန်ုပ်အပ်နှင်းပါပြီ...." (စာရဲ)

ဆိုး



တကယ်တော့... 'ဟာဂရ'ဆိုတဲ့ ကျွန်မ လေးတစ်ယောက်ရဲ့ အဖြစ်က သနားစရာပါ။ နဂိုကတည်းက စာရဲရဲ့ကျွန်မပဲ။ သူ့မှာ ရွေးချယ်ခွင့်မှ မရှိတာ။ အာဗြ၊ စာရဲနှင့် ဟာဂရတို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းမှာ.. သူမဟာ အသုံးခံ တန်ဆာပလာတစ်ခုထက် ဘာမှ တန်ဖိုးမရှိခဲ့ဘူး။ ဟာဂရဟာ

လူတစ်ယောက်ဆိုပေမယ့် 'ကျွန်မ' တစ်ယောက်ထက်တော့ အခွင့်အရေး ပိုမရှိခဲ့ဘူး။ အီဂျစ်ပြည် မိန်းမလှ ကလေးဟာ ဘယ်လိုအကြောင်းနဲ့ ရောင်းစားခံရပြီး၊ စာရဲဆီ ရောက်လာသလဲတော့ မသိပါ။ သို့သော်လည်း စာရဲရဲ့ အစီအစဉ်မှာ ပါဝင်ကပြရင်း လူကြမ်းမင်းသမီး ဖြစ်သွားခဲ့ရတာပါပဲ။

အာဖြဲနဲ့စာရဲတို့မှာ ကလေးမရကြပါဘူး။ ဒီဇနီးမောင်နှံဟာ ကြွယ်ဝချမ်းသာ၊ အခြေအရံပေါများပေမယ့်..ကလေးမရတာကြောင့်၊ အမွေခံဖို့ပြဿနာရှိတယ်။

ဆယ်နှစ်လောက် ခါနန်ပြည်မှာ နေထိုင်ပေါင်းသင်းပေမယ့် ကလေးမရတာကြောင့် စာရဲဟာ စိတ်မချမ်းသာဘူး။ နောက်ဆုံးတော့ အတွေးတစ်ခု ပေါက်လာတယ်။ သူ့ကျွန်မကလေး 'ဟာဂရ' နဲ့ သူ့လင် 'အာဖြဲ'တို့ကိုပေးစားပြီး ကလေးရခဲ့ရင် သူမွေးစားဖို့ပေါ့။ ဒါနဲ့ပဲ.. အာဖြဲကို ဟာဂရနဲ့ အိပ်စေဖို့ သူမကိုယ်တိုင်ပဲ အပ်နှင်းခဲ့တာ။ အာဖြဲကတော့ သခင်နဲ့ကျွန်မဖို့ လိုလားဟန်ရှိပုံမပေါ်ဘူး။ သို့သော် စာရဲကိုချစ်ခြင်းအားကြီးတာကြောင့် လက်ခံခဲ့တယ်။ 'အကျွန်ုပ်၏ ကျွန်မကို ကိုယ်တော့်ရင်ခွင်၌ အကျွန်ုပ် အပ်နှင်းပါပြီ...' ဆိုတာ စာရဲပြောတဲ့ စကားပါ။

ဟာဂရမှာ ကိုယ်ဝန်ရှိလာတယ်။ နဂိုကတော့ ကျွန်မပါပဲ။ အာဖြဲနဲ့နေပြီးမှ ကိုယ်ဝန်ရလာတော့ ဟာဂရဟာ စိတ်ပြောင်းလဲလာတယ်။ သခင်နဲ့ရင်းနှီးခဲ့ပြီဖြစ်တာကိုး။ ရင်ဘုရင်နဲ့ညားရင် မိဖုရားဖြစ်တယ်ဆိုတဲ့ အတွေးမျိုး သူမမှာဝင်လာတယ်။ ပြီးတော့ စာရဲမရနိုင်တဲ့ ကိုယ်ဝန်ကိုသခင့်ဆီကသူမရခဲ့တာကိုး။ ဒီကိုယ်ဝန်ထဲက ကလေးဟာ အမွေခံထိုက်တဲ့သား။ ထိုသားရဲ့မိခင်ဖြစ်လာမယ့် 'ဟာဂရ'ဟာ အနေအထိုင်ပြောင်းလဲလာတယ်။ စာရဲကို.. မထီမဲ့မြင်ပြုလာတယ်။ တကယ်တော့ ဟာဂရမှားသွားပါတယ်။ ဒီအမှားဟာ... ဘဝကိုအပြောင်းအလဲဖြစ်သွားစေတာပါပဲ။ ဟာဂရဟာ အောက်စည်းက လူတစ်ယောက်ပါ။ အလှည့်ကလေးတစ်ချက်အသာမှာ.. ဟာ... ငါတော့အပေါ်ရောက်ပြီဆိုတဲ့ဘဝင်နဲ့ ဘယ်သူ့ကိုမဆိုဂရုမစိုက်နိုင်တော့တာမျိုး မာန်မာနတက်ကြွလာတတ်တာ ရှိပါတယ်။ သခင်ရဲ့ကြင်နာခြင်းကို.... ညကလေးတစ်ညမှာ ရတယ်ဆိုရင်ပဲ.. မခံစားဖူးတဲ့.... အထိအတွေ့၊ အာရုံနဲ့အတူ မမျှော်မှန်းဖူးတဲ့ ဆုလာဘ်တွေကို ထာဝစဉ်ပိုင်ဆိုင်လိုက်ပြီလို့ (လူတစ်ယောက်ဆန်ဆန်) တွေးမိတယ်ထင်ပါရဲ့။ သူဟာ စာရဲရဲ့အစီအစဉ်နဲ့ လှုပ်ရှားနေတဲ့ ကျွန်မတစ်ယောက်ဆိုတဲ့ ဘဝကို မေ့သွားတယ်။

စာရဲ...က အာဖြဲကိုတိုင်ပင်ပါတယ်။ တိုင်ပင်တာထက်.... နောင်တရတဲ့အသံ၊ စိတ်နှလုံးကြေကွဲတဲ့သရုပ်နဲ့ အာဖြဲကိုပြောဆိုတာပါ။ ဒီကျွန်မကလေး ကိစ္စကို ဘယ်လိုလုပ်မလဲ..။ ကျွန်မကိုလည်း.. မထီမဲ့မြင်ပြုပြီဆိုတော့.. အာဖြဲကတော့ ပြုံတယ်။

"သင်၏ ကျွန်မသည် သင်၏လက်၌ရှိသည်။ သူ့၌ပြုချင်သမျှပြုပါလော့"တဲ့။

စာရဲကလည်း ဒီစကားမျိုးကို ကြားလိုတာပါ။ အာဖြဲက ဘာမှမကန့်ကွက်ဘူးဆိုတော့... သူ့ကျွန်မကို... သူမ ညှဉ်းဆဲပြီပေါ့။ ဆုံးမပြီပေါ့။ ပညာပေးပြီပေါ့။ ဒီတော့လည်း 'ဟာဂရ'ခမျာ ဒုက္ခပေါ့။ အာဖြဲကလည်း တကယ့်အရေးကျတော့ သွေးသားကို



အားမနာ။ စာရဲဖက်မှာသာ ရပ်လေတော့ ဟာဂရ မခံနိုင်လို့ ထွက်ပြေးရတယ်။

ဝေးဝေးတော့လည်း မပြေးနိုင်ပါဘူး။ ရှုရမြို့ကိုသွားတဲ့တောလမ်းကလေးမှာ (ကိုယ်ဝန်နဲ့)မောပန်းနေတုံးထာဝရဘုရားရဲ့ကောင်းကင်တမန်က...

"စာရဲကျွန်မ ဟာဂရ၊ အဘယ်ကလာသနည်း"

ကြည့်ပါဦး။ သူမရဲ့ဝိသေသကိုက.. စာရဲကျွန်မ..တဲ့။ လူတစ်ယောက်ပေမယ့်ပိုင်ဆိုင်သူရှိတယ်။ ရွေးချယ်ခွင့်မရှိတဲ့ မိန်းကလေး။ အတွေးလွဲမှားလို့ အသွားခက်မိတဲ့.. မိန်းမတစ်ယောက်ပါ။

"ကျွန်မသည် သခင်မစာရဲထံမှပြေးလာပါသည်"

"သင်၏ သခင်မထံသို့ပြန်၍၊ သူ၏ အုပ်စိုးခြင်းကိုခံလော့.."

"အို... "

"သင်၏ အမျိုးအနွယ်ကို မရေမတွက်နိုင်အောင်၊ အလွန်များပြားစေမည်"

ဟာဂရဟာ ဘုရားသခင်ရဲ့ အမိန့်တော်ကိုတော့ လွန်ဆန်ဝံ့သူမဟုတ်ပါ။ ကောင်းကင်တမန်က.....

"သားယောကျာ်းကို ဖွားမြင်လိမ့်မည်။ ထိုသားကို ဣရှမေလ အမည်ဖြင့်မှည့်ရမည်။ အကြောင်းမူကား ထာဝရဘုရားသည် သင်၏ဆင်းရဲဒုက္ခကို ကြားသိတော်မူ၏။ သူသည် လူရိုင်းဖြစ်လိမ့်မည်။ လူအပေါင်းတို့ကို ရန်ဖက်ပြုလိမ့်မည်။ သူ့ကိုလည်းလူအပေါင်းတို့သည် ရန်ဖက်ပြုလိမ့်မည်။ မိမိညီအစ်ကို အပေါင်းတို့၏ အပါး၌နေရလိမ့်မည်..."

ဟာဂရဟာ ကျွန်မပါပဲ။ သို့သော်... ဘုရားသခင်က သူမကို မမေ့။ သူမအတွက် အစီအစဉ်ရှိတယ်။ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ 'ငယ်'ပါလေစေ။ ဘုရားသခင်ဟာ လူတိုင်းအတွက်.. အစီအစဉ်ရှိတယ်ဆိုတာကို ဖော်ပြတာပဲ။ ဟာဂရဟာ.. ဘုရားသခင်ကိုသိမြင်ပြီး၊ စာရဲတို့ထံပြန်လာခဲ့တယ်။အဲဒီနောက်မှာသားကို မွေးဖွားခဲ့တယ်။ သားနာမည်က...

"ဣရှမေလ.."

ဘုရားသခင်ရဲ့ ဗျာဒိတ်စကားဟာ နှစ်ပေါင်းလေးထောင်ရှိပေမယ့် မပျက်ပါဘူး။ ဣရှမေလရဲ့အဆက်အနွယ်များ ဒီကနေ့ အထိကြီးပွားနေတာ၊ များပြားနေတာ၊ ရန်ဘက်ပြုနေတာ၊ တိုက်ခိုက်နေတာ၊ ကမ္ဘာမှာ အဓိကသတင်းကြီးကိုဖြစ်လို့။ကျွန်မကလေး ဟာဂရအတွက် ဘုရားသခင်က နှစ်ပေါင်းထောင်ချီပြီး အစီအစဉ်.. လုပ်ထားခဲ့ပါတယ်။

စာရဲရဲ့ အခန်းကဏ္ဍကိုလည်း ကြည့်ပါဦး။ ဘုရားသခင်က သူ့ကို အလှည့်ပေးပါတယ်။ အာဖြဲအသက် တစ်ရာပြည့်သောအခါမှာ စာရာဟာ သား'ဣဇက်' ကိုမွေးဖွားပါတယ်။ သားဣဇက်ကိုရတဲ့အခါစာရဲဟာအလွန်တရာဝမ်းမြောက်ပါတယ်။ စာရာရဲ့ ကြွေးကြော်သံကို နားထောင်ကြည့်ပါ.. မိတ်ဆွေ။

"ငါ..ရယ်ရသောအခွင့်ကို ဘုရားသခင်ပေးတော်မူပြီ။

ဤသတင်းကို ကြားရသောသူအပေါင်းတို့သည်လည်း ငါနှင့်အတူရယ်ရလိမ့်မည်။

စာရာသည် သားကိုနို့တိုက်လိမ့်မည်ဟု အာဗြဟံအား အဘယ်သူပြောနှင့်ရသနည်း။ သူသည် အသက်ကြီးသောအခါ ငါသည်သားကိုဖွားပြီ..."တဲ့။

ဣဇက် နို့ခွဲချိန်ရောက်တဲ့အခါ အာဗြဟံနဲ့ဇနီးစာရာတို့ဟာ ပွဲကြီးတစ်ခုလုပ်ကြတယ်။ ကျေးဇူးတော်ချီးမွမ်းတဲ့ပွဲပေါ့လေ။ ဣဇက်ကို အာဗြဟံကဦးစားပေးတယ်။ ဒါကို ဟာဂရနဲ့သူ့သားဟာ မခံချင်ဘူးဖြစ်လာတယ်။ သူ့နို့ခွဲတဲ့ချိန်တုံးကတော့ ပွဲမှမလုပ်ပဲကိုး။ သူလည်း သားပဲဥစ္စာ။ ရင်ထဲမှာ အခုအခံဖြစ်မှာပဲ။ ဣရှမေလဟာ ဣဇက်ကိုဆဲရေးတယ်လို့ ဆိုပါတယ်။ ဒါကို စာရာသိတော့စိတ်ဆိုးတယ်။ လင်ကိုဘယ်လိုပြောသလဲ...

"ကျွန်မ၏သားသည် အကျွန်ုပ်၏သား ဣဇက်နှင့်အတူ အမွေမခံရ..."

စာရာက ဟာဂရတို့သားအမိ



ကို နှင်ထုတ်မယ်ဆိုတော့ အာဗြဟံအတွက်ခက်တာပဲ။ သူ့သွေးသားကလည်း သံယောဇဉ်တင်းစရာ။ ဘာပဲဖြစ်ဖြစ်.. ဟာဂရနဲ့ ရင်းနှီးပြီး ရတဲ့သား ဣရှမေလကိုလည်း အာဗြဟံချစ်ရှာမှာပဲ။ အာဗြဟံ အခက်ဆုံးကာလမှာ ဘုရားသခင်နဲ့ တွေ့ဆုံတယ်။ ဘုရားသခင်ကတော့အစီအစဉ်ရှိပြီးသားပဲ။ ဘုရားသခင်က...

"ဤအမှုခက်သည်ဟု မထင်နှင့်။ စာရာပြောလေရာရာ၌ သူ၏ စကားကို နားထောင်ပါလော့.." တဲ့။ ဣဇက်၌သာသင့်အမျိုးတည်မယ်။ ဣရှမေလကိုလည်း လူမျိုးကြီးဖြစ်စေမယ်ဆိုတော့ အာဗြဟံခများကြေကွဲတဲ့ နှလုံးသားနဲ့...။

အီဂျစ်ပြည်သူ ဟာဂရကို နှုတ်ဆက်ရပါတယ်။ ကြေကွဲမှုလမ်းခွဲမှာ.. မုန့်နှင့်ရေကို ပုခုံးပေါ်တင်ပေး။ ဣရှမေလကိုအပ်ပြီး... ဗေရရှေဘတောကန္တာရကို သွားစေရတော့တယ်။ နံနက်ခင်းဟာ ဘယ်လောက် အရုပ်ဆိုးသလဲ။ သခင်ရဲ့ အစီအမံကို ကြေကွဲစွာလက်ခံရရှာတဲ့ ဟာဂရ ကလည်း 'ကျွန်မ' တစ်ယောက်မို့ မငြင်းနိုင်ပါဘူး။ သခင်လိုရာသုံး။ မလိုတော့ရင်.. မခွဲချင်လည်း ခွဲရမှာပဲ။ တစ်အိမ်ထောင်တည်းမှာ စိတ်နှလုံးမနှိမ့်ချ၊ ကိုယ့်နေရာမှာလိမ္မာစွာမနေမိတာမို့... ခုတော့ အိမ်ထောင်ကြီးကနေ.. ထွက်ခွာလာရပါတယ်။ ဟာဂရရဲ့ ဒုက္ခဟာအစမှအစပါပဲ။

တောထဲမှာ မုန့်ကုန်ရေခမ်း၊ သားငယ်ဟာ သေလုခမန်းဖြစ်တဲ့အခါ ဟာဂရဘယ်လောက်ခံစားရမလဲ။ သခင်ကိုလည်းရှုံး၊ သားကိုလည်းဆုံး၊ ဘဝလည်းတုံးရမယ့်ကာလမှာ ဟာဂရဟာငိုကြွေးပါတယ်။ အပြစ်သားရဲ့ ငိုကြွေးသံကို ဘုရားသခင်ရဲ့နားက ဥပေက္ခာမပြုနိုင်ပါဘူး။ ရေကိုပြပြီး ကယ်တင်တယ်။ အဲဒီနောက်မှာတော့... သမ္မာကျမ်းစာက...

"ထိုလုလင်ဖက်၌ ဘုရားသခင်ရှိတော်မူ၏။ သူသည်ကြီးပွား၍ တော၌နေသဖြင့်.. လေးသမား ဖြစ်လေ၏"

ဖခင်မရှိတဲ့နောက်.. ဟာဂရသားအတွက် ဘုရားသခင်ကိုအားကိုးခဲ့ပါတယ်။ သန်မာထွားကြိုင်းပြီး လေးအတတ်မှာကျွမ်းကျင်သူ.. သူ့ရဲ့ကောင်းတစ်ယောက်၊ ခေါင်းဆောင်တစ်ယောက်ဖြစ်လာအောင်... ပြုစုခဲ့ပါတယ်။ ဟာဂရရဲ့အသက်ဟာ သားပါပဲ။ ပါရန်တော ကန္တာမှာ.. ဟာဂရနဲ့သားတို့ အချိန်ကြာကြာ နေခဲ့ပါတယ်။ ကျွန်မတစ်ယောက် ဖြစ်ခဲ့ဖူးတာမို့ ကန္တာရထဲမှာ သားကိုပြုစုဖို့ ဟာဂရအတွက် ခက်ခဲမယ်မထင်ဘူး။ မိခင်တစ်ယောက်ရဲ့ အားအင်နာကျင်ခဲ့တဲ့ သံယောဇဉ်ကြောင့် ဣရှမေလကို အရွယ်ရောက်တဲ့အခါ..အီဂျစ်ပြည် သူတစ်ယောက်ကိုခေါ်ပြီး စုံဖက်စေသတဲ့။

နောင်နှစ်ပေါင်း ထောင်ချီ၍ ကြာသောအခါ ရှင်ပေါလုက.. ဟာဂရနှင့်ပတ်သက်ပြီး ဂလာတိဩဝါဒစာကိုရေးတယ်။ "ပုံပမာအားဖြင့်ဆိုသော်ထိုမိန်းမနှစ်ယောက်ကား၊ ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ ဟာဂရအမည်ရှိသော မိန်းမတည်းဟူသော ပဋိညာဉ်တရားတစ်ပါးသည် သိနာတောင်ပေါ်မှာစီရင်၍ ကျွန်များကို ဖွားတတ်သောတရားဖြစ်၏တဲ့..."။ ဆိုလိုတာက.. ဟာဂရရဲ့အမည်ဟာ.. ဘယ်တော့မှမပျောက်ကွယ်ခဲ့ဘူး။ သမိုင်းမှာ ..တင်ကျန်ခဲ့တယ်။

သူမဟာ.. လှပတဲ့ကျွန်မကလေးတစ်ယောက်။

သခင်မစာရဲက.. အာဗြံရဲ့ ရင်ခွင်မှာအပ်နှင်းခဲ့ဖူးတယ်။

အဲဒီအတွက် 'ဣရှမေလ'ဆိုတဲ့ သခင့်ရင်သွေးကိုရခဲ့တယ်။

ဒါပေမယ့်.. အဲဒီရင်ခွင်မှာ ခိုဝင်ခဲ့ဖူးတဲ့အတွက် ကြီးစွာသောမာန်တက်ပြီး 'မထေမဲ့မြင်ပြုမိတာကြောင့်.. ခက်ခဲမှုတွေကို ရင်ဆိုင်ခဲ့ရတယ်။ ဣရှမေလခများလည်း... လူမျိုးကြီးကို ဖြစ်လာစေသူပါ။ ဒါပေမယ့်.... ဣဇက်လိုတော့ ကောင်းချီးမရခဲ့ဘူး။ အကယ်၍ သခင်မကို 'မထီမဲ့မြင်'မပြုခဲ့ရင်။ စာရာကနှင်ထုတ်မှာ မဟုတ်သလို သခင်ရဲ့ရင်ခွင်ကိုလည်း စွန့်ပယ်စရာမလိုပါဘူး။

"မထီမဲ့မြင်"ပြုခြင်းဆိုတဲ့ စကားတစ်လုံးကို နောင်းလူများအတွက် 'ဟာဂရ'ထားခဲ့ပါတယ်။ သခင်နဲ့စပ်ဆိုင်သမျှ ဘယ်အရာကိုမျှ မထီမဲ့မြင်မပြုသင့်ပါ။ ဟာဂရရဲ့မလှပတဲ့ဘဝအကြောင်းကို စဉ်းစားရင်း... သင်ခန်းစာတွေကိုတွေ့နိုင်ပါတယ်။

ကျွန်တော်တို့ ဘယ်သူ့ကိုမှ.. မထီမဲ့မြင်မပြုပဲ နေကြရအောင်...။ အကျွန်ုပ်၏ ကျွန်မကို.... ကိုယ်တော်ရင်ခွင်၌ အကျွန်ုပ် အပ်နှင်းပါပြီ...လို့ စာရဲပြောခဲ့သလို၊ အကယ်၍များ သခင့်ရင်ခွင်မှာ ခိုဝင်နေကြရတဲ့ အခွင့်ရသည့်တိုင်အောင်.. ရင်ခွင်လွတ်နေသူများ၊ ကိုယ့်လိုဆုကျေးဇူးမရသူ.. ဘယ်သူ့ကိုမျှ မထီမဲ့မြင်မပြုမိကြစေဖို့.. လိုအပ်ပါတယ်....လေ။

ဆိုး

## ရှာလှမ်းအပြုံး

"မတဲ့ တဲ့ဟင်း"

"ဒီမှာ လုပ်ဖော်ဆောင်ဖက် မင်း Holy Crossမှာ လေးနှစ်လုံးလုံးတက်လာတာဆိုတော့၊ မင်းကိုမေးမယ်။ ပဲဟင်းနဲ့ မတဲ့ တဲ့ဟင်း ဘာဟင်းလဲ ပြောစမ်း"

"ဟာ– မင်းဟာကလဲ ကတ်သီးကတ်သပ်၊ ပဲဟင်းက အကုန်လုံးနဲ့တဲ့တာပဲ"

"ဟား... သွားပြီ၊ ပဲဟင်းနဲ့အသားဟင်း မတဲ့ဘူးလေကွာ"

"မဖြစ်နိုင်တာကွာ"

"သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ လေးနှစ်လုံးလုံး ကျောင်းမှာ ဆက်ကပ်လာတာ၊ ပဲဟင်းထဲမှာ အသားထည့်ချက်တာ တစ်ခါမှ ငါမစားခဲ့ရပါလားကွ.."

"ဩော်... ဒါလား"

ဆလိုင်း –K.A(B.Th တတိယနှစ်)



# အဆင်ပြေသွားမှာပါ

ဆလိုင်းကံအောင်

ဤကမ္ဘာမြေကြီးက ပေးတာတွေစားသောက်ပြီး… ဟောဒီမြေပထဝီကြီးပေါ်မှာနေရသူတွေဟာ… ပြန်လည်မတွက်ချာမိ.. အဲဒီကမ္ဘာကြီးအတွက် ဘာလုပ်ပေးမလဲဆိုတာ… စဉ်းစားသင့်တယ်လေ…။ မြေဆီအကြောင်း မြက်ပင်တွေသိ၊ ဆရာအကြောင်း တပည့်တွေသိ၊ ယောကျ်ားအကြောင်း မိန်းမတွေသိ၊ အုပ်စိုးသူအကြောင်း ပြည်သူတွေသိ၊ လူတွေအကြောင်း ဘုရားသိတယ်လေ…

အဓိက… လူ့ရဲ့ပထမဆုံးအဆင့်မှာ "တောင်းခံတတ်ခြင်း"ဖြစ်ပြီး… ဒုတိယအဆင့်ဟာ "အပေးအယူလုပ်ခြင်း"ဖြစ်လာတယ်… အမြင့်ဆုံးအဆင့်ကတော့ "စွန့်လှူတတ်ခြင်း"ပဲမဟုတ်လား…. ခက်တာကရလိုချင်တဲ့အရာတိုင်းဟာ.. စိတ်နှလုံးမာန်မာနအတွက်….ကျေနပ်မှုမရှိလေတော့…. ဟန်ဆောင်လောကကြီးမှာ… အတုနဲ့အစစ်ရယ်လို့ရှိနေတာမဆန်းဘူးနော်… ရွေးနိုင်ဖို့ရာက အမှန်တရားအတွက်.. မျက်စိတစ်စုံရှိမှဖြစ်မှာပေါ့။

လူ့ဘဝဟူသည် … သာယာသောပန်းခင်းလမ်းဖြစ်ချင်တာချည်းပဲလေ.. တကယ်တမ်းဖြစ်မလာပြန်တော့.. မြေကြီးပေါ်အသက်ရှင်နေရတာ..အရာရာအားလုံးဟာအနတ္တကြီးပဲလို့ "ဒေသနာကျမ်း" စာရေးဆရာက ရင်ဖွင့်ခဲ့ဖူး ကယ်မဟုတ်လား..

ဒါပေမယ့်.. ပြောချင်သေးတာက မျက်လုံးလေးတစ်ချက်အမှိတ်မှာ ပြောင်းလဲခြင်းသဘောတရားတွေဟာအတားအဆီးမဲ့ပြောင်းလဲနေတော့ အမှန်တရားဆိုတာရှာရခက်တယ်နော်… လူသားအချင်းချင်းတောင်မှ အပြစ်ဆိုရင်တစ်ဘက်သတ်ပဲမြင်တတ်ကြတယ်။ တရားမျှတမှုဆိုတာ လောကတွင်ဗလာနတ္ထိ.. ရှိခြင်းထက် မရှိခြင်းဖြစ်နေတာကို.. မိတ်ဆွေဝမ်းနည်းမနေနဲ့အုံး…

မှတ်ချက်အနေနဲ့.. စာရေးဆရာရှဒေါ်ဖ်၏အဆိုတစ်ခု တင်ပြရလျှင် "ရှန်းကန်မှု ပြည့်နှက်နေသောဘဝသည် ဝန်ထုပ်ဝန်ပိုးကြီးမဟုတ်၊ ကောင်းကြီးမင်္ဂလာပဲ" လို့ ပြောခဲ့တယ်။ ဒါပေမယ့်ပေါ့… မိတ်ဆွေနဲ့ ငါလျှောက်လှမ်းနေတဲ့ခရစ်တော်လမ်းစဉ် အမှာစာတမ်းတစ်ခု ပြောရအုံးမယ်.. တခြားတော့မဟုတ်ဘူးနော်.. "သင့်ပါးတစ်ဘက်သူများ ရိုက်ရင်.. ကျန်တဲ့တစ်ဘက်ကို လှည့်ပေးပါအုံး" တဲ့.. ခရစ်တော်ပေးတဲ့ဒီစာတမ်းကို.. အမြဲရင်မှာမြဲသိပ်ထားပြီး… မိမိလျှောက်တဲ့လမ်းကို မိတ်ဆွေပြန်ကြည့်ရမှာပေါ့…

ဒါတောင်မက မြတ်သောသခင်ကိုယ်တော်ဘုရားရဲ့ စကားတစ်ခွန်း ရှိသေးတာက တစ်ချိန်တည်းမှာ သခင်နှစ်ဦးရဲ့အစေကို မခံနဲ့လို့ သတိပေးနေတော့.. လူသားဦးနှောက်ကို ဒုက္ခပေးပြန်ပြီလေ။

မစိုးရိမ်နဲ့မိတ်ဆွေ… အဖြေကတော့ သေခြင်းတရားကိုအောင်မြင်တဲ့ ခရစ်တော်ရှင်တစ်ခြားဘယ်သူရှိအုံးမှာလဲ… မိတ်ဆွေနဲ့ငါ့ကို ပြဿနာပေးနေတဲ့ ဂုဏ်ပကာသန၊ စည်းစိမ်ပိုင်ရှင်.. ငရဲမင်းကြီးကိုလည်း …. သတိထားအုံးနော်။

ဒီလိုတွေးနေတဲ့ အချိန်မှာပဲ ဦးနှောက်အာရုံစက်ခလုတ်ကနေ လှုံ့ဆော်ပေးလိုက်တာက 'ငါသည် လမ်းခရီး.. သမ္မာတရား… အသက်လဲဖြစ်၏။ ငါ့ကိုယုံကြည်ရင် မပျက်စီးရဘူး၊ ထာဝရအသက်ရမယ်'လို့.. ကတိတွေပေးသွားတဲ့ ထိုခရစ်တော်ရှင်အတွက် ဒီနေ့ငါ အသက်ရှင်လိုက်ပြီလေ…

ဒါပေမယ့် လုံလောက်ပြီလားလို့.. ငါ့လိုလူသားမိတ်ဆွေမေးလာလိမ့်မယ်။ အတ္တဆန်လွန်းတဲ့လူတွေအတွက်တော့ ပြည့်စုံနေပြီလို့ ဖြေချင်ဖြေကြမှာပေါ့။ သို့သော် ငါ့အတွေး၊ ငါ့အမြင်ကျတော့ ဒါလေးများ ငါ့အတွက် ပထမခြေလှမ်းပဲ ရှိနေသေးတယ်လို့ပဲ အဖြေပေးမယ်။

ပြည့်စုံတဲ့လူအတွက် ဒုတိယခြေလှမ်းမည်တဲ့။ သခင့်အတွက် အစေခံကျွန်ပီသဖို့ လိုလိမ့်မယ်။ လူတွေဟာ ကိုယ်အားသန်တဲ့ဘက် ရပ်တည်တတ်တာသဘာဝပဲလေ။ ဒါပေမယ့် စစ်မှန်တဲ့အစေခံကျွန်အတွက်တော့ (Matt 16:24)မှာဖော်ပြတဲ့ " Self-denial, Bear his own cross, Follow after Christ" ဆိုတဲ့အချက် (၃)ချက်နှင့် ညီရမှာပေါ့။

ဖတ်ဖူးတဲ့ ဆောင်းပါးတစ်ပုဒ် မှတ်မိသေးတယ်။ တစ်ခါက ဘုရင့်အနားမှာ ဘယ်ညာလက်ရုံး (၂)ပါးရှိတယ်တဲ့… ။ ဘယ်လက်ရုံးရဲ့ စွမ်းဆောင်ချက်က ပြစ်တင်ဝေဖန်အကြံပြုရင်း အသက်ရှင်နေရသလို ညာလက်ရုံးရဲ့ ပါဝင်မှုကဗျူဟာ စနစ်လက်တွေ့ကျပြီး အကောင်အထည်ဖော်ထုတ်ပြီး အသက်ရှင်ရတယ်… တဲ့။

ခုလောက်ဆိုရင် မိတ်ဆွေမြင်ပြီလို့ ငါယူဆရင်း မေးခွန်းတစ်ခု လောက်မေးချင်တယ်….. ။ ခရစ်တော်အတွက် ခသ (၂၀၀၀-၂၀၀၁) သာသနာခရီးမှာ မိတ်ဆွေဘယ်နေရာက အသက်ရှင်မှာလဲ၊ ပျောက်ဆုံးနေတဲ့ မေတ္တာနှစ်ခုကြားမှာ မိတ်ဆွေအတွက် ပေးဆပ်စရာတွေများလိမ့်မယ်…။

အနှစ်နှာခံစရာ ခရစ်တော်အတွက် အကြွေးတင်နေတယ်လေ။ မိတ်ဆွေ မြင်ရဲ့လားမသိဘူး။ ကြည့်တတ်မှ မြင်တတ်မှာပေါ့။ ဒါပေမယ့် မိတ်ဆွေရဲ့မျက်လုံးအိမ်မှာ အတ္တနောင်ကြိုး၊ စည်းစိမ်နှောင်ကြိုးတွေ ရောယှက်နေရင်တော့ မြင်မှာမဟုတ်ဘူး..။

အမြင် ကြည်လင်အောင်တော့ ခရစ်တော်ထံနည်းခံပြီး လက်တွေ့ကိုယ်တိုင်ပါဝင် လုပ်ဆောင်ဖို့ လိုလိမ့်မယ်လို့ ငါထင်တယ်။ ဘယ်နေရာမဆို ခြေလှမ်းအသစ်တိုင်းမှာ ခလုတ်တိုက်မိမှာတော့ သေချာကြုံရကောင်း ကြုံရမယ်….. ။ ဒါလူ့ဘဝနိယာမပဲလေ။ ဒါပေမယ့် … မိတ်ဆွေနဲ့အတူ ခရစ်တော်ပါရင်တော့ အရာရာ အားလုံး…. အဆင်ပြေသွားမှာပါ။

ဆလိုင်းကံအောင်

ဘီ၊ တီ၊ အိပ်ချ်(တတိယနှစ်)

# ဆင်ခြင်တုံတရားနှင့် ခရစ်ယာန်သက်ဝင်ယုံကြည်မှု

ဆလိုင်းရှန်အောရ်ဗန်နှင်း

ဒဿနိကဗေဒနှင့် ခရစ်ယာန်ဘာသာတို့သည် သဘောသဘာဝချင်းမတူကြသော်လည်း ဒဿနိကဗေဒသမိုင်း (history of philosophy) နှင့် ခရစ်ယာန်ဓမ္မဒဿနသမိုင်း (history of Christian Theology)တို့ကို ကြည့်ရှုလေ့လာသောအခါ တစ်ခုကိုတစ်ခု အပြန်အလှန်အကျိုးကျေးဇူးပြုခဲ့ကြသည်ကိုတွေ့ရမည်ဖြစ်သည်။ များသောအားဖြင့်ဒဿနိကဗေဒအပေါ် ခရစ်ယာန်ဓမ္မအတွေးအခေါ်က အမှီသဟဲပြုသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒဿနိကဗေဒသည် ယေဘုယျအားဖြင့် ဆင်ခြင်တုံတရား (reason)ကို လက်ကိုင်ပြုပြီး ခရစ်ယာန်ဘာသာက မူ သက်ဝင်ယုံကြည်မှု (faith)ကိုအခြေပြုပါသည်။

ခရစ်ယာန်ဘာသာသည် သက်ဝင်ယုံကြည်မှုဖြင့် အစပြုခဲ့သောဘာသာတရားဖြစ်ပါသည်။ သက်တော်ထင်ရှားရှိစဉ် သခင်ယေရှုကိုယုံကြည်သူ အမြောက်အမြားရှိကြသော်လည်း ကားတိုင်ပေါ်၌ အမှန်ပင်အသတ်ခံသွားရသောအခါ မူလတပည့်တော် များသည်ပင် အနီး၌မနေရဲကြဘဲ ထွက်ပြေးကုန်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် သခင်ယေရှုအပေါ် တပည့်တော်များနှင့် ယုံကြည်သူများ၏ ယုံကြည်ချက်သည် ယိုင်တိယိုင်တိုင်ဖြစ်ခဲ့ရပါသည်။ နှစ်ရက်သုံးရက်တိုင်တိုင် တပည့်တော်များသည် ကြောက်ရွံ့ခြင်း၊ အံ့သြတုန်လှုပ်ခြင်း၊ မယုံကြည်နိုင်ခြင်း ဖြစ်ခဲ့ကြရပါသည်။ ဝမ်းနည်းကြေကွဲခြင်းက တစ်ဖက်၊ မိမိတို့ကိုပါ ဖမ်းဆီးသတ်ဖြတ်သွားမှာကို စိုးရိမ်ခြင်းကတစ်ဖက် ဖြစ်ကြပြီး ဝမ်းနည်းပက်လက်နှင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ခဲ့ကြရပါသည်။

သို့သော် သခင်ယေရှုသေခြင်းမှရှင်ပြန်ထမြောက်လာသောအခါ တပည့်တော်တို့ကိုစိုးမိုးခဲ့သော ကြောက်ရွံ့ခြင်းတရားသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ရပါသည်။ ပထမ၌ တပည့်တော်တို့ အကြားတွင် သခင်ယေရှုပေါ်လာသောအခါ သူ့ကို တစ္ဆေသရဲဟုထင်ခဲ့ကြပါသည်။



(ရှင်လုကာ ၂၄း၃၆– ၃၉၊ ရှု။)

"ထိုသို့ အချင်းချင်းပြောဆိုသောအခါ ယေရှုသည် သူတို့အလယ်၌ရပ်တော်မူလျက် သင်တို့အား ငြိမ်သက်ခြင်းဖြစ်စေသတည်းဟု မိန့်တော်မူ၏။ တပည့်တော်တို့သည် တစ္ဆေကိုမြင်သည်ဟု စိတ်ထင်နှင့်ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ အဘယ်ကြောင့် အထူးထူးအထွေထွေသောစိတ်ရှိကြသနည်း။ ငါ့လက်ကိုကိုင်ကြည့်ကြလော့။ ငါ့ခြေကိုလည်း ကြည့်ကြလော့။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြ ကိုယ်ပင်ဖြစ်၏။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည့်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏။ တစ္ဆေမည်သည်ကား ဤသို့မပြည့်စုံဟု မိန့်တော်မူ၏။"

ထို့နောက် သခင်ယေရှုသည် တပည့်တော်တို့၏ယုံကြည်ခြင်းအားနည်းမှုနှင့် ပတ်သက်၍ ဤသို့ ပြစ်တင်စကားမိန့်တော်မူခဲ့၏။ (ရှင်မဿဲ ၁၇း၁၉–၂၀ကိုကြည့်။)

"ထိုအခါ တပည့်တော်တို့သည် ဆိတ်ကွယ်ရာအရပ်၌ ယေရှုထံတော်သို့ချဉ်းကပ်၍၊ အကျွန်ုပ်တို့သည် ထိုနတ်ဆိုးကိုအဘယ်ကြောင့် မနှင်ထုတ်နိုင်ပါသနည်းဟု လျှောက်ကြသော်၊ သင်တို့သည် ယုံကြည်ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ။ ငါအမှန်ဆိုသည်ကား သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင်၊ ထိုတောင်ကိုနေရာမှရွေ့လော့ဟုဆိုကြသော် နေရာမှရွေ့လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။"

တပည့်တော်တို့သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုခရစ်ကိုနဖူးတွေ့ဒူးတွေ့ထိတွေ့ရင်ဆိုင်ခဲ့ကြသောအခါ ထိတ်လန့်ကြောက်ရွံ့ခြင်းစိုးစဉ်းမျှမရှိကြတော့ဘဲ အလွန်သတ္တိရှိလာခဲ့ကြပါသည်။အဘယ်ကြောင့်ဆိုသော်သခင်ယေရှု၏ဘုရားဖြစ်ခြင်းနှင့်ပတ်သက်၍ သံသယများလုံးဝကင်းစင်ကြကုန်ပြီဖြစ်လျက် သူတို့၏ယုံကြည်ခြင်းသည် စစ်မှန်သောသက်ဝင်ယုံကြည်မှု (authentic faith) ဖြစ်လာသောကြောင့်ဖြစ်ပါသည်။ သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း တပည့်တော်တို့၏ ယုံကြည်ခြင်းသည် နောက်သို့လှည့်ကြည့်လှည့်ကြည့် ဖြစ်နေသော ယုံကြည်ခြင်းမဟုတ်တော့ဘဲ ရှေ့သို့သာ တစ်စိုက်မတ်မတ်ဦးတည်သွားနေသော သက်ဝင်ယုံကြည်မှုအစစ်ဖြစ်ပါသည်။

ပင်တေကုတ္တေနေ့တွင် ဝိညာဉ်တော် ကြွဆင်းလာခြင်း၊ ယုံကြည်သူတို့၏အဲ့ဖွယ်ဖြစ်ရပ်များ လုပ်ဆောင်နိုင်စွမ်းရှိခြင်းနှင့် ရှင်ပေါလုပြောင်းလဲလာခြင်းတို့သည် တစ်ခုနှင့်တစ်ခုအဆက်အစပ်ရှိနေကြပါသည်။ သို့ဖြစ်၍ ရှင်ပြန်ထမြောက်ခြင်းသာမရှိခဲ့လျှင် ခရစ်ယာန်ဘာသာသည် ဘာသာတရားတစ်ခုအဖြစ်ပေါ်ထွက်လာမည်မဟုတ်ချေ။ ၁ကော ၁၅း၁၄၌ ရှင်ပေါလုကဤသို့မိန့်ကြားခဲ့ပါသည်။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ၊ သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ"။ ၎င်းအပြင် ဒမတ်စကပ်မြို့သို့သွားသော လမ်းခရီး၌ အသက်ရှင်တော်မူသော သခင်ခရစ်တော်ကို ရှင်ပေါလုသည် ထိပ်တိုက်တွေ့ဆုံခြင်းမရှိခဲ့သော် ခရစ်ယာန်ဘာသာ၏ရပ်သွင်သည် တစ်မျိုးတစ်ဘာသာ ဖြစ်သွားပါလိမ့်မည်။ ရှင်ပြန်ထမြောက်ခြင်း ရှိသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုလည်း ရှိလာရပြီး သခင်ယေရှုသည်လည်း အသက်ရှင်တော်မူသောခရစ်တော်နှင့် ဘုရားသခင်ဖြစ်လာရခြင်းဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ပေါက်ဖွားလာရသော ခရစ်ယာန်ဘာသာသည် စစ်မှန်သည့် သက်ဝင်ယုံကြည်မှုကြောင့် တဖြည်းဖြည်း ရှင်သန်ကြီးထွားလာရပါသည်။ ယခုအခါ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည်

ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။

သို့သော် ခရစ်ယာန်သက်ဝင်ယုံကြည်မှုကို ဆင်ခြင်တုံတရားကို လက်ကိုင်ပြုသော ဒဿနိကဗေဒအားဖြင့် သိရှိနားလည်ရန်ကြိုးစားမည်ဆိုလျှင် အချည်းနှီးသာဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းကြီးများဖြစ်သော သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်း (Resurrection of Jesus Christ)ကိုငင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်များ (acts of the Holy Spirit)ကိုငင်း၊ သခင်ယေရှုဖွားမြင်တော်မူခြင်း၊ သို့မဟုတ် အပျိုကညာမွေးဖွားခြင်း (Virgin Birth)ကိုငင်း၊ အဖခမည်းတော်၊ သားတော်သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ မိတ်သဟာယဖွဲ့ခြင်းဖြစ်သော သုံးပါးတစ်ဆူဘုရား(Trinity)ကိုငင်း၊ ဒမတ်စကပ်လမ်းခရီး၌ သခင်ယေရှုအား ရှင်ပေါလုထိပ်တိုက်တွေ့ဆုံခဲ့သည်ဖြစ်ရပ်ကိုငင်း ဆင်ခြင်တုံတရားဖြင့် နားလည်သိရှိနိုင်မည်မဟုတ်သောကြောင့် ဖြစ်ပါသည်။

ဒဿနိကဗေဒ၌ အကြောင်းနှင့်အကျိုးဆက်စပ်ပြီး ဆင်ခြင်စဉ်းစားခြင်းသည် အဓိကဖြစ်ပါသည်။ နိဒါန်းများမှနေ၍ နိဂုံးကိုလိုအပ်စွာဆွဲယူဆင်ခြင်ခြင်းသည် အဓိကဖြစ်ပါသည်။ သို့ဖြစ်၍ နိဂုံးသည် နိဒါန်းများနှင့်ရှေ့နောက်ညီညွတ်စွာ အဆက်အစပ်ရှိနေကြရမည်ဖြစ်ပါသည်။ သင်္ချာပညာ၊ အထူးသဖြင့် ဂျီဩမေတြီနှင့်အက္ခရာသင်္ချာတို့ရှိ စဉ်းစားပုံစဉ်းစားနည်းများသည် ဒဿနစဉ်းစားပုံစဉ်းစားနည်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဒဿနိကဗေဒ၌ သက်သေအထောက်အထားများသည် နိဒါန်းများအဖြစ်တည်ရှိနေကြရပြီး ယင်းနိဒါန်းများမှနေ၍ ရှေ့နောက်ညီညွတ်စွာနှင့် အဆက်အစပ်ရှိစွာ အဖြေ(သို့မဟုတ်)နိဂုံးကိုလိုအပ်စွာ ဆွဲယူဆင်ခြင်ခြင်းပြုရပါသည်။ ဒဿနိကဗေဒနှင့် သိပ္ပံပညာတို့သည် ဤသို့ ရှေ့နောက်ညီညွတ်စွာနှင့် အဆက်အစပ်ရှိစွာ ဆင်ခြင်စဉ်းစားပြီး နိဂုံးဆွဲယူသည့်နည်းကို အသုံးပြုကြပါသည်။

ခရစ်ယာန်ဘာသာသည်လည်း အထူးသ



ဖြင့် ခရစ်ယာန်ဓမ္မဒဿနသည်လည်း သိပ္ပံပညာနှင့် ဒဿနိကဗေဒဘာသာရပ်များကဲ့သို့ ကြောင်းကျိုးဆက်စပ်ဆီလျော်မှုပြုသော ဘာသာရပ်ဖြစ်သည်ဟု ဓမ္မဒဿနပညာရှင် (theologian) အားလုံးနီးပါးနှင့် အချို့သော အတွေးအခေါ်ရှင်များက စောဒကတက်ခဲ့ကြပါသည်။ သို့သော် သခင်ယေရှုမွေးဖွားခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ သုံးပါးတစ်ဆူဘုရားစသော အယူအဆများသည် သိပ္ပံနည်းအားဖြင့်သက်သေပြနိုင်သော အယူအဆများမဟုတ်ကြသဖြင့် သိပ္ပံပညာက လက်ခံနိုင်သောအယူအဆများမဟုတ်ဟု သိပ္ပံပညာရှင်များကခံယူကြပါသည်။ ဤအယူအဆများသည် သိပ္ပံပညာကကိုင်တွယ်ဖြေရှင်းနိုင်သော အယူအဆများမဟုတ်ကြချေ။

သိပ္ပံပညာရှင်များအနေဖြင့် အတွေ့အကြုံအာရုံများအားဖြင့် စမ်းသပ်စစ်ဆေးသိရှိနိုင်ခြင်းမရှိသော အယူအဆများကိုစိတ်ဝင်စားခြင်းမရှိကြချေ။ သိပ္ပံပညာ၌အရေးအကြီးဆုံးမှာ ကြောင်းကျိုးဆက်စပ်မှုရှိခြင်းဖြစ်ပါသည်။ ပြုလုပ်သူ အကြောင်းတရား (cause)နှင့်အပြုခံရသူ အကျိုးတရား(effect)တို့၏ ဆက်နွယ်မှုဖြစ်သော ကြောင်းကျိုးဆက်နွယ်မှုတရား (causation)သည် သိပ္ပံပညာ၌မရှိမဖြစ်လိုအပ်မှုဖြစ်ပါသည်။ ခရစ်ယာန်ဓမ္မဒဿနရှုထောင့်မှကြည့်လျှင် ဘုရားသခင်သည်အကြောင်းတရား(ပထမအကြောင်းတရား)ဖြစ်ပြီး၊ ဖန်ဆင်းခံအရာအားလုံးသည် အကျိုးတရားများဖြစ်ကြပါသည်။ သို့သော် ဤအဆင့်အထိ ပြဿနာမပေါ်သေးပါ။ သို့သော် ဘုရားသခင်ကိုမည်သို့သိရှိနိုင်သနည်းဟူသော သိမှုဗေဒမေးခွန်း (epistimological question)ပေါ်လာသောအခါ ပြဿနာပေါ်တော့သည်။ ယင်းမေးခွန်းသည် ၎င်းအသုံးပြုသော လက်တွေ့စမ်းသပ်စစ်ဆေးခြင်းနည်းနှင့် ဆင်ခြင်တုံတရားအားဖြင့် သိရှိနိုင်ခြင်းမရှိဟုဆိုကာ သိပ္ပံပညာက ပယ်ချလိုက်ပါသည်။

ဤသို့ဆိုလျှင် သက်ဝင်ယုံကြည်မှုဟူသည် အဘယ်နည်း။ ၎င်းကို ဟေဗြဲသြဝါဒစာ ၁၁း၁–၃ တွင် ဤသို့အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

"ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။ ထိုပါရမီကြောင့် ရှေးလူဟောင်းတို့သည် ချီးမွမ်းတော်မူခြင်းကိုခံရကြ၏။ ယခုမြင်ရသော အရာတို့သည် အရင်ထင်ရှားသော အရာထဲကမဖြစ်ဘဲ၊ လောကဓာတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာတည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏"

အောက်စဖို့ဒ်အဘိဓာန်၌ (faith)ခေါ်သက်ဝင်ယုံကြည်မှုကို ဤသို့အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ (၁) အပြည့်အဝယုံကြည်စိတ်ချမှု၊ (၂) နိုင်မာသောယုံကြည်မှု၊ အထူးသဖြင့် ယုတ္တိယုတ္တာမရှိဘဲ နိုင်မာပြတ်သားသောယုံကြည်မှု၊ (၃) ယုံကြည်စိတ်ချမှုကို ဖြည့်ဆည်းဖို့အတွက် ဝတ္တရားရှိမှု (သို့မဟုတ်)ဆက်ကပ်မှု၊ (၄) သက်သေအထောက်အထားမရှိဘဲ ဘုရားသခင်ဆိုင်ရာ အမှန်တရားအပေါ် ယုံကြည်မှု။ ဤ အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် ဟေဗြဲသြဝါဒစာ ၁၁း၁–၃တွင် ဖွင့်ဆိုသကဲ့သို့ မမြင်ရသောဘုရားသခင်အပေါ် အပြည့်အဝသက်ဝင်ယုံကြည်မှုရှိခြင်းကို ရည်ညွှန်းသည်ဟု ဆိုနိုင်ပါသည်။ သက်ဝင်ယုံကြည်မှုသည် အသက်ရှင်နေထိုင်မှုဘဝနှင့် ကင်းကွာ၍မရပါ။ မိမိ၏ သက်ဝင်ယုံကြည်မှုသည် မိမိအသက်ရှင်နေထိုင်မှု ဘဝနှင့် ဆီလျော်ဟပ်စပ်မှုရှိရပါမည်။ သို့ဖြစ်၍ ခရစ်ယာန်ဘာသာ၏ သက်ဝင်ယုံကြည်မှုရှိသူသည် ခရစ်ယာန် ဘာသာ၏ ပင်မကျောရိုးကြီးများဖြစ်သော ဘုရားသခင် (God)၊ သခင်ယေရှုမွေးဖွားခြင်း (virgin birth)၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း (resurrection from death)၊ အဖခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ မိတ်သဟာယဖွဲ့ခြင်းဖြစ်သော သုံးပါးတစ်ဆူဘုရား (doctrine of Trinity)စသည့်

အခြေခံယုံကြည်ခံယူချက်များ (basic doctrines of Christianity)တို့၏ အမှန်တရားများကို အာရုံသိ (perceptual knowledge)ဖြင့်၎င်း၊ ဆင်ခြင်သိ (conceptual knowledge)ဖြင့်၎င်း သိရှိနိုင်မည် မဟုတ်ဘဲ၊ မိမိကိုယ်တိုင်၏အသက်ရှင် နေထိုင်မှုဘဝ (experiential living)အားဖြင့်သာလျှင် ခံစား သိရှိနိုင်မည်ဖြစ်ပါသည်။

သခင်ယေရှု၏သွန်သင်ချက်များ၏ မှန်ကန်မှုကို၎င်း၊ သခင်ယေရှုကိုယ်တော်တိုင်သည် အသက်ရှင်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကို ၎င်း၊ ရှင်ပြန်ထမြောက်သောနေ့နောက်ပိုင်းမှ တမန်တော်များနှင့် ရှင်ပေါလုစသူတို့၏ ဘဝအသက်တာနှင့်လုပ်ဆောင်ချက်များ၏ မှန်ကန်မှုများကို၎င်း၊ ခရစ်ယာန်တို့သည် သမိုင်းစဉ်ကာလတစ်လျှောက်လုံး မိမိတို့၏နေ့စဉ်အသက်ရှင်နေထိုင်မှုဘဝများ၌ သက်ဝင်ယုံကြည်မှုအားဖြင့် ထိတွေ့ခံစားလာခဲ့ကြပါသည်။ ခရစ်ယာန်ဘာသာ၏အမှန်တရားများကို လက်တွေ့ စမ်းသပ်စစ်ဆေးနိုင်ခြင်းမရှိဟုဆိုကာ သိပ္ပံပညာက ပယ်ချခဲ့သော်လည်း မိမိတို့၏အသက်ရှင်နေထိုင်မှုဘဝ၌ စစ်မှန်ပါသည်ဟုဝန်ခံသော ခရစ်ယာန်သိပ္ပံပညာရှင်များနှင့် ဒဿနတွေးခေါ်ရှင်များ ဒုနှင့်ဒေး ရှိကြပါသည်။

ဒိန်းမတ်လူမျိုး တွေးခေါ်ရှင်လည်းဖြစ်ပြီး ဓမ္မဒဿနပညာရှင် (theologian) လည်းဖြစ်သော ဆိုရင်ကီးကဲကတ် (Soren Kierkegaard)က "ခရစ်ယာန်ဘာသာသည် ယုတ္တိယုတ္တာမရှိသောကြောင့် စစ်မှန်သည် (Christianity is true because it is absurd)"ဟုဆိုခဲ့သည်။ ကီးကဲကတ်က သခင်ယေရှု မွေးဖွားခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် သုံးပါး တစ်ဆူဘုရားအယူအဆများ၏မှန်ကန်မှုကို သာမန်အသိပညာ (common sense knowledge)အားဖြင့်သိရှိနိုင်မည်မဟုတ်သဖြင့် ၎င်းတို့သည် အဓိပ္ပါယ်မရှိဟု ယူဆလျှင်မှားလိမ့်မည်။ အမှန်စင်စစ် အမှန်တရား (သို့မဟုတ်) အစစ်အမှန်တရားဟူသည် သာမန်အသိပညာနှင့်ဆင်ခြင်တုံတရား(Rational knowledge) တို့၏ ဘောင်ကိုကျော်လွန်နေသော အရာအဖြစ်သည် ( Truth or Reality is beyond common sense knowledge of Reason)ဟုပြောခဲ့ပါသည်။ အမှန်တရားသို့မဟုတ် အစစ်အမှန်တရားကို သက်ဝင်ယုံကြည်မှုပါရှိသော အသက်ရှင်နေထိုင်မှုဘဝအားဖြင့်သာ ခံစားသိရှိနိုင်သည် (Truth or Reality can only be known through existential or experiential knowledge)ဟု ကီးကဲကတ်က ဆိုခဲ့ပါသည်။

ဤ"သက်ဝင်ယုံကြည်မှု"ဟူသော မြန်မာဝေါဟာရကို ကွယ်လွန်သူဒဿနိကဗေဒပါမောက္ခ ဦးခင်မောင်ဒင်က တီထွင်ခဲ့ပါသည်။ သက်ဝင်ယုံကြည်မှု (faith)နှင့်ယုံကြည်မှု (belief)တို့သည် မတူကြပါ။ (Belief) ခေါ် ယုံကြည်ခြင်းသည် တစ္ဆေသရဲရှိသည်ဟု ယုံကြည်ခြင်းမျိုး၊ ပင်လယ်သမုဒ္ဒရာထဲတွင် ခေါင်းဆယ်လုံးပါရှိသည့် နဂါးကြီးရှိသည်ဟု ယုံကြည်ခြင်းမျိုးကဲ့သို့သော သာမန်ယုံကြည်မှုဖြစ်ပြီး၊ အဓိပ္ပါယ်ရှိသော ယုံကြည်မှုဖြစ်နိုင်သလို အဓိပ္ပါယ်ကင်းမဲ့သော ယုံကြည်မှုမျိုးလည်းဖြစ်နိုင်ပါသည်။ ရှင်လုကာ ၂၄း၃၆ တွင် ဖော်ပြသောရှင်ပြန်ထမြောက်လာသည့် သခင်ယေရှုကိုမိမိတို့အလယ်၌ ရပ်နေတော်မူသည်ကိုမြင်ကြသောအခါ ပထမ၌ တပည့်တော်တို့က တစ္ဆေဖြစ်သည်ဟုယုံကြည်ခဲ့ကြသည့် ယုံကြည်ခြင်းမျိုးသည် သာမန်ယုံကြည်ခြင်း (belief) ဖြစ်ပါသည်။

စိန်စတီဖင် (သတေဖန်၊St. Stephen)၊ စိန်ပီတာ( ပေတရု၊St. Peter)၊ စိန်ပေါလ်(ပေါလု၊St. Paul)စသော တမန်တော်ကြီးများ၏ယုံကြည်ခြင်းသည်၎င်း၊ ပိုလီကပ် (Polycarp မှန်း၆၉–၁၅၅အေဒီ) တို့ကဲ့သို့သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ယုံကြည်ခြင်းသည်၎င်း သာမန်ယုံကြည်ခြင်း (belief) မဟုတ်ဘဲ သက်ဝင်ယုံကြည်မှု(faith) ဖြစ်ပါသည်။ ကျွန်ပိုင်ရှင်ဖိလိမွန်(ဖိလေမုန်၊ Philemon)




သည် မိမိထံမှထွက်ပြေးသွားရာမှ နောင်တတရားနှင့်အတူ ခရစ်တော်ကို ယုံကြည်သူအဖြစ်ပြန် ရောက်လာသော မိမိ၏ကျွန်အိုနေဆီးမတ်စ် (ဩနေသိမ်၊ Onisumus)အား ခွင့်လွှတ်သည့်အပြင် ခရစ်တော်၌ ညီအစ်ကိုတစ်ဦးအဖြစ် လက်ခံနိုင်ခြင်းသည် သခင်ခရစ်တော်အပေါ်၌ ထိုသို့သောသက်ဝင် ယုံကြည်မှုထားရှိသောကြောင့်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ဤသက်ဝင်ယုံကြည်မှုကို မည်သို့ရရှိနိုင်မည်နည်း။ သခင်ယေရှုကို မိမိ၏ အရှင်သခင်အဖြစ် ယုံကြည်လက်ခံလျက် သခင်ယေရှု၏ သွန်သင်ချက်များအတိုင်း လိုက်နာကျင့်ကြံပြီး အသက်ရှင်နေထိုင်သွားသောသူသည် သခင်ယေရှုကို မှန်ကန်စွာသိရှိ နားလည်သူဖြစ်ကာ ယုံကြည်လက်ခံသောသူဖြစ်ပါသည်။ ဤနေရာ၌ ပြောစရာတစ်ခုရှိပါသည်။ ခရစ်ယာန်ဘာသာ၏ အမှန်တရားများကို ဆင်ခြင်တုံတရားအားဖြင့် သိရှိနိုင်မည်မဟုတ်ဟု ဆိုသဖြင့် ဆင်ခြင်တုံတရားသည် ခရစ်ယာန်ဘာသာနှင့်ပတ်သက်ခြင်းမရှိဟု ယူဆလျှင် အမှားကြီးမှားပါလိမ့်မည်။ ခရစ်တော်၏ သွန်သင်ချက်များဖြစ်သော ကိုယ်ကျင့်တရား တည်ကြည် ဖြောင့်မတ်ခြင်း၊ ကိုယ်နှုတ်အမူအရာ စောင့်စည်းခြင်း၊ သမာသမတ်ရှိခြင်း၊ မေတ္တာကရုဏာထားခြင်း တို့သည် ဆင်ခြင်တုံတရား၏ ထိန်းကွပ်မှုအားဖြင့် သာလျှင် လက်တွေ့ကျင့်ကြံ အသက်ရှင်သွားနိုင်ပါသည်။ သို့ဖြစ်၍ သက်ဝင်ယုံကြည်မှုအပြည့်ရှိသော ခရစ်ယာန်ကောင်းဖြစ်ရေး၌ ဆင်ခြင်တုံတရားသည် မရှိမဖြစ်လိုအပ်သောတရား ဖြစ်ပါသည်။

ဆလိုင်းရှန်အောရ်ဇန်နှင်း

## သက်ရှိမ်မိမျာနှင့်ငါ



- သိက္ခာကိုဖြင့် ဆေးစိမ်နင့်လျက်
ငါချည်းတစ်ယောက် ကောင်းကျိုးမြောက်သော်
ဥပါယ်တံမျဉ် ချစ်ဟန်ဆင်၍
တမင်အနမ်း ဆယ်ကြိမ်လှမ်းမည်
လူ့ဝသီ.....။
- လောကလှိုင်းဒဏ် ကြိတ်မှိတ်ခံရင်း
ခါးဖန်ချိုလှည့် ဟားတိုက်ခဲ့စဉ်
တသောသောသည် သူတို့အသံမှာ
မာန်ကမပါ မာန်သာသာမြည်
လူ့ဝသီ.....။
- ကျေနပ်ခြင်း
နားလည်ခြင်း၊ အားရခြင်း
အပြုံး အကြည့်တွေ
မြင်ရကြားရ ကျေနပ်ပါမည်
ဆန္ဒရှိလျှင် ရေးကြဖျက်ကြ
ကျွန်တော့်ကျောမှာ အကွရာထပ်
လက်ရာမထပ်စေနှင့်ပေါ့.....။
- သိက္ခာကိုဖြင့် ဆေးစိမ်နင့်လျက်
သက်ရှိမ်မိ မဖြစ်ချင်သည်
ဒါ.......
ကျွန်ုပ်ဝသီ၊ သစ္စာတည်။ ။

လင်းထွဋ်ဝင်း

အဓိကအချက်။ ။ ၂ရာချုပ် ၃၃း၉-၁၃။

(က) နိဒါန်း

မနာရှေမင်းသည် ယုဒပြည်ကို B.C (၆၉၇-၆၄၂)အတွင်းအုပ်စိုးခဲ့သည်။ သူသည် ထာဝရဘုရားရှေ့မှာဒုစရိုက်ကိုပြု၍ နှုတ်ကပတ်တော်လမ်းမှလွဲလျက် အသက်ရှင်ခဲ့သည်။ သူ၏အသက်တာတစ်လျှောက်လုံး ထာဝရဘုရားမကြိုက်မနှစ်သက်သောအမှုများကို ကြိုးစား၍ပြုခဲ့သည်။ (၂ရာချုပ် ၃၃း၁-၉)

(ခ) မနာရှေမင်း၏အသက်တာအဆင့်ဆင့်

သူ၏အသက်တာကို သမ္မာကျမ်းစာက ဤသို့ဖော်ပြထားပါသည်။

ပထမ(ငယ်-၉) တိုင်းသူပြည်သားတို့ကို လမ်းလွဲစေသည်။ တရားတော်ကိုမသိသော တစ်ပါးအမျိုးသားတို့ထက်ပင် ဘုရားရှေ့၌ ဆိုးသောအမှုကိုပြုသည်။

ဒုတိယ(ငယ်-၁၀) ထာဝရဘုရားက သွန်သင်ဆုံးမသည်။ သို့သော်လည်း နားမထောင်။

တတိယ(ငယ်-၁၁) ထာဝရဘုရားက ရန်သူအာရှုရိတို့လက်သို့အပ်နှံသည်။ ဗာဗုလုန်မြို့သို့ သုံ့ပန်းအဖြစ်ခေါ်သွားခြင်းခံရသည်။

စတုတ္ထ(ငယ်-၁၂) ဗာဗုလုန်၌နေရစဉ် နောင်တရခဲ့သည်။ ဘုရားသခင်ထံ ဝန်ချတောင်းပန်သည်။

ပဥ္စမ(ငယ်-၁၃) သူ၏ ဝန်ချတောင်းပန်ခြင်းကို ဘုရားသခင်က လက်ခံသည်။ ဗာဗုလုန်မှနေရင်းပြည် ယေရုရှလင်မြို့သို့ တဖန်ဆောင်ယူတော်မူသည်။ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်ကြောင်း သိလာခဲ့ရသည်။



# နောင်တရလျက် ဝန်ချတောင်းပန်ခြင်း

ဖေသ(မိုးကောင်း)



(ဂ) ကျွန်တော်တို့၏ အသက်တာနှင့်ချိန်ထိုးခြင်း

မနာရှေမင်း၏အသက်တာကို ကျွန်တော်တို့ကိုယ်တိုင်၏အသက်တာနှင့် ချိန်ထိုးစဉ်းစားရန် အလွန်ကောင်းသည်။ သူ၏အသက်တာအားဖြင့် ကျွန်တော်တို့ကို ဘုရားသခင်က ဘာသွန်သင်နေသလဲ ? ပြန်၍ဆင်ခြင်ကြည့်ရအောင်..... ။

(ဂ-၁) ဆိုးသောအမှု၌ပျော်မွေ့ခြင်း

မနာရှေမင်းသည် သူ၏သက်တမ်းတစ်လျှောက်(နန်းစံသက်- ၅၅နှစ်အတွင်း) ဒုစရိုက်မှုပြုခဲ့သည်။ ထို့အတူ ကျွန်တော်တို့သည်လည်း မကောင်းမှုဒုစရိုက်ကိုပြု၍ ဆိုးသောအမှုထဲတွင် ကျင် လည်နေတတ်ကြသည်။ နှုတ်ကပတ်တော်၏သွန် သင်သောအသက်တာ၌ မရှိပဲ အပြစ်ထဲမှာ ပျော်နေတတ်သည်။ ယုံကြည်သူများဟု အမည်အခေါ်ခံသော်လည်း မယုံကြည်သူတို့နှင့် ဘာမှမထူးခြား။ တစ်ခါတစ်ရံ မယုံကြည်သူတွေထက်ပင် ပိုဆိုးသည်။

(ဂ-၂) ဘုရားသခင်ကဆုံးမသည်။

ဘုရားသခင်က မနာရှေကိုစွန့်ပစ်ခြင်းမပြုပေ။ ဆုံးမသည်။ ထို့အတူ ဒုစရိုက်အပြစ်ထဲ၌ ပျော်မွေ့နေသော ကျွန်တော်တို့ကိုလည်း ဘုရားသခင်က စွန့်ပစ်ဖယ်ရှားထားခြင်းမရှိပေ။ ဆုံးမသွန်သင်တော်မူပါသည်။ အမှုတော်ဆောင်များအားဖြင့်၊ သက်ကြီးလူကြီးတို့အားဖြင့်၊ မိဘတို့အားဖြင့် ဆုံးမ သွန်သင်ခြင်းပြုသည်။ နှုတ်ကပတ်တော်ကိုကိုယ်တိုင်ဖတ်ရှုခြင်းအားဖြင့်လည်း သွန်သင်ဆုံးမခြင်းခံရသည်။ သို့သော် ထိုဆုံးမသွန်သင်ခြင်းစကားများကို နားထောင်လေ့မရှိ။ နားထောင်လိုသည့်တိုင် ပျော်မွေ့နေပြီဖြစ်သော အကျင့်စရိုက်တို့ကို မဖျောက်နိုင်။

(ဂ-၃) ဆိုးသောအမှု၏အခ

အပြစ်ထဲ၌ပျော်မွေ့နေသူကို အပြစ်က ချုပ်နှောင်ထားသည်။ သူသည် အပြစ်၏ပြဋ္ဌာန်းခံဖြစ်နေသည်။ မကောင်းမှုပြုခြင်းဖြင့် မကောင်းမှု၏အကျိုးကိုပြန်ခံရသည်။ ဥပဒေအရ ခွင့်မပြုနိုင်သောမကောင်းမှုဖြစ်လျှင် အာဏာပိုင်တို့၏အရေးယူအပြစ်ပေးခြင်းခံရမည်။ သို့မဟုတ် သုံးဖြုန်းပျော်ပါးခြင်းအရာဖြစ်လျှင် ဥစ္စာပျက်စီးသွားမည်။ အေအိုင်ဒီအက်စ် ဖြစ်မည်။ ထိုသို့မဟုတ်ပဲ လူ့ကျင့်ဝတ်ပိုင်းနှင့်ဆိုင်လျှင် သိက္ခာကျမည်။ အရှက်ရမည်။ ပတ်ဝန်းကျင်၏ပစ်ပယ်ခြင်းခံရမည်။ ဒုစရိုက်အပြစ်၏အခကို ခံရသောအခါ ပျော်ရွှင်မှု၊ ငြိမ်သက်မှု... စသည်တို့ ပျောက်ဆုံးသွားရသည်။ နောက်ဆုံး ပိုက်ထွေးကျန်ရစ်ခဲ့ရသည်က..... ကြေကွဲဝမ်းနည်းမှုသာ။

မနာရှေမင်းသည် 'ဆူးတော'၌ ဖမ်းမိ....၊ 'သံကြိုး'နှင့် ချည်နှောင်...၊ 'သူမသွားလိုသော' ဗာဗုလုန်မြို့သို့ပို့ခြင်း.... ခံရသည်။ ကျွန်တော်တို့လည်း ဆိုးသောအမှု၏အခကို ခံရသောအခါ ကျွန်တော်တို့မလိုချင်သော ခါးသောအရာတို့ကို စားရတတ်ပါသည်။

(ဂ-၄) နောင်တရလျက် ဝန်ချခြင်း

မနာရှေမင်းသည် နောင်တရလျက် ဘုရားသခင်ထံဝန်ချတောင်းပန်သည်။ ပျောက်သောသား..... နောင်တရလျက် အဖထံဝန်ချတောင်းပန်သည်။ ပေတရု (သုံးကြိမ်ငြင်းပယ်ပြီးနောက်)... နောင်တရလျက် ကိုယ်တော်ကိုဝန်ချတောင်းပန်သည်။ ဒါဝိဒ်... နောင်တရလျက် ဘုရားရှင်ကိုဝန်ချတောင်းပန်သည်။ ထိုသူတို့အားလုံး မိမိတို့မှားယွင်းသွားခဲ့ကြကြောင်း သိမှတ်ခဲ့ကြသည်။ ဤသို့ဖြင့် နောင်တရလျက် ဝန်ချခဲ့ကြသည်။ ထိုသူတို့အားလုံး ခွင့်လွှတ်ခြင်းကျေးဇူးတော်ကို ခံစားကြရသည်။

ကျွန်တော်တို့အသက်တာ၌ အရေးကြီးသည်မှာ ပြုမိခဲ့သမျှဆိုးသောအမှုများကို နောင်တရလျက် ဘုရားရှင်ထံ ဝန်ချတောင်းပန်ရန်ဖြစ်သည်။ အထူးသဖြင့် ထိုသို့သောအမှု၏အခကို ခံရသောအခါ သာ၍နောင်တရလျက် ဝန်ချတောင်း

ပန်ဖို့လိုပါသည်။ "မိမိအပြစ်ကို ဖော်ပြဝန်ချ၍ ဇွန့်ပစ်သောသူမူကား၊ ကရုဏာတော်ကိုခံရလိမ့်မည်"(သုတ္တံ ၂၈:၁၃)

(ဂ-၅)ကယ်တင်တော်မူခြင်းနှင့် ယုဉ်သောဝမ်းမြောက်ခြင်း

မနာရှေမင်းသည် နေရင်းပြည်ယေရုရှလင်မြို့သို့ ပြန်ရောက်ရှိခွင့်ရခဲ့သည်။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းရရှိသောအခါ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန်ငြိမ်းလျက် ဘုရားသခင်၏မိတ်သဟာယဖွဲ့ခြင်းအဝန်းအဝိုင်းထဲသို့ ပြန်ရောက်လာသည်။ မကောင်းမှုပြုခြင်းဖြင့် ထိုအမှု၏အခကိုပြန်လည်ခံရတတ်သော်လည်း ကားတိုင်ပေါ်တွင်သွန်းတော်မူခဲ့သော ထိုသခင်ယေရှုခရစ်တော်၏အသွေးတော်သည် ကျွန်တော်တို့ခံရမည့် ဒဏ်ချက်ရာရှိသမျှကို ပျောက်ကွယ်သွားစေပါသည်။ "..... အရှင်ယေရှုခရစ်၏ အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကိုခံရကြသည်" (ဧဖက် ၁:၈)။ ဤသည်ပင် ကယ်တင်တော်မူခြင်းနှင့် ယုဉ်သောဝမ်းမြောက်ခြင်းပင်ဖြစ်သည်။ ခရစ်တော်ကို သက်ဝင်ယုံကြည်ရခြင်း၏ အနှစ်သာရဖြစ်သည်။

(ဃ) နိဂုံး

မနာရှေမင်းသည် အလွန်ဆိုးသောသူဖြစ်ခဲ့သည်။ သို့သော် သူသည်နောင်တရ၍ ဝန်ချတောင်းပန်ခြင်းပြုသောအခါ ဘုရားသခင်ကပြန်လည် လက်ခံခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း မည်မျှပင်အဆိုးထဲ၌ရှိနေခဲ့စေကာမူ ဘုရားသခင်က ချစ်နေလျက်ရှိပါသည်။ နောင်တရှိ၍ ဝန်ချတောင်းပန်လျက် ထိုသခင်ယေရှုခရစ်တော်၏ အသွေးတော်ဆေးကြောခြင်းကို လက်ခံစေလိုပါသည်။ ကိုယ်တော်ထံပြန်လာလျှင် ဧကန်အမှန်ပင်အပြစ်လွှတ်တော်မူမည်ဖြစ်သည် (၁ယော ၁:၉)။

ဘုရားသခင်၏ ကယ်တင်ခြင်းကျေးဇူးတော်ကို ကျွန်တော်တို့အား အဖိုးအခမဲ့ပေးလျက်ရှိပါသည်။ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့ လွန်ကျူးပြစ်မှားခဲ့ပြီးသမျှတို့ထက် သာ၍ကြီးမြတ်တော်မူပါသည်။ ဟာလေလုယာ။

ဇေသ(မိုးကောင်း)

"လူတစ်ယောက်၏ မှတ်ဉာဏ်အတွင်းသို့ အသိဉာဏ်ဝင်လာသော လမ်းကြောင်း(၃)ခုရှိ၏။
၎င်းတို့မှာ မျက်စိ၊ နား၊ နှာခေါင်းတို့ဖြစ်သည်။
အခြားအရံတစ်ခုလည်း ရှိသေး၏။
၎င်းမှာ ခြေလက်အင်္ဂါပင်ဖြစ်သည်။
သို့သော်.....
ဝိညာဉ်တော်သည် စိတ်နှလုံးအတွင်းသို့
အကြွင်းမဲ့ယုံကြည်ဆုတောင်းခြင်းအားဖြင့်သာလျှင် ဝင်လာသည်။"

စောဆယ်မြူရယ်ဉာဏ်လင်း(H.C.T.C)






## ဘုန်းတော်ကြီးရှိမှန်ဘီဘင်ထူး

နိဒါန်း

ခရစ်ယာန်ဘာသာတရားသည် လက်တွေ့ကျကျအသက်ရှင်နေသော ဘာသာတရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လှုပ်ရှားနေမှုကြောင့်ဖြစ်သည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လှုပ်ရှားမှုကြောင့် ဘဝအသက်တာ၊ ကိုယ်ကျင့်တရား၊ အတွေးအခေါ်များသည် ထင်မြင်ထားသည်ထက်ပို၍ သာလွန်နေသောကြောင့်ဖြစ်သည်။ အဓိကအချက်မှာ ကိုယ်တွေ့အဖြစ်မှန်များ ကြုံတွေ့လာရခြင်းဖြစ်သည်။

ခရစ်ယာန်ဟူသောဝေါဟာရ

ခရစ်ယာန်ဟူသောဝေါဟာရကို ဓမ္မသစ်ကျမ်းတွင်သာတွေ့ရပါသည်။ (တမန် ၁၁:၂၆၊ ၂၆:၂၈၊ ၁ပေ ၄:၁၆)။ အန္တိအုတ်မြို့တွင် ရှင်ပေါလုနှင့်ဗာနဗတို့၏ သာသနာပြုခရီးစဉ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာခဲ့သည်။ (တမန် ၁၁:၂၆)

သခင်ယေရှုကို မယုံကြည်သောသူများက ခရစ်တော်အကြောင်းကို ဟောပြောသက်သေခံချက်နှင့်ပတ်သက်၍ သွန်သင်သောသူများနှင့် လိုက်နာသောသူများကိုခေါ်ဆိုခဲ့ကြသည်။ ထို့အပြင် တမန်တော်ဝတ္ထု၏ဖော်ပြချက်အရ အဂြိပ္ပမင်းသည် ပေါလုကိုပြန်ပြောဆိုရာတွင် 'ခရစ်ယာန်'ဟူသောအမည်ကို အသုံးပြုခဲ့သည်။

နီရိုးဘုရင်လက်ထက်တွင် ခရစ်ယာန်ဟူသောအမည်ကိုကြားရုံနှင့် အမျက်ထွက်ခြင်း၊ စက်ဆုပ်ခြင်း၊ ကြောက်ရွံ့ခြင်းများကိုဖြစ်ပေါ်စေသည်။ သက်သာလောနိတ်မြို့သူ/သားများကလည်း နီရိုးဘုရင်မတိုင်မီက ခရစ်ယာန်များကို "လောကီနိုင်ငံကိုမှောက်လှန်သောသူများ" (တမန် ၁၇:၆)ဟုခေါ်ဆိုခဲ့သည်။ ရောမဘုရင်တို့က ခရစ်ယာန်တို့ကို သူပုန်၊ လူသတ်သမား၊ ရာဇဝတ်သားများနှင့်တန်းတူထားခဲ့သည်။

ကျမ်းစာတော်ရှိကတိတော်များက ခရစ်ယာန်များအား သမိုင်းစဉ်၌ တက်ကြွစွာလှုပ်ရှားဆောင်ရွက်ကြရန် ဖိတ်ခေါ်နေသည်။ (ဆာလံ ၈၉:၇-၁၃၊ ဟေရှာယ ၅၆:၁၇-၂၅၊ ဗျာဒိတ် ၂၁:၁-၂၁)။ ယနေ့ထိုဖိတ်ခေါ်ချက်၏ ဆန့်ကျင်ဖက်ဖြစ်ရပ်

မှန်တို့က နေရာတိုင်းတွင်ဖြစ်ပေါ်လျက်ရှိသည်။ ခရစ် ယာန်များသည် ဘုရားသခင်၏အလိုတော်ကို ငြင်းပယ်လျက် ဘုရားသခင်နှင့်လည်းကောင်း၊ သဘာဝနှင့်လည်းကောင်း၊ ဒေသအယူအဆများနှင့် လည်းကောင်း တင်းကွာလျက်နေပါသည်။ လောက ၏တပ်မက်မှုများက လူ့ဘောင်လောကကြီးကို စိုးမိုးချယ်လှယ်နေကြောင်း ခရစ်ယာန်များသတိ မထားဘဲ အသက်ရှင်နေကြသဖြင့် ခရစ်ယာန် ဆို သောဝေါဟာရနှင့် အဓိပ္ပာယ်ကင်းကွာ၍နေလေပြီ။

## ယုံကြည်ခြင်း

မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်း၊ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလန်းခြင်း ဖြစ်သည်။ (ဟေဗြဲ ၁၁း၁)။ လူတိုင်းသည် မိမိယုံကြည်ချက်၊ မိမိ၏ခံယူချက်များဖြင့် အသက်ရှင်နေကြသည်။ ယုံကြည်ခြင်းဟုဆိုရာ၌ ဦးတည်ချက်တစ်ခုခုကို ရှုးစိုက်လျက်ပေါက်မြောက်အောင် ပြုလုပ်ခြင်းလည်းပါဝင်သည်။ (ဥပမာ လေယာဉ်တီထွင်ခြင်း၊ ပန်းပုဆရာ၏လက်ရာ) ခရစ်ယာန်တို့ပြောနေသော ယုံကြည်ခြင်းဆိုသည်မှာ မည်သို့နည်းဟု စဉ်းစားလာရတော့မည်။

ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုစိုးစံလျက်နေကြောင်း ယုံကြည်ရန်လည်းကောင်း၊ ကောင်းကင်နှင့်မြေကြီးပေါ်ရှိရှိသမျှကို ပေါင်းစည်း၍ ခရစ်တော်၌ ချုပ်ခြာစေတော်မူလိမ့်မည်။ (ဧဖက် ၁း၁၀)ဟူသော ယုံကြည်ချက်ကိုလည်းကောင်း၊ သခင်ယေရှုသည် အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်ကြောင်း (ဗျာဒိတ် ၂၂း၁၂)ကို ယုံကြည်ရန် လည်းကောင်း၊ ခပ်သိမ်းသောအရာတို့ကို အသစ်ဖန် ဆင်းမည် (ဗျာဒိတ် ၂၁း၅)ဟု ယုံကြည်ရန်လည်း ကောင်း ယနေ့စိန်ခေါ်နေလေပြီ။

## အသင်းတော်

အသင်းတော်ဆိုသည်မှာ ယုံကြည်သူခရစ်ယာန်လူ့အဖွဲ့အစည်းဖြစ်ပါသည်။ မူရင်းအဓိပ္ပာယ်မှာ တာဝန်ခံအုပ်စိုးရသော ဂရိတ်မြို့များ၌ မြို့သူမြို့သားတို့၏ ဥပဒေပြု(သို့)တိုင်ပင်သည့်အစည်း အဝေးကိုခေါ်ပါသည်။ (တမန် ၁၉း၃၉)။ ဘုရားသခင်မျက်မှောက်၌ စုရုံးလျက်ရှိသော ဣသရေလလူမျိုး(သို့)ပရိသတ်ဟူ၍ အဓိပ္ပာယ်ရှိပါသည်။ (တမန် ၇း၃၈၊ ဟေဗြဲ ၂း၁၂)။ အသင်းတော်သည် စည်းမျဉ်း၊ စည်းကမ်း၊ စီမံအုပ်ချုပ်မှုတို့ဖြင့် ဆက်လက်အသက်ရှင်လျက်ရှိသည်။ အမှန်စင်စစ်မှာ အသင်းတော်သည် ကမ္ဘာတစ်ခုမဟုတ်ပါ။ အသင်းတော်သည်ကမ္ဘာကြီး၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သော်လည်း ဘုရားသခင်သည် ယုံကြည်သူများကိုသာဖြစ်သည်ဟု တစ်ဖက်သတ်မယူဆသင့်ပဲ လူသားအားလုံးအတွက် ဘုရားသခင်သည် အသက်စွန့်ခဲ့ခြင်းဖြစ်သည်ကို လက်ခံထားရပေမည်။ ယနေ့ အသင်းတော်များသည် မိမိအသင်းတော် လုံခြုံအောင်အစွမ်းရှိသမျှနှင့် အသင်းတော်ခြံဝင်း စိတ်နေသဘောထား (Mission Compound Mentality)ကို ထားကာ ကြိုးစား အားထုတ်လာကြမှုကြောင့် ပတ်ဝန်းကျင်နှင့် အဆက်ပြတ်လာတော့သည်။ ထို့ကြောင့် ခရစ်တော်ဘုရားကို ကိုးကွယ်ခြင်းကို နိုင်ငံခြားဘာသာတစ်ရပ်ကို ကိုးကွယ်ခြင်းဟု ပတ်ဝန်းကျင်၏သတ်မှတ်ခြင်းကို ခံရခြင်းဖြစ်သည်။

အသင်းတော်၏ကျင့်ဝတ်၊ ဝိညာဉ်ရေးတွင် ဘုရားသခင်က ဖန်ဆင်းကတည်းကပင် ရည်ရွယ်ချက်ရှိကြောင်း သမ္မာကျမ်းစာတွင်တွေ့ရပါသည်။ မိမိအားဝတ်ပြုကိုးကွယ်ရန် ချစ်ခင်၍မိတ်သဟာယဖွဲ့ရန်နှင့် မိမိအမှုတော်ကိုဆောင်ရွက်ရန်ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်နှင့်ဆက်သွယ်သောနည်းလမ်းဖြစ်သည်။ ဆုတောင်းခြင်း၊ ဝတ်ပြုခြင်းနှင့်နှုတ်ကပတ်တော်ကို လေ့လာဆင်ခြင်ခြင်းဖြင့် ဝိညာဉ်ရေးတိုးတက်ကြီးပွားအောင် ပြုလုပ်နိုင်ပါသည်။

မိတ်သဟာယဖွဲ့ခြင်း၏ အဓိကအချက်မှာ သခင်ယေရှုကဆုတောင်းရာတွင် "ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်" "ကိုယ်တော်သည် ကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည် ကိုယ်တော်၌ရှိသကဲ့သို့"ဟူ၍ ဆိုခဲ့သည့်အတိုင်း ချစ်ခြင်းမေတ္တာဖြင့် တစ်လုံးတဝတည်းရှိခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် အသင်းတော်ရှင်သန်တိုးပွားရန် ခရစ်တော်ကဲ့သို့ ချစ်ခြင်းမေတ္တာဖြင့် အသက်ရှင်လျက် သန့်ရှင်းသောဝိညာဉ်တော်၏အမအစဖြင့် တနာ ထောက်ထားသော စိတ်နေသဘောထားကာ အသက်ရှင်ရမည်ဖြစ်သည်။

အမှုတော်ဆောင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန်၊ အသင်းတော်ကြီးပွားရန် အစေခံကာဆက်ကပ်လုပ်ဆောင်ခြင်းဖြစ်၍ ယုံ ကြည်သူတိုင်း အမှုတော်ဆောင်ရန်ဖြစ်သည်။ အမှုတော်ဆောင်ခြင်းတွင် ဆယ်ဖို့တစ်ဖို့လှူဒါန်းခြင်းလည်းပါဝင်သည်။ ဆယ်ဖို့တစ်ဖို့ဆက်ကပ်ခြင်းသည် အရာခပ်သိမ်းကို ထာဝရဘုရားပိုင်တော်မူကြောင်း အသိအမှတ်ပြုလျက် ဝန်ခံခြင်းဖြစ်ပါသည်။ ဆယ်ဖို့တစ်ဖို့အလှူသည် ခရစ်ယာန် အသက်တာ၏ ဖြောင့်မတ်ခြင်းဆိုင်ရာ ဆုကျေးဇူးတစ်ပါးဖြစ်၍ စောင့်ရှောက်သူတိုင်း ခန္ဓာစိတ်ဝိညာဉ် ကောင်းကြီးခံစား ရမည်ဖြစ်သည်။

ခရစ်ယာန်အသက်တာ၌ ကျင့်ဝတ်၊စာရိတ္တကောင်းမွန်ခြင်းသည် ဝိညာဉ်ရေးရာရင့်ကျက်မှုတစ်ခုဖြစ်ပါသည်။ ဘုရားသခင်ကောင်းကြီးပေးသော အသက်တာဖြစ်ပါသည်။ အကျင့်ကောင်းခြင်း၊ သစ္စာရှိခြင်း၊ နှိမ့်ချခြင်း၊ စွန့်ကြဲခြင်းအကျင့်တို့သည် ဘုရားရှင်နှစ်သက်တော်မူသော အရာများဖြစ်ပါသည်။ ခရစ်ယာန်အသက်တာတွင် လိင်ကိစ္စ၌သစ္စာရှိခြင်းသည် အရေးကြီးဆုံးသောကျင့်ဝတ်ဖြစ်ပါသည်။ လူ့ကျင့်ဝတ်များကို မလိုက်နာ၊ မစောင့်ရှောက်ခြင်းသည် မကောင်းသောအကျင့်ဖြစ်၍ ထိုအရာများကိုကာကွယ်ရန် ရှင်ပေါလုက ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်း အကျင့်တို့ကို ဆောက်တည် ကြရမည်ဟု(၁တိ ၆း၁၁)တွင် တိုက်တွန်းထားပါသည်။

## အနာဂတ်အတွက်အမြင်သစ်

ကမ္ဘာလောကကြီးသည် ပြောင်းလဲနေသကဲ့သို့ အသင်းတော်သည်လည်း ပြောင်းလဲနေရာ အချိန်မဆွဲပဲ ပရောဖက်ပြုနေခြင်းထက် လက်တွေ့ကျကျဘက်စုံပြုပြင်မွမ်းမံမှုများ လိုအပ်နေပါသည်။ ဘုရားသခင်၏တရားစီရင်ခြင်းထက် ကတိတော်နှင့် ကျေးဇူးတော်တို့ကို ဖော်ပြသက်သေခံရန်လိုအပ်ပါသည်။ အနာဂတ်တွင် ဘုရားသခင်ရှိနေမည်။ ခရစ်တော်သည် မိမိအသင်းတော်ကို ဆက်လက်တည်ဆောက်နေအုံးမည်။ ထိုအသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာဟု ကတိတော်ရှိထားပါသည် (မဿဲ ၁၆း၁၈)။ ခရစ်တော်သည် သိုးထိန်းဖြစ်၍ သိုးတို့ရှေ့မှသွားနေမည်ဖြစ်သောကြောင့် အားမလျှော့ပဲ အမှုတော်မြတ်ကို လက်ဆင့်ကမ်းလျက် ဝမ်းမြောက်စွာ ထမ်းဆောင်ရပေမည်။


ထို့ကြောင့် ယနေ့ခရစ်ယာန်လူငယ်များ အသက်တာတွင် ရှင်သန်တိုးတက်သော အတွေးအခေါ်အမြင်သစ်များရှိနေရန် လိုအပ်ပါသည်။ အသင်းတော်တွင် ပါဝင်ခြင်းဖြင့် ရှင်သန်သောအသက်ရှင်မှု၊ ဝိညာဉ်ရင့်ကျက်မှုတို့ကို တည်ဆောက်ရမည်။

## နိဂုံး

ယနေ့ခရစ်ယာန်များသည် ဘုရားသခင်နှင့်အတူ ကမ္ဘာကြီးကိုအသစ်ပြုပြင်ဖန်တီးလျက် လက်တွေ့ကျသော ဓမ္မတရားကိုလက်ခံကျင့်သုံး၍ ပတ်ဝန်းကျင်သို့ဖြန့်ဝေရန် အချိန်ကာလဖြစ်ပါသည်။ ခရစ်ယာန်တိုင်းသည် အမှုတော်ဆောင်ခြင်း၊ ဆက်ကပ်ခြင်း၊ ရင့်ကျက်ခြင်း၊ ဝိညာဉ်ရေးအခြေခံပြည့်ဝခြင်းတို့သည် ကျင့်ဝတ်တစ်ခုအနေဖြင့် ဘုရားရှင် အလိုရှိကြောင်းတင်ပြအပ်ပါသည်။

ဘုန်းတော်ကြီးရှိုမုန်ဘီဘင်ထူး

# ဝန်းကျင်သစ်သို့



ယောဟန္နဒီ

"ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်အလွန်ကောင်းသည်ကို မြင်တော်မူ၏..." (ကမ္ဘာ ၁း၃၁)

ဘုရားသခင်ဖန်ဆင်းထားသော ကမ္ဘာမြေကြီးသည် မည်မျှလှပကြောင်း တော၊ တောင်၊ ရေ၊ မြေသဘာဝဝန်းကျင်စိမ်းလန်းသာယာမှုနှင့် ပြည့်စုံကြောင်းဝန်ခံရမည်ဖြစ်သည်။ ဤပတ်ဝန်းကျင်ကြီးထဲတွင် နေထိုင်ကြသောလူသားအချင်းချင်း ဆက်ဆံရေးသည်လည်း အလွန်အရေးကြီးပါသည်။ လူတစ်ဦးနှင့်တစ်ဦးကြား၊ မိသားစုတစ်စုနှင့် တစ်စုကြား၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား၊ ချစ်ကြည်ရင်းနှီးမှုများရယူကြခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းတို့ကို နေ့စဉ်နှင့်အမျှ ကြားသိနေရပါသည်။

We should think globally and act locally ဟူသော Principle of change အရ ယနေ့ ကျွန်မတို့နေထိုင်သည့် သန့်ရှင်းသောကားတိုင်စမ္ပတက္ကသိုလ်ဝင်းကြီးကို မည်သို့ထားရှိသင့်သနည်း? ကျောင်းသားများသည် အနယ်နယ်အရပ်ရပ်မှရောက်ရှိလာသူများဖြစ်သကဲ့သို့ ဆရာများသည်လည်း အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသူများဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှရောက်ရှိလာရုံမျှမက ပြည်ထောင်စုဖွားတိုင်းရင်းသားများလည်း အမျိုးစုံလင်ကြောင်းတွေ့ရပါသည်။ အဘယ်ကြောင့် ဤနေရာတွင် လာရောက်ဆုံဆည်းကြသနည်း? တစ်ခုတည်းသောအဖြေမှာ မိမိရပ်ရွာဒေသရှိလူသားများအကျိုးကို အမှုတော်ဆောင်တစ်ဦးအဖြစ်ကူညီဖေးမနိုင်ရန်၊ မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်သာယာစေရန်စသည့် ရည်ရွယ်ချက်များကြောင့်ရောက်လာရခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤနေရာသည် လူသားများအကျိုးကို သယ်ပိုးနိုင်၍လှပသောဝန်းကျင်ကို ဖန်တီးပေးနိုင်ရန် ပညာပေးလေ့ကျင့်ပေးနေသည့် နေရာတစ်ခုဖြစ်ပေးသည်။

ထို့ကြောင့် ဤနေရာသည် လှပသောသဘာဝဝန်းကျင်နှင့်အတူ အချင်းချင်းလည်းချစ်ကြည်မြတ်နိုးသင့်မြတ်ကြသည့် မိသားစုများအဖြစ် ရင်းနှီးပွင့်လင်းမှုများဖြင့် နေထိုင်ကြရန်လိုအပ်သည့်နေရာဖြစ်သည်။ ကျွန်မတို့၏ သဘာဝဝန်းကျင်သည် စိမ်းလန်းသာယာစိုပြေပြီး၊ ချုံပုတ်အမှိုက်ကင်းရှင်းဖို့၊ ကျန်းမာရေးနှင့်ညီညွတ်သောနေရာဖြစ်ဖို့၊ ရေစီးရေလာကောင်းမွန်ပြီး၊ ခြင်၊ ယင်ကင်းရှင်းသောနေရာဖြစ်ဖို့လိုအပ်ပါသည်။ ဖြစ်နိုင်ပါက သစ်ပင် ပန်းမာလ်များဖြင့် ဝေဝေဆာဆာတန်ဆာဆင် စိုက်ပျိုးထားရှိ သင့်ပါသည်။ မည်သည့်နေရာကပင်ရောက်ရှိလာစေကာမူ 'ရောမရောက်ရင်ရောမလိုကျင့်ရမယ်' ဟူ သောစကားအရ မြို့တော်သူမြို့တော်သားပီသစွာနေထိုင်တတ်ရန် အရေးကြီးပါသည်။ အမှိုက်သရိုက်များကို စနစ်တကျသိမ်းဆည်း၊ ဖျက်ဆီးတတ်ရန်လိုအပ်ပါသည်။ ဤကောင်းမွန်သောအလေ့အထများကို နေ့စဉ်လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိကျောင်းတော်ကြီး၏ သဘာဝဝန်းကျင်ကိုထိန်းသိမ်းနိုင်မည် ဖြစ်သည်။ သို့မှသာလျှင် မိမိအရပ်ဒေသ၏ သဘာဝအလှများကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

**"အချင်းချင်းတစ်ယောက်အောက် တစ်ယောက်နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကို ဆင်ကြလော့။ အကြောင်းမူကား... ဘုရားသခင်သည် စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။"** (၁ပေ ၅း၅)

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မတူညီသောနယ်မြေဒေသအသီးသီးမှရောက်ရှိလာပြီး ဝန်းကျင်စိမ်းတွင် ညီရင်းအစ်ကိုမောင်နှမသဖွယ် နေထိုင်ကြရန် အလွန်ပင်ခက်ခဲပါသည်။ ကျောင်းသားအချင်းချင်း၊ ကျောင်းသားနှင့်ဆရာ၊ ကျောင်းသားနှင့်ဆရာ့မိသားစု၊ တစ်ဖန်ကျောင်းသားနှင့် အသင်းသူအသင်းသားကြားဆက်ဆံရေးမှာ တစ်ဦးကိုတစ်ဦးနားလည်ကြဖို့ သင်ယူရန်လိုအပ်ပါသည်။ တစ်ဦးပေါ်တစ်ဦးနားလည်မှုသာ ချစ်ကြည်ရင်းနှီးမှုရမည်ဖြစ်သည်။ အပေါ်ယံမိတ်သဟာယဖွဲ့မှုထက် အတွင်းသဘောတစ်ဦးနှင့်တစ်ဦးထဲထဲဝင်ဝင် မိတ်သဟာယဖွဲ့ရန်လိုအပ်ပါသည်။ မိမိကိုယ်ကို ဝန်းကျင်စိမ်းတွင်နေထိုင်ရန် လေ့ကျင့်ယူရပါမည်။ မိမိအရပ်ဒေသရှိလူမှုဆက်ဆံရေးနှင့် ကွာခြားမည်မှာဧကန်ဖြစ်သည်။

ဤနေရာရှိ လူမှုဆက်ဆံရေးကို အမီလိုက်နိုင်ရန်အရေးကြီးသည်။ ဆရာသမားများနှင့် ဆက်ဆံရာတွင်လည်း မိမိစိတ်ရင်းစေတနာကိုယ်က ဆရာ၏မေတ္တာစေတနာကို ယုံကြည်ကိုးစားပြီး အကောင်းမြင်စိတ်ထားတတ်ရန် အလွန်မှပင်အရေးကြီးပါသည်။ ဆရာသမားများ၏ ဆိုဆုံးမမှု၊ လေ့ကျင့်ပေးမှုများကို တလွဲအယူမှားပါက မိမိဘဝရှေ့ရေး လမ်းကြောင်း ပြောင်းသွားနိုင်ပါသည်။ လက်ရှိလူမှုဝန်းကျင်၏အလှအပကိုလည်း ဖျက်ဆီးမိမည်ဖြစ်သည်။ ဆရာသမားများ၏ မိသားစုများသည်လည်း မိမိတို့၏အပြောအဆို၊ အပြုအမူမှစ၍ အစစအရာရာ ပညာသတိနှင့်နေကြ၊ ပြောကြဆိုကြရန် အလွန်အရေးကြီးလာပါသည်။ အမှုမဲ့၊ အမှတ်မဲ့ပြောဆိုမိသောအရာမှ အမှိုက်ကစ ပြဿဒ်မီးလောင်နိုင်ပါသည်။

သို့ဖြစ်၍ ဤလူမှုဝန်းကျင်ထဲတွင် နေထိုင်ကြသော ကျွန်မတို့တစ်ဦးစီသည် ဘုရားသခင်၏ကျေးဇူးတော်ကိုခံစားရသည့်အလျောက် တစ်ဦးပေါ်တစ်ဦးနှိမ့်ချခြင်းတန်ဆာကို ဆင်ကြရန်လိုအပ်ပါသည်။ ဤနေရာတွင် အတူတကွရောက်ရှိနေကြရခြင်းသည်ပင်လျှင် ဘုရားသခင်၏ထူးမြတ်လှသောအကြံအစည်တော်ကြောင့်ဖြစ်ကြောင်းကို သိမှတ်လျက်အရာရာ၌ သင်ယူတတ်ရန်အရေးကြီးပါသည်။ ဤဝန်းကျင်ကိုလှပသောဝန်းကျင်သစ် (Natural ရော Social Environment ကိုပါ) အဖြစ် ဖန်တီးကြရန်ဖြစ်သည်။ ထိုမှတဆင့် မြန်မာပြည်တန်တလျားရှိ အနယ်နယ်အရပ်ရပ်ကို အလှဆင်နိုင်ကြမည်ဖြစ်သည်။ ဘုရားရှင်ဖန်ဆင်းထားသော လှပသည့်အ

# ဂုဏ်ယူဝမ်းမြောက်ပါသည်

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ အချိန်ပိုင်းဓမ္မကထိကအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့လျက်၊ ရှာလုမ်မဂ္ဂဇင်းကိုကူညီမစလျက်ရှိသော ဘုန်းတော်ကြီး ဦးဒေးဗစ်၊ သန်းလွင်(ကျောင်းထိုင်ဘုန်းတော်ကြီး၊ ကြည့်မြင်တိုင်၊ ရှင်မိကွေလအသင်းတော်၊ ရန်ကုန်မြို့)သည် ၂၀၀၀ ပြည့်နှစ်၊ မေလ(၂၄)ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ၊ ကသီဒြယ် ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့သော မြစ်ကြီးနားသာသနာပိုင်နယ်၊ သာသနာပိုင်ရွေးကောက်ပွဲတွင် ဒုတိယမြောက် မြစ်ကြီးနားနယ်စီးသာသနာပိုင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပါသည်။

ဘိသိက်ပေးခြင်းနှင့် ပလ္လင်အပ်ခြင်းကို ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃)ရက်နေ့တွင် မြစ်ကြီးနားမြို့၊ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ ကသီဒြယ်ကျောင်းတော်ကြီးတွင် ပြုလုပ်မည်ဖြစ်ပါသည်။

ထို့အတွက် 'ရှာလုမ်'မှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

"ဆရာတော်အား ရှာလုမ်မဂ္ဂဇင်းမှ ဂါရဝပြု ကြိုဆိုပါကြောင်း:"

**"ယခုရွေးကောက်ခြင်းခံရသူ ကျွန်ုပ်တို့၏ ညီအစ်ကိုအား ကောင်းကြီးမင်္ဂလာကို ချပေးတော်မူလျက် ကျေးဇူးတော်ဖြင့် ခေါ်ယူခြင်းခံရသော အလုပ်ဝတ္တရားတို့ကို အသင်းတော်ဆောက်တည်ခြင်းနှင့် နာမတော်မြတ်၏ ဘုန်းတော်ထင်ရှားစေရန် ဆောင်ရွက်နိုင်စေပါမည့်အကြောင်း.... အသနားတော်ခံကြပါသည် အဖဘုရား.... အာမင်။"**


(သာသနာပိုင်ဘိသိက်ခံခြင်း လိတနိဝတ်မှ)

ဝန်းကျင်သစ်သို့မှအဆက်

ရာများသည် ကျွန်မတို့တစ်ဦးတစ်ယောက်အတွက်ကြောင့် အလုမခံသွားပဲ လုသထက်လုနိုင်ဖို့ ကြိုးစားရန်တာဝန်ရှိသူမှာ အမှုတော်ဆောင်ပါမည်ဟု မိမိကိုယ်နှင့်ဘုရားကိုဝန်ခံခဲ့သူ ကျွန်မတို့ကိုယ်တိုင်ပင် ဖြစ်ပါလိမ့်မည်။

(၂၅.၇.၂၀၀၀ နံနက် (၈:၃၀-၁၀:၃၀)နာရီအထိ ဤအကြောင်းအရာကို ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် ကျောင်းသူကျောင်းသားများအား အထူးကျေးဇူးတင်ရှိပါသည်။)

ယောဟန္နဒီ





# ငြိမ်းသက်ခြင်းပေးမှုပါ

(ရွှေနော်စိုးလေး)



သာယာလှပသော နံနက်ခင်း အလှသစ်သည် ကြည်လင်လန်း ဆန်းလျက်ရှိသည်။ ဘုရားသခင် ဖန်ဆင်းထားသော ပတ်ဝန်းကျင် မှာလည်း တိတ်ဆိတ်ငြိမ်သက် သာယာလျက်။ သို့သော် ငြိမ် သက်မှုမရှိသည်မှာကျွန်မ၏နှလုံး သားနှင့်အတွေးယဉ်ပင်ဖြစ်သည်။

"ဒေါင် ..ဒေါင် ..ဒေါင်"

ဘုရားကျောင်း ခေါင်း လောင်းသံလေးမှာ ချိုလွင်စွာပေါ် ထွက်လာသည်။ ယခုအပတ်မှာ

ပွဲတော်ဝတ်ရှိသဖြင့် ကျွန်မမှာ သားသမီးများနှင့်အတူ ဘုရားကျောင်းသွားရန် ပြင်ဆင်နေပါသည်။ တစ်ဖက်မှလည်း မြီးကောင်ပေါက်စ သမီးကြီးအား အကျအညီတောင်း ရပြန်သည်။

"ဖိုးမူကြီးရေ.. မိုးစွားလေးကို သနပ်ခါးလိမ်းပေးပြီး အကျီပါလဲပေးလိုက်နော်"

"မိုးမိုး... တားတားသနပ်ခါးလိမ်းပြီးပြီ။ တားက အကျီလှလှလေးဘဲ ဝတ်ချင်တယ်။ မေကြီးရှိတုန်းကဆို တားကိုအကျီအတစ်လေးဘဲ ဝတ်ပေးတယ်။ မေကြီးကို တားအရမ်းသတိယတာပဲ"

မပီကလာပီကလာ စကားဖြင့် ပြောလာသောဖိုးစွားလေး၏ စကားကြောင့် ကျွန်မနလုံးသားထဲ၌ မမော်ပြတတ်သော ဝေဒနာတရပ်ကို ခံစားလိုက်ရသည်။ ရင်ထဲ၌လည်း အလွန်ပြင်းထန်သော လှုပ်စစ်လိုင်းတစ်ခု ဖြတ်သန်းသွားသည်ဟု ထင်မိသည်။

'အစ်ကို' ကျွန်မဘယ်လိုပြောရမလဲ။ ကျွန်မကိုယ်တိုင် အစ်ကို့ကို တမ်းတသတိရနေပေမဲ့။ သူတို့လေးတွေ ဝမ်းနည်းမှာစိုးရိမ်လို့ ရင်ထဲက ဝေဒနာကိုကျိတ်မှိတ်ခံစားခဲ့ပါတယ်။ အရမ်းလိမ္မာလှတဲ့ သူတို့လေးတွေရဲ့ ဖေတစ်ဆိုးအမြစ်ကိုကြည့်ပြီး ကျွန်မအမြဲတမ်းပဲ အားငယ် ဝမ်းနည်းနေရပါတယ်။ ဘယ်လိုရှေ့ဆက် အသက်ရှင်မလဲဆိုတာ တွေးမိတိုင်း ကြေကွဲ ဝမ်းနည်းမိပါတယ်။ ကျွန်မဘဝမှာ ငြိမ်သက်ခြင်းဆိုတာ လုံးဝမရှိတော့ဘူး။ ငြိမ်သက်ခြင်းတွေရအောင် ကြိုးစားပေမဲ့လည်း အချည်းနှီးဖြစ်ခဲ့ရပါတယ်။ ကျွန်မဘယ်လိုများဆက်ပြီး အသက်ရှင်ရမလဲ အစ်ကိုရယ်"

ကျွန်မရင်ထဲ တင်းကျပ်နေပါသည်။ ပူပြင်းလှသောမျက်ရည်ပေါက်များမှာလည်း ပါးပြင်ပေါ်မှ အတိုင်းအဆမဲ့ရွာ စီးကျနေပါသည်။ ကျွန်မခန္ဓာကိုယ်မှာရှိသော မျက်ရည်စက်များ မကုန်သရွေ့တော့ ကျွန်မဘဝမှာလည်း ငြိမ်သက်မှုမရနိုင်သေးဟုပင် ထင်မြင်နေမိပါသည်။ ကျွန်မ၏အတွေးယဉ်မှာလည်း အတိတ်ဆီသို့ပြန်လည်လွင့်ပျံ့သွားမိသည်။

ကျွန်မတို့ အိမ်ထောင်ကျပြီး၍ သားသမီးများနှင့် မိသားစုလေးမှာ ဝိုပြေလှပါသည်။ အရွယ်မရောက်သေးသော သားသမီးများအတွက် မိသားစုတစ်ခုအား အခြေခိုင်မာလာအောင် ကြိုးစားတည်ထောင်ကြပါသည်။ ဘုရားရှင်၏ကျေးဇူးတော်ကြောင့် လုပ်ကိုင်စားသောက်ရသည်မှာ အဆင်ပြေစွာဖြင့် ရပ်တည်နိုင်ခဲ့သည်။ ကျွန်မခင်ပွန်းမှာ အိမ်ထောင်မိသားစုတွင်း၌ အလုပ်ကိုလေးစား ကြိုးစားရှာပါသည်။ တစ်ဖက်တွင်လည်း အသင်းတော်လုပ်ငန်း၌ မခြားမလပ်ကြိုးစား၍ ဆက်ကပ်ပါသည်။ အသင်းတော်၏ သက်ဆိုင်ရာ သင်တန်းများသို့လည်း ကိုယ်စားလှယ်အဖြစ် တက်ရောက်လေ့ရှိသည်။

ဒီအချိန်ထိ ကျွန်မတို့မိသားစု၌ ကျေးဇူးတော်ကြောင့်ပျော်ရွှင်ငြိမ်သက်မှုရခဲ့ပါသည်။ သို့သော်လည်း သမီးကြီးသိတတ်စအရွယ်မှစ၍ ကျွန်မ၏ခင်ပွန်းမှာ ကျန်းမာရေးချို့ယွင်းလာပါသည်။ အမှတ်တမဲ့ဖြစ်သဖြင့် ကျွန်မတို့မှာလည်း သာမန်ဆေးသောက်မှုဖြင့် ကုသကြပါသည်။ သို့သော် သက်သာခြင်းမရှိဘဲ ရောဂါအခြေအနေမှာ အစွမ်းပြလာပါသည်။ ကျွန်မတို့လည်းစိုးရိမ်၍ ရန်ကုန်သို့သွားရောက်ကာ စစ်ဆေးစမ်းသပ်မှုပြုပါသည်။ ဆေးစစ်ချက်အရ ရောဂါသိရပြီး သက်ဆိုင်ရာဆေးဝါးများဖြင့် ပြန်လည်၍အနားယူပါသည်။

ပြန်လည်အနားယူချိန်၌ ရောဂါအခြေအနေမှာ အနည်းငယ်သက်သာလာပါသည်။ ကျွန်မခင်ပွန်းမှာ ကျန်းမာရေးချို့တဲ့သည့်ကြားထဲမှာပင် အသင်းတော်အတွက် အမှုတော်ကိုတတ်နိုင်သမျှကြိုးစားကာ ဆက်ကပ်ပါသည်။ ဘုရားသခင်၏ ကရုဏာကြောင့်ပင် သူ့မှာအမှုတော်ကို အပြည့်အဝမဟုတ်သည့်တိုင် နိုင်သမျှအမှုတော်ကို ထမ်းရှာပါသည်။ သူကြိုးစား၍ အမှုတော်ကိုဆောင်ရွက်ရာတွင် နောက်ဆုံးအချိန်ဖြစ်လာလိမ့်မည်ဟု ကျွန်မ လုံးဝ



မမျှော်လင့်ခဲ့မိပါ။

သူ၏ကျန်းမာရေး အခြေအနေမှာလည်း တစ်စတစ်စနှင့်ပို၍ဆိုးရွားလာသည်။ ရောဂါဖိစီးမှုမှာလည်း ပြင်းထန်လာပြန်သည်။ ကျွန်မမှာတော့ အလွန်စိုးရိမ်ကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေသည်။ ဆေးဆရာမျိုးစုံ၊ ဆေးဝါးများမျိုးစုံဖြင့် ကြိုးစား၍ကုသပေးပါသည်။ အသင်းတော်ကြီးမှလည်း လာရောက်၍ဆုတောင်းကာ ကူညီကြသည်။ အားပေးကြသည်။ သို့သော်လည်း ကျွန်မမှာ ဘယ်လိုမှ ထိန်းသိမ်း၍မရအောင် မှုပင်သောက လွှမ်းမိုးနေသည်။ ရင်ထဲ၌လည်းနေဆယ်စင်းတောက်ကာပူလောင်နေသည်။ ကျွန်မတို့မိသားစု အလွန်တရာမှချစ်သော 'အစ်ကို' တစ်ယောက် ကျွန်မတို့ကိုခွဲသွားမှာ အရမ်းစိုးရိမ်နေမိသည်။

ဒီလိုအဖြစ်ဆိုးကြီးကို ကျွန်မလုံးဝမရင်ဆိုင်ရဲပါဘူး။ ဒီလိုအဖြစ်ဆိုးကြီးထဲမှ လွတ်မြောက်အောင် သနားခြင်းကရုဏာနှင့် ကယ်နုတ်ဖို့အတွက် ဘုရားသခင်ထံ နလုံးကြေကွဲစွာနှင့် ဆုတောင်းနေမိသည်။

ကျွန်မခင်ပွန်းမှာတော့ ပြင်းထန်လှသောဝေဒနာများထက်တွင် အေးဆေးတည်ငြိမ်လျက်ပင် ကျွန်မ၏စိုးရိမ်စိတ်နှင့် မှုပင်သောကကိုပင် နှစ်သိမ့်ရှာပါသည်။ "ညီမရယ် ဘာမှမစိုးရိမ်ပါနဲ့၊ ကျေးဇူးတော်ချီးမွမ်းပါကွာ၊ အစ်ကို့ရဲ့အသက်တာကို ကနေ့အထိအသက်ရှင်ခွင့်ပေးတဲ့ကျေးဇူးတော်ကိုတောင် ချီးမွမ်းလို့မကုန်နိုင်ပါဘူး။ အစ်ကို့အတွက်လည်း သနားကရုဏာနှင့်အမှုတော်ကို ထမ်းဆောင်ခွင့်လည်းပေးသေးတယ်။ သာယာတဲ့မိသားစုနဲ့ ပျော်ရွှင်ခွင့်လည်းပေးတယ်။ ဒီလောက်များပြားတဲ့ကျေးဇူးတော်ကို ရေတွက်ချီးမွမ်းလို့ မကုန်နိုင်ပါဘူးကွာ။ မိသားစုလေးကို အစ်ကိုမစောင့်ရှောက်နိုင်တော့ပေမဲ့ အစ်ကိုရဲ့မိသားစုလေးကို အစ်ကိုထက် ပိုပြီးအဆပေါင်းများစွာ ချစ်တဲ့ပြည့်စုံတဲ့ဘုရားရှင်ရဲ့ ရင်ခွင်တော်မှာပဲ အပ်နှံခဲ့ပါတယ်ကွာ။ အစ်ကိုတို့ လောကီသားတွေဟာ အမြဲတမ်းစိုးရိမ်စိတ်တွေနဲ့ ပြည့်နေတတ်တယ်။ ဒုက္ခရောက်တဲ့အချိန်မှာ အမြဲတမ်းအေားမှာရပ်တည်ပေးပြီး ပြင်းထန်တဲ့သောကမုန်တိုင်းတွေကိုလွင့်ပျောက်အောင် ကယ်တင်နိုင်တာ ကယ်တင်ရှင်တစ်ပါးပဲရှိတယ်၊ အဲဒါ သတိမထားရင် မတွေ့နိုင်ပါဘူး။ (ရှင်မဿဲ ၈း၂၃-၂၇)ထဲမှာ ဒုက္ခလှိုင်းတံပိုးတွေကို ငြိမ်းစေတဲ့အရှင်ကို ညီမအမြဲသတိယပါ။ ညီမ အတွက်အဖြေရပါလိမ့်မယ်။

ဒီလိုနဲ့ပဲ ကျွန်မအကြောက်ရွံ့ဆုံးနေ့ရက်က ကျွန်မရှေ့မှာ ရောက်လာခဲ့ပါတယ်။ ကျွန်မတို့အရမ်းချစ်တဲ့"အစ်ကို"တစ်ယောက် ဘုရားရှင်ရဲ့ ခေါ်တော်မူခြင်းကို နာခံလိုက်ပြီလေ။ ကျွန်မမှာတော့ ဆောက်တည်ရာမဲ့စွာနဲ့ ဝေဒနာတွေပေါက်ကွဲပြီလေ။ နလုံးသားတွေကလည်း အပိုင်းအစပေါင်းများစွာ ကွဲစင်ထွက်သွားမတတ်ပါပဲ။ တစ်ကိုယ်လုံးမှာရှိတဲ့ အသိစိတ်တွေ အင်အားတွေဆိုတာ



လည်း မရှိတော့ပါဘူး။ မျက်ရည်များကလည်း အတိုင်းအဆမဲ့စွာ နဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ဖိုရွဲနေစေပါပြီ။ ကျွန်မရဲ့ပူပင်သောကပူဆွေးဝိုကြွေးမှုအောက်မှာ အပြစ်မဲ့ပြီး ဘာမှမသိနားမလည်သေးတဲ့ သားသမီးငယ်လေးတွေကလည်း ငိုကြွေးခြင်းများနဲ့ပေါ့... "မင်းတို့လေးတွေကို မိုးမိုး နှစ်သိမ့်ချင်ပါတယ်ကွယ်.. ဒါပေမယ့် မိုးမိုးရင်ထဲမှာ ဘယ်လိုမှမခံစားနိုင်တော့လို့ပါ"



သောကပူဆွေးမှုကြားမှာ လူးလိမ့်ခံနေရတဲ့ ကျွန်မတို့ရဲ့မိသားစုလေးကို အားလုံးကဖျောင်းဖျနှစ်သိမ့်ကြပါတယ်။ ဒါပေမဲ့ ကျွန်မလုံးဝမဖြေသိမ့်နိုင်ပါဘူး။ ကျွန်မတို့မိသားစုလေး အရမ်းချစ်တဲ့ အစ်ကို၊ မိသားစုအပေါ်တာဝန်ကျေတဲ့အစ်ကို၊ အသင်းတော်အပေါ် ချစ်တဲ့အစ်ကို၊ သည်းခံခွင့်လွှတ်မှုတွေနဲ့ အမြဲတမ်းအေးချမ်းတဲ့အစ်ကို၊ ဒီလိုလူတစ်ယောက်ကို ဆုံးရှုံးလိုက်ရတဲ့ ကျွန်မတို့အတွက် ဘာနဲ့မှဖြည့်စွက်လို့မရနိုင်တော့တဲ့ ကွက်လပ်ကြီးတစ်ခုဖြစ်သွားပြီလေ!"

"ငြိမ်းချမ်းတဲ့ နေရာလေးနဲ့ ရှုံးတွေးတဲ့မေတ္တာရိပ်မှာ "အစ်ကို" တစ်ယောက် ငြိမ်းချမ်းနေမှာ ကျွန်မတို့သိပါတယ်။ ကျွန်မရဲ့ဘဝက ခု ကြည့်မယ်ဆိုရင် နုနယ်သေးတဲ့အိမ်ထောင်သက်နဲ့အတူ ဘာမှမသိနားမလည်သေးတဲ့ သားသမီးတွေနဲ့ အထီးကျန်စွာနေရတဲ့ ဝေဒနာဆိုးတွေကိုရော ဘယ်လိုငြိမ်သက်ခြင်းမျိုးနဲ့ ဆက်ပြီးရပ်တည်ရမလဲ" "အားလုံးကစေတနာအပြည့်နဲ့ အားပေးနှစ်သိမ့်ကြပေမဲ့ ကျွန်မတို့ခံစားနေရတဲ့ ဝေဒနာဆိုးကို ဘယ်သူတွေကများ အပြည့်အဝကူညီပေးနိုင်မလဲ၊ အခုချိန်မှာတော့ ကျွန်မရင်ထဲမှာ သောကမီးတွေ တောက်လောင်နေဆဲပါ အစ်ကိုရယ်"

"အင်း ငါ့စိတ်ထဲမှာ ဝေဒနာဆိုးတွေက နေရာယူစိုးမိုးဆဲပါပဲလား" ဒီနေ့ ကျွန်မဘုရားကျောင်းတက်ရသည်မှာ စိတ်ထဲ၌မငြိမ်မသက်ဖြစ်နေမိသည်။ အသင်းတော် အစည်းအဝေးပွဲတွင်လည်း "အစ်ကို" မျက်နှာကိုသာ မြင်ယောင်နေမိသည်။ ဒီလိုနဲ့ဘဲ ပွဲတော်ဝတ်နှံ့အစည်းအဝေးမှာ ရစ်ဝဲကျလာတဲ့ မျက်ရည်တွေကို နိုးခိုးပြီး သုတ်နေရပါသည်။ အိမ်ပြန်ရောက်တော့ စိတ်ပင်ပန်းမှုများစွာနဲ့ ဧည့်ခန်းမှာခဏထိုင်မိသည်။

"မိုးမိုး.. တားတားပြန်လာပြီ"

"ဩော်.. အေး..အေး ဖိုးခွားပြန်လာပြီးကိုး" အမှတ်တမဲ့ ဧည့်ခန်းထဲသို့ပြေးဝင်လာသောဖိုးခွားကြောင့် ကျွန်မပါးပြင်ပေါ်မှ မျက်ရည်များကို အလျင်အမြန်သုတ်လိုက်ရပါသည်။ "ဖိုးခွားလေး.. ဒီနေ့ဆရာက ဘာသင်ပေးလိုက်လဲဟင်" "မိုးမိုး.. ဒီနေ့ဆရာက အိုင်ကြီးထဲမှာ သခင်ယေရှုနဲ့ တပည့်တော်အကြောင်းပြောပြတယ်သိလား၊ သခင်ယေရှုက ပြင်းထန်တဲ့လှိုင်းတွေကို ငြိမ်စေတယ်။ စိုးရိမ်သောကတွေကို ငြိမ်းစေတယ်တဲ့မိုးမိုးရဲ့" "မိုးမိုး...တား ထမင်းဆာပြီ၊ ထမင်း





သွားစားအုံးမယ်"၊

"ဩော် အေး.. အေး"

ကျွန်မမှာ ဖိုးခွားလေး၏နှုတ်မှ အဆက်မပြတ်ထွက်လာသောစကားကြောင့် "အစ်ကို"ကို ဖိုဤသတိရမိသည်။ အစ်ကို့ရဲ့ မှာကြားသံတို့သည်း ပြန်ကြားယောင်မိသည်၊ ရှင်မဿဲ ၈း၂၃-၂၇မှာ အဖြေရှာရင်တွေ့ရမယ်တဲ့" သမ္မာကျမ်းထဲ၌ ခရစ်တော်ယေရှုနှင့် တပည့်တော်များ ဂါလိလဲအိုင်ကိုကူးစဉ် လေပြင်းမုန်တိုင်းပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအချိန်မှာ တပည့်တော်တွေက "လှေ"ကို မြုပ်မသွားအောင် ကြိုးစားကြပါတယ်၊ နောက်ဆုံးတော့ ဘာမှမတတ်နိုင်သည့်အချိန်၌ သခင်ယေရှုအားနှိုး၍ လှိုင်းတံပိုးကြားမှ ကယ်တင်မှုရခဲ့ပါသည်။ ယုံကြည်ခြင်းမဲ့သော တပည့်တော်များကို သခင်ယေရှုက "အဘယ်ကြောင့် ယုံကြည်ခြင်းစိတ်နှင့် ကင်းသနည်း" ဟုမိန့်တော်မူခဲ့ပါသည်။

ကျွန်မမှာ သမ္မာကျမ်းစာကို သေချာစွာနှလုံးသွင်းသောအခါ အဖြေမှန်ကိုတွေ့ခဲ့ရသည်။ အထူးသဖြင့် "ယုံကြည်ခြင်း ကင်းမဲ့ခြင်းပင်ဖြစ်သည်"။ တပည့်တော်များသည် မိမိတို့၏အနီးတွင် ထာဝရရှိနေ၍ အရာခပ်သိမ်းကိုဖြစ်စေနိုင်သောအရှင်ကိုပင် လုံးဝမဆောက်သွယ်ခဲ့ပါ။ လူ့အစွမ်း၊ လူ့ဉာဏ်နှင့်လူ့ခွန်အားဖြင့်သာ အခက်အခဲနှင့်ပူပင်သောကကို ရင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့်ပင် ပူပင်သောကမျိုးစုံဖြင့်တွေ့ကြုံကြရသည်၊

ကျွန်မဘဝနှင့် ခံစားချက်သည်လည်း အဖြေမှန်ကိုတွေ့ခဲ့ရပါပြီ၊ ကျွန်မမှာ လူ့လောကသားတို့၏သဘာဝအတိုင်း ကိုယ့်စိတ်၊ ကိုယ့်ခံစားချက်ကိုသာ ရှေ့တန်းတင်ပြီး ဘဝ၏သောကမုန်တိုင်းကို ရင်ဆိုင်ခဲ့ပါသည်။ ပြင်းထန်သော သောကလှိုင်းတံပိုးများ၏ ကြမ်းတမ်းသောရိုက်ခတ်မှုကိုခံစားရသောအခါ ကယ်သူမဲ့ပြီး သောကပင်လယ်ဝေခဲ့ရပါသည်။ ကိုယ့်ကိုယ်ကိုလည်း တည်ငြိမ်ရငြိမ်သက်မှုရအောင်မတည်ဆောက်နိုင်သည့်အပြင်သားသမီးငယ်များကိုလည်း အားပေးနှစ်သိမ့်မှုများ မပေးနိုင်ခဲ့ပါ။ တစ်ပါးသူများရဲ့နှစ်သိမ့် အားပေးခြင်း ကိုလည်း ဥပေက္ခာပြုခဲ့ပါသည်။

အဆိုးဆုံးမှာတော့ ကျွန်မ၏နံဘေး၌အမြဲရပ်တည်၍ နှစ်သိမ့်ငြိမ်သက်မှုခွန်အားကို ထာဝရချပေးတော်မူသောကယ်တင်ရှင်ကိုပင် မေ့လျော့ခဲ့မိပါသည်၊ အရာခပ်သိမ်းကို ပြီးပြည့်စုံအောင်ကယ်တင်ပေးနိုင်သော မေတ္တာရှင်ကိုလည်း ဥပေက္ခာပြုခဲ့ပါသည်။ ကျွန်မ၏ယုံကြည်မှု၊ အားကိုးမှုကင်းမဲ့ခဲ့ခြင်းကြောင့်သောကမုန်တိုင်းနှင့် လှိုင်းတံပိုး၏ ရက်စက်သောဒဏ်ချက်များကိုလည်း လည်စင်းခံခဲ့ရပြီးပါပြီ၊ 'အခုအချိန်မှာတော့ ကျွန်မရဲ့ဘဝနဲ့ သောကမုန်တိုင်းအပေါင်းကိုငြိမ်သက်ခြင်းအရှင်ရဲ့ လက်တော်တွင်း အပ်နှင်းလိုက်ပါပြီ' အိုအဘ ကယ်တင်ရှင် ပြင်းထန်သောလှိုင်းတံပိုးကြားတွင် နစ်မြုပ်၍ကယ်တင်ခြင်းမဲ့သော ကျွန်မအားကယ်ပြီး နှစ်သိမ့်ခြင်းကရုဏာပေးတော်မူပါ"။

ရွှေနော်စိုးလေး

"ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကို ငါရတတ်သည်ဟု စိတ်ထဲမှာ အောက်မေ့ခြင်းအပြစ်ကို သတိနှင့် ကြဉ်ရှောင်လော့။"

(တရားဟော ၈း၁၇)





# အလေပါမှု

ဝံသ

သန့်
ရှင်း
သော
ကား
တိုင်
မှ
တက္ကသိုလ်

လွန်ခဲ့သော (၈)နှစ်ခန့်က ရန်ကုန်မြို့အစွန် တစ်နေရာတွင် ဆရာဝသန်ဟုခေါ်သော သင်းအုပ်ဆရာတစ်ဦးသည် ၎င်း၏သိုးထိန်းခြင်းလုပ်ငန်းကို စတင်ခဲ့သည်။ ထိုအချိန်ကတည်းက သူသည် အလွန်ကောင်းသော ခရစ်ယာန်သိုးထိန်းတစ်ပါးဖြစ်ခဲ့သည်။ ခရစ်ယာန် သိုးထိန်းခြင်းလုပ်ငန်းကို ကြေကွဲဝမ်းနည်းစရာအတွေ့အကြုံဖြင့် အစပြုခဲ့သည်။ ထိုစဉ်အခါက ဆရာဝသန်သည် သင်းအုပ်နယ်အသစ်တစ်ခုတွင် လေးပတ်မျှသာ လုပ်ငန်းဆောင်ရွက်ရပါသေးသည်။

မိုးဥတု၏ တစ်ညနေခင်းတွင် ဆရာဝသန်အိမ်သို့ ပြန်ရောက်စဉ် အသက်(၅၀)အရွယ်ကျန်းမာရေးကောင်းပုံရသော ဦးနန္ဒသည် ရေချိုးနေစဉ်ဦးနောက်သွေးကြောပြတ်ပြီး ရုတ်တရက် ကွယ်လွန်သွားခဲ့သည်ဟူသော သတင်းဆိုးကြီးလျက်ရှိသည်။ ထိုနေ့ညနေမှာပင်ဆရာဝသန်သည် ဦးနန္ဒ၏ဇနီးဖြစ်သူ ဒေါ်ယမုံနာနှင့် သူမ၏အသက် (၁၆)နှစ်အရွယ်သားတို့ထံချက်ချင်းသွားရောက်ခဲ့သည်။ အသုဘကိစ္စအတွက် အစီအစဉ်များပြုလုပ်ပြီး သနားခြင်းကရုဏာကိုဖော်ပြသော ကူညီဖေးမမှုများပေးခဲ့သည်။

လင်ယောကျ်ား သေဆုံးပြီးနောက် သုံးပတ်အကြာတွင် ဆရာဝသန်သည်ဦးနန္ဒအိမ်သို့ရောက်ရှိသောအခါ သူသည် ဒေါ်ယမုံနာအား သူမ၏မီးဖိုချောင်တွင် ချက်ပြုတ်နေသည်ကို မြင်ခဲ့သည်။ သူမ၏မိခင်လည်းရှိပြီး ချက်ပြုတ်နေရာမှ သူမအားလှည့်ကြည့်သောအခါ ဒေါ်ယမုံနာက ဆရာဝသန်ကို ဧည့်ခန်းသို့ခေါ်ဆောင်သွားခဲ့သည်။ ဆရာဝသန်သည် သက်တောင့်သက်သာရှိလှသော တီရှာန်သားရေ ကုလားထိုင်တွင်ထိုင်ပြီး ဒေါ်ယမုံနာသည် စာဖတ်စားပွဲနှင့်မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင်ထိုင်ခဲ့သည်။ ဤကုလားထိုင်များသည် လင်နှင့်မယားထိုင်သော ရှိသေလေးစားဖွယ်ကုလားထိုင်များဟု ဆရာဝသန်မှန်းဆခဲ့သည်။ ဆရာဝသန်က ထုံးတမ်းစဉ်လာဖြစ်သော နှုတ်ဆက်ခြင်းများနှင့်အားပေးနှစ်သိမ့်သည့် စကားများ ပြောခဲ့သည်။

"ဦးနန္ဒဟာ ကျွန်မအပေါ်မှာ အင်မတန်သံယောဇဉ်ရှိပြီး၊ ကျွန်မရဲ့ ငယ်ချစ်ဦးတစ်ယောက်လည်းဖြစ်တယ်... ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့ အသက်လို့ဆိုရင်လည်း မမှားဘူး.. အခုလိုမမျှော်လင့်ပဲ ကွယ်လွန်သွားတော့ ကျွန်မရင်ထဲမှာ မွန်းကြပ်တဲ့ ဝေဒနာခံစားရတယ်။ သူ့အကြောင်းကိုဘဲ စိတ်ထဲမှာစွဲနေတယ်... ထမင်းချက်တဲ့အခါမှာလည်းသူ့ဆီစိတ်ရောက်နေတယ်။ ဈေးသွားရင်းလည်းသူ့အကြောင်းတွေးပြီး မျက်ရည်ဝဲရတယ်... တစ်ချိန်လုံး သူ့အကြောင်းတွေးနေတော့ စိတ်ထောင်းကိုယ်ကြေဆိုသလို စားမဝင်အိပ်မပျော်နဲ့ ကျွန်မပါ လုံးပါးပါးသွားနိုင်တယ် ဆရာ...."

"လူ့ဘဝဟာ အခိုးအငွေ့လိုဘဲအခေါ် မတည်မရပ်ဘဲ အရိပ်လိုရွေ့သွားရတာပါပဲ.. လူဆိုတာ ဘုရားသခင်အလိုတော်ကို ဝန်ခံဖို့အရေးကြီးပါတယ်။ ဘုရားသခင်က လူ့ရဲ့အသက်ဝိညာဉ်ကို ပိုင်ဆိုင်တယ်မဟုတ်လား။ ဘုရားသခင်ရဲ့က အကြံအစည်တော်ဟာ လူတွေနားမလည်နိုင်အောင် နက်နဲတာ အခုအခေါ်အနေနဲ့ လက်တွေ့ကြုံလာရပြီ..ဒီလိုအခြေအနေမျိုးမှာ အခေါ်အနေနဲ့ ဘုရားသခင်အပေါ် ယုံကြည်မှုမပျက်အောင် ကျွန်တော် ခွန်အားပေးချင်တယ်.. သေခြင်းဟာကြောက်စရာကောင်းပေမဲ့ ဒါဟာ ဘုရားသခင်ထံပြန်သွားဖို့ အစပြုခြင်းပဲဖြစ်တယ်... သေခြင်းဟာ လူကိုအပြစ်ဒုစရိုက်ထဲမှ လွတ်ကင်းစေပြီး ခရစ်တော်ရဲ့ ရှင်ပြန်တဲ့တန်ခိုးကို မျှော်လင့်စောင့်စားစေခြင်းဖြစ်တယ်... အသက်ရှင်တဲ့မျှော်လင့်ခြင်းကို ခရစ်တော်ပေးခဲ့တယ်။ ဒါကြောင့် ဝမ်းနည်းပူဆွေးမှုတွေအားလုံးကို ခရစ်တော်ထံလွှဲတင်ရင် အခေါ်ရဲ့ရင်ထဲမှာခံစားရတဲ့ မွန်းကြပ်တဲ့ ဝေဒနာသက်သာသွားမှာ အမှန်ပါပဲ။ ခရစ်တော်ယေရှုဟာ ကျွန်တော်တို့အနီးအပါးမှာ ရှိတယ်ဆိုတာမမေ့ဖို့ အခေါ်ကိုသတိပေးချင်ပါတယ်..."

"ဆရာ့စကား ကြားရတော့ ကျွန်မအားငယ် ရိုးရှုံ့စိတ်တွေ ပျောက်သွားပြီး ကျွန်မရဲ့စိတ်ကိုပြန်ပြီး တည်ငြိမ်အောင်ထိန်းထားဖို့ သတိဝင်လာတယ် ဆရာ..."

ထိုသို့ ပြောအပြီးထိုင်နေစဉ် ဒေါ်ယမုံနာမှာ တစ်မိနစ်ကြာငြိမ်နေပြီး ဆရာဝသန်မှာလည်း ထို့အတူငြိမ်နေသည်။ ထို့နောက် အောက်ပါစကားများ အပြန်အလှန်ပြောဆိုခဲ့ကြသည်။

"အခုအခြေအနေတွေ ဘယ်လိုရှိသလဲ ဒေါ်ယမုံနာ.."

"အခု အတော်အခြေအနေကောင်းပါတယ်.. ကျွန်မစီးပွားရေးလုပ်ငန်းတွေ တည့်မတ်အောင်စပြီး ကြိုးစားနေပါတယ်။ ဘဝ

မှာ ခွဲမြစ်စွာရှိနေတဲ့ လစ်ဟာမှုတစ်ခုရှိပါတယ်။ ဒါပေမယ့် ကျွန်မ အလုပ်တစ်ခုခုရတဲ့အထိ မျှော်လင့်နေရမှာပါပဲ..."

"အဒေါ်စိတ်ထဲမှာ တစ်စုံတစ်ရာရှိသလား..."

"ဟုတ်ကဲ့... အကြောင်းအရာအတော်များများရှိပါတယ်..."

သူမ သိသိသာသာစဉ်းစားနေစဉ် မိနစ်ဝက်ခန့်နားနေပြီး သူ တောချွမပြောသဖြင့် သင်းအုပ်ဆရာဝသန်အနေဖြင့် အနီးကပ်စစ်ဆေးလိုသောဆန္ဒမရှိခဲ့ပါ။ ထို့နောက် ၎င်းကဆက်လက်၍-

"ကျွန်တော် ဒီနေ့မွန်းလွဲပိုင်းမှာ ရည်ရွယ်ချက်တစ်ခုနဲ့ ဒီနေရာကိုရောက်လာတယ်..."

"ဟုတ်ကဲ့... ဆရာ့အမှုအရာကိုကြည့်ပြီး ကျွန်မပြောနိုင်ပါတယ်..."

"အဒေါ့်အနေနဲ့ သေခြင်းအကြောင်း ကျွန်တော်ပြောတာကို ထင်မှတ်ထင်မှား ဖြစ်မှာပါပဲ.."

ဒေါ်ယမုံနာသည် တစ်စုံတစ်ရာမြန်လည်ပြောကြားခြင်းမပြုပါ။ သို့သော် အတွေးနယ်တွင်နစ်မျောနေခဲ့သည်။

"တစ်ခါတစ်ရံ ကျွန်တော်ဟာ အဒေါ့်ကို ပွင့်ပွင့်လင်းလင်း ပြောတတ်တာဟာ အခြားသူတွေ ထက်ပိုပါတယ်...အဒေါ်ရဲ့ ဘုရားရှင်အပေါ်ယုံကြည်မှုနဲ့ဆင်ခြင်စဉ်းစားတတ်တဲ့ပညာရေးဟာ အများနားအယှဉ်းယှဉ်းနဲ့ ၎င်းတွေးမြည် တမ်းပြီး ကိုယ့်ကိုယ်ကိုသနားလေ့ရှိတဲ့ မိတ်ဆွေကွယ်လွန်ချိန်မှာ အကြီးမားဆုံး ဘေးအန္တရာယ်အကြောင်း ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်း ပြောဖို့ဆုံးဖြတ်ပေးလိုက်တယ်လေ...."

စက္ကန့်အနည်းငယ် နားပြီးနောက်-

"ဦးနန္ဒာဟာ အခုတော့အဒေါ့်ရဲ့ဘဝက ထွက်သွားခဲ့ပြီ.. ဒါပေမယ့် သူဟာနာကျင်မှုမခံစားရတော့ဘူး.. ဘယ်အရာကမှ သူ့ကို ပျော်ရွှင်မှုကင်းမဲ့အောင် ဒါမှမဟုတ် စိတ်မချမ်းသာအောင်မလုပ်နိုင်တော့ဘူး... အခုသူငြိမ်းချမ်းနေပြီလို့ ကျွန်တော်တို့ယူဆနိုင်ပါတယ်.... သူ့ရဲ့ခန္ဓာကိုယ်လှုပ်ရှားမှု ဘဝအဆုံးကိုရောက်ခဲ့ပြီး ပြည့်ဝသော၊ ပျော်ရွှင်ချမ်းမြေ့သော၊ ကျေနပ်ဖွယ်သော ဘဝအသက်ကို ကူးပြောင်းသွားခဲ့ပြီ..."

ဒေါ်ယမုံနာသည် ဆင်ခြင်သုံးသပ်လျက်-

"ဟုတ်တာပေါ့.. သူ့အနေနဲ့ သူလုပ်ခဲ့တဲ့အတိုင်း ဘဝအသက်တာအပြင်ဘက်မှာ ကျေနပ်မှုအတိုင်းအတာကို ရရှိနိုင်ပါစေလို့ ကျွန်မကို သူမကြာခဏ ပြောခဲ့တယ်.. သူ့အနေနဲ့ ကျေနပ်နှစ်သိမ့်မှုကို အမှန်တကယ်ရမှာပါပဲ"

"အခုတော့ အဒေါ့်ရဲ့အနားက သူ့ရဲ့ဘဝဟာ ဆုံးခန်းတိုင်ခဲ့ပြီး အဲဒီဘဝကို ပေါင်းထည့်လို့မရနိုင်တော့သလို အခြားကိုလည်း ယူမသွားနိုင်တော့ဘူးလေ.....။ ဒါကြောင့် သူနဲ့ပတ်သက်တဲ့ အဒေါ့်ရဲ့အတွေးအခေါ်အားလုံးဟာ ကြေကွဲဝမ်းနည်းခြင်း စပြီးဖြစ်ပေါ်စေတဲ့ အချိန်အတန့်မှာ ကိုယ့်ကိုယ်ကိုခွဲခြမ်းစိတ်ဖြာ သုံးသပ်လာစေတယ်ဆိုတာ ကျွန်တော်အဒေါ့်ကို ပြောလိုတယ်.... ဘယ်အကြောင်းအရာအတွက်မဆို ကိုယ့်ကိုယ်ကို သနားစေတဲ့ အဒေါ့်ရဲ့အတွေးတွေကို နိုက်နိုက်ချွတ်ချွတ် စစ်ဆေးကြည့်ပါ... အဒေါ့်ကို အဒေါ်ပြောပါ။ ဦးနန္ဒာသေဆုံးတဲ့အတွက် ကျွန်မဝမ်းနည်းရတာလား.. သို့မဟုတ်သူမရှိတဲ့ဘဝ ခြောက်သွေ့တဲ့ကန္တာရမှာနေထိုင်ဖို့ ကျွန်မကို တရားစီရင်ခဲ့လေသလား... သို့မဟုတ်ကျွန်မတို့ရဲ့သားကို လမ်းညွှန်ဖို့နဲ့တိုင်ပင်နိုးနေဖို့ တစ်ဦးတည်းလုပ်ဆောင်ရမဲ့ တာဝန်ဝတ္တရား ကျွန်မမှာရှိသလား... အဲဒီနောက် သူနဲ့အတူရှိတဲ့ အဒေါ့်ရဲ့ဘဝဟာ အလွန်လှပပြီး သူဟာပြည့်စုံလှတဲ့ဘဝတစ်ခုကို အချိန်တိုကလေးအတွင်းမှာ နေထိုင်သွားတယ်ဆိုတာကို ကျေးဇူးတင်တဲ့ ဆုတောင်းချက်တစ်ခုပြုနိုင်ဖို့ အဒေါ့်ကိုအဒေါ် ခွန်အားပေးပါ..."

"ဒါဟာ အန္တရာယ်ရှိတယ်ဆိုတာ ကျွန်မသိပါတယ်.. ဒါပေမဲ့ ကျွန်မအနေနဲ့ ဒီလိုကိစ္စကို ဒီလောကဂုဏ်သိက္ခာရှိရှိ ဘယ်တုန်းကမှ ရင်မဆိုင်ခဲ့ပါဘူး..."

ဆက်လက်၍ ဒေါ်ယမုံနာသည် ကြည်သာသောအပြုံးနှင့်အတူ ကောင်းသောစိတ်ထားဖြင့်-

"ကျွန်မကို ဓားထက်ထက်နဲ့ ခွဲစိတ်နေပါလားဆရာ..."

"သမ္မာတရားဟာ အသွားနှစ်ဖက်နဲ့ ဓားတစ်လက်ပဲအဒေါ်.. အဒေါ့်အနေနဲ့ ဒီလိုထက်တဲ့ဓားမျိုးနဲ့ခြုံဖုတ်အတွင်းအပြင်ကို ဇော့ယမ်းနိုင်ပြီး အဆုံးအစွန်အနေဖြင့် ဒီခြုံဖုတ်ကို ဖျက်ဆီးပစ်လို့ရပါတယ်.. ဒါပေမယ့် အဒေါ်ဟာ အဲဒီအတားအဆီးကို တိုက်ရိုက်ရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်..."

"ဒါဟာ ဝေးဝေးပြေးဘာ ထက်စာရင်ပိုပြီးကောင်းပါတယ်.."

ဤသို့ပြောပြီး ခဏကြာ တိတ်ဆိတ်နေသည်။ ၎င်းနောက် အလင်းတန်းတစ်ခုသည် သူမအပေါ်သို့ ရုတ်တရက်ဖုံးလွှမ်းခဲ့သည်။

"ကျွန်မအနေနဲ့ ကျွန်မသားအတွက် အသက်ရှင်သင့်တယ်ဆို တာပြောဖို့ ကျွန်မမိတ်ဆွေတွေ အခုနှုတ်ဆိတ်နေကြတယ်... သူတို့ဟာ ဒီအကြောင်းကို ကျွန်မကိုဘယ်တော့မှ မပြောခဲ့ပါဘူး..."

"အဒေါ် ဒီလိုလုပ်မယ်ဆိုရင် ဒါဟာ အဒေါ့်ရဲ့ပထမဆုံးမဟာ အမှားဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်... ဒါပေမဲ့ အဒေါ်ဒီလိုမလုပ်ဘူးမဟုတ်လား..."

ဒေါ်ယမုံနာသည် ပွင့်ပွင့်လင်းလင်းကလန်ကဆန်ပြု၍-

"ဟုတ်တယ်... ကျွန်မဒီလိုမလုပ်ဘူး...."

"အဒေါ် မလုပ်ရတဲ့အကြောင်းကို ကျွန်တော့်ကိုပြောပြီးတဲ့အခါ ကျွန်တော့်အနေနဲ့ အဒေါ် မလုပ်သင့်တဲ့အကြောင်းကို ပြောမယ်.."

ဒေါ်ယမုံနာက အစပြု၍-

"ဘာကြောင့်လဲဆိုတော့ သူ့မှာလည်း သူ့ဘဝနဲ့သူ့အကြောင်းရှိပြီး ကျွန်မကလည်း သူ့ကိုအသက်ဆယ့်တစ်နှစ်အရွယ်ကတည်းက ဒီအတိုင်းပေပ်ဖို့ အားပေးတိုက်တွန်းခဲ့တယ်..."

"အတိအကျလား... သူဟာ အခု အထက်တန်းပညာသင်ယူနေပြီ.. အဒေါ်က သူ့ကိုကောလိပ်မှာ ဆက်လက်ပညာသင်ယူဖို့ဆန္ဒရှိတယ်..... သာမန်ယောကျ်ားကလေးတစ်ယောက်ဟာ မိတ်ဆွေသူငယ်ချင်း အမြောက်အမြားရှိမှာဖြစ်ပြီး စောစောစီးစီးအိမ်ထောင်ပြုကောင်းပြုလိမ့်မယ်....... အဲဒီအချိန်နောက်ပိုင်းမှာ အဒေါ်ဟာ ကိုယ့်ရဲ့ဘဝကို တစ်ဦးတည်းအစပျိုးရမှာအမှန်ပါပဲ... ဒါပေမယ့် အဒေါ်ဟာ လေးနှစ်သို့မဟုတ်ရှစ်နှစ်အသက်ပိုကြီးသွားမှာပါပဲ... အခုကတည်းကကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပုံအစပျိုးမယ်ဆိုရင် ပိုပြီးလွယ်ကူပါလိမ့်မယ်။ သားငယ်မရှိတော့မယ့် ဖခင်နေရာမှာ မိခင်တစ်ဦးရဲ့ဆေးခွန်ထက်တဲ့ ကြိုးပမ်းအားထုတ်မှုပြုခြင်းထက် သူ့ကိုပြီးပြည့်စုံတဲ့ အဖော်မွန်တစ်ဦးထံ ပေးအပ်လိုက်ပါလား..."

"ဆရာပြောတဲ့အတိုင်း ကျွန်မလက်ခံစဉ်းစားပြီး လောကဓံကို ရဲရဲရင်ဆိုင်လိုက်တော့မယ်ဆရာ..."

ဆရာဝသန်၏ ကူညီစောင့်မမှုများသည် ဒေါ်ယမုံနာအဖို့ စိတ်နှလုံးအေးချမ်း ငြိမ်သက်မှုကို အခုန်ပင် ဖြစ်စေခဲ့ပါသည်။ သူ၏ နှစ်သိမ့်အားပေးမှုများနှင့် လမ်းညွှန်မှုတို့သည် ဒေါ်ယမုံနာအားဆင် ခြင်စဉ်းစားတတ်သော မိခင်တစ်ဦးဖြစ်စေသည် သာမက ဘဝ၏အဖော်မွန်ကိုလည်း ရှာဖွေတွေ့ရှိစေခဲ့ပေသည်။ ထိုအဖော်မွန်ကား လူတို့ကြံစည်၍မမီနိုင်သော ငြိမ်သက်ခြင်းကိုပေးသည့် ယေရှုဘုရားပင် ဖြစ်ပေသတည်း။



ဝံသ

(သန့်ရှင်းသောကားတိုင်
ဓမ္မတက္ကသိုလ်)



အခန်း(၁)

"သား.... သားရဲ့ဝေဒနာက ကြီးမားလှချည်လားကွယ်...ခေါင်းမှာလည်း ဆေးတွေနဲ့ကားတိုင်ကြီးကိုလည်း မနိုင့်တနိုင်ထမ်းနေရသေးတယ်... ဒီကြားထဲ ကျောပေါ်ကို ကျလာတဲ့ဒဏ်ချက်တွေက

# အမေ

စောကျော်ဘင်(ရေလဲကျွန်း)

သွေးတွေရွှဲနေပါလား သားရယ်... အမေ ဘယ်လိုခံစားရတော့မလဲ... အမေရဲ့နှလုံးသားတွေ ကြေမွကုန်ပြီကွယ်" ဟုဆိုကာ ခွေခွေလေး လဲကျသွားသော မယ်တော်မာရိ၏ ခံစားမှုကိုပီပြင်စွာ တင်ဆက်ပြနေသော "သဲနှင့်ရင်ဝယ်" မှုပြဇာတ်အားကြည့်ရင်း ကျွန်မ၏မျက်လုံးအိမ်မှ မျက်ရည်များ အလိုလိုစီးကျလာပါသည်။

"အမေ... သမီးမိုက်ကိုခွင့်လွှတ်ပါအမေ အဟင့်...ဟင့်" "ဖြူအဖြစ်လို့ ငိုရတာလဲကွယ်... ပြဇာတ်ပြနေတာဆိုတာလည်းသတိထားအုံးမှပေါ့" "မောင်ရယ်... ဖြူလေ အမေ့ကို အရမ်းသတိရလွန်းလို့ပါ. အမေ့ရဲ့မေတ္တာ... အမေ့ရဲ့ကျေးဇူးတွေကို ပေးဆပ်ခွင့် မရခဲ့ဘူးမောင်ရယ်" "ဖြူကလည်းကွာ ရက်စရာကြီး လူတွေရှေ့မှာငိုနေရတယ်လို့" "မောင်ရယ် ဖြူရင်ထဲမှာ မခံစားနိုင်တော့လို့ပါ... မယ်တော်မာရီကိုကြည့်ရင်းနဲ့ အမေ့ကိုတွေ့နေရသလို ခံစားနေရလို့ပါ မောင်ရယ်" မျက်ရည်တသွင်သွင်စီးကျလျက် ရှိုက်ကာရှိုက်ကာပြောနေသော ဖြူ့ကို ယောသပ်နှာလည်ပါသည်။ ဖြူ၏မိခင် ခေါ်သူ့အမှာ ဘုရားတရားကိုင်းရှိုင်းပြီး သူတစ်ပါးအား ကူညီဖေးမသောကြောင့် လူအများက ချစ်ခင်ကြသည်။ ဖြူ၏မိခင်မှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ကွယ်လွန်သွားခဲ့သည်။

"ဖြောင်း... ဖြောင်း... ဖြောင်း" လက်ခုပ်သံတို့သောသောညံထွက်ပေါ်လာသည်နှင့် ကျွန်မတို့လည်း အားရပါးရ လက်ခုပ်တီးလိုက်ပါသည်။ ပြဇာတ်၏ဇာတ်လမ်းအဆုံးအထိ ကျွန်မမခံစားနိုင်တော့ပါ...အမေ... အမေရယ်... အိမ်ပြန်ရောက်၍ မောင်အိပ်ပျော်သွားသော်လည်း ကျွန်မမှာအိပ်၍မရဘဲ နှမ်းပေါ်လက်တင်ပြီး စဉ်းစားမိနေ ချိန်ဝယ် အမေ့၏ပုံရိပ်များက ကျွန်မ၏အနားသို့ လွင့်မျော၍ ရောက်လာပါသည်။

အခန်း(၂)

"သားနဲ့သမီး စာကြိုးစားနော် ဒါမှ အမေ့သားနဲ့သမီးဟာ ပညာတတ်ကြီးတွေဖြစ်ပြီး ဘုရားရှင်ရဲ့ အမွေတော်အတွက် ဘယ်လိုအကျိုးရှိအောင် ဆက်ကပ်လုပ်ဆောင်ရမယ်ဆိုတာ ဗိုသိလာမှာ ပညာမတတ်ရင်တော့ အသိဉာဏ်လည်းနည်းမယ် အမေ့ကိုဘဲကြည့်လေ ဘယ်လောက် ရုန်းကန်ခဲ့ရသလဲဆိုတာ အဲဒါကတော့ အမေပညာမတတ်ခဲ့လို့ပဲတွဲ." "စိတ်သာချပါအမေ ကျွန်တော်ပညာတတ်အမွေတော်ဆောင်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်" "အိုဝမ်းသာလိုက်တာ သားရယ် အမေလေဒီစကားကို အရမ်းကြားချင်နေတာတွဲ." ဟုဆိုကာ မတ်တပ်ရပ်လိုက်ပြီးလက်နှစ်ဖက်ကိုမြှောက်ကာ "ဘုရားရှင်၏ ဘုန်းတော်ထင်ရှားပါစေသတည်း... ဟာလေလုယာ" အမေ့မှာဝမ်းသာအားရဖြင့် ကျေးဇူးတော်ချီးမွမ်းလိုက်သည်။

အမေ့ကိုကြည့်ပြီး ကျွန်မသာဝင်မကျပါ။ မကျေနပ်စိတ်နှင့်အတူ အမေ့ကိုပြောလိုက်သည်။ "အမေကလည်း ဒီစကားလေးတစ်ခွန်းတည်းနဲ့ ဒီလောက်တောင်ဝမ်းသာရလား တကယ်ဖြစ်သေးတာလဲ မဟုတ်ဘဲနဲ့" ကျွန်မအမေ့ကိုပြောလိုက်တော့ အမေ့ရဲ့ပျော်ရွှင်နေတဲ့မျက်ဝန်းဟာ ချက်ချင်းပဲတည်သွားပြီး ကျွန်မကိုစိုက်ကြည့်ကာ "ဒီမှာသမီး အမေဆိုတာသားသမီးတွေအကြောင်းကို ကောင်းကောင်းသိတယ် ဘယ်သားသမီးဟာ ဘယ်လိုစိတ်ထားရှိတယ်ဆိုတာ အမေသိပ်သိတာပေါ့ သမီးတို့အဖေဆုံးသွားပြီးကတည်းက သားနဲ့သမီးကို ဘုရားရှင်ဆီမှာအပ်နှံခဲ့တယ် အမေအခုလိုတစ်ယောက်တည်း ရုန်းကန်ကြိုးစားနေတာ သားနဲ့သမီးအတွက်ပဲ ဒီလိုကြိုးစားနိုင်တာလည်း ဘုရားရှင်ရဲ့ကျေးဇူးတွေပဲသမီး သားကြီးစိတ်ဓာတ်ကိုအမေကောင်းကောင်းသိတယ်သမီး" "အမေကလေ အစ်ကိုကြီးဆိုရင် အရမ်းမျက်နှာ သာပေးတယ် သမီးဆိုရင် တစ်ခါမှ အကောင်းမပြောဘူး" "ဘယ်လိုပြောလိုက်တာလဲသမီးရယ် အမေဆိုတာ သားသမီးအားလုံးကိုချစ်တာပါပဲ အဲ သမီးမှာကအားနည်းချက်ရှိတယ် အဲဒါကသမီးဟာတစ်ကိုယ်ကောင်းဆန်တယ် အဲဒါလေးပြင်လိုက်ရင်သမီးလည်းသိပ်တော်တဲ့ အမေ့သမီးဖြစ်လာမှာပါကွယ်"ဟုဆိုကာ ကျွန်မကိုဖက်ပြီး ပါးပြင်ကို မွှေးကြူလိုက်ပါသည်။ အမေထွက်သွားသည်နှင့် ကျွန်မ

လည်း အစ်ကိုအားစတင်ရန်တွေ့တော့သည်။ "ဒီမှာအစ်ကို အမေကညီမလေးကိုပဲ အပြစ်ပြောပြောနေတယ်အဲဒါအစ်ကိုကြောင့်ပဲဖြစ်ရမယ် အစ်ကိုက အမေ့ကိုကပ်ပြီးဖားနေလားမှမသိတာ အစ်ကိုကကပ်ဖားကြီးသိလား" ကျွန်မရန်တွေ့မှုကို အစ်ကိုကတုန့်ပြန်မှုမရှိဘဲ "ဘုရားသခင်သိပါတယ် ညီမလေးရယ်"ဟုပြောလိုက်သည်မို့ ကျွန်မအရမ်းစိတ်တိုသွားမိသည်။ "ဟင်း ပြောလိုက်ရင်တော့ ဒါမျိုးကြီးပဲ ဘုရားသခင်ကို တွေ့နေရတဲ့အတိုင်းပဲ" အစ်ကိုက ကျွန်မကို ပြုံး၍သာကြည့်နေပါသည်။ ကျွန်မက ဒါမျိုးလုံးဝမကြိုက်ပါ။ အမေနဲ့အတော်တူတဲ့ အစ်ကိုပဲဟုသာ မှတ်ချက်ချလိုက်ပါသည်။

အခန်း(၃)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ဖြစ်သည်။ အမေမှာ ကျွန်မတို့မောင်နှမနှစ်ယောက်ကိုဈေးရောင်းပြီး ကျောင်းထားသဖြင့် ကျွန်မတို့မောင်နှမနှစ်ဦး အပူအပင်ကင်းစွာဖြင့်ကျောင်းတက်ခွင့်ရခဲ့သည်။ အမေမှာ ပင်ပန်းလွန်းသော်လည်း ကျွန်မတို့အား ဘာမှမခိုင်းခဲ့ပါ။ ကျွန်မတို့မောင်နှမမှာ ကိုယ့်ရည်မှန်းချက်နှင့်ကိုယ်မို့ ပညာရေးကိုသာ အာရုံစိုက်ခဲ့သည်။ အစ်ကိုကြီးမှာ အားလပ်ချိန်၌ အမေ့ကို အမြဲကူညီသော်လည်း ကျွန်မမှာတော့ ပို့နေမြဲကျားနေမြဲပင်ဖြစ်သည်။ ကျွန်မမှတ်မိပါသေးသည်။ ရှစ်တန်းကျောင်းသူဘဝမှာ ကျောင်းကအပြန် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ထိတ်လန့်သွားမိသည်။ အကြောင်းမှာ လှိုင်းဘွဲ့တစ်မြို့လုံး ဝိုင်းပယ်ထားကြသည့် အရက်သမားဦးဖိုးတေက အမေ့ကိုဆဲနေပါသည်။ "ဒီမှာ... အဖွားကြီး ကျုပ်ဖာသာ ဘာပဲဖြစ်နေနေ ခင်ဗျားကြီးနဲ့မဆိုင်ဘူး ခင်ဗျားသေသွားချင်လို့လား ကျုပ်မသေခင် ခင်ဗျားကို အရင်သတ်လိုက်မိမယ် ကျုပ်က လူကောင်းမဟုတ်ဘူးဆိုတာ ခင်ဗျားသိတယ်နော်" ဦးဖိုးတေကြီး၏ ခေါင်းတွင် သွေးများစွဲနေပြီး ကိုယ်ခန္ဓာက ယိမ်းထိုးနေသည်။ ဘယ်သူတွေက ဝိုင်းပြီး သမလိုက်မှန်းမသိ အခြေအနေ မကောင်းသည့်ကြားကပင် အမေ့အား အပြတ်ဟောက်နေသည်။ ကျွန်မတို့မောင်နှမ နှစ်ယောက်လည်း တုတ်တစ်ယောက် တစ်ချောင်းစီကိုင်ပြီး အမေ့ဆီပြေးသွားမိသည်။ အမေမှာတော့ ပြုံးရွှင်စွာနဲ့ ဦးဖိုးတေကိုကြည့်ရင်း "ဒီမှာသားဖိုးတေ မင်းကအမေ့ကို သတ်မယ်ဆိုလည်းအမေမကြောက်ပါဘူး မင်းကိုအမေ့သား တစ်ယောက်လိုဘဲ သဘောထားပါတယ်။ အခု မင်းခေါင်းက ဒဏ်ရာတွေနဲ့မို့ အမေမင်းကို ဒီအတိုင်း ကြည့်မနေနိုင်ဘူး ဘုရားသခင်ဟာ အမေတို့ကိုချစ်သလို မင်းကိုလည်းချစ်တယ် ဒါကြောင့် မင်းရဲ့ဒဏ်ရာတွေကို အမေဆေးထည့်ပေးမယ်နော် သားကလိမ္မာပါတယ်ကွယ်" အမေ့စကားကြောင့် ဦးဖိုးတေ ခေါင်းထောင်လာကာ အမေ့ကို သေချာစွာကြည့်ရင်း မျက်ရည်များ စီးကျလာပါသည်။ ပြီးနောက် အသံကျယ်ကြီးဖြင့် "အမေ.. ဖိုးတေ ဆိုးချင်လို့ ဆိုးနေတာမဟုတ်ပါဘူး အခက်အခဲအမျိုးမျိုးကြောင့် ဖိုးတေ ဒီဘဝရောက်ခဲ့ရတာပါဗျာ အီး.. ဟီး... ဟီး"

ကလေးတစ်ယောက်ပမာ ငိုရှိုက်ကာပြောနေသော ဦးဖိုးတေ စကားကြောင့် ကျွန်မတို့လက်ထဲ၌ ကိုင်ထားသောတုတ်များမှာ ပစ်ချလိုက်မိလျက်သားဖြစ်သွားသည်။ အမေကတော့ပြုံးလျက် "လူဆိုတာ ပျက်အစဉ်ပြင်တာပေါ့...သားကကြိုးစားပြီးပြင်လိုက်ရင် အားလုံးကောင်းသွားမှာပါကွယ်"အမေ့စကားကြားရတော့ ဦးဖိုးတေမှာ အမေ့ခြေထောက်တွေကိုဖက်ထားပြီး "အမေ...အမေ့ကို ကျွန်တော် တွေ့ရတာ ဘုရားကိုတွေ့ရသလိုပဲဗျာ ကျွန်တော့ခံယူချက်ထဲမှာတော့ လူတွေဟာ ချစ်တဲ့စိတ်လေး တောင်မပြောနဲ့ စာနာတတ်တဲ့စိတ်လုံးဝမရှိဘူးလို့ မှတ်ယူထားတာ ဒါပေမယ့် အခုကြင်နာတတ်တဲ့ အမေ့ကိုတွေ့မှပဲ လူတွေမှာကြင်နာသနားတတ်တဲ့ စိတ်ရှိသေးပါလားလို့ အသိဝင်လာ



တယ် လူတွေကိုကောင်းကျိုးမပေးတဲ့ ကျွန်တော့်လိုလူမျိုးကို ကြင်နာသနားပြီးနားလည်တတ်တဲ့အမေရဲ့စေတနာကြောင့် ကျွန်တော့်ရဲ့အမှားတွေကို ပြုပြင်ပါတော့မယ်ဗျာ" ဦးဖိုးတေ စကားကြောင့် အမေ့မှာ ဘယ်လောက်ထိ ပျော်သွားမှန်းမသိ အမေ့လက်များက ဦးဖိုးတေ၏ ခေါင်းကိုကိုင် ကာ



"ဝမ်း...ဝမ်းသာလိုက်တာ သားရယ် အမေ့တစ်သက်မှာ ဒီတစ်ခါ အပျော်ဆုံးပဲ သားအတွက်နေစရာ မဲ့ပြီး အခက်အခဲဖြစ်နေရင် အမေတို့နဲ့အတူ လာနေပါလား" ဦးဖိုးတေမှာတော့ ခေါင်းညိတ်ရမလို ငြင်းပယ်ရမလို အမူအရာဖြင့် ရှိနေခိုက် "သားရယ် ဘာမှအားငယ်စရာ၊ အားနာစရာ မလိုပါဘူး၊ သားအတွက်ဘုရားသခင်က အားလုံးစီမံပေးမှာပါကွယ်" ကျွန်မမှာ အမေ့စကားကြောင့်ဘာပြောရမှန်း မသိဖြစ်သွားသည်။ "အမေတို့နဲ့ အတူလာနေပါလားတဲ့" အပြောလွယ်လိုက်တာ အမေရယ် အိမ်မှာ သမီးကလည်းရှိသေးတယ်။ ဒီဦးဖိုးတေဆိုတဲ့လူကြီးရဲ့ မကောင်းကြောင်းတွေကိုလည်း မသိတာ မဟုတ်ဘဲနဲ့. ကျွန်မမှာတော့ တစ်ကိုယ်တည်းကျိတ်၍ မကျေမနပ်ဖြစ်နေမိသည်။ သို့ပေမဲ့ အမေ့မှာတော့ရွှင်ပြုံးလျက်...

ထိုနေ့မှစ၍ ဦးဖိုးတေကြီးမှာ အရက်မသောက်တော့ဘဲကုန်စိမ်းများကိုလှည့်လည်ရောင်းပါသည်။ ဦးဖိုးတေ၏ ပြောင်းလဲမှုကိုကြည့်ပြီး အမေ့ကိုလူတွေက ပို၍လေးစားလာကြသည်။ အစ်ကိုကြီးမှာတော့ ဦးဖိုးတေကြီးနှင့် ရယ်ရယ်မောမော စကားပြောလျက်ရှိသည်ကိုတွေ့ရတတ်သည်။ ကျွန်မစိတ်တွင် ဦးဖိုးတေကြီးလာနေသည်ကို လုံးဝမကြိုက်ပါ။ အမေ့ကိုလည်း နည်းနည်းလေးမှ မကျေနပ်၊ အစ်ကိုကြီးလည်း အပါအဝင်ပေါ့။ မကျေနပ်မှုများစွာဖြင့် ကျွန်မမှာတော့ ကြိတ်မှိတ်၍သာနေရပါသည်။ ဒီလိုနှင့်ပင် ဦးဖိုးတေကြီးမှာ ကျွန်မတို့အိမ်၌ မိသားစုဝင်အဖြစ် နေသွားကျလာပါသည်။

တစ်နေ့... ဦးဖိုးတေနှင့်အစ်ကိုကြီးတို့ ဘားအံမှလှိုင်းဘွဲ့သို့ ပြန်အလာတွင် ကားမှောက်၍ပါသွားကြပါသည်။ အမေမှာတော့ ဦးဖိုးတေနှင့် အစ်ကိုကြီးတို့၏ ရုပ်အလောင်းကိုကြည့်ရင်း မျက်နှာတစ်ခုလုံးနီရဲနေပါသည်။ ဝမ်းနည်းတုန်ရီသွားဖြင့် ပါးစပ်မှလည်း "သား.. သားတို့ရယ်"ဟုဆိုကာ ခွေလဲကျသွားပါသည်။ သို့သော်လည်း မျက်ရည်များတော့ ထွက်မလာပါ။ ကျွန်မမှာလည်း ငိုရှိုက်ရင်း အမေ့ကိုထိန်းထားရသည်မှာ တစ်ကိုယ်လုံး တုန်လှုပ်၍နေပါသည်။ အမေ့ခန္ဓာကိုယ်မှာလည်း တုန်ရီလျက်ပင်။ သို့သော်လည်း အမေ့မှာ ငြိမ်သက်မှုချက်ခြင်းရယူပြီး ဒူးထောက်လျက်ဆုတောင်းနေပါသည်။ ဆုတောင်းပြီးနောက် တည်ငြိမ်သောမျက်နှာဖြင့် "သမီးရယ် ယောဘလိုပဲပေါ့ ဘုရားသ

ခင်ပေးသနားတယ် ဘုရားသခင် ရုပ်သိမ်းတယ် ဘုရားသခင်သည် မင်္ဂလာရှိစေသတည်းလို့ အမေတို့ ပြောနိုင်ရမယ်" အမေမည်သို့ပင် ပြောပြော အမေ့ရင်ထဲခံစားမှုတွေ ဘယ်လောက်ထိပူလောင်နေသည်ကိုတော့ ကျွန်မသိပါသည်။ ကျွန်မတို့မိသားစုလေးမှာ အမေတစ်ခု သမီးတစ်ခုဘဝကို ဆက်လျှောက်ခဲ့ကြပါသည်။ အမေမှာတော့ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများကို တက်ကြွစွာအမြဲပါဝင်ဆောင်ရွက်ပြီးပျော်ရွှင်နေပါသည်။

ဒီလိုနဲ့ အချိန်ကာလတို့ ပြောင်းလဲလာခဲ့သလို အမေနဲ့ကျွန်မဟာ ဘဝမှာလည်းပြဿနာမျိုးစုံ၊ လောကအတွေ့အကြုံများစွာနဲ့ ရင်ဆိုင်ခဲ့ရပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ငြိမ်သက်စွာအသက်ရှင်ခွင့်ရသလိုပင် ကျွန်မမှာလည်း အစိုးရကျောင်းဆရာမတစ်ယောက်အဖြစ်တာဝန်ထမ်းဆောင်ခွင့်ရပါသည်။ ကွမ်ဘီရွာ၌ တာဝန်ထမ်းဆောင်စဉ် ကျွန်မမှာ မောင်နှင့်တွေ့ဆုံခဲ့ပါသည်။ ကျွန်မတို့လူငယ်ချင်းမှာလည်း နားလည်မှုရှိပြီဖြစ်၍ အမေ့ကိုဖွင့်ပြောခဲ့ပါသည်။ အမေကတော့ "သမီးလည်း ကျောင်းဆရာမတစ်ယောက်ဖြစ်နေပြီပဲ သမီးနားလည်ပါတယ် အခုဆို သမီးက ဝန်ထမ်းဘဝနဲ့ဆိုတော့ အမေနဲ့လည်းဝေးနေရတယ် အစစအရာရာ အမေလမ်းညွှန်မပေးနိုင်တော့ဘူး ဒါကြောင့် သမီးပဲစဉ်းစားဆုံးဖြတ်ပေါ့ကွယ်" အမေမှာ ကျွန်မအား လေးလေးနက်နက်ပင် အကြံပေးလိုက်ပါသည်။ သည်လိုနဲ့ ကျွန်မနှင့်အမေမှာ ဝန်ထမ်းတာဝန်ထမ်းဆောင်နေစဉ် ဝေးနေရပါသည်။ ကျွန်မ ကွမ်ဘီ၌တာဝန်ထမ်းဆောင်၍ တစ်နှစ်ပြည့်လုချိန်တွင် သတင်းဆိုးကြီးတစ်ခုက ကျွန်မနားထဲ ရေနွေးပူလောင်းချ



လိုက်သကဲ့သို့ ကြားလိုက်ရပါသည်။ နှလုံးရောဂါနှင့်အမေဆုံးပြီတဲ့ "ကျွန်မရင်တစ်ခုလုံး ဆို့တက်လာပြီး ဘာမှုသတိမထားမိတော့ပဲ ခွေလဲကျသွားသည်။ ဘာကိုမှုလည်းသတိမရတော့၊ ကျွန်မသတိရလာချိန် ဆေးရုံတွင်ရောက်နေပါသည်။ ဦးခေါင်းထဲ၌လည်း ရီဝေဝေဖြင့် အမေကျွန်မအားပြောဖူးသောစကားကို ပြန်လည်ကြားယောင်နေမိသည်။ "သမီးဟာ တကိုယ်ကောင်းဆန်တယ်" ကျွန်မပါးပြင်ပေါ်သို့ မျက်ရည်များပြိုဆင်းကျလာသည်။ "အမေ အမေရယ် တစ်ကိုယ်ကောင်းဆန်တဲ့ သမီးမိုက်ကို ခွင့်လွှတ်ပါ၊ အမေမှာ နှလုံးရောဂါခံစားနေရတယ် ဆိုတာ သမီးတစ်ခါမှလည်းမသိခဲ့ပါလားအမေရယ်၊အမေနေကောင်းရဲ့လားလို့တောင် သမီးအမေ့ကို တစ်ခါမှမမေးခဲ့မိဘူး ခွင့်လွှတ်ပါ အမေရယ် သမီးအရမ်းတစ်ကိုယ်ကောင်းဆန်တယ်၊ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီးတစ်လမ်းထဲ ထွက်လျှောက်ခဲ့တယ်။ အမေ့ကို တစ်ခါမှ ဂရုမစိုက်ခဲ့ဘူး။ အမေ့ရဲ့မြုစုပျိုးထောင်မှုတွေကို မေ့ပြီး ငါကြီးထားရင် ငါ့ရှမှာပဲဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်မွေးခဲ့တယ်။ သမီးအရမ်းမိုက်ခဲ့တယ်အမေရယ်" အမေမသေခင် အမေ့ရင်ထဲမှာခံစားချက်များရှိနေပါမည်။ ဒါတွေကို ကျွန်မဘာမှမသိခဲ့ရတော့ပါ။ အမေ့ရဲ့စကားသံတို့သာ နားထဲ၌ ပဲ့တင်ထပ်ကာ ကြားယောင်နေမိသည်။

အမေ့ကိစ္စများ ပြီးမြောက်၍ ကျွန်မမှာ ကွမ်ဘီ၌တာဝန်ဆက်ထမ်းဆောင်ပြီး ရန်ကုန်သို့အလုပ်ပြောင်းရွှေ့တာတင်ပါသည်။ မောင်က ရန်ကုန်တွင်သွားရောက်နေမည်ဟု ပြောလာသောကြောင့်ဖြစ်သည်။ ကျောင်းပိတ်သောအခါ ကျွန်မမှာမောင်နှင့်လက်ထပ်လိုက်ပါသည်။ အလုပ်ပြောင်းရွှေ့ရန်အမိန့်စာကျလာသောအခါ မြောက်ဒဂုံ၌ဖြစ်၍ ကျွန်မတို့မှာ မြောက်ဒဂုံသို့ ပြောင်းရွှေ့ခဲ့ပါသည်။ မောင်ကတော့သူ၏အရောင်းအဝယ်အလုပ်နှင့်ပင် ကျွန်မတို့မိသားစုအတွက်ကြိုးစားနေပါသည်။ အင်းဘဝဆိုတာ စုန်လိုက်ဆန်လိုက်ပါပဲလေ...

## အခန်း(၄)

"မောင်" "ပြောလေဖြူ" "ညတုန်းကလေ အမေ့အကြောင်းကို စဉ်းစားရင်းနဲ့ အိပ်လို့မပျော်ဘူးကွယ်၊ အမေက ဖြူတို့မောင်နှမနှစ်ယောက်ကို ဘုရားသခင်ရဲ့အမှုတော်လုပ်ငန်းမှာ လုပ်ဆောင်စေချင်ခဲ့တာ ဒါပေမဲ့ အစ်ကိုကြီးလည်း အမေလည်းဆုံးသွားခဲ့ကြပြီ၊ အခုဆိုရင် အမေဖြစ်စေချင်တဲ့ဆန္ဒက ဖြူ့ရဲ့ခေါင်းပေါ်မှာပဲရှိတော့တယ်မောင်ရယ်ဖြူတို့လည်း တာဝန်ကိုယ်စီနဲ့ဆိုတော့ တတ်နိုင်တဲ့ဘက်ကနေအမှုတော်ဆောင်ဖို့ ဖြူစဉ်းစားမိတယ်" "ဘယ်လိုလဲဖြူ မောင့်ကိုပြောပြပါအုံး" "ဒီလိုလေ အမှုတော်အတွက်ကြိုးစား ဆက်ကပ်နေကြတဲ့ ကျမ်းစာကျောင်းသားတစ်ယောက်ကို ကူညီပံ့ပိုးရင် မကောင်းဘူးလား ဟင်" "ဟာ..အရမ်းကောင်းတဲ့အစီအစဉ်ပဲ ဖြူရာ၊ ဒါမျိုးမောင်လုံးဝမစဉ်းစားမိဘူး၊ အမှုတော်ဆောင်မဲ့သူတွေကို ပံ့ပိုးတာဟာ တစ်ဖက်တစ်လမ်းက အမှုတော်ဆောင်တာနဲ့ အတူတူပဲပေါ့ကွာ။ ဖြူရဲ့အစီအစဉ်ကို မောင်လက်ခံတယ်ကွာ" ကျွန်မမှာ မောင့်စကားကြောင့် အရမ်းပျော်သွားမိသည်။ အမေ့ကျေးဇူးတွေကို ဆပ်ခွင့်ရတော့မည်။ အမှုတော်ဆောင်တစ်ယောက်အား အစစအရာရာကူညီဖို့ ကျွန်မတို့ဆုံးဖြတ်လိုက်ကြသည်။ ကျွန်မတစ်ကိုယ်ကောင်း မဆန်ချင်တော့ပါ၊ ကျွန်မရဲ့ တစ်ကိုယ်ကောင်းဆန်မှုတွေက အကောင်းမြင်ဝါဒတွေပျောက်ပြီး ကျေးဇူးရှင်အမေ့ကိုပင် အဆိုးဖက်ကကြည့်ခဲ့သည်။ အမေပြုခဲ့သမျှလုပ်ရပ်တွေအားလုံးကို လုံးဝမကျေနပ်ခဲ့.. တကယ်တော့ အမေ့ရဲ့ကြီးမားနက်ရှိုင်းလှတဲ့ ကျေးဇူးတွေက ကျွန်မဘဝကို တိုးတက်အောင်တွန်းပို့ခဲ့ခြင်းသာဖြစ်သည်။

ဒီလိုနဲ့ ကျွန်မတို့အိမ်ထောင်သက်မှာ နှစ်နှစ်ပတ်ဝန်းကျင်သို့ တရွေ့ရွေ့ ရောက်ရှိလာခဲ့သည်။ သားလေးကျော်သက်ပင်လျှင် အသားလေးကျော်သက်ပင်လျှင် အသားလေး... 

ကာ နွေးထွေးသော မေတ္တာရိပ်အောက်၌ ခိုလှုံခွင့်ပေးခဲ့သော အမေရဲ့ အနှိုင်းမဲ့ မေတ္တာရင်ခွင်ကြီး၏ တန်ဖိုးကို ပို၍ပင်သိလာရပါသည်။ ဒီလိုမျိုး အမေ့အပေါ် မြတ်နိုးတတ်၊ ကျေးဇူးပြုတတ်တဲ့စိတ်တွေဟာ အချိန်မနှောင်းခင်မှာ သိတတ်လာခဲ့ရင် အမေဘယ်လောက် ဝမ်းသာလိမ့်မည်နည်း။ "ခွင့်လွှတ်ပါ အမေရယ်"......

တစ်ခုသော တနင်္ဂနွေနေ့၌ဖြစ်သည်။ မောင်နှင့်ကျွန်မဘုရားကျောင်းကပြန်လာပြီး ထမင်းစားရန်ပြင်ဆင်နေစဉ်မှာပင် ကျမ်းစာကျောင်းမှ ကျွန်မတို့ကူညီထောက်ပံ့နေသော ကျောင်းသားလေးယာကုပ်ရောက်လာပြီး "အစ်ကိုနဲ့ အစ်မတို့ကို ကျွန်တော်ဝမ်းသာစရာလာပြောတာ လာမဲ့စနေနေ့မှာ ကျွန်တော်ဘွဲ့ယူမယ်လေ အဲဒါ ကျွန်တော့်ရဲ့ကျေးဇူးရှင် အလှူရှင်တွေကိုလာစေချင်လို့ပါ။ ကျွန်တော့်ကို တတိယနှစ်၊ စတုတ္ထနှစ် နှစ်နှစ်တိုင်အောင် ကူညီပံ့ပိုးခဲ့တဲ့ အစ်ကိုနဲ့အစ်မတို့ကို ဆက်ဆက်လာခဲ့စေချင်ပါတယ်။ ဒါကတော့ ဖိတ်စာပါ" ကျွန်မမှာ ဖိတ်စာကို ဖိတ်စာယူ၍ဖတ်လိုက်ပြီး "လာမှာပေါ့ ဆရာယာ၊ ဒီအချိန်မှမသွားရင်ဘယ်ဖြစ်မလဲ ကျွန်မတို့မိသားစုဆက်လာခဲ့မယ်" "အရမ်းကျေးဇူးတင်ပါတယ်အစ်မရယ်" "စိတ်သာချဆရာရေ လာခဲ့မယ်၊ ကြော်ဒါနဲ့ ဒီစာအိတ်လေးယူသွားပါအုံး

ဆရာ လိုတာရှိရင်သုံးဖို့အလှူပါ” “ကျေးဇူးတင်ပါတယ်အစ်ကို ကျွန်တော့်ကိုခွင့်ပြုပါအုံးနော်” “ကောင်းပါပြီဆရာ” ကျွန်မအံ့ဩသွားမိသည်။ မောင်က အလှူငွေအိတ်ကို ဘယ်အချိန်သွားယူလိုက်မှန်း သတိမထားမိလိုက်။ ဒီလိုနဲ့ ဘွဲ့နှင်းသဘင်မရောက်ခင် သောကြာနေ့ညသို့ ဆရာယာကုပ်အတွက် လက်ဆောင်တစ်ခုကို ကျွန်မတို့ ဇနီးမောင်နှံမှာသေချာစွာထုပ်စည်းပြီး ဘွဲ့နှင်းသဘင်သွားရန် အဆင်သင့်ပြင်ဆင်ထားပါသည်။

မနက်မိုးလင်းတော့ အိမ်ရှေ့ခန်းမှ Video ကက်ဆက်နှင့်အဖိုးတန်ပစ္စည်းများမှာမရှိတော့ပါ။ ပြူတင်းပေါက်ကြီးမှာလည်းပွင့်လို့ ကျွန်မမှာစိတ်စဉ်ထားရာများနှင့်တလွဲဖြစ်လာသဖြင့်စိတ်ဓာတ်ကျသွားမိသည်။ “မောင်ရယ် ဒီနေ့မှ ဒီလိုဖြစ်ရတယ်လို့” “ဖြူရယ် မောင်တို့အတွက် ဘုရားသခင်ပြင် ဆင်ပေးမှာပါ။ စိတ်မပူပါနဲ့၊ မောင်ရဲ့ခန်းကို အကြောင်းကြားလိုက်အုံးမယ်” ဒီကြားထဲ သားလေးလည်း အဖျားတက်နေပြန်သည်။ “အို ဒီနေ့မှ ဘာတွေဖြစ်နေပါလိမ့်” ကျွန်မရင်ထဲ၌ မငြိမ်မသက်ဖြစ်နေမိသည်။ ငြိမ်သက်မှုရနိုင်ရန် ကျွန်မ သမ္မာကျမ်းစာအုပ်ကို လှန်၍ဖတ်လိုက်သည်တွင် ဆာလံကျမ်း ၃၁း၁၅ “ကျွန်ုပ်၌ ဖြစ်လေသမျှသောအမှုအရာတို့ကို ကိုယ်တော်စီရင်ပိုင်တော်မူ၏” ကျမ်းချက်အား ဖတ်လိုက်မိသည်တွင် စိုးရိမ်ခြင်းလျော့သွား၍ တည်ငြိမ်မှုကိုကြိုးစား၍ တည်ဆောက်စဉ် အမေ့အားပြန်သတိရနေမိသည်။ ဦးဖိုးတေနှင့် အစ်ကိုကြီးတို့ သေဆုံးခဲ့စဉ်က အမေ့ဒူးထောက်ပြီး ဆုတောင်းနေသည်ကို ပြန်မြင်ယောင်မိသည်။ ဤကဲ့သို့ အဆုံးစွန်ထိဖြစ်ပျက်နေသောအချိန်၌ အမေမှာဒူးထောက်ဆုတောင်းပြီးကျေးဇူးတော်ချီးမွမ်းခဲ့သည်ပဲ၊ ကျွန်မမှာပို၍ပင် ဆုတောင်းဖို့လိုအပ်ကြောင်း သိလာရသည်။ သို့နှင့်ပင် စိတ်ကိုတည်ငြိမ်အောင်စုစည်းပြီး ဒူးထောက်ဆုတောင်းလိုက်တော့သည်။ နေ့လည်တွင် ရဲများရောက်လာ၍ စစ်ဆေးမေးမြန်းကြပြီး ပြန်သွားကြပြီ။ သားလေးကျော်သက်ရဲ့ အဖျားကတော့မကျသေး။ ကျွန်မစိတ်ထဲ၌ ဘွဲ့နှင်းသဘင်သွားရန် အစီအစဉ်ကိုပင် ဖျက်သိမ်းရမလိုဖြစ်နေသည်။ “ဖြူရေ နှစ်နာရီထိုးပြီကွာ သွားကြရအောင်လေ” “မောင် ... သားလေးက အဖျားတက်နေတုန်းပဲ ဖြူသွားလို့ဖြစ်မယ်မထင်ဘူး” “အော်... ဖြူကလည်း သားလေးက [illegible] ရှိနေတာဘဲ ၊ မောင်တို့မသွားရင် ဆရာလည်း မျှော်နေမှာပေါ့စိတ်မ





ကောင်းရောတွေ မတွေ့နဲ့တော့နော် သွားကြရအောင်” ကျွန်မမှာ စိုးရိမ်ပူပန်နေသည့်ကြားမှ ငြိမ်သက်အေးအေးစွာ အားပေးနေသောမောင့်ကို အရမ်းပင် လေးစားသွားမိသည်။ သို့နှင့်ပင် ကျွန်မတို့ သားလေးအား ဆေးခန်းဝင်ပြပြီး Holy Cross သို့ခရီးဆက်ခဲ့သည်။ ကျွန်မတို့ Holy Cross ဝင်းထဲ ဝင်လာတော့ ဆရာယာကုပ်က ဘွဲ့ဝတ်စုံအပြည့်နှင့် တက်ကြွပျော်ရွှင်စွာလာရောက် ကြိုဆိုပါသည်။ ဆရာ့ကို ဘွဲ့ဝတ်စုံအပြည့်နှင့် တွေ့ရသောအခါ ကျွန်မမှာ အစ်ကိုကြီးအား သတိရလိုက်မိသည်။ အမေအရမ်းဖြစ်စေချင်တဲ့ အမှုတော်ဆောင်ဘဝကို ကြိုးစားလုပ်ဆောင်ခဲ့သောအစ်ကို အခုတော့ဆုံးသွားခဲ့ပြီ။ သားနဲ့သမီးကိုလည်း အင်မတန်အမှုတော်ဆောင်ဘဝ ရောက်စေချင်တဲ့ အမေလည်း ဆန္ဒမပြည့်ဝခဲ့။ အစ်ကိုနဲ့ အမေတို့ရဲ့ဆန္ဒ မပြည့်ဝခဲ့ပေမယ့်ဆရာယာကုပ်ကိုတွေ့ရင် ဝမ်းသာကြမှာပါ။ “ဖြူ..ဆင်းတော့လေ” မောင်က သတိပေးလိုက်မှ သတိဝင်ကာကားပေါ်မှဆင်းလိုက်သည်။ ဆရာအားနှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားပြီးဆုံးတော့ ဆရာနှင့်အတူ ဓာတ်ပုံများရိုက်ကြသည်။ ဧည့်ခံကျွေးမွေးခြင်းကိုလည်းစားသောက်ပြီး ဆရာအား နှုတ်ဆက်ကာ ပြန်လာခဲ့ကြတော့သည်။ အိမ်ရောက်သော် အိပ်ပျော်နေသော သားလေးကိုရှိကာ ဧည့်ခန်း နံရံသို့အမှတ်တမဲ့ ကြည့်လိုက်တော့ အမေ့ဓာတ်ပုံကြီးက ကျွန်မအား ပြုံးပြုံးကြီး ကြည့်လျက်... “အမေ အရမ်းဝမ်း သာတယ်သမီးရယ်” ဟု နှုတ်မှ ပြောနေသယောင်... “အမေရယ် ကျွန်မကို အခုထက်ထိ အားပေး နေတုန်းပါပဲလားရှင်” ထိုအချိန်တွင် ရဲသားတစ်ဦးမှ သူခိုးများနှင့် ပစ္စည်းများပါ ဖမ်းဆီးရမိထားပြီ ဖြစ်ကြောင်း အကြောင်းကြား၍ ပြန်သွားသည့်ခဏတွင် ကျွန်မရင် ထဲဝမ်းသာမှုတို့ ပြည့်လျှံလာပါသည်။ “ဘုရားသခင်ရဲ့ ကျေးဇူး ကြီးမားလှချည်လား မောင်ရယ် ဒါတွေဟာ အမေပေးခဲ့တဲ့ ယုံကြည်ခြင်းရဲ့ အမွေအနှစ်တွေဘဲမဟုတ်ဘူးလား မောင်” “သိပ်ဟုတ် သိပ်မှန်တာပေါ့ဖြူရာ” ဟုဆိုလျက် မောင်က ကျွန်မရဲ့ပါးပြင်လေးအား မွှေးကြူလိုက်ပါသည်။ အမေ့ရဲ့ဓာတ်ပုံကြီးကတော့ ကျွန်မတို့အား ပြုံးပြုံးကြီးကြည့်လျက်ပင် ရှိနေပါတော့သည်။

*(မေတ္တာရှင်၊ ဂရုဏာရှင်မိခင်တစ်ဦး၏အလှုသည် သားသမီးများအား ဆက်လက်ကူးစက်လုပစေပြီး ဒေါသအမုန်းတရားနှင့် စိုးရိမ်ပူပန်ခြင်းများကို ကွယ်ပျောက်စေပါသည်။)*

**အန်တီချိုနှင့် ကျမ်းစာကျောင်းသားများအား ပေးကမ်းလှူဒါန်းကြကုန်သော အလှူရှင်အပေါင်းတို့အား ဂုဏ်ပြုလျက်....**

စောရော်ဘင်(ရေလဲကြီး)

ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည်
အသက်ရှင်ခြင်းနှင့် ဆိုင်သည်ဖြစ်၍
ထိုသဘောရှိသောသူသည်
အလိုဆန္ဒပြည့်စုံလျက်ရှိ၍ ဘေးဥပါဒ်နှင့် ကင်းလွတ်လိမ့်မည်။

(သုတ္တံ ၁၉း၂၃)

## ၂၀၀၀-၂၀၀၁ ပညာသင်နှစ်၊ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် သင်တန်းသား/ သူများ

| ပထမနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ တယ်ရီသက်ထွန်း | ရန်ကုန် |
| ၂။ အန်ဖြူးရွှေလှစိုး | ။ |
| ၃။ ခရစ္စတိုဖာမင်းမင်းထွန်း | ။ |
| ၄။ ဂိုမ်းစ်စည်သူအောင် | ။ |
| ၅။ ဂျော့ကျော်ထက် | ။ |
| ၆။ မိုင်တင်မာချို | ။ |
| ၇။ မေရီသန္တာဝင်း | မန္တလေး |
| ၈။ ဒေးဗစ်ထူးလှမ် | ။ |
| ၉။ စောစိုးမိုးထူးထူးဘော | တောင်ငူ |
| ၁၀။ စောမက်သျှူးကူသေး | ။ |
| ၁၁။ ဆလိုင်းအိုက်အောင်ရှိန်း | စစ်တွေ |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဆလိုင်းဂျိုးဇက် | ရန်ကုန် |
| ၂။ မရေချယ်မေသန်းနိုင် | ။ |
| ၃။ စောဒေးဗစ်ဝိုး | တောင်ငူ |
| ၄။ နော်ဆာဂေဖော | ။ |
| ၅။ နော်မူလာစေးထူး | ။ |
| ၆။ နော်ဖောဖောဝါး | ဘားအံ |
| ၇။ ဒေးဗစ်ဘရန်ထန် | မြစ်ကြီးနား |
| ၈။ နော်လားယူဖော | ။ |
| ၉။ အဲလိဇဘက်လှမိုင် | ။ |
| ၁၀။ ဆလိုင်းအောင်လင်းခင် | စစ်တွေ |
| ၁၁။ ဆလိုင်းဟေရှာယက်အောင် | ။ |
| ၁၂။ မိုင်ကဲမ | ။ |

| တတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ စောဟယ်လရီမင်းမင်း | ရန်ကုန် |
| ၂။ စအောင်ညွှန့်စိန် | ။ |
| ၃။ နန့်အေးသီတာသိန်း | ။ |
| ၄။ စောပြည့်ငြိမ်းဘွယ်ထူး | တောင်ငူ |
| ၅။ စောဒီဘလူး | ။ |
| ၆။ နော်မူမူထွန်း | ။ |
| ၇။ စောဉာဏ်လင်း | ဘားအံ |
| ၈။ ဆလိုင်းပီတာဆေးဟောင်မန်း | မန္တလေး |
| ၉။ ဆလိုင်းအိုက်ဇက် | မြစ်ကြီးနား |
| ၁၀။ ဆလိုင်းနိုဝယ်တင်မင်းထွေး | ။ |
| ၁၁။ အိုက်ဇက်ဆွတ်အောင် | ။ |
| ၁၂။ ရွှန်ဝွမ်ဆန်အောင် | ။ |
| ၁၃။ သီလနော်အောင် | ။ |
| ၁၄။ အိုက် ပေါလ်ဆန္ဒအောင် | စစ်တွေ |
| ၁၅။ ဆလိုင်းရွှန်ငွေသိန်း | ။ |
| ၁၆။ ဆလိုင်းဒံယေလဖွေးဘူ | ။ |

| စတုတ္ထနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ စအောင်လင်းထင် | ရန်ကုန် |
| ၂။ စကျော်ငွေးဝင်း | ။ |
| ၃။ စလင်းထွန်းဝင်း | ။ |
| ၄။ စအောင်မိုးသူ | ။ |
| ၅။ ဆလိုင်းထွန်းထွန်းဝင်း | ။ |
| ၆။ စလှကာဝဏ္ဏစိုး | ။ |
| ၇။ စောရော်ဘင် | ။ |
| ၈။ နန့်ဖောင်ယာ | ။ |
| ၉။ စောလို | တောင်ငူ |
| ၁၀။ စောခရစ္စတိုဖာသိန်းထိုက် | ။ |
| ၁၁။ စောစတီဗင် | ။ |
| ၁၂။ နော်ဓဘရန်မိုင် | မြစ်ကြီးနား |
| ၁၃။ ဒေးဗစ်ဓော်ထူး | ။ |
| ၁၄။ နော်လှမာ | ။ |
| ၁၅။ နော်ဝါးဖော | ။ |
| ၁၆။ ဆလိုင်းထွန်းပ | စစ်တွေ |
| ၁၇။ ရွှန်တင်မင်း | မန္တလေး |



## H.C.T.C in 2000-2001 Academic Year

In this academic year, the college enrolls with (5)full-time foculty members and (8)part-time lecturers. There are (56)students- (42)males and (14)females.

Chairman of the Board of Governor is:
The Most Revd. Dr. Andrew Mya Han (B.A., D.Litt.)

Full- time foculty members are:
1. Revd. Mark Saw Maung Doe (B.A; B.D; M.T.S.)
2. Revd. Simon Be Bin Htu (B.Sc; B.D; M.Th) Dean of Studies/Vice-Principal
3. Revd. Mahn Zaw Lwin (B.A; B.D; M.Th)
4. Sarama Saga Hkawn Tawng {B.Sc; B.R.E;M.A(CE)}
5. Thramu Hai Thlar Say (B.A; M.T.S)


Part- time lecturers are:
1. Revd. D. Mahn Naung (B.A; B.R.E)
2. Revd. Smith N.Za Thawng (B.A;B.R.E;M.Th)
3. Saya Nelson Siang Awr (M.A; B.D; M.Th)
4. Thra Saw Po Sein (B.A; B.Ed)
5. Thra Saw Si Hai (B.Sc; Dip. Music)
6. Thramu Amraylla Myat (B.Sc; B.R.E)
7. Thramu Sheba Muvin (B.A; B.R.E)
8. Thra Saw Aung Hla Tun (M.E)

Two of our foculty members are abroad pursuing further theological studies:
1. Revd. Steven Than Myint Oo (M.Th candidate in Singapore)
2. Revd. S' San Myat Shwe (M.Th candidate in Germany)

Library- Staff are:
1. Saya John Thet Lwin (B.Th) Assistant Librarian
2. Sayama Wai Wai Myint. Assistant Librarian
3. Thra Saw Shee Sho (B.Th)
4. Thra Saw Benson (L.Th)

Office Staff is:
Thramu Naw Martha

ဂဠုဏ်ဆောင်



မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဌာနမှ ထုတ်ဝေသည်

## အောက်တိုဘာလဆန်းထွက်မည်

**အမှုတော်ဆောင်များအတ္ထုပ္ပတ္တိ**
(ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဌာနမှ စုစည်းတည်းဖြတ်သည်)

---

**ကင်နွင်အုပ်ချုပ်ရှိအမှုတော်ဆောင်များအတ္ထုပ္ပတ္တိ**
(ဘုန်းတော်ကြီး တိမောသေဦးနန်းချင်း)

---

**သာသနာပိုင်နယ်များအကြောင်းသိကောင်းစရာ**
(ဘုန်းတော်ကြီး တိမောသေဦးနန်းချင်း)

---

**နေ့စဉ်ဖတ်ရန်ကျမ်းညွှန်း (Lectionary)**
(ပုံနှိပ်/ထုတ်ဝေခြင်းဌာန)

<u>ဖြန့်ချိရေး</u>

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဌာန
သာသနာပိုင်ချုပ်ရုံးနှင့်
သက်ဆိုင်ရာ သာသနာပိုင်နယ်ရုံးများ



ရာလုမ်မဂ္ဂဇင်း- ၂၀၀၀ပြည့်နှစ်

သန့်ရှင်းသောကာကာကော်ပိုရီ
ဘုရားကျောင်း





ဓမ္မတက္ကသိုလ်စာကြည့်တိုက်



ဆရာ/ဆရာမများ[illegible]



အမျိုးသမီးဆောင်(အပေါ်ထပ်)
စာသင်ခန်းဆောင်(အောက်ထပ်)



ပင်မဆောင်